   Microsoft Excel 2013
4. **Graphic Design Course** 35,000/-
   Adobe Photoshop CS5, Adobe Illustrator CS5,
   Software Installation, CD Copy & Scanning
5. **Practical A+ Hardware Course** 50,000/-
6. **Video Editing** 50,000/-
   Adobe Audition 3.0, Adobe Premier Pro CS5, Adobe Flash CS5 & Swish Max, Adobe After Effect, Logo, Transition, Effect, Cutting, Karaoke

Center (I) - အမှတ်(၁၄၈)၊ ဥလွှာ၊ ဆိပ်ကမ်းသာလမ်း(အောက်ဘလောက်)၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

Center (II) - အမှတ်(၄၆)၊ ဥလွှာ၊ လှည်းတန်းလမ်း(စိန်ဂေဟာရှေ့)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 5055826, 09 5094969

# ၂၀၁၄ အတွက် အကောင်းဆုံး Browser များ



ဆောင်းပါးရှင် – ဒေသက် (ဖြိုးမနေဒစ်ဂျစ်တယ်ဓာတ်ပုံ)

အင်တာနက်ပေါ်ကာစ ခေတ်ဦးကိုကြည့်မယ်ဆိုလျှင် Browser ဟူ၍ ရွေးစရာများများမရှိ။ တစ်မျိုးတည်းသော အထင်ကရ Browser မှာ Netscape ဖြစ်သည်။ ထို Browser ကိုသုံး၍ ကျေနပ်ပျော်ရွှင်ရသူတို့ရှိသလို မကျေနပ်မပျော်ရွှင်သူတို့လည်းရှိသည်။ သို့သော် ယင်းမှတစ်ပါး အခြား Browser ကိုမရွေးနိုင်။ ယနေ့အချိန်တွင်မူ အားကောင်းမောင်းသန် Browser အတော်များများရှိလာသည်။ Browser တစ်ခုတွင်ပါသော စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်မှာ ကမ္ဘာကျော်ဆွစ်ဇာလန်တပ်မတော်သုံးဓားထက်ပင် များပြားစုံလင်ပါသေးသည်။ ကမ္ဘာပေါ်တွင် အချိန် ၁၅ မိနစ်ကြာတိုင်း Browser တစ်မျိုးမဟုတ် တစ်မျိုးကို update လုပ်ခွင့်ရှိနေသည်။

Browser အမျိုးအစားများပြားလာသလို တစ်မျိုးကောင်း အရည်အသွေးကိုယ်စီကိုလည်း ပိုင်ဆိုင်ကြသောကြောင့် အကောင်းဆုံး Browser ကိုရွေးရခက်လှသည်။ ထို့ပြင် Browser တိုင်းသည် Version မြင့်လာသည်နှင့်အမျှ အရည်အသွေးပိုကောင်းလာအောင်လည်းမြှင့်တင်နေကြသည်။ Windows XP တွင်ပါသော IE Browser ထက် Windows 8 တွင်ပါသော IE Browser က အရည်အသွေးများစွာ ပိုကောင်းလာသည်။ IE Browser ဟူသမျှ နှေးကွေးညံ့ဖျင်းနေမည်ဟု ပုံသေကားကျ မှတ်ယူ၍မရ။ Mac ကွန်ပျူတာပိုင်ရှင်တို့သည် Safari တစ်မျိုးတည်းသုံးရန်မလို။ ဆန္ဒရှိလျှင် Google ၏ Chrome browser ဖက်လှည့်နိုင်သည်။

ထို့ကြောင့် OS ပေါင်းစုံတွင် သုံးနိုင်သော Browser များကို ထောင့်ပေါင်းစုံမှ စမ်းသပ်ပြီး အကောင်းဆုံး Browser ကိုရွေးကြည့်ကြပါမည်။ နောက်ဆုံးထွက် Browser Version များကို အသုံးပြုပြီးရွေးချယ်ပွဲကြီးကို စတင်ပါမည်။ အကောင်းဆုံး Browser ရွေးချယ်ပွဲသို့ ဝင်လာသူများမှာ Internet Explorer 11, Firefox 30, Chrome 34, Opera 20 နှင့် Safari 7 တို့ဖြစ်ပါသည်။ ယင်း Browser အားလုံးကို Windows 8.1 တွင် အသုံးပြုနိုင်ပါသည်။ ပထမဆုံးရွေးချယ်မည့်အဆင့်မှာ Browser ၏မြန်နှုန်းဖြစ်ပါသည်။

ယနေ့အချိန်တွင် မည်သည့် Browser မှ နှေးကွေးလေးလံသည်ဟူသော ခံစားမှုမျိုးကို မပေးတော့။ သို့သော် လုပ်ရသည့်အလုပ်အမျိုးအစားအလိုက် အမြန်နှုန်းကွာခြားချက်ကား ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် Web application များသုံးသည့်အခါ အမြန်နှုန်းကွာခြားချက်က သိသာသည်။ ထို့ကြောင့် အမြန်နှုန်း Benchmark တိုင်းတာရာတွင် လေးစားဖွယ်ဖြစ်သည့် Sunspider benchmark ကိုသုံး၍ စမ်းသပ်ပါသည်။ သာမန်အခြေအနေမျိုးဖြင့် စမ်းသပ်သည်မဟုတ်။ ဖိအားများသော အလုပ်တာဝန်စေခိုင်းပြီး စမ်းသပ်ခြင်းဖြစ်သည်။ Score နည်းလေလေ Browser အလုပ်လုပ်ပုံ မြန်လေဖြစ်သည်။

Score အနိမ့်ဆုံးမှနေ၍ အစဉ်လိုက်တန်းစီသည်ရှိသော် အောက်ပါအတိုင်းတွေ့ရပါသည်။

| | |
|---|---|
| **IE 11 (modern UI)** | **93.1 ms** |
| **IE 11 (desktop)** | **94.7 ms** |
| **Firefox** | **157.9 ms** |
| **Chrome** | **165.2 ms** |
| **Opera** | **174.4 ms** |
| **Safari** | **197.9 ms** |

Sunspider စမ်းသပ်ချက်အရ IE 11 သည် အမြန်နှုန်းအရ ဦးဆောင်သူနေရာတွင်ရှိသည်သာမက သိသိသာသာအမြန်နှုန်းဖြင့် ဦးဆောင်ကာ ကျန် Browser များကိုနောက်တွင်ဖြတ်ချန်ထားခဲ့ကြောင်းတွေ့ရပါသည်။

ဒုတိယစမ်းသပ်ချက်မှာ Add-on စမ်းသပ်ချက်ဖြစ်ပါသည်။ Add-on များသည် Browser ကို ပြည့်စုံသည်ထက် ပြည့်စုံအောင်ဆောင်ရွက်ပေးသော ဆော့ဖ်ဝဲငယ်လေးများဟု ဆိုနိုင်သည်။ လက်ရှိအခြေအနေတွင် Firefox သည် Add-on အပြည့်စုံဆုံးနှင့် Add-on များ၏ လိုက်လျောညီထွေအလုပ်လုပ်မှုအကောင်းဆုံးဖြစ်ကြောင်း တွေ့ရပါသည်။ Web application များအတွက် Pin tab များထည့်ပေးခြင်းနှင့် Grease monkey seript များ ပိုမိုကောင်းမွန်လာခြင်းတို့က Firefox အား Power user အကြိုက် ဖြစ်စေခဲ့ပါသည်။

Chrome သည် Firefox နောက်တွင် ပြတ်ကျန်ခဲ့သော်လည်း Chrome Desktop application များဖြင့် Browser ကို ပိုမိုအားကောင်းအောင် ချဲ့ထွင်လာသည့်အပြင် Notification ကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ပေးမည့် Google Now လည်းပါဝင်လာပါသည်။ Opera ကမူ ယင်း၏ rendering Engine ကို ပြုပြင်ပြောင်းလဲခဲ့ပါသည်။ ထို့ကြောင့် ယင်း၏ Browser အခြေခံနည်းပညာမှာ Chrome နှင့် အတူတူဖြစ်လာပါသည်။ ထို့ကြောင့် Chrome တွင် အသုံးပြုနိုင်သော Add-on များသည် Opera browser တွင်ပါ အလုပ်လုပ်သည်။ Extension gallery အားနည်းသော Opera အတွက် ယင်းသည် အားသာချက်ဖြစ်လာပါသည်။ Interface အပိုင်းတွင် Opera သည် ပြိုင်ဘက် Browser များထက် သာလွန်သည်ကား ငြင်းမရသည့်အချက်ဖြစ်ပါသည်။ IE မှာ အဆိုးဆုံးအဆင့်မရှိသော်လည်း အကောင်းထဲတွင် မပါပါ။ Etension gallery အသေးဆုံးဖြစ်သော Safari မှာ နောက်ဆုံးအဆင့်တွင် စာရင်းဝင်ပါသည်။

နောက်ထပ်စမ်းသပ်မှုမှာ Windows 8 နှင့် 8.1 အတွက် အကောင်းဆုံး Browser ရွေးချယ်ခြင်းဖြစ်ပါသည်။ အမြန်နှုန်းစမ်းသပ်ချက်တစ်ခုတည်းကိုကြည့်၍ ရွေးချယ်မည်ဆိုပါက IE 11 သည် ပြိုင်ဘက်မရှိဖြစ်ပါသည်။ Firefox သည် Windows 8 အတွက် modern browser ကို touch စနစ်ဖြင့် ထုတ်လုပ်ပေးမည်မဟုတ်ကြောင်းပြောလိုက်ပြီဖြစ်၍ ဤစာရင်းတွင် ပါမလာတော့ပါ။ ထို့ကြောင့် Windows tablet များနှင့် Touch screen သုံး Windows computer များအတွက် IE 11 သည်သာ အသင့်တော်ဆုံးဖြစ်လာပါသည်။

သို့သော် Touch မပါ desktop computer ပုံစံသက်သက်ဖြင့်သုံးသည့်အခါ Firefox နှင့် Chrome တို့သည် Add-on ချဲ့ထွင်နိုင်စွမ်းအားသာခြင်း၊ Synchronization အားသာခြင်း စသည်တို့ရှိနေပါသည်။ အမြန်နှုန်းတစ်ခုတည်းကိုသာတွက်မည်ဟုဆိုလျှင် IE မှတစ်ပါးအခြားရွေးချယ်စရာမရှိပါ။ သို့သော် Add-on နှင့် Synchronization ကိုဦးစားပေးမည်ဟုဆိုလျှင် Firefox သို့မဟုတ် Chrome တစ်ခုခုကိုရွေးရပါမည်။ Safari ကား Version 5.1.7 အထိသာ Windows အတွက် ထုတ်ပေးထားပြီး Windows 8 တွင်သုံးနိုင်မည့် Version အသစ်ထွက်မလာသေးပါ။

နောက်ထပ်စမ်းသပ်မှုတစ်ခုမှာ OSX အတွက် အကောင်းဆုံး Browser ရွေးချယ်ခြင်းဖြစ်ပါသည်။ OSX ပေါ်တွင် ပင်ရင်း Browser အဖြစ် Safari 7.0.2 ကိုသုံးနေပါသည်။ ယင်း Browser တွင် iCloud Book mark Syneing, Link Sharing နှင့် Power Optimisation စွမ်းဆောင်ရည်များရှိလာပါသည်။ သို့သော် ဤအချက်တစ်ခုတည်းဖြင့် Safari သည် OSX အတွက် အကောင်းဆုံး Browser ဖြစ်သည်ဟု ဆုံးဖြတ်၍မရပါ။ Sunspider benchmark test ဖြင့်စမ်းသပ်သည့်အခါ Safari အလုပ်လုပ်ပုံသည် နှေးကွေးပြီး error များလည်းရှိကြောင်းတွေ့ရပါသည်။ အမြန်နှုန်းတိုင်းတာကြည့်သည့်အခါ နှေးကွေးသော Safari သည် ထိပ်ဆုံးသုံးနေရာတွင် စာရင်းမဝင်ပါ။ ထိပ်ဆုံးသုံးနေရာတွင်ရှိသော Browser များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| **1. Firefox** | **185.6 ms** |
| **2. Opera** | **190.4 ms** |
| **3. Chrome** | **191.8 ms** |

Tab အများအပြားဖွင့်သောအခါတွင်လည်းကောင်း ရုပ်ပုံပါဝင်မှုအလွန်များပြားသော Web page များကိုဖွင့်သည့်အခါတွင်လည်းကောင်း Safari သည် နှေးကွေးလေးလံပြီး အထစ်အငေါ့များရှိနေပါသည်။ အမြန်နှုန်းကိုသာမက အခြားသောစွမ်းဆောင်ရည်များကို ထည့်စဉ်းစားမည်ဆိုလျှင် Chrome သည် OSX အတွက် အကောင်းဆုံးဖြစ်ကြောင်း တွေ့ရပါသည်။

Future Engineer Generation Training School
ဒုတိယထပ်၊ ၃၈ လမ်းဈေးပလာဇာ(စည်ပင် ၉ ထပ်ရုံး)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ☎ ၀၉၇၃၂၂၅၇၃၉
Email: fegtrainingschool@gmail.com www.fegtrainingschool.blogspot.com

လျှပ်စစ်ဓါတ်အားလုပ်ငန်းခွင်ဝင်သင်တန်း
လုပ်ငန်းခွင်လက်တွေ့နှင့် တွဲဖက်၍
စာတွေ့လက်တွေ့ သင်ကြားပေးမည်။
သင်တန်းပြီးဆုံးပါက
အလုပ်အကိုင်ရရှိရန် ဆောင်ရွက်ထားသည်။
9.6.14 Mon to Fri (9:00-11:00)AM 1-month

အဲယားကွန်း၊ ရေခဲသေတ္တာကျွမ်းကျင်သင်တန်း
ပြစ်ချက်ရှာဖွေခြင်းနှင့် ပြုပြင်နည်းများကို
စာတွေ့လက်တွေ့ သင်ကြားပေးပြီး
လုပ်ငန်းခွင်လက်တွေ့
ဆင်းနိုင်ရန် စီစဉ်ထားပါသည်။
7.6.14 Sat, Sun (3:00~5:00)PM 3-months

M&E Working Drawing
M&E Service Drawing များအား သီအိုရီအခြေခံ၍
Units, Layers, Colors, Line types, Text sizes,
File names သတ်မှတ်ခြင်းနှင့် ပုံထုတ်ခြင်း
M&E AutoCAD
17.6.14 Tue to Fri (3:00~5:00)PM 1-month
Revit MEP
3.6.14 Tue to Fri (5:30~7:30)PM 1-month

M&E Electrical Design
Electrical Services Knowledge မှစ၍
One Line Drawing များဖတ်ခြင်း၊
ရေးဆွဲခြင်းအပါအဝင် အဆောက်အဦ
တစ်ခုလုံးအား Complete Estimate
တွက်ချက်ခြင်း
31.5.14 Sat, Sun (10:00~12:00)AM 2-months

M&E Mechanical Design
ACMV စနစ်အား သီအိုရီအခြေခံ၍
Duct System နှင့် Design
တွက်ခြင်းများကို
Computerized Full Version Software များ
အသုံးပြု၍ တွက်ချက်ခြင်း
31.5.14 Sat, Sun (8:30~10:30)AM 2-months

FEG ၏ အထူးအစီအစဉ်ဖြင့် ဖွင့်လှစ်သော သင်တန်းကြေးအသက်သာဆုံးနှင့် တတ်မြောက်ရန် တာဝန်ယူသင်ကြားပေးလျက်ရှိသည့် အောက်ပါအထူးသင်တန်းများကို တက်ရောက်ရန် ဖိတ်ခေါ်ပါသည်။

Computer Basic (8000-ks)
(Window OS, Word, Excel, Powerpoint)
3.6.14 Tue, Wed (7:00~9:00) AM
6-weeks
Internet & Email (5000-ks)
27.5.14 Tue to Fri (5:30~7:30) PM
6-days

i-Office (15000-ks)
(2010 Word, Excel, Powerpoint, Internet)
3.6.14 Tue to Fri (7:00~9:00) AM
4-weeks
Advanced Excel (20000-ks)
14.6.14 Sat, Sun (9:30~11:30) AM
6-weeks

PhotoShop Basic (10000-ks)
14.6.14 Sat, Sun (3:00~5:00) PM
6-weeks
Graphic Design (25000-ks)
(PhotoShop, Illustrator, InDesign) CS 5
31.5.14 Sat, Sun (9:30~12:30) PM
8-weeks

3D Studio Max (40000-ks)
Interior, Exterior Design များကို 3D Final Image
များဆွဲလိုသော Engineer များအတွက်
3D Modeling and Rendering
10.6.14 Tue to Fri (7:00~9:00) AM
6-weeks

AutoCAD (Basic) (20000-ks)
31.5.14 Sat, Sun (3:00-5:00)PM 12-weeks
AutoCAD (Advanced) (25000-ks)
7.6.14 Sat,Sun(9:30-11:30)AM 12-weeks
Drawing အမျိုးမျိုးဆွဲတတ်စေရန်နှင့်
Version အားလုံးသုံးတတ်စေရန်သင်ကြားပေးမည်။

နိုင်မာသော အလုပ်အကိုင်အခွင့်အလမ်း၊ ရှင်းလင်းထိရောက်သော သင်ကြားမှု၊ ရာသက်ပန် နည်းပညာထောက်ပံ့မှု **အပါတ်စဉ် တန်းခွဲသစ်ရှိသည်**

# EPi

**ဖုန်းပြုပြင်နည်းသင်တန်း**

**Software + Hardware - ၁ သိန်း**

Data ရောင်းသည်၊

**IPhone, HTC, SAMSUNG, Sony, Lenovo, Huawei, Nokia, JavaPhone, ChinaPhone, Tablet & Etc..**

# လုပ်ငန်းခွင်မှ ဆရာများက စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်သောကြောင့် အသစ်အသစ်သော နည်းပညာ၊ပြဿနာဖြေရှင်းနည်းများနှင့် Data များရရှိမည်။Data 2000 GB ပေးမည်။
# Professional Mobile ပညာရှင်တစ်ဦးဖြစ်အောင် သင်ထောက်ကူပစ္စည်းအပြည့်အစုံ SMD Rework Station များဖြင့် သင်ကြားပေးမည်။
# လုပ်ငန်းခွင်ဝင်ရောက်ရန် အသင့်ဖြစ်သည်အထိ သင်ကြားပေးမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားသည်။
# လုပ်ငန်းစတင်တည်ထောင်မည့်သူများအတွက် အစစအရာရာ ကူညီပံ့ပိုးပေးမည်။
# နယ်သင်တန်းသားများအတွက် တည်းခိုရန် စီစဉ်ပေးမည်။ သင်တန်းချိန် ညှိနှိုင်းတက်ရောက်နိုင်သည်။
# နယ်သင်တန်းသားများအတွက် အချိန်ပြည့် (၁)လ အမြန်တန်းခွဲရှိသည်။

- Understanding & Hacking IOS, Android OS & other Mobile OS
- Error Free Manually Rooting( Not Depend on Rooting Software )
- Restoring Firmware, Advanced Firmware Restoring Technics
- Basic Electronic & Phone Hardware Architecture Study
- IC & parts testing and Replacement
- Phone Diagnosis, Assembling & Disassembling, Error Fixing
- Repairing with the assistance of layout Diagrams and Schematic Diagrams

အမှတ် (၁၃၄)၊ ပထမထပ်၊ (၃၇)လမ်း၊ အလယ်ဘလောက်၊ ထိုင်းဘေး၊ နှစ်ခုမ်းစားသောက်ဆိုင်ဘေးချေကား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ 09-25 4040 200, 01-246847.



# Netstar Computer Training Center

သင်တန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် **30% Discount** May 31 အထိသာ

**Office Application**
- MS Office 2010 (Word, Excel, PowerPoint)
- Windows 7 Basic, Printing and Scanning
- Internet & Email, DVD Burning
- Audio & Video Converter

**Fee: ~~35,000~~ 24,500**
**Duration: 2 months**

**Advanced Excel**

**Fee: ~~30,000~~ 21,000**
**Duration: 1 month**

**Graphic Design**
- Adobe Photoshop CS 6
- Adobe Illustrator CS 6
- Adobe InDesign CS 6
- Printing and Scanning

**Fee: ~~80,000~~ 56,000**
**Duration: 2 months**

**Web Design**
- HTML 5, CSS3, JavaScript, jQuery
- Photoshop CS6, Dreamweaver CS6
- Hosting, SEO

**Fee: ~~90,000~~ 63,000**
**Duration: 2 months**

အမှတ် (40)၊ ဒုတိယထပ်(B)၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 09 430 51266



www.itcurrent.com

# IT CURRENT

IT CURRENT

Professional Training & IT Solutions

**Available Courses**
- Computer Basic Course
- Professional Hardware Engineering(A+)
- Professional Network Engineering
- Linux System Administration and Server
- CCNA (200-120)
- Web Essential Course
- Professional Web Design Course
- Web Development Course (PHP/ASP.Net)
- Professional .Net Developer Course (C#.Net)
- Wordpress/Joomla/Drupal/CI Web Developer
- Advaced JavaScript for Web

**Our Services**
- Computer , Network Services
- Customize Software Services
- Web Development Services
- CCTV / IP Camera Services
- Finger Print Time Attendance System

5% OFF by online registration

Free On Job Training

Room(2), 2nd Floor, Myaynigone Plaza, Bargayar Road, Sanchaung township, Yangon. Ph : 09-43026443 , 09-420029816....... Email : itcurrentmm@gmail.com



# CS - LCD-Repair-Service

CYBER SPACE

No, 181. 38th Street,Middle Block Kyauktada Township, Yangon, Ph: 09.73120504, 09.73216534

**LCD TV Special Repair Service**

LCD TV, LED TV, LCD Monitor အမျိုးမျိုးကို အဆင့်မြင့်နည်းပညာသုံး စက်ကိရိယာများ၊ အပိုပစ္စည်း စုံလင်စွာနှင့်အထူးအမြန် ပြုပြင်ပေးနေပါသည်။

**LCD TV, LED TV**
22",24",26",32",40",46",51",55"

Panel မှန်ချပ် ပျက်စီးခြင်းများကို အဆင့်မြင့် နည်းပညာသုံးစက်ကိရိယာများနှင့်အထူးအမြန် ပြုပြင်ပေးနေပါသည်။



LCD TV Panel Repair Machine



# Xenovia Co., Ltd

Payment Option

Website များ၊ Game များ၊ Premium Account များနှင့် အခြားသောနိုင်ငံခြားသို့ ငွေပေးချေမှုများအား အောက်ပါနည်းလမ်းများအသုံးပြုပြီး ဆောင်ရွက်ပေးနေပါပြီ။
(Paypal, Click and buy, Moneybookers, VISA, Master, Bank transfer )

Amazon.com, eBay.com, Bestbuy.com နှင့် အခြားသော Online Store များမှမိမိအလိုရှိသော ပစ္စည်းများကို မြန်မာနိုင်ငံအရောက် တိကျသော ဈေးနှုန်း၊ မှန်ကန်သော အာမခံဖြင့် မှာယူပေးနေပါပြီ။




**Phone - 01 - 245168**
**- 09 - 5501941**

Xenovia Co.,Ltd. (Head Office) - အမှတ် ၅၃၀၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပန်းလှိုင်လမ်းထောင့် (Orange Supermaket အရှေ့) ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
E-mail : cyber.kingdom.xenovia@gmail.com ဖုန်း - ၀၉ ၇၃၂၃၃၃၃၁၊ ၀၉ ၇၃၂၃၃၃၃၉ Facebook Page : Xenovia Cyber Kingdom

Vol . 3, Issue . 36

# SILICON VALLEY မှ နည်းပညာယိုစီးမှု တိုက်ပွဲများ

ဆောင်းပါးရှင် – မိုးမခ







ကွယ်လွန်သွားခဲ့ပြီဖြစ်သော Apple ၏ CEO ကြီး စတီဗ်ဂျော့အဖို့ ဤကိစ္စအတွက် ရင်ခုန်တုန်လှုပ်နိုင်ဖွယ်ရာ အကြောင်းမရှိတော့သော်လည်း ကျန်ရှိနေသော ဖြစ်ရပ်ကလေး တချို့၏ ပုံရိပ်မှန်ကလေးများကို အတိုင်းအတာတစ်ခုအထိ ရှင်လန်းဝမ်းမြောက်ဖွယ်ရာ ဖော်ပြနိုင်မည့် စကားလုံးရှာဖွေရန်မှာမူ ခက်ခဲနေလျက်ပင်ရှိ၏။

၂၀၀၇ ခုနှစ်၊ မတ်လလောက်တွင် ဖြစ်သည်။ ထိုစဉ်က စတီဗ်ဂျော့ထံသို့ e-mail တစ်စောင်ရောက်လာသည်။ စာမှာ အဲရစ်ရှမစ်ထံမှ ပေးပို့သည့်စာဖြစ်သည်။ အဲရစ်ရှမစ်မှာ Apple ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး နောက်ပိုင်းတွင် Google ၏ အမှုဆောင်အရာရှိချုပ်အဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည်။

ရှမစ်၏စာပါအဓိပ္ပါယ်အရ Google အနေဖြင့် ၎င်း၏လုပ်ငန်းပိုင်းဆိုင်ရာ အခြေအနေမှာ ကောင်းမွန်ခြင်းမရှိ၍ အချိန်မရွေးပင်လုပ်ငန်းများ ဖရိုဖရဲ ဖြစ်သွားနိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် စီစဉ်တိုင်ပင်ထားသည့် ကိစ္စများဖြစ်မြောက်လာနိုင်မည်ဆိုပါက မိမိထံအမြန်ဆုံး အကြောင်းကြားပါရန် တောင်းပန်တိုးရှိုးသည့်သဘောမျိုးဖြင့် ရေးသားပေးပို့ခဲ့သော စာတစ်စောင်ဖြစ်သည်။

စင်စစ်အားဖြင့် ထိုစဉ်ကာလများက Apple နှင့် Google တို့ကြားတွင် ဆက်ဆံဆက်သွယ်မှုများ ပြုလုပ်ခြင်းမရှိရန် မူတစ်ရပ်ချမှတ်ချက်ရှိခဲ့၏။ စတီဗ်ဂျော့အဖို့ သူ၏မိတ်ဆွေအဲရစ်ရှမစ်၏ တောင်းပန်တိုးရှိုးသည့်စာအပေါ်တွင် တစ်စုံတစ်ရာမှတ်ချက်ပေးခြင်းမရှိသော်လည်း မိမိတို့လုပ်ကိုင်ဆောင်ရွက်နေရသည့် လုပ်ငန်းသဘာဝတို့၏ ရှေ့အလားအလာများကိုမူ နှစ်ဦးစလုံးက ကောင်းစွာသဘောပေါက် နားလည်နေကြသည်ဖြစ်ရာ တစ်နေ့နေ့ တစ်ချိန်ချိန်တွင်မူ မိမိတို့မျှော်မှန်းချက်များအတိုင်း ဖြစ်လာလိမ့်မည်ဟု ယုံကြည်နေကြသူများဖြစ်သည်။

မည်သို့ပင်ဆိုစေ၊ မိုဘိုင်းလောက၏ ကြီးထွားကျယ်ပြန့်လာသော အကျိုးစီးပွားများကြားတွင် ကြီးမားသည့်မိုဘိုင်းကုမ္ပဏီကြီးများနှင့် ဝက်ဘ်ဆိုက်လုပ်ငန်းကြီးများကြားတွင် စည်းမျဉ်းစည်းကမ်းချိုးဖောက်မှုများ ပေါ်ပေါက်လာပြီး အထူးသဖြင့် ဦးနှောက်ယိုစီးမှုဟုဆိုရမည့် ကျွမ်းကျင်ဝန်ထမ်းများပေါ်ပေါက်ခဲ့ရာ ယင်းတို့အား ထိန်းညှိနိုင်ရေးအတွက် ယခုနှစ် ဧပြီလအတွင်းက နာမည်ကျော်မိုဘိုင်းကုမ္ပဏီကြီးများနှင့် ဝက်ဘ်ဆိုက်ကြီးများဖြစ်သော Apple, Google, Intel နှင့် Adobe တို့ ပူးပေါင်း၍ လုပ်ငန်းဆိုင်ရာ အပြန်အလှန်ထိန်းချုပ်ဆောင်ရွက်ကြရန် သဘောတူညီမှုတစ်ရပ် ရယူခဲ့ကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ CEO ကြီး အဲရစ်ရှမစ်က မိမိတို့အနေဖြင့် ဤကိစ္စများအား တရားရုံးပေါ်တွင် အလုပ်ရှုပ်ခံ၍ ဖြေရှင်းနေရမည့်အစား မိမိတို့ဝန်ထမ်းများ၏ လုပ်ခလစာများအပါအဝင် လုပ်ငန်းဆိုင်ရာ တည်မြဲမှုနှင့် အလုပ်ရှင်အလုပ်သမားများ အပြန်အလှန်ထိန်းညှိဆောင်ရွက်နိုင်မည့်သဘောထားများကို ရယူဖြေရှင်းကြရမည်ဖြစ်ကြောင်း ၎င်း၏သဘောထားကို ရှင်းလင်းပြောဆိုခဲ့လေသည်။

ထို့ပြင် မိမိတို့ကုမ္ပဏီကြီးလေးခု ပူးပေါင်းဆောင်ရွက်ရာမှ ရရှိလာမည့် အကျိုးအမြတ် ၀.၄ ရာခိုင်နှုန်းအား အချိုးကျ ခွဲဝေပေးမည်ဖြစ်ကြောင်း၊ ယင်းတန်ဖိုးအရ စုစုပေါင်းဒေါ်လာ ၃၂၄ သန်းခန့် အကျိုးခံစားခွင့်ရကြမည်ဖြစ်ကြောင်း အဲရစ်ရှမစ်က ပြောဆိုခဲ့ပေသည်။

စောစောပိုင်းကာလများတွင် In Tuit, Pixar နှင့် Lucasfilm စသည့် ကုမ္ပဏီငယ်များက တရားစွဲဆိုရန်ပြင်ဆင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ၎င်းကုမ္ပဏီငယ်များ၏ အလုပ်သမားရေးရာကိစ္စများကို ထိုက်သင့်သော ငွေကြေးများ ထုတ်ပေး၍ ပြေငြိမ်းအောင်ဖြေရှင်းပေးခဲ့ရသည်။ အထူးသဖြင့် အလုပ်အကိုင် ပြောင်းရွှေ့မှုနှင့် လုပ်ခလစာများ ညှိနှိုင်းမှုအပေါ် ပြေလည်မှုမရသဖြင့် အလုပ်သမားရေးရာပြဿနာများ ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်များရှိကြောင်း၊ ဥပမာအားဖြင့် Apple နှင့် Google တို့၏ စိတ်ကူးယဉ်စက်ရုံများ ဖန်တီးရေးလုပ်ငန်းတွင် လူအများက စိတ်ဝင်စားမှုရှိပြီး စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီခဲ့ကြသော်လည်း နောက်ဆုံးတွင် ဖရိုဖရဲဖြစ်သွားသည့် သာဓကများရှိကြောင်း၊ ဤဖြစ်ရပ်များမှာ မိုဘိုင်းလောကအတွင်း၌ အလားအလာကောင်းများကို မှားယွင်းစွာ ထိန်းချုပ်မှုများကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များဖြစ်ကြောင်း ဂျက်ကွန်နော့တန်က ဝေဖန်သုံးသပ်ပြောဆိုခဲ့ပေသည်။ ဂျက်ကွန်နော့တန်သည် ဝါရှင်တန်မှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် Apple ၏ နည်းပညာဖြစ်သော iPhone ထွက်ပေါ်လာသောအခါ Silicon Valley ရပ်ဝန်းကြီးတစ်ခုလုံး အံ့အားသင့်သွားသကဲ့သို့ နည်းပညာလောက၌ မျိုးဆက်သစ်များဖော်ထုတ်မှုတွင် စတီဗ်ဂျော့ကဲ့သို့ လူမျိုးကို လိုက်မီဖို့မလွယ်ကူကြောင်း အများက နားလည်သဘောပေါက်လာသည်။ သာဓကအားဖြင့် iPhone ကဲ့သို့သော နည်းပညာများပေါ်ပေါက်လာခြင်းက အိုင်တီလောက၏ လူမှုကွန်ရက်များ ကြီးထွားကျယ်ပြန့်လာမှုနှင့်နည်းပညာသစ်များဆိုင်ရာ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးပွားလာမှုက သက်သေပြလျက်ရှိပေသည်။

၂၀၀၅ ခုနှစ်လောက်တွင် စတီဗ်ဂျော့က Google ၏ CEO ကြီး ဆာဂျီဘရင်းထံသို့ စာတစ်စောင်ရေးပို့ခဲ့ဖူး၏။ ထိုစဉ်က Apple ၏ ဝန်ထမ်းများကို Google က သွေးဆောင်ဖြားယောင်းမှုများရှိနေသဖြင့် ဆာဂျီဘရင်းထံ သတိပေးသည့်သဘောအနေဖြင့် စာထဲတွင် သူ့လူများကို Google က ခေါ်ထုတ်ခြင်းဖြင့် Apple နဲ့ Google တို့မှာ ပြဿနာများနှင့် ထိပ်တိုက်ကြုံတွေ့ရမည့်အနေအထားသို့ ရောက်သွားနိုင်ကြောင်း စတီဗ်ဂျော့က သတိပေးရေးသားခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က Apple ၏ CEO ကြီး စတီဗ်ဂျော့မှာ မိမိ၏ကုမ္ပဏီတွင်သာမက Google ကဲ့သို့သော ဝက်ဘ်ဆိုက်လုပ်ငန်းကြီးများပေါ်တွင်လည်း တန်ခိုးဩဇာလွှမ်းမိုးကြီးမားနေသော အချိန်ကာလဖြစ်၏။ Apple တွင် အဲရစ်ရှမန်နှင့် အက်လီဗင်ဆင်တို့ရှိသလို Google တွင်လည်း ဆာဂျီဘရင်းနှင့် လာရီပေ့ချ်တို့လို ဒါရိုက်တာကြီးများရှိနေရာ ၎င်းတို့ကြားတွင် ကုမ္ပဏီ၏ကျွမ်းကျင်ဝန်ထမ်းများဆိုင်ရာ စီမံခန့်ခွဲမှုများတွင် စည်းကမ်းစနစ်ကြီးစွာ ထိန်းချုပ်ကိုင်တွယ်နေရသောကာလတစ်ခုကို ဖြတ်သန်းနေရချိန်ဖြစ်သည်။ ထိုစဉ်ကာလများတွင် Apple ၏ အသစ် ပေါ်ထွန်းလာသော iPhone အသုံးပြုသူများက Google ၏ မြေပုံရှာဖွေမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများပေါ်တွင် အားထားနေရချိန်ဖြစ်သည်။

Apple နှင့် Google တို့မှာ နောက်ထပ်ပေါ်ထွန်းလာသည့် Facebook ကဲ့သို့သော လူမှုရေးဝက်ဘ်ဆိုက်ကြီးတစ်ခုအတွက် စိုးရိမ်သောကရှိနေသည့်အလျောက် အချင်းချင်းကတိကဝတ်နှင့် စာချုပ်များပြုလုပ်ထားကြပြီး မိမိတို့၏ ထိပ်တန်းမန်နေဂျာများနှင့် ပရိုဂရမ်မာများကို လုပ်ငန်းခွင်မှ ထွက်ခွာသွားခြင်းမရှိစေရန် ကြိုးပမ်းနေကြရသည်။

၂၀၀၈ ခုနှစ်၊ မတ်လတွင် Google ၏ အမှုဆောင်ဒါရိုက်တာတစ်ဦးဖြစ်သူ ရှာရီစင်းဘတ်သည် Google မှ ထွက်ခွာခဲ့ရာ Apple နှင့် Google တို့က တစ်ဖက် Facebook က တစ်ဖက် တရားတစ်ဘောင်ဖြစ်ကာ တရားရုံးသို့ အမှုတွဲရောက်လာခဲ့သည်။ ကတိစာချုပ် ချိုးဖောက်မှုအဖြစ် Google က Facebook ကို တရားစွဲသည်။ ရှာရီစင်းဘတ်နှင့်အတူ Google ၏ ကျွမ်းကျင်ပညာရှင် အတော်များများလည်း ပါသွားခဲ့သည်။ Facebook ကမူ ရှာရီစင်းဘတ်၏အမည်ကို စွပ်စွဲခံရသူအဖြစ် အမည်တင်သွင်းခြင်းမရှိဘဲ ငြင်းဆိုချက်များသာ တင်ပြထား၏။

Apple နှင့် Google တို့ကလည်း ဤသို့ပြဿနာများကို ပိုမိုကြပ်မတ်ဆောင်ရွက်နိုင်ရန် အခြားသောကုမ္ပဏီငယ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အပြန်အလှန်ကတိကဝတ်ပြုမှုဆိုင်ရာ သဘောတူစာချုပ်ပေါင်း ခြောက်ခုကို ထပ်မံပြုလုပ်ခဲ့ရသည်။ ယခုဖြစ်ပေါ်ခဲ့သော Google နှင့် Facebook တို့၏ အမှုကိစ္စအား ပြန်လှန်သုံးသပ်နိုင်ရန် တရားပြိုင်တို့၏ငြင်းဆိုချက်များကို တောင်းခံထားသည်။ ဤကဲ့သို့သော အမှုကိစ္စများမှာ မိမိတို့၏ Silicon Valley တွင် ရာနှင့်ချီ၍ ဖြစ်ပွားနေသော ပြဿနာများဖြစ်ရာ အဖွဲ့အစည်းတစ်ခုနှင့် အခြားအဖွဲ့အစည်းတစ်ခုတို့ကြားတွင် အင်အားချင်းပြိုင်ဆိုင်မှုများနှင့် အကျိုးစီးပွားဆိုင်ရာ မက်လုံးပေးမှုများကြောင့် သံသရာလည်နေသောကိစ္စများသာဖြစ်ကြောင်း မီဒီယာလုပ်ငန်းများ၏ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုပညာရှင်တစ်ဦးဖြစ်သည့် ရောဂျာမက်နာဇီဆိုသူက ပြောဆိုခဲ့ပေသည်။

ဤကဲ့သို့သော ကိစ္စရပ်များနှင့်ပတ်သက်၍ အမေရိကန်တရားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကုမ္ပဏီကြီးများ၏ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်၍ အချင်းချင်းတရားနည်းလမ်းကျသော အလုပ်သမားခေါ်ယူမှု၊ ဆက်သွယ်မှုများ မပြုလုပ်နိုင်စေမည့် စည်းမျဉ်းစည်းကမ်းများကို တိကျခိုင်မာစွာ ချမှတ်ပေးနိုင်ရန် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လေ့လာစုံစမ်းမှုများ ပြုလုပ်ကြရန် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပေသည်။

Apple နှင့် Google ကုမ္ပဏီကြီးများအနေနှင့် ၎င်းတို့နှင့်ဖြစ်ပွားနေသော Adobe နှင့် Intel ကုမ္ပဏီတို့၏ တရားစွဲဆိုမှုကိစ္စများတွင် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုကြားတွင် အချင်းချင်းပြေလည်အောင် ညှိနှိုင်းဖြေရှင်းနိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်ကြောင်း၊ တရားရုံးပေါ်သို့ရောက်မှ ဖြေရှင်းကြမည်ဆိုလျှင် နှစ်ဦးနှစ်ဖက် ဆုံးရှုံးမှုများပိုမိုကြီးထွားလာနိုင်ပြီး လုပ်ငန်းများကိုလည်း ထိခိုက်၍အမှုအခင်းများ ဖြေရှင်းရာ၌ နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့နိုင်ကြောင်း အမေရိကန်တရားရေးဌာန၏ ခရိုင်တရားသူကြီးတစ်ဦးဖြစ်သည့် လူစီကိုးက ပြောဆိုခဲ့ပေသည်။

၂၀၁၀ ခုနှစ်တွင် Apple က Samsung အား ၎င်း၏ iOS စနစ်ကို Google မှတစ်ဆင့် ခိုးယူသုံးစွဲကြောင်းစွပ်စွဲပြောဆိုကာ အမှုအခင်းအဖြစ် တရားရုံးသို့ ရောက်လာခဲ့သည်။ Apple ၏ iPhone မှ iOS ကို Samsung က မူပိုင်ခွင့်ချိုးဖောက်၍ ခိုးယူသုံးစွဲထားကြောင်း တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းအတွက် နစ်နာကြေးအဖြစ် ဒေါ်လာ သန်း ၉၃၀ ပေးဆောင်ရန် တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် Apple နှင့် Samsung တို့ကြားတွင် မူပိုင်ခွင့်ချိုးဖောက်မှုပြဿနာများ ထပ်မံပေါ်ပေါက်ခဲ့ရာ Apple ၏ Quick Links မူပိုင်ခွင့်များကို Samsung ကလည်းကောင်း၊ Samsung ၏ မူပိုင်ခွင့်ဖြစ်သော Folder တွင် ဓါတ်ပုံနှင့်ဗီဒီယိုထားရှိမှုအတွက် လည်းကောင်း၊ မူပိုင်ခွင့်များ အပြန်အလှန်ချိုးဖောက်မှုများဖြင့် တရားစွဲဆိုထားကြရာ တရားရုံးတွင် အမှုရင်ဆိုင်ရလျက်ရှိသည်။ ယင်းအမှုအခင်းများအရ Apple က Samsung ထံမှ လျော်ကြေးငွေဒေါ်လာ ၂ ဘီလီယံတောင်းဆိုထားသလို Samsung ကလည်း Apple ထံမှ ဒေါ်လာ ၆.၂ သန်းကို လျော်ကြေးအဖြစ် တောင်းဆိုထားကြသည်။

Apple နှင့် Samsung တို့၏ အပြန်အလှန်တရားစွဲဆိုမှုများကို ကိုင်တွယ်ရသော ခရိုင်တရားသူကြီးလူစီကိုးမှာ ယခင်က အမေရိကန်အထက် လွှတ်တော်တရားရေးကော်မတီတွင် လုပ်ကိုင်ခဲ့သူဖြစ်ရာ Samsung က ၎င်းအမှုကိစ္စတွင် ရှုံးနိမ့်မှုများဖြစ်လာနိုင်ကြောင်း ၎င်း၏ကိုယ်စားလှယ်တစ်ဦးက ပြောဆိုခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊ ခေတ်သစ်မိုဘိုင်းလောက၏ နည်းပညာဆိုင်ရာ အမှုအခင်းများမှာ အပြန်အလှန်ရှုပ်ထွေးပွေလီမှုများဖြင့် စခန်းသွားလျက်ရှိကြရာ မတန်တဆ တောင်းဆိုလျက်ရှိသော နစ်နာကြေးများနည်းတူ တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းရသည့် တရားစားရိတ်များကလည်း ကုန်ကျမှုပိုမိုကြီးထွားများပြားလာဖွယ်ရာသာရှိကြောင်း တင်ပြလိုက်ရပေသည်။

အမေကြီး ချက်တဲ့ ရွှေဇီးကွက်ဆန်
"အိမ်အရောက်ပို့စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါပြီ"
အမှတ် (၃၁/၂၇)၊ ၁၆၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၁-၅၄၃၂၂၈၊ ၅၄၆၄၇၇၊ ၄၀၀၅၄၀

## Android Specialize Course ကိုဖွင့်လှစ်မည်

Mobile Phone နှင့်ပတ်သက်သည့် Android OS သည် ယနေ့ခေတ်တွင် Popular အဖြစ်ဆုံးဖြစ်ပြီး Android Phone များမှာ လူသုံးအများဆုံးဖြစ်သည်။ Android OS ကိုအခြေခံ၍ Phone ပြုပြင်ခြင်းသင်တန်းကို Myanmar Softcom မှ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

"ဒီသင်တန်းက Phone ပြုပြင်ခြင်းသင်တန်းဖြစ်ပြီး Android တစ်မျိုးတည်းကိုသာ သင်ကြားပေးမှာဖြစ်ပါတယ်။ သင်တန်းတွင် Firmware ရေးနည်း၊ Root လုပ်ခြင်း၊ IMEI Repair ၊ EFS Repair ၊ Product Code Repair ၊ EMMC Software ပြန်ရေးခြင်း၊ Soft brick Repair ၊ Network Unlock စသည့်ပညာရပ်များအပြင် HTC နှင့်ပတ်သက်သည့် နည်းပညာအားလုံးကို အသေးစိတ်သင်ကြားပေးမယ်။ Software Box အသုံးပြုပုံကိုသင်ကြားပေးမယ်။ Dead Boot Repair ကိုလည်း စနစ်တကျ သင်ကြားပေးမှာဖြစ်ပြီး Hacking ပညာရပ်ကိုလည်း ကျွမ်းကျင်သည်အထိ သင်ကြားပေးမှာပါ။ ဒီသင်တန်းတက်ပြီးရင် Android နှင့်ပတ်သက်လို့ ဘာမှမကျန်အောင် သင်ကြားပေးမှာပါ။ သင်ကြားပေးမည့် ဆရာကလည်း Mobile ကို ၈ နှစ်အတွေ့အကြုံရှိ ဆရာကိုယ်တိုင် သင်ကြားပေးမှာပါ။ သင်တန်းတက်ပြီးမှ ပြန်သင်ကြားပေးမည့် သင်တန်းဆရာများမဟုတ်ပါဘူး။ ဒီAndroid သင်တန်းကို သင်တန်းကာလတစ်လသတ်မှတ်ထားပြီး သင်တန်းကြေးကို လူတိုင်းတတ်နိုင်မည့်သင်တန်းကြေးအဖြစ် (၁) သိန်းသတ်မှတ်ထားပါတယ်" ဟု Myanmar SoftCom မှနည်းပြဆရာက NetGuideသို့ပြောပါသည်။ Myanmar SoftCom သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို Ph : 09540140 တိုက် (စီ)၊ အခန်း (၆၅)၊ လှိုင်ရတနာအိမ်ရာသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

COMPU TECH
Computer Training and Servicing Co., Ltd.
အထက်တန်း စာမေးပွဲဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများ အတွက် ဇွန်လ ဒုတိယပတ် တွင်အခြေခံ CompTIA A+ Hardware and Network+ ၊ Advance Networking အတွက် ဇွန်လ နောက်ဆုံးပတ်တွင် CCNA Routing and Switching နှင့် OJT (HW/NW Engineer) များအတွက် စုံစမ်းမေးမြန်းနိုင်ပါသည်။
Right Way To Getting Ahead
No.91/93, Bogyoke Aung San Road & 49 Street, Pzd Tsp, Yangon, Myanmar. .::. Tel : 299539, 09-420061626.

အရပ်ဟံ ကိုသီဟနိုး IT, Mobile, Game Sales & Services
Play Station Game
PlayStation 4
Game စက်များ၏ Firmware Upgrade & Downgrade ပြုလုပ်ပေးခြင်း/ ဂိမ်းခွေအမျိုးမျိုး/ ရာဘာ/ဘု /Lence /Lence ကြိုး ဂိမ်းစက်များနှင့် အပိုပစ္စည်းများကို လက်လီလက္ကားဖြန့်ချိရောင်းချခြင်းနှင့် ပြုပြင်ခြင်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးပါသည်။
Good knight
ခြင်ပြေးစက်
သွေးလွန်တုတ်ကွေးရောဂါ ကာကွယ်လိုသူများအတွက်
အိန္ဒိယနိုင်ငံထုတ် Good knight အမှတ်တံဆိပ် ခြင်ပြေးစက်လေးတစ်မျိုးဖြစ်ပါတယ်။
ISO လက်မှတ်ရကုမ္ပဏီမှအသိအမှတ်ပြုထားသော ခြင်ပြေးစက်ဖြစ်ပါတယ်။
Solar Pest Repellant
ကြွက်ပြေးစက်
ခေတ်ရဲ့တိုးတက်မှုနဲ့အတူပေါ်ထွက်လာတဲ့ ကြွက်ပြေးစက်လေးပါ။
Toshiba DVD Recorder
Stallite, TV, Sky Net, 5-Movies ရုပ်သံလိုင်းများမှ ထုတ်လွှင့်သောအစီအစဉ်များကို Toshiba DVD Recorder စက်အတွင်းသို့ DVD အခွေလွှတ် တစ်ချက်ထည့်၍ ရုပ်သံလိုင်းမှလာသောအစီအစဉ်များကိုကူးယူသိမ်းဆည်းပြီး ပြန်လည်ကြည့်ရှုနိုင်သောစက်အမျိုးအစားဖြစ်ပါသည်။
Note II
3G, 4G Network
ယခု 310,000 Ks
lte
32GB
Apple Repair
i-MAC, i-MAC Pro, MAC Air, i-pod, i-padiphone 5/ 5s
i-phone 5S
16GB - 650000-Ks
32GB - 750000-Ks
◆ Software Error
◆ Hardware Error
◆ Jailbreak ,Game Installation
◆ LCD လဲပေးခြင်း
◆ Mic, Speaker ပြုပြင်ပေးခြင်း
◆ Power မနိုးခြင်း
◆ Official unLock ဖြည်ပေးခြင်း
◆ Touch Screen
◆ Battery
DVR INTERNET DIGITAL VIDEO RECORDER
(4) Channel DVR-48000ks
(8) Channel DVR-58000ks
(16) Channel DVR-68000ks
Amazon
E-Book Reader , Kindle fire, Fire HD , Fire HDX, Amazon fire TV, i-Tuns Card , Amazon Gift Card
Huawai 830, P-21, G-500 အတွက် leather case &
ဖုန်းလိုင်းမမိသော နေရာများတွင် အသုံးပြုနိုင်ပါသည်။
လိပ်စာ - အမှတ် (၂၅၉)၊ ဘားလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09 8622744, 01-256417, 01-380536

MOBILE IT
ကိုအေးမင်း
Good Second Hand Phone and Laptop များကို ရောင်း၊ ဝယ်၊ အလဲထပ်လုပ်ပေးသည်။
✣ Good Second Core i3, i5 Laptop များ ရောင်းရန်ရှိသည်။
✣ Model အမြင့် iPhone, Samsung, HTC, Sony, Huawei, iPad, Samsung Tab များကို အထူးဈေးကောင်းဖြင့် ဝယ်လိုသည်။
✣ iPhone, iPad and Android များကို အထူးဈေးကောင်းဖြင့် Change Down ပြုလုပ်ပေးသည်။
✣ Quality ပြည့်ဝသော အသစ်နီးပါးကောင်းမွန်သော iPhone, Samsung များ ရောင်းရန်ရှိသည်။
✣ Mac Pro, Mac Air and iMac များကို အထူးဈေးကောင်းဖြင့် ဝယ်လိုသည်။
No. 105, Sule Pagoda Road, Kyauktada. To Buy - 09 5412384 To Sell - 09 73052197
အသေးစိတ်သိရှိလိုပါက www.useditmobile.com ကို လေ့လာနိုင်ပါသည်။

Cute Star IT
SIM CARD Exchange Centre
❖ လူကြီးမင်း၏ ၁၅ သိန်းတန် GSM, WCDMA, ၅ သိန်းတန် CDMA, GSM, 450MHz, ၂ သိန်းခွဲတန် WCDMA, ၂ သိန်းတန် GSM, ၁၅၀၀ တန် GSM, WCDMA, MEC TEL Sim Card များကို အထူးဈေးကောင်းဖြင့် ရောင်း/ဝယ်လိုသည်။
❖ CDMA ကို GSM, WCDMA Sim Card ဖြင့် Exchange ပြုလုပ်သူအတွက် အထူးဈေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးနေပါသည်။
To Contact - 09 73223550

အတတ်ပညာ နည်းပညာ အတွေးအခေါ်နဲ့ အနုပညာအယူအဆ အားလုံးစုဆုံတဲ့နေရာ...
VANTAGE
SCHOOL OF DIGITAL ARTS
Photo Retouching
Graphic Design
Video Editing
Visual Effects
3D Animation
Painting
Web Design
ဖွင့်လှစ်တန်းခွဲသစ်များ စပါမည်။
ထူးချွန်သောသင်တန်းသားများကို အလုပ်ရရန် စီစဉ်ပေးမည်။
226/232, R-302, 36th Street ( Upper Block ), Kyauktada Tsp, Yangon
E-mail: vantage.mm@gmail.com Tel: 09 420 755 713, 09 540 1479
On facebook us: https://www.facebook.com/VantageSchoolofDigitalArts

"ဖုန်းတစ်လုံးရဲ့တန်ဖိုးထက် ပိုမပေးချင်ဘူးဆိုရင်"
'ပိုနေရင် လာရောင်းပါ' 'လိုနေရင် ဖုန်းအသစ် စစ်စစ်နဲ့ လာလဲယူပါ'
ဦးဌေးအောင်
ဖုန်းနှင့်ဆင်းကတ်အမျိုးမျိုးရောင်းဝယ်ရေး
SAMSUNG Galaxy S, Galaxy S-II, Galaxy S-III, Galaxy Note, Galaxy Note-II ဖုန်းများ၏ LCD နှင့် Touch မှန်များ ချက်ချင်းလဲပေးခြင်း။
HTC, HUAWEI ဖုန်းများ LCD နှင့် Touch မှန်များ လဲပေးခြင်း။
Sony, Nokia, iPhone 3G, 3GS, 4S, 4GS, 5S ဖုန်းများ၏ LCD နှင့် Touch မှန်များ ချက်ချင်းလဲပေးခြင်း။
နိုင်ငံခြားမှယူလာသော Phone များကို Lock ဖြည်ပေးခြင်း (သို့) ပြောလို့ရအောင်လုပ်ပေးခြင်း။
Power မပွင့်ခြင်း၊ ပြောသောအသံ၊ နားထောင်သောအသံမကြားရခြင်းများကိုရအောင်ပြုပြင်ပေးခြင်း။
ပိုနေသော (ANDROID) ဖုန်းများကို ဈေးကောင်းပေးပြန်ဝယ်ပေးခြင်း။
ဖုန်းများပြုပြင်ရာတွင်အကြံအဖန်လုပ်ခြင်း၊ ပစ္စည်းများလဲယူခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်းများ(လုံးဝ)မလုပ်ပါ။
အမှတ် (၅၀)၊ ဗိုလ်ဆွန်ပတ်လမ်း (အောက်ဘလောက်)၊ ယခင်မောင်ထော်လေးလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
: 09 731 14727, 09 50 90739, 09 49571722, 09 73223316

# မြန်မာနိုင်ငံ၏ ပထမဆုံး GOLD Partner ဖြစ်တော့မည့် MCC တွင် B.Sc (Hons) Business IT Program အတွက် သင်တန်းများတက်ရောက်နိုင်

ကမ္ဘာ့အကြီးဆုံး Software ကုမ္ပဏီဖြစ်သည့် Microsoft ၏ Silver Partner ဖြစ်ပြီး မြန်မာနိုင်ငံ၏ ပထမဆုံး Gold Partner ဖြစ်တော့မည့် MCC Training Institute တွင် B.Sc (Hons) Business IT Program အတွက် သင်တန်းများ တက်ရောက် သင်ကြားနိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ သင်တန်းတက်ရောက်ရာတွင် ပထမနှစ်အဆင့်အတွက် NCC Education မှ ချီးမြှင့်သော Level 4 Diploma in Computing၊ ဒုတိယနှစ်အဆင့် အတွက် NCC Education မှ ချီးမြှင့်သော Level 4 Diploma in Computing နှင့် တတိယနှစ်အဆင့် (နောက်ဆုံးနှစ်) အတွက် University of Greenwich မှချီးမြှင့်သော B.Sc (Hons) Business IT သင်တန်းများကို တစ်နှစ်စီ တက်ရောက်ရမည်ဖြစ်ပြီး နှစ်အလိုက် စာမေးပွဲအောင်မြင်မှသာ နောက်တစ်ဆင့်ဆက်လက်တက်ရောက်နိုင်မည် ဖြစ်သည်။ သင်တန်းတက်ရောက်ရန်အတွက် တက္ကသိုလ် ဝင်တန်းအောင်မြင်ကြောင်း အထောက်အထားတစ်ခုသာ တင်ပြရမည်ဖြစ်သည်။

MCC မှ B.Sc (Hons) Degree သို့ သင်တန်းတက်ရောက်သူများအား အလုပ်အတွေ့အကြုံရရှိစေရန် MCC မှ လက်တွေ့ဆောင်ရွက်လျက်ရှိသည့် IT Project များတွင် အလုပ်သင် On Job Training (OJT) အဖြစ် တာဝန်ပေးအပ်သွားမည် ဖြစ်ပြီး International IT Professional Skill အတွက် Vendor Specific Exam များဖြစ်သည့် Microsoft, Oracle, SAP Certification များတစ်ပါတည်းဖြေဆိုနိုင်ရန် Exam Focus Training များကိုပါပြုလုပ်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အထူးအစီအစဉ် အနေဖြင့် Microsoft ၏ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး Silver Learning Partner ဖြစ်သည့် MCC Group မှ MCC-i တွင် B.Sc (Hons) Business IT Course တက်ရောက်မည့် ကျောင်းသား/ကျောင်းသူများအား စာသင်နှစ်အလိုက် Microsoft Next Generation ဖြစ်သော MCSA, MCSD, MCSE Certification များကို တစ်ပါတည်း ရရှိအောင် Microsoft Original Courseware ဖြင့် လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်သည်။

On Job Training ပြီးဆုံးသွားလျှင် နိုင်ငံတကာတွင် အဆင့်မြင့် ကွန်ပျူတာ ကျွမ်းကျင်သူအဖြစ် အလုပ်များရရှိအောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အကယ်၍ ပြင်ပသို့သွားရောက်ရန် အခက်အခဲရှိပါက မြန်မာနိုင်ငံအတွင်း၌ပင် ထိုက်တန်သည့်အလုပ်အကိုင်များ ရရှိနိုင်ရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းသိရှိရသည်။

တက်ရောက်နိုင်သည့် Campus များအနေဖြင့် Yatanarpon Campus၊ Yangon Campus၊ Mandalay Campus၊ Naypyitaw Campus များ တွင် တက်ရောက် သင်ကြားနိုင် ကြောင်း သတင်းရရှိသည်။

*တင်မျိုးသွင်*

# Total Technology Engineering Service Co., Ltd. မှာ ဆက်သွယ်ရေးနှင့် လုံခြုံရေးသုံး Product များမှာယူတပ်ဆင်အသုံးပြုနိုင်

၂၀၀၂ ခုနှစ်မှစတင်ကာ ဆယ်စုနှစ်တစ်ခုတိုင်အောင် စီးပွားရေးလုပ်ငန်းကြီးများ၊ ဟိုတယ်ကြီးများ၊ ဘဏ်များ၊ ဆေးရုံဆေးခန်းများ၊ စက်ရုံအလုပ်ရုံကြီးများ၊ ကျောင်းများ၊ စတိုးဆိုင်များနှင့် လူနေအိမ်များစွာကို ဝန်ဆောင်မှုကောင်းများစွာဖြင့် တပ်ဆင်ရောင်းချပေးနေသည့် No.76, Damaryone Street, Sanchaung Tsp, Yangon ရှိ TT Engineering Service ကုမ္ပဏီမှာ လူကြီးမင်းတို့နှင့် ကိုက်ညီမှုရှိမည့် System Product များကို မှာယူတပ်ဆင်အသုံးပြုနိုင်ကြောင်း သတင်းရရှိသည်။

မှာယူ တပ်ဆင်အသုံးပြုနိုင်သည့် System များအဖြစ် Telecommunication System (Private Auto Branch Exchange ) စနစ်ဖြစ်သည့် Telephone Voice recording System, Call Accounting System, External Auto Attendant & Voice Mail System အပါအဝင်၊ Security System စနစ်ဖြစ်သည့် Close Circuit T.V System (Digital Surveillance System), Total Solution System နှင့် Fire Alarm System ၊ P.A System & Conference System ၊ Servicing & Maintenance System တို့ဖြစ်ကြောင်းသိရသည်။

မှာယူ တပ်ဆင်အသုံးပြုလိုသည့် Customer များအနေဖြင့် လိုအပ်မှုများရှိလာပါက TT Engineering Service မှ အကောင်းဆုံး အနေဖြင့် လိုအပ်မှုများရှိလာပါက TT Engineering Service မှ အကောင်းဆုံး တာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် 01-524969, 01-2305536 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရှိရသည်။

*တင်မျိုးသွင်*

# Ooredoo Myanmar နှင့် Population Services International (PSI) တို့ ပြည်တွင်းတွင် လုပ်ငန်းများလက်တွဲဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့

Ooredoo Myanmar သည် အပြည်ပြည်ဆိုင်ရာ ပရဟိတ အရပ်ဖက် လူ့အဖွဲ့အစည်းအဖြစ် ရပ်တည်နေသော Population Services International (PSI) နှင့် ပြည်တွင်းတွင် လုပ်ငန်းများဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ Ooredoo Myanmar နှင့် PSI တို့သည် မြန်မာနိုင်ငံရှိ အမျိုးသမီးထုတစ်ရပ်လုံးနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးကဏ္ဍများကို အတူတကွ လက်တွဲလုပ်ဆောင် သွားကြမည်ဖြစ်သည်။

၎င်းအဖွဲ့အစည်းနှစ်ခုသည် ပြည်တွင်းရှိ အင်တာနက်ကုမ္ပဏီတစ်ခုဖြစ်သည့် Koe Koe Tech နှင့် တွဲဖက်လျက်မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်များနှင့် ပတ်သက်သော Mobile Application များကို တီထွင်ဖန်တီးလျက်ရှိသည်။ အဆိုပါ Mobile Apps ကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ပြီး Ooredoo ၏ တရားဝင်ကွန်ရက် ဖြန့်ကျက်သည့်အချိန်တွင် ပြည်သူလူထုထံ မိတ်ဆက်သွားမည်ဖြစ်သည်။

''အကျိုးတူလက်တွဲဖော်ရဲ့ တန်ဖိုးများကို သိရှိနားလည်တဲ့ အဖွဲ့အစည်းအနေနဲ့ အတူတူ အလုပ်လုပ်ရတာအင်မတန်ကောင်းပါတယ်။ တကယ့်ကို အဓိပ္ပါယ်ရှိတဲ့ ရည်ရွယ်ချက်နဲ့ အခုလိုဝန်ဆောင်မှုမျိုးထဲပါဝင်တဲ့ အချက်အလက်တွေကို ထည့်သွင်းတဲ့အခါမှာ PSI ရဲ့ အတွေ့အကြုံနဲ့ ဗဟုသုတတွေဟာ ကျွန်တော်တို့အတွက် အရမ်းကိုအထောက်အကူဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆက်သွယ်ရေးကွန်ရက်ဖြန့်ကျက်တဲ့အချိန်ကစလို့ တဖြည်းဖြည်းသုံးစွဲသူအမျိုးသမီးများ ပိုမိုများပြားလာအောင်ဝန်ဆောင်မှုကောင်းတွေပေးသွားမှာ'' ဟု Ooredoo Myanmar ၏ CEO Mr. Ross Cormack က ပြောကြားခဲ့သည်။

PSI ၏ CEO Mr.Karl Hofmann ကလည်း "Ooredoo နဲ့ အခုလိုအတူတကွလက်တွဲလုပ်ဆောင်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒီ Mobile Apps ဝန်ဆောင်မှုအသစ်က မြန်မာအမျိုးသမီးတွေအတွက် အလွန်အသုံးဝင်မယ့် ဝန်ဆောင်မှုတစ်ခုပါ '' ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*M.Z*

# အစိုးရ၏ e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ရည်ရွယ်၍ MCC Capacity Development Centre (Nay Pyi Taw ) အားဖွင့်လှစ်ခဲ့

၁၉၈၉ ခုနှစ်မှစတင်ကာ e-Government လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သည့် မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက် (MCC) သည် အစိုးရဝန်ကြီးဌာနများ၏ e-Government လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လွယ်ကူလျင်မြန်စွာနှင့် ကုန်ကျစရိတ်သက်သာစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သောဆောင်ရွက်မှု (Services) များကို အင်အားကောင်းကောင်းဖြင့် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ၂၀၁၄ ခုနှစ်၊ မေလ (၂၃) ရက်နံနက် (၉း၀၀) နာရီတွင် ဇမ္ဗူသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ Junction Center ၊ Extension (3) ငါးထပ် အဆောက်အဦသစ်နေရာ၌ MCC Capacity Development Center ကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဖွင့်ပွဲသို့ သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအေမြင့်ကြူတို့မှ တက်ရောက်ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီး MCC Group ၏ Chairman ဖြစ်သူ ဦးတင်ဝင်းအောင်မှ Extension (3) နေရာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့ကြောင်း ဖွင့်ပွဲ အခမ်းအနားနှင့်အတူ e-Government အထောက်အကူပြု Seminar များအား MCC Group ၏ Global နှင့် Regional ICT Services Partner များဖြင့် လုံခြုံကဏ္ဍ၊ IT Architecture ကဏ္ဍ၊ Budget ကဏ္ဍ၊ GIS for e-Government ကဏ္ဍအစရှိသည့် ကဏ္ဍများကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရှိရသည်။

၎င်း MCC Capacity Development Center ကြီးတွင် Training Center, International Software Development Center, Data Center, Business Center နှင့် Conference Facilities များပါဝင်ကြောင်း သိရသည်။ Training Center တွင် MCC.i ၏ (Nay Pyi Taw Campus) ကို ဖွင့်လှစ်ထားပြီး အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့် B.Sc (Hons) Business IT (ကွန်ပျူတာသိပ္ပံဘွဲ့) သင်တန်းများကို စတင်ဖွင့်လှစ်လျက်ရှိပြီး ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တွင် သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်သည်။ MCC ၏ Data Center တွင် MCC ၏ e-Government နှင့်ပတ်သက်သည့် စနစ်များ၊ Microsoft၊ Oracle၊ SAP အစရှိသော ကမ္ဘာ့နာမည်ကြီး Software ကုမ္ပဏီများ၏ စနစ်များကို ထည့်သွင်းထားပြီး အစိုးရဝန်ကြီးဌာနများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် e-Government လုပ်ငန်းများအတွက် လိုအပ်သော စနစ်များကို Software as a Service (SaaS) ပုံစံဖြင့်ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း သိရှိရသည်။

အစိုးရဝန်ကြီးဌာနများအတွက် သီးသန့်လိုအပ်သော အသုံးချစနစ်များ (Customized Application System) များကို တီထွင်ထုတ်လုပ်ပေးနိုင်ရန် International Software Development Center (ISDC) ကို လည်း တစ်ပါတည်း ဖွင့်လှစ်ပေးထားပြီး နိုင်ငံတကာအဆင့်ရှိ Software Engineer များကိုပါ ထားရှိပေးထားမည်ဖြစ်သည်။ ပြည်တွင်းပြည်ပ ကုမ္ပဏီများ အဖွဲ့အစည်းများ အတွက် Business Center ကိုပါ တွဲဖက်ဖွင့်လှစ်ပေးထားပြီး ကာလရှည်၊ ကာလတိုရုံးခန်းများ ငှားရမ်းခြင်း၊ ယင်းတို့ကိုယ်စားရုံးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ တင်ဒါကိစ္စများဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းအပြင်ပရိသတ်(၁၅၀)ခန့်ဆန့်သည့် Conference Hall ရှိပြီး၊ ဟောပြောပွဲများ၊ Seminar နှင့် Workshop များ၊ Miniexhibition နှင့် Product Launch များလည်း ပြုလုပ်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ပြီး MCC Capacity Development Center တွင်အစိုးရဝန်ကြီးဌာနများ၏ Capacity Development အစီအစဉ်အတွက် စင်ကာပူနိုင်ငံ iDA (Infocom Development Agency) နှင့် NUS (National University of Singapore) တို့ ပူးတွဲတည်ထောင်ထားသော eGL (e-Government Leadership Program) နှင့် တွဲဖက်ပြီး သင်တန်းများကို ပြုလုပ်ပေးသွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

*တင်မျိုးသွင်*

# အလယ်တန်းအဆင့် အခမဲ့ပညာရေးစနစ်စတင်

၂၀၁၄–၁၅ ပညာသင်နှစ်မှ စတင်၍ အခြေခံပညာကျောင်းများတွင် အလယ်တန်းအဆင့် အခမဲ့ပညာရေးစနစ်ဖြစ်လာခြင်းနှင့် အခြေခံပညာကျောင်းသင်ရိုးမှ သင်ခန်းစာများကိုလျှော့ပေးလိုက်ကြောင်းသိရသည်။ မူလတန်း အခမဲ့ ပညာရေးစနစ်ကို ၂၀၁၂ ခုနှစ်က စတင်ခဲ့ပြီး ယခုနှစ်သည် အလယ်တန်း အခမဲ့ပညာရေးဖြစ်လာခဲ့ပြီဖြစ်သည်။ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၄–၁၅ ပညာသင်နှစ်အတွက် အခြေခံပညာရေးကျောင်းများ၌ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် မေလ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိသတ်မှတ်ထားသည်။

''အခုလိုအလယ်တန်းအထိ အခမဲ့ဆိုတော့ ကောင်းပါတယ်။ တချို့ဆိုကျောင်းအပ်ချိန်ရောက်ပေမယ့် ငွေကြေးအခက်အခဲရှိလို့ ကျောင်းဖွင့်မှပဲ အပ်ရတဲ့ ကျောင်းသားတစ်ချို့ရှိကြပါတယ်။ အခုတော့ သူတို့လေးတွေအတွက် ကျောင်းအပ်ချိန်မှာ မျက်နှာမငယ်ရတော့ဘူးပေါ့ '' လို့ မရမ်းကုန်းမြို့နယ်ရှိ ကျောင်းသားမိဘတစ်ဦးကဆိုပါတယ်။ အခြေခံပညာ ကျောင်းများရှိ ကျောင်းအပ်လက်ခံရာတွင် ၂၀၁၂–၁၃ ပညာသင်နှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့သည့် မသင်မနေရ မူလတန်းပညာရေးစနစ်အရ မူလတန်းအဆင့် အခမဲ့ဖြစ်ပြီး၊ ကျောင်းသား၊ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့်ငွေကျပ်တစ်ထောင်စီပေးခဲ့ကာယခုနှစ် ၂၀၁၄–၁၅ ပညာသင်နှစ်တွင် အလယ်တန်းအဆင့်အား အခမဲ့စနစ်စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ *စန္ဒာ*

# Yangon ICT Fair May 2014 ပြပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ခဲ့

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသည့် Yangon ICT Fair May 2014 ပြပွဲကို 2014 ခုနှစ်၊ မေလ (၂၃) ရက်မှ (၂၅) ရက်နေ့အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ IT နည်းပညာကို စိတ်ဝင်စားသူများနှင့် IT, Electronic Products များကို ဝယ်ယူလိုသူများ တစ်နေရာတည်းတွင် Brand မျိုးစုံ၊ Products မျိုးစုံကို တစ်နေရာတည်းတွင်မိမိစိတ်ကြိုက်လေ့လာကြည့်ရှုဝယ်ယူနိုင်စေရန် အတွက် ရည်ရွယ်၍ကျင်းပပြုလုပ်ပေးခြင်းဖြစ်သည်။ ၎င်းပြပွဲတွင် Electronic ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ Scanner, Copier, Camera, Projector များအစရှိသည်တို့ကို အထူးဈေးနှုန်းများ၊ Special Discount များဖြင့် ရောင်းချပေးခဲ့သည်။ ကုမ္ပဏီပေါင်း (50) ကျော်မှပြခန်းပေါင်း(120) ဖြင့် ခင်းကျင်းပြသခဲ့ပြီး Netguide Journal မှ Co-media partner အဖြစ်ပံ့ပိုးကူညီပေးခဲ့ကြောင်းသိရသည်။

*M.Z*

# Phone Guide

Mobile Collection    Mobile Comparison    Mobile Update Prices & Gadgets

OUR SELECTED MARKET COLLECTIONS



## Elecom Stereo Headset
## Model No : EHP - CS3520M Series

10,200/-

ဂျပန်အရည်အသွေး၊ ဂျပန်ဒီဇိုင်းဖြင့် ထုတ်လုပ်ထားပြီး ဂျပန်နိုင်ငံ၏ ဈေးကွက်ဝေစုအများဆုံးရရှိထားသော ELECOM အမှတ်တံဆိပ်၊ အသစ်ထပ်မံဝင်ရောက်လာတဲ့ Stereo Headset လေးဖြစ်ပါတယ်။ Stereo Headset လေးကို အသီးကာလာအရောင်လေးနှင့် every smile ပုံစံလေးများပြုလုပ်ထားပါတယ်။ ကြိုးအပြားဒီဇိုင်းလေးဖြင့်ပြုလုပ်ထားပြီး volume အတိုးအကျယ် ပြုလုပ်နိုင်သော Button လေးလည်းပါရှိမှာဖြစ်ပါတယ်။ ဖုန်းပါပြောဆိုနိုင်သည့်အပြင် သီချင်းနားထောင်သည့်အခါတွင် Silicon အစွပ်လေးများပါတဲ့အတွက်နားကို သက်တောင့်သက်သာရှိစေမှာဖြစ်၍ သီချင်းနားထောင်ခြင်း၊ ဖုန်းပြောဆိုခြင်းများ အသုံးပြုရာတွင် အသံကြည်လင်စွာကြားနိုင်သည့် Stereo Headset လေးဖြစ်ပါတယ်။ အရောင်အနေဖြင့် (၈) ရောင်ရှိမှာဖြစ်ပါတယ်။

Cyber Plus | 01-227593, 09 - 73056483 (Yangon)
09 - 91016645 (Mandalay)




## Charging Kit

12,000/-

USB Port (3) ခုပါရှိတဲ့ 3 in 1 Charging Kit လေးပါ။ iPhone, iPad တွေနဲ့တွဲဖက်အသုံးပြုနိုင်သလို Android Phone, Tablet တွေနဲ့ပါ အသုံးပြုလို့ရပါတယ်။ ဒါ့အပြင် Car Charger တစ်ခုလည်းပါရှိပါတယ်။ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်တာကြောင့် ဝယ်ယူအသုံးပြုသင့်တဲ့ Product တစ်ခုပါ။ Color အနေနဲ့ကတော့ အနက်ရောင်တစ်မျိုးတည်းသာ ဝယ်ယူလို့ရမှာဖြစ်ပါတယ်။

My Mobile | 01-225649

**The best we've tested Mobiles, Electronics gear, Gadgets, Computer & more**



## Elecom Mobile Battery
## for iPad , iPhone (USB 2 Port)
## Model No : DE - M01L-5220 series

45,600/-

ဂျပန်အရည်အသွေး၊ ဂျပန်ဒီဇိုင်းဖြင့်ထုတ်လုပ်ထားပြီး ဂျပန်နိုင်ငံ၏ ဈေးကွက်ဝေစုအများဆုံးရရှိထားသော ELECOM အမှတ်တံဆိပ်၊ အသစ်ထပ်မံဝင်ရောက်လာတဲ့ Mobile Battery လေးဖြစ်ပါတယ်။ ဒီ Rechargeable Mobile Battery လေးကတော့ Smartphone၊ iPhone၊ iPhone 5၊ iPad နှင့် Tablet များအတွက်ဖြစ်ပြီး အားသွင်းရန်၊ USB cable ကြိုးရှိယုံဖြင့် အားသွင်းနိုင်မှာဖြစ်ပါတယ်။ ဒီ Mobile Battery လေးရဲ့ ဗို့အားပမာဏဟာ 3.7 V ရှိပြီး (5200) mAh ဗို့အားကို သိုလှောင်ထားပြီး USB 2 Port ပါရှိတဲ့အတွက်တစ်ပြိုင်တည်းမှာပင် Smartphone (၂)လုံးကို အားသွင်းနိုင်မှာဖြစ်ပါတယ်။ Battery ရဲ့ အလေးချိန်က ပေါ့ပါးပြီး သေးငယ်သောကြောင့် အလုပ်များသူများ၊ ခရီးဝေးသွားသူများအနေဖြင့် အသုံးတည့်စေမယ့်ပစ္စည်းလေးဖြစ်ပါတယ်။ အဝါရောင်နှင့် အနက်ရောင်ရှိမှာဖြစ်ပါတယ်။

Cyber Plus | 01-227593, 09 - 73056483 (Yangon)
09 - 91016645 (Mandalay)

## Samsung Original Headset
## Model : Galaxy S4 (EO - HS330)

6,000/-

အရည်အသွေးကောင်းမွန်ပြီး ဒီဇိုင်းလှပသေသပ်သော Samsung Original Headset လေးနဲ့ မိတ်ဆက်ပေးပါရစေ။ သီချင်းနားထောင်တာနဲ့ ဖုန်းပြောဆိုရာတွင် အသံထွက်ကြည်လင်ပြတ်သားမှုရှိပါတယ်။ အလွယ်တကူသုံးစွဲရလွယ်ကူအောင်အသံအတိုးအကျယ်နဲ့ ဖုန်းပြောရန်ခလုတ်၊ အဖွင့်အပိတ်ခလုတ်ပါရှိပါတယ်။ Android devices MP3, MP4 အစရှိသည့်ပစ္စည်းများနဲ့ပါ တွဲဖက်အသုံးပြုနိုင်ပါတယ်။

Multi Generation | 09 - 73240123







## Huawei MicroSD Card with Adapter (8GB)

6,000/-

ရေစိုခံ၊ အကြမ်းခံတဲ့ Huawei အမှတ်တံဆိပ် Micro SD Card ဖြစ်ပါတယ်။ Data တွေကို သိုလှောင်သိမ်းဆည်းထားနိုင်တဲ့ ပမာဏကတော့ (8) GB အထိပါ။ Mobile Handset နဲ့ Camera တွေမှာ ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ Micro SD Card ဝယ်ယူလျှင်လည်း Micro SD Card Adapter ကိုပါ လက်ဆောင်ရရှိမှာပါ။ ဈေးနှုန်းသင့်တင့်ပြီး အရည်အသွေးကောင်းမွန်တဲ့ Product တစ်ခုဖြစ်ပါတယ်။

Multi Generation | 09 - 73240123

## Mobile Charger

5,000/-

လူကြီးမင်းတို့ရဲ့ Keypad Phone တွေနဲ့တွဲဖက်အသုံးပြုနိုင်တဲ့ Charger တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ လျှပ်စစ်မီးအားနဲ့သုံးလို့ရတဲ့ Charger တော့မဟုတ်ပါဘူး။ လက်ဖြင့် လှည့်ပြီး အားသွင်းရတဲ့ လက်လှည့် Charger လေးပါ။ အသုံးပြုတဲ့အခါမှာလည်း အမြန်လှည့်စရာမလိုပါဘူး။ ပုံမှန်လေးပဲလှည့်ကာ အသုံးပြုပေးရမှာဖြစ်ပါတယ်။ တရုတ် နိုင်ငံကထုတ်လုပ်ထားတဲ့ Product တစ်ခုဖြစ်ပြီး အပြာရောင်တစ်မျိုးတည်းသာဝယ်ယူရရှိနိုင်မှာပါ။

My Mobile | 01-225649



Vol . 3, Issue . 36

# MOBILE USED PHONE

## 1. Huawei G610 (Black)

Price : 90,000 Ks



| | | |
|---|---|---|
| Network | : | GSM, CDMA |
| Display | : | 5.0", IPS LCD capacitive touchscreen |
| Memory | : | 4GB, 1GB RAM |
| Camera | : | 5 Megapixel, 2592 x 1944 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 4.2 (Jelly Bean) |

## 2. Apple iPhone 5c (White)

Price : USD 250



| | | |
|---|---|---|
| Network | : | GSM |
| Display | : | 4.0", LED-backlit IPS LCD, capacitive touchscreen |
| Memory | : | 16GB, 2GB RAM |
| Camera | : | 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | iOS 7, upgradable to iOS 7.1.1 |

## 3. Samsung Galaxy S5 (White)

Price : USD 600



| | | |
|---|---|---|
| Network | : | GSM, WCDMA |
| Display | : | 5.1", Super AMOLED capacitive touchscreen |
| Memory | : | 16GB storage, 2GB RAM |
| Camera | : | 16 Megapixel, 5312 x 2988 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 4.4.2 (KitKat) |

## 4. HTC One Max (Silver)

Price : 525,000 Ks



| | | |
|---|---|---|
| Network | : | GSM, WCDMA |
| Display | : | 5.9", Super LCD3 capacitive touchscreen |
| Memory | : | 16GB, 2GB RAM micro SD, up to 64GB |
| Camera | : | 4 Megapixel, 2688 x 1520 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 4.3 (Jelly Bean) |

## 5. LG G2 (White)

Price : USD 300



| | | |
|---|---|---|
| Network | : | GSM, WCDMA |
| Display | : | 5.2", True HD-IPS + LCD capacitive touchscreen |
| Memory | : | 16GB storage, 2GB RAM |
| Camera | : | 13 Megapixel, 4160 x 3120 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 4.2.2 (Jelly Bean), upgradable to v 4.4.2 (KitKat) |

## 6. Apple iPhone 4 (White)

Price : 250,000 Ks



| | | |
|---|---|---|
| Network | : | GSM |
| Display | : | 3.5", LED-backlit IPS LCD, capacitive touchscreen |
| Memory | : | 32GB, 512GB RAM |
| Camera | : | 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | iOS 4, upgradable to iOS 7.1.1 |

အထက်ပါအချက်အလက်များကို www.ads.com.mm မှ ကူညီပံ့ပိုးပါသည်။

မိမိရောင်းချလိုသော Used Phone ပုံနှင့် အချက်အလက် အပြည့်အစုံကို netguidemyanmar@gmail.com သို့ ပေးပို့နိုင်ပါသည်။

# Preview

## Samsung Galaxy K Zoom




| | | |
|---|---|---|
| Network | : | 2G, 3G, 4G |
| Announced | : | 2014, April |
| Status | : | Coming soon. Exp. release 2014, Q2 |
| Dimensions | : | 137.5 x 70.8 x 16.6 mm |
| Display | : | 4.8", Super AMOLED capacitive touchscreen |
| Memory | : | 8GB, 2GB RAM, micro SD, up to 64GB |
| Camera | : | 20.7 Megapixels, 5248 x 3936 pixels, auto/manual focus, Xenon & LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth, USB |
| Multimedia | : | MP3, MP4, Video |
| CPU | : | Quad-core 1.3GHz Cortex A7 & dual-core 1.7GHz Cortex A15 |
| Sensors | : | Accelerometer, gyro, proximity, compass |
| OS | : | Android OS, v 4.4.2 (KitKat) |
| Weight | : | 200 g |

Samsung ရဲ့နောက်ဆုံးထုတ်အဆင့်မြင့်စမတ်ဖုန်းဖြစ်တဲ့ Galaxy S5 ဟာ အများမျှော်လင့်ထားသလို ဒီဇိုင်းမျိုးမဟုတ်ပေမယ့် သူ့မှာရှိသင့်တဲ့အနေအထားမျိုးနဲ့တော့ ပွဲထွက်နိုင်ခဲ့သလို ထူးခြားအသုံးဝင်စေမယ့် app နဲ့ feature တွေကိုပါ တစ်ပါတည်းထည့်ပေးနိုင်ခဲ့တာတွေ့ရလို့ Samsung ပရိသတ်တွေအတွက် ကျေနပ်စရာဖြစ်စေခဲ့မှာပါ။ လက်ရှိမှာလည်း Galaxy S5 ဟာ စတင်ဖြန့်ချိရောင်းချတဲ့အချိန်ကနေ ၂၅ ရက်အတွင်းမှာပဲ အလုံးရေ ၁၁ သန်းတိတိ ရောင်းချထားရပြီးလို့လည်းသိရတဲ့အတွက် အောင်မြင်တဲ့စမတ်ဖုန်းလမ်းကြောင်းထဲကို တဖြည်းဖြည်းဝင်ရောက်လာတဲ့ အရိပ်လက္ခဏာတွေလို့ ဆိုရပါလိမ့်မယ်။ အဲ့ဒီလိုအဆင့်မြင့်စမတ်ဖုန်းအတွက် မျိုးကွဲတစ်ခုဖြစ်တဲ့ Galaxy K Zoom ဆိုတဲ့စမတ်ဖုန်းကိုပါ Samsung က မရှေးမနှောင်းမှာပဲ ပွဲထုတ်ပေးလိုက်ပြီဖြစ်ပါတယ်။ နာမည်ပေးပုံက နည်းနည်းတော့ ဆန်းပါတယ်။ S5 ဆိုတဲ့အခေါ်အဝေါ်ကိုတောင် အမည်ထဲမှာ ထည့်မထားတော့ဘဲ K ဆိုတာကိုပဲ ဖြည့်စွက်ထည့်ကာ Galaxy K Zoom လို့ပဲပေးထားတာကိုကြည့်ရင် သိနိုင်ပါတယ်။

ဒီ Galaxy K Zoom ဟာကင်မရာပိုင်းကိုအသားပေးထားတဲ့အတွက် ပုံမှန် compact camera တစ်လုံးသီးသန့်မယူချင်သူတွေအဖို့ တော်တော်လေးအသုံးတည့်စေမှာဖြစ်ပါတယ်။ တကယ်တမ်းပြောရရင် ဒီ K Zoom က ဖုန်းတစ်လုံးလိုကိုင်ပြီးသုံးရင် တော်တော်လေးထူနေပါတယ်။ 20.2 mm ဆိုတဲ့အထူက ပုံမှန်အထူရှိတဲ့ဖုန်းတွေထက်တောင် ၂ ဆလောက်ထူနေမှာဖြစ်ပါတယ်။ ကင်မရာကိုအလေးပေးထားတဲ့အတိုင်း 20.7MP ကို 1/2.3 back-side illu- minated (BSI) CMOS sensor နဲ့ ပေါင်းစပ်ပေးထားတာဖြစ်ပြီး full HD 1080 x1920 video တွေကို 60fps နှုန်းနဲ့ ရိုက်ကူးနိုင်စေမှာဖြစ်ပြီး Optical Image Stabilization နည်းပညာကိုပါထည့်သွင်းပေးထားတဲ့အတွက် ဘယ်လောက်မြန်တဲ့ပုံရိပ်ပဲဖြစ်ဖြစ်၊ လက်မငြိမ်မှုကြောင့်ဖြစ်တဲ့ ဝေဝါးမှုမျိုးပဲဖြစ်ဖြစ် ကြည်လင်ပြတ်သားစွာနဲ့ဖမ်းယူပေးမှာဖြစ်ပါတယ်။ အလင်းရောင်ရရှိမှုပိုကောင်းစေဖို့အတွက်လည်း ပုံမှန် LED flash နေရာမှာ Xenon flash ကိုအစားထိုးအသုံးပြုပေးထားပါသေးတယ်။ အကောင်းဆုံး filter setting တွေအတွက် Auto Focus/Auto Exposure Sepa-ration, Pro Suggest mode တွေကိုသုံးနိုင်မှာဖြစ်ပြီး ကိုယ့်ရဲ့ပုံကိုစက္ကန့်သတ်မှတ်ပြီး ရိုက်နိုင်စေဖို့အတွက်လည်း Selfie Alarm ကိုပါထည့်ပေးထားပါတယ်။ ဒီလို feature တွေကို Sony ရဲ့ Xperia Z1 နဲ့ Z2 တို့မှာပါတွေ့ရဦးမှာဖြစ်ပေမယ့် ဒီ K Zoom မှာက lens ကို 10x optical zoom အဖြစ် ချဲ့ယူနိုင်မယ့်အားသာချက်ရှိပါတယ်။ hardware ပိုင်းမှာတော့ S5 လိုမျိုး အတိအကျမဟုတ်တော့ဘဲ Super AMOLED screen အမျိုးအစား 720p ရုပ်ထွက်ရှိတဲ့ 4.8-inch အရွယ်အစားမျက်နှာပြင်ကိုသုံးထားပြီး Corning Gorilla Glass 3 နဲ့ ဖုံးအုပ်ပေးထားပါတယ်။ Note 3 Neo မှာသုံးထားတဲ့ hexa-core processor ကိုသုံးထားပြီး quad-core 1.3GHz နဲ့ dual-core 1.7GHz တို့ကိုပေါင်းစပ်ထားတာဖြစ်ပါတယ်။ RAM က 2GB ရှိပါတယ်။ ဓာတ်ပုံနဲ့ video တည်းဖြတ်ဖို့အတွက် Studio app ကိုပါထူးထူးခြားခြားအဖြစ်ထည့်ပေးထားပါတယ်။ internal storage က 8GB ပဲရှိပေမယ့် SD card ကနေ 64GB အထိထပ်တိုးမြှင့်သုံးနိုင်ပါတယ်။ Android 4.4.2 KitKat ကိုသုံးရမှာဖြစ်ပြီး battery အတွက်က ဖြုတ်လဲနိုင်တဲ့ 2430mAh အမျိုးအစားကိုအသုံးပြုပေးထားပါတယ်။

# Nokia Phone Comparison









| | Nokia Lumia 1520 | Nokia Lumia 1020 | Nokia Lumia 1320 | Nokia Lumia 920 |
|---|---|---|---|---|
| Network | 2G, 3G, 4G | 2G, 3G, 4G | 2G, 3G, 4G | 2G, 3G, 4G |
| Weight | 209 g | 158 g | 220 g | 185 g |
| Connectivity | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB |
| Operating System | Microsoft Windows Phone 8 Black | Microsoft Windows Phone 8 | Microsoft Windows Phone 8 Black | Microsoft Windows Phone 8 |
| Size (mm) | 162.8 x 85.4 x 8.7 | 130.4 x 71.4 x 10.4 | 164.2 x 85.9 x 9.8 | 130.3 x 70.8 x 10.7 |
| Camera | 20 Megapixel | 41 Megapixel | 5 Megapixel | 8 Megapixel |
| Multimedia | MP3, MP4, FM, Video/Voice record | MP3, MP4, FM, Video/Voice record | MP3, MP4, FM, Video/Voice record | MP3, MP4, FM, Video/Voice record |
| Display | 6.0", IPS LCD capacitive touchscreen | 4.5", AMOLED capacitive touchscreen | 6.0", IPS LCD capacitive touchscreen | 4.5", IPS LCD capacitive touchscreen |
| Memory | 16GB, 2GB RAM, micro SD, up to 64GB | 32GB, 2GB RAM | 8GB, 1GB RAM, micro SD, up to 64GB | 32GB storage, 1GB RAM |
| Price | 680,000 Ks | 600,000 Ks | 360,000 Ks | 300,000 Ks |
| Phone | 01-371923 | 01-371923 | 01-371923 | 01-371923 |

# TOP 10 SMART PHONES

## Affordable Phones



### 1. Sony Xperia E1
Price : 128,000 Ks

- Network : 2G,3G
- Display : 4.0",TFT capacitive touchscreen
- Memory : Internal 4GB, micro SD,up to 32GB
- Camera : 3.15 Megapixels
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.3 (Jelly Bean)
- Phone : 09-73222888



### 2. Samsung Galaxy Y
Price : 85,000 Ks

- Network : 2G, 3G
- Display : 3.0",TFT capacitive touchscreen
- Memory : micro SD, up to 32GB
- Camera : 2 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 2.3.5 (Gingerbread)
- Phone : 01-371924



### 3. Huawei Y511
Price : 85,000 Ks

- Network : 2G, 3G
- Display : 4.5",TFT capacitive touchscreen
- Memory : Internal 4GB, micro SD, up to 32GB
- Camera : 5 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.2 (Jelly Bean)
- Phone : 01-385818

## Featured Phones



### 1. Sony Xperia T2 Ultra
Price : 369,000 Ks

- Network : 2G, 3G, 4G
- Display : 6.0", IPS LCD capacitive touchscreen
- Memory : Internal 8GB, micro SD, up to 32GB
- Camera : 13 Megapixels,auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.3 (Jelly Bean)
- Phone : 09-73024327



### 2. Samsung Galaxy S3 Neo
Price : 325,000 Ks

- Network : 2G, 3G
- Display : 4.8",capacitive touchscreen
- Memory : Internal 8GB, micro SD, up to 64GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.3 (Jelly Bean)
- Phone : 09-254024064



### 3. LG Nexus 4
Price : 399,000 Ks

- Network : 2G, 3G
- Display : 4.7", capacitive touchscreen
- Memory : micro SD, up to 32GB
- Camera : 8.0 Megapixels, auto focus
- Connectivity : GPRS, EDGE,WLAN, Bluetooth
- OS : Android OS v 4.2 (Jelly Bean)
- Phone : 01-385818

## New Entries Phones



### 1. Huawei Honor 3C
Price : 150,000 Ks

- Network : 2G, 3G
- Display : 5.0", capacitive touchscreen
- Memory : Internal 4GB, micro SD, up to 32GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE,WLAN, Bluetooth
- OS : Android OS, v 4.2.2 (Jelly Bean)
- Phone : 09-73024327



### 2. LG G2 Mini
Price : 319,000 Ks

- Network : 2G, 3G
- Display : 4.7",IPS LCD capacitive touchscreen
- Memory : Internal 8GB, micro SD, up to 32GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.4.2 (Kit Kat)
- Phone : 01-544664



### 3. Coolpad 9960
Price : 316,000 Ks

- Network : 2G, 3G
- Display : 7.0", TFT capacitive touchscreen
- Memory : Internal 16GB
- Camera : 12 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.2.1 (Jelly Bean)
- Phone : 01-382868

## CDMA Phones



### 1. Samsung Galaxy G3509
Price : 140,000 Ks

- Network : CDMA 800MHz
- Display : 4.3",capacitive touchscreen
- Memory : Internal 4GB, micro SD, up to 16GB
- Camera : 3 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.1.2 (Jelly Bean)
- Phone : 01-398343



### 2. HTC Desire 700C
Price : 350,000 Ks

- Network : GSM, CDMA 800MHz
- Display : 5.0", capacitive touchscreen
- Memory : Internal 8GB, micro SD, up to 64GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.1.2 (Jelly Bean)
- Phone : 01-224502



### 3. Huawei Ascend C8816
Price : 124,000 Ks

- Network : CDMA 800MHz
- Display : 5.0",IPS capacitive touchscreen
- Memory : Internal 4GB, micro SD, up to 32GB
- Camera : 8 Megapixels,auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth
- OS : Android OS v 4.3 (Jelly Bean)
- Phone : 01-378843

## TOP 10 SMART PHONES



### 1. Huawei Ascend G6 (193,000 Ks)

- Network : 2G, 3G
- Display : 4.5",IPS LCD capacitive touchscreen
- Memory : Internal 4GB, micro SD, up to 32GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS, v 4.3 (Jelly Bean)
- Phone : 09-73024327



### 2. Samsung Galaxy Note 3 Neo (405,000 Ks)

- Network : 2G, 3G, 4G
- Display : 5.5", Super AMOLED capacitive touchscreen
- Memory : Internal 16GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.3 (Jelly Bean)
- Phone : 01-8603300



### 3. Nokia X (114,000 Ks)

- Network : 2G, 3G
- Display : 4.0", IPS LCD,capacitive touchscreen
- Memory : Internal 4GB, micro SD, up to 32GB
- Camera : 3.15 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.1.2 (Jelly Bean)
- Phone : 09-250035649



### 4. Sony Xperia U (168,000 Ks)

- Network : 2G, 3G
- Display : 3.5", LED-back-lit LCD capacitive touchscreen
- Memory : Internal 8GB
- Camera : 5 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 2.3 (Gingerbread)
- Phone : 01-385818



### 5. Huawei Honor 3 (150,000 Ks)

- Network : 2G, 3G
- Display : 4.7", capacitive multi-touchscreen
- Memory : Internal 2GB, micro SD, up to 32GB
- Camera : 12.3 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS, v 4.2.2 (Jelly Bean)
- Phone : 01-224502



### 6. Sky Vega iron (480,000 Ks)

- Network : 2G, 3G, 4G
- Display : 4.5",Super AMOLED Plus capacitive touchscreen
- Memory : Internal 16GB
- Camera : 13 Megapixels auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS,V 4.1.2 (Jelly Bean)
- Phone : 09-254048630



### 7. HTC Desire 310 (147,000 Ks)

- Network : 2G, 3G
- Display : 4.5", TFT capacitive touchscreen
- Memory : Internal 4GB, micro SD,up to 32GB
- Camera : 5 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS, v 4.2.2 (Jelly Bean)
- Phone : 01-385177



### 8. Sony Xperia M (179,000 Ks)

- Network : 2G,3G
- Display : 4.0",TFT capacitive touchscreen
- Memory : Internal 4GB, micro SD, up to 16GB
- Camera : 13 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS, v 4.1 (Jelly Bean)
- Phone : 01-398566



### 9. LG Optimus L9 (270,000 Ks)

- Network : 2G,3G
- Display : 4.7"capacitive touchscreen
- Memory : Internal 16GB
- Camera : 8 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS v 4.0.4 (I.C.S)
- Phone : 09-73024327



### 10. Samsung Galaxy S4 (410,000 Ks)

- Network : 2G,3G,4G
- Display : 5.0", Super AMOLED capacitive touchscreen
- Memory : Internal 16GB
- Camera : 13 Megapixels, auto focus
- Connectivity : GPRS, EDGE, WLAN, Bluetooth, USB
- OS : Android OS, v 4.2.2 (Jelly Bean)
- Phone : 01-250084

# PHONE REVIEW...

## Huawei Ascend G6

Huawei မိုဘိုင်းဖုန်းတွေဟာ မြန်မာပြည်ဈေးကွက်မှာ တော်တော်လေးကို နေရာရထားပါတယ်။ ဒါပေမဲ့ တခြားသောထိပ်တန်းပြိုင်ဘက်တွေလို အဆင့်မြင့်စမတ်ဖုန်းတန်းစားတွေထက် အလယ်အလတ်နဲ့ တန်းဝင်အဆင့်စမတ်ဖုန်းဈေးကွက်မှာ ပိုပြီးနေရာကျယ်ကျယ်ရယူထားတာပဲဖြစ်ပါတယ်။ ဒီလိုအတန်းအစားမျိုးသုံးတဲ့ဈေးကွက်က အဆင့်မြင့်စမတ်ဖုန်း သုံးတဲ့ဈေးကွက်ထက်ပိုပြီး ကျယ်ပြန့်တာ အထူးပြောစရာလိုမယ်မထင်ပါဘူး။ ဒါကြောင့်လည်း Huawei အမှတ်တံဆိပ် စမတ်ဖုန်းတွေဟာ ပြည်တွင်းမှာ ရှေ့တန်းရောက်နေရတာပဲ ဖြစ်ပါတယ်။ အခုလည်း ပြည်တွင်းဈေးကွက်ကို နေရာကျယ်ကျယ်ယူမယ့် စမတ်ဖုန်းအသစ်တစ်လုံး ထွက်လာခဲ့ပြန်ပါပြီ။ Ascend G6 လို့ခေါ်တဲ့ စမတ်ဖုန်းသစ်ဟာ မြန်မာစာ font တစ်ပါတည်း ထည့်ပေးထားသလို သင့်တင့်ကောင်းမွန်တဲ့ hardware အနေအထားပေါင်းစပ်မှုနဲ့ ဈေးနှုန်းချိုသာမှုတွေက သူ့ရဲ့ဝယ်လိုအားကို မြင့်တက်စေဖို့ ရှိနေပါတယ်။

### Design and Build

Huawei Ascend G6 ဟာ အရင်အောင်မြင်ထားတဲ့ Ascend P6 ကို အခြေခံပြီး ထုတ်လုပ်ထားတာဖြစ်လို့ အမြင်ပိုင်းဆွဲဆောင်မှုရှိစေပါတယ်။ အပါးလွှာဆုံးဆိုတဲ့ဂုဏ်ပုဒ်ကို Ascend G6 အတွက် ရယူမပေးထားပေမယ့် လိုက်ဖက်တဲ့ ကိုယ်ထည်အချိုးအစားကိုတော့ မပျက်မကွက် ရယူပေးထားပါတယ်၊ ကိုယ်ထည်က နည်းနည်းကြီးသွားသလို သတ္တုထက် ပလတ်စတစ်ကိုပဲ အသုံးပြုထားပါတယ်၊ အပါးဆုံးမဟုတ်ပေမယ့် 7.9mm အထူက ပါးလွှာတဲ့ဖုန်းစာရင်းထဲမှာ ထည့်ထားနိုင်လောက်တဲ့ စံမျိုးရှိနေပါသေးတယ်။ ဖုန်းရဲ့အောက်ခြေပိုင်းကို အရင်အတိုင်း နည်းနည်းကွေးကွေးလေး လုပ်ထားပေမယ့် နောက်ကျောနဲ့ ရှေ့ဘက်တို့ကတော့ ခပ်ပြားပြားပုံစံမျိုးပဲ ရှိနေမှာဖြစ်ပါတယ်။

### Display

Ascend G6 ရဲ့ ရုပ်ထွက်အရည်အသွေးဟာ သူ့ထက်ဈေးနှုန်းမြင့်တဲ့ Galaxy Grand ထက် ပိုကောင်းပါတယ်။ Ascend P6 လို 720p ရုပ်ထွက်မဟုတ်ပေမယ့် qHD တန်းဝင်ဖြစ်တဲ့ 540x960 pixels ရှိမှာဖြစ်ပါတယ်။ မျက်နှာပြင်အရွယ်အစားက 4.5-inch ရှိပြီး မျက်နှာပြင်သိပ်သည်းဆက 245ppi ရှိလို့ သူ့မျက်နှာပြင်အရွယ်နဲ့ ချိန်လိုက်ရင် လိုက်ဖက်ပါတယ်။ IPS LCD capactitive touchscreen အမျိုးအစားက ရုပ်ထွက်ကြည်လင်ပြတ်သားမှုကို ထောက်ပံ့ပေးဦးမှာဖြစ်ပါတယ်။

### Operating System and Software

Android ရဲ့ နောက်ဆုံးထုတ် OS 4.4.2 KitKat ကိုတော့ မသုံးနိုင်ပေမယ့် Jelly Bean ထဲမှာအမြင့်ဆုံးဖြစ်တဲ့ Android 4.3 ကို အသုံးပြုပေးထားပါတယ်။ အပေါ်ကနေ Huawei Emotion UI 2.0 Lite ကို အသုံးပြု run ပေးထားဦးမှာဖြစ်ပါတယ်။ DTS sound စနစ်ဖြစ်လို့ အသံအရည်အသွေး ကောင်းမွန်စေပါတယ်။ 720p video တွေ ရိုက်နိုင်စေမယ့် 8MP rear camera နဲ့ ကိုယ့်ပုံကိုယ်ကောင်းကောင်းပြန်ရိုက်နိုင်စေမယ့် 5MP front camera တို့ တပ်ဆင်ပေးထားပါတယ်။ Internal 4GB ကို 32GB အထိ တိုးမြှင့်စေနိုင်မှာဖြစ်ပါတယ်။

### Performance

Ascend G6 အတွက် ဈေးနှုန်းပိုင်းသက်သာစေဖို့ Huawei ဟာ သူတို့ကိုယ်တိုင်ထုတ်ထားတဲ့ K3V2E chipset ကို အသုံးပြုပေးထားပြီး quad-core 1.2GHz မြန်နှုန်းနဲ့ အလုပ်လုပ်ပေးမှာဖြစ်ပါတယ်။ RAM က ပုံမှန်ဖြစ်တဲ့ 1GB ကို သုံးပေးထားပါတယ်။ 2G, 3G ကွန်ရက်တွေမှာ အသုံးပြုနိုင်စေမှာဖြစ်ပါတယ်။ Huawie ဟာ 4G သုံးနိုင်မယ့်အမျိုးအစားကိုလည်း သီးသန့်အဖြစ် ထုတ်ပေးထားပါသေးတယ်။ battery ပိုင်းအတွက် Li-Ion 2000mAh အမျိုးအစားကို အသုံးပြုပေးထားပြီး ဒီလိုမျက်ပြင်အရွယ်အစားရှိတဲ့ စမတ်ဖုန်းအတွက်တော့ တစ်နေရာ လုံလောက်မှုရှိစေနိုင်ပါလိမ့်မယ်။




#### Specification

| | | |
|---|---|---|
| Display | : | 4.5 inches, IPS LCD capacitive touchscreen |
| Memory | : | 4GB, 1GB RAM, micro SD, up to 32GB |
| Camera | : | 8 Megapixel, auto focus, LED flash, Geo-tagging |
| OS | : | Android OS, v 4.3 (Jelly Bean) |
| Phone | : | 09-421744111, 09-43204749 (Today's Mobile) |

## Samsung Galaxy Grand 2




Samsung ရဲ့ အလယ်အလတ်တန်းဝင် စမတ်ဖုန်းတစ်လုံးဖြစ်တဲ့ Galaxy Grand 2 ဟာ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ မိတ်ဆက်ခဲ့တာဖြစ်ပြီး ဈေးကွက်ထဲကိုတော့ ဒီနှစ်အစောပိုင်းကမှ ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ မျက်နှာပြင်အရွယ်အစားက မူလ Grand ထက် နည်းနည်းကြီးတဲ့ 5.25-inch ဖြစ်လာသလို ရုပ်ထွက်အရည်အသွေးကလည်း Galaxy S3 အရည်အသွေးရှိတဲ့ 720x1280 pixels ရှိစေမှာဖြစ်ပါတယ်။ မျက်နှာပြင်သိပ်သည်းဆကတော့ 280ppi ရှိပါတယ်။ ဒါပေမဲ့ TFT screen အမျိုးအစားကိုသာ သုံးပေးထားတာဖြစ်ပါတယ်။ 8MP rear camera က full HD video ရိုက်နိုင်သလို 1.9MP front camera ကလည်းမဆိုးပါဘူး။ CPU အတွက် Snapdragon 400 ကို သုံးထားပြီး quad-core 1.2GHz မြန်နှုန်းရမှာဖြစ်ပါတယ်။ RAM က 1.5GB ဖြစ်လို့ ပုံမှန်ထက်ပိုကောင်းပါတယ်။ 8GB internal storage ကို 64GB အထိ တိုးမြှင့်နိုင်ပါတယ်။ Android 4.3 Jelly Bean ကို run ထားပေးပြီး Li-Ion 2600mAh battery ကို အသုံးပြုပေးထားပါတယ်။

#### Specification

| | | |
|---|---|---|
| Display | : | 5.25 inches, TFT capacitive touchscreen |
| Memory | : | 8GB storage, 1.5GB RAM, micro SD, up to 64GB |
| Camera | : | 8 Megapixel, auto focus, face and smile detection |
| OS | : | Android OS, v 4.3 (Jelly Bean) |
| Phone | : | 09-421744111, 09-43204749 (Today's Mobile) |

## Huawei Honor 3C




Huawei ဖုန်းတွေထဲကမှ ဒီဇိုင်းလေးလည်း ဆွဲဆောင်မှုရှိမယ်၊ မျက်နှာပြင်လည်း ကြီးကြီးသုံးချင်တယ်၊ CPU အတွက်လည်း quad-core အဆင့် လိုချင်တဲ့သူတွေအတွက် ဒီနောက်ပိုင်းဈေးကွက်ထဲရောက်လာတဲ့ Honor 3C အထူးသင့်တော်မှု ရှိစေပါလိမ့်မယ်။ ဒီဖုန်းက ဈေးနှုန်းချိုသာပြီး နာမည်ကြီးခဲ့တဲ့ Ascend G610s ထက်တောင် ပိုကောင်းတဲ့အနေအထားမျိုးတွေနဲ့ အသုံးပြုရဖို့ရှိနေပါတယ်။ ငွေနည်းနည်းပိုလေးလိုက်တာနဲ့ Honor 3C ကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ 720x1280 pixels နဲ့ 294ppi ထောက်ပံ့ထားတဲ့ 5-inch အရွယ်အစားရှိစေမှာဖြစ်လို့ မျက်နှာပြင်ကျယ်ကျယ် သုံးရပါမယ်။ ဒီဇိုင်းကလည်း Ascend P6 တို့လိုမျိုးပဲ ဆွဲဆောင်မှုရှိပြီး 9.2mm အထူနဲ့ 140g အလေးချိန်ရှိမှာ ဖြစ်ပါတယ်။ quad-core 1.3GHz မြန်နှုန်းရှိ Mediatek chipset ကို သုံးထားပြီး RAM က 1GB ပါ။ internal 4GB ကို 32GB အထိ တိုးမြှင့်နိုင်ပါတယ်။ 8MP/5MP dual cameras ၂ မျိုးလုံး ပါဝင်ကာ Android 4.2.2 Jelly Bean ကို တစ်ပါတည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Battery က 2300mAh ပါ။

#### Specification

| | | |
|---|---|---|
| Display | : | 5.0 inches, capacitive touchscreen |
| Memory | : | 4GB, 1GB RAM, micro SD, up to 32GB |
| Camera | : | 8 Megapixel, auto focus, LED flash, Geo-tagging |
| OS | : | Android OS, v 4.2.2 (Jelly Bean) |
| Phone | : | 01-371923, 371924 (AMT Mobile) |

## Nokia Lumia 520

Nokia ကထုတ်တဲ့ တန်ဖိုးနည်း Lumia စမတ်ဖုန်းတွေထဲမှာ ရောင်းအကောင်းဆုံးက Lumia 520 အမျိုးအစားပဲဖြစ်ပြီး Windows Phone 8 OS ကို တစ်ပါတည်းထည့်သွင်း run ပေးထားသလို WP8 Black ကိုပါ တိုးမြှင့်အသုံးပြုနိုင်ဖို့လည်း ရှိနေပါတယ်။ မျက်နှာပြင်အရွယ်အစားကတော့ သိပ်အကြီး,ကြီးမဟုတ်ပေမယ့် 4-inch ရှိပါတယ်။ iPhone ရဲ့ မျက်နှာပြင်အရွယ်အစားနဲ့တူပါတယ်။ IPS LCD capacitive touchscreen အမျိုးအစားကို အသုံးပြုထားပြီး ရုပ်ထွက်အရည်အသွေးနဲ့ မျက်နှာပြင်သိပ်သည်းဆက 480 x 800 pixels နဲ့ 233ppi ရှိမှာဖြစ်ပါတယ်။ အပေါ်ကနေလည်း ခြစ်ရာစင်းရာခံနိုင်စေမယ့် ဖန်သားနဲ့ ဖုံးအုပ်ပေးထားပါသေးတယ်။ dual-core 1GHz နဲ့ 512MB RAM တို့ သုံးထားပြီး 8GB internal storage ကို 64GB အထိ တိုးမြှင့်နိုင်စေပါတယ်။ ကင်မရာပိုင်းအတွက် 720p video တွေ ရိုက်ယူနိုင်စေမယ့် 5MP rear camera တစ်လုံးပဲ တပ်ဆင်ပေးထားပါတယ်။




#### Specification

| | | |
|---|---|---|
| Display | : | 4.0 inches, IPS LCD capacitive touchscreen |
| Memory | : | 8GB, 512MB RAM, micro SD, up to 64GB |
| Camera | : | 5 Megapixel, auto focus, 1/4" sensor size |
| OS | : | Microsoft Windows Phone 8 |
| Phone | : | 01-371923, 371924 (AMT Mobile) |

# Phone Shop

# BANANA

## IT & Mobile (Sale & Service)



ဦးလှမိုး (Managing Director)



**တည်နေရာ** – No. 307/308, 2nd floor IT Mall, Junction Mawtin, Yangon. Ph : 09-30096377

### Banana ဆိုင် အကျဉ်းချုပ်

CiTiCOM7 Co., Ltd. ၏ လက်လီအရောင်းဆိုင်ဖြစ်သည့် Banana IT & Mobile (Sale & Service) Centre ကို ၂၀၁၄ ခုနှစ် မေလ ၁၇ ရက်နေ့ စတင်၍ Junction Mawtin ၏ ဒုတိယထပ်ဆိုင်ခန်းအမှတ် (307, 308) တွင် ဖွင့်လှစ်ထားရှိပြီး Notebook Mobile Brand မျိုးစုံနှင့် ၎င်းတို့၏ ဆက်စပ်ပစ္စည်းများကို ရောင်းချပေးလျက် ရှိပါသည်။

### Banana ဆိုင်မှ ရောင်းချပေးနေသော Notebook နှင့် Handset များ

Banana အရောင်းဆိုင်မှ Acer, Asus, Dell, Lenovo, HP အစရှိသော နာမည်ကြီး Notebook မျိုးစုံနှင့် iPhone, iPad, Samsung, Huawei, Lenovo, Sony, HTC, Acer အစရှိသည့် နာမည်ကြီး Mobile Brand အမှတ်တံဆိပ် Model မျိုးစုံကို Color စုံဖြင့် ရောင်းချပေးလျက်ရှိပါသည်။

### Banana ဆိုင်၏ ဝန်ဆောင်မှုများ

Banana အရောင်းဆိုင်မှနေပြီး ဝယ်ယူသည့် Notebook နှင့် Handset များအတွက် လိုအပ်သော Software, Application, Game, Myanmar font များကို Customer များ စိတ်တိုင်းကျ အခမဲ့ဝန်ဆောင်မှုပေးမှာဖြစ်ပြီး Notebook နှင့် Handset များအတွက် Distributor များမှ ပေးအပ်သည့် warranty ကာလအတိုင်း Customer များကို အပြည့်အဝ ပေးအပ်သွားမှာ ဖြစ်ပါတယ်။

### Banana ဆိုင်မှ Customer များအတွက် သတင်းကောင်း

Banana IT & Mobile အရောင်းဆိုင်ကို ထိုင်းနိုင်ငံရှိ နာမည်ကြီး Banana IT ဆိုင်များနှင့် ထပ်တူခင်းကျင်း ပြသထားတဲ့အတွက် Customer များအနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံတကာအဆင့်မီ IT & Mobile အရောင်းဆိုင်ကို မြင်တွေ့ရသကဲ့သို့ ခံစားနိုင်မှာဖြစ်ပါတယ်။ ဝယ်ယူလို့ပဲဖြစ်ဖြစ်၊ လေ့လာချင်လို့ပဲဖြစ်ဖြစ် ခင်းကျင်းပြသထားသော Live Demo များကို မိမိစိတ်တိုင်းကျ ကိုင်တွယ်စမ်းသပ် လေ့လာဝယ်ယူနိုင်မှာဖြစ်ပြီး Banana Myanmar facebook page တွင်လည်း ဝင်ရောက်ကြည့်ရှု၍ လေ့လာနိုင်ပါတယ်။

# KEY SPECS Comparison PHONE

## Sony Xperia Z1 Compact VS HTC One mini 2





HTC သူတို့ရဲ့ နောက်ဆုံးထုတ်အဆင့်မြင့်စမတ်ဖုန်းဖြစ်တဲ့ One (M8) ကို ထုတ်လိုက်ပြီး သိပ်မကြာခင်မှာပဲ အဲ့ဒီဖုန်းကို အခြေခံထားတဲ့ HTC One mini 2 ကိုဆက်လက်ထုတ်ပေးလိုက်ပါတယ်။ ဈေးကွက်ထဲကိုလည်း လာမယ့်ဇွန်လထဲမှာ ဝင်ရောက်လာဖို့ရှိနေလို့ ကောင်းမွန်လှပဆွဲဆောင်တဲ့ အလူမီနီယံကိုယ်ထည်ဒီဇိုင်းကို သဘောကျသူတွေအတွက် အကြိုက်တွေ့စေဦးမှာဖြစ်ပါတယ်။ 4.5-inch မျက်နှာပြင်အရွယ်အစားမှာ 720p ရုပ်ထွက်မျိုးရရှိစေသလို Corning Gorilla Glass 3 နဲ့ပါဖုံးအုပ်ပေးထားပါတယ်။ ကင်မရာက dual camera အမျိုးအစားမဟုတ်တော့ပေမယ့် 13MP ဖြစ်လို့ ရုပ်ထွက်ကောင်းကောင်းရနိုင်ပါတယ်။ ရှေ့ကင်မရာက 5MP ပါ။ internal storage က 16GB ဖြစ်ပေမယ့် micro SD card ကနေ 128GB အထိတိုးမြှင့်နိုင်ပါလိမ့်မယ်။ Sony Xperia Z1 Compact ဟာ mini အတန်းအစားတွေထဲမှာတော့ performace နဲ့ အရည်အသွေးကောင်းတဲ့ အမျိုးအစားလို့ ဆိုရမယ့်အတိုင်း ဈေးလည်းမြင့်မှာဖြစ်ပါတယ်။ 20.7MP rear camera နဲ့ 2MP front camera တို့ပါဝင်ပြီး 16GB internal storage ကို 64GB အထိ မြှင့်တင်သုံးနိုင်စေပါတယ်။

### 1 Design

Sony Xperia Z1 Compact ဟာ ဒီဇိုင်းပိုင်းမှာ မူရင်းဖုန်းဖြစ်တဲ့ Xperia Z1 ကိုပဲ အခြေခံထားပါတယ်။ ဖုန်းရဲ့အထူက 9.5mm ရှိလို့ သိပ်တော့မပါပေမယ့် သူ့အရွယ်နဲ့ ချိန်လိုက်ရင် လက်ထဲမှာမြဲမြဲနေသားတကျရှိစေမှာ ဖြစ်ပါတယ်။





HTC One mini 2 ကတော့ အလူမီနီယံကိုယ်ထည်ကိုပဲ ဆက်လက် ထိန်းသိမ်းဖန်တီးထားလို့ အရင်လိုပဲခပ်ကြွားကြွားလေးနဲ့ ဆွဲဆောင်နေဦးမှာပါ။ ဖုန်းကတော့ 10.6mm ရှိမှာဖြစ်လို့ အရင်ထက်တော့ နည်းနည်းလေး ပိုထူသွားစေပါတယ်။

### 2 Processor

Xperia Z1 Compact ဟာ mini အတန်းအစားဖြစ်ပေမယ့် အဆင့်မြင့် Snapdragon 800 processor ကိုပဲ သုံးထားပြီး quad-core 2.2GHz မြန်နှုန်းနဲ့ အလုပ်လုပ်ပေးမှာဖြစ်ပါတယ်။ RAM ကလည်း 2GB ကို သုံးထားတာဖြစ်လို့ multi-tasking ကောင်းကောင်းသုံးနိုင်စေပါတယ်။





HTC One mini 2 ဟာ သူ့ရဲ့ ထုတ်လုပ်မှုလမ်းကြောင်းအတိုင်း စံပြုထုတ်ထားတာဖြစ်တဲ့အတွက် quad-core 1.2GHz မြန်နှုန်းရှိတဲ့ Snapdragon 400 processor ကို အသုံးပြုပေးထားပြီး RAM အတွက်က ပုံမှန်ဖြစ်တဲ့ 1GB ကိုသာ သုံးပေးထားပါတယ်။

### 3 Display

Display ပိုင်းအတွက် အတော်လေးကောင်းတဲ့ 720p ရုပ်ထွက်မျိုး သုံးထားပြီး မျက်နှာပြင်က 4.3-inch ရှိပါတယ်။ IPS LCD screen အမျိုးအစားဖြစ်လို့ ရုပ်ထွက်ကြည်လင်ပြတ်သားသလို မျက်နှာပြင်သိပ်သည်းဆကလည်း 342ppi အထိရှိတာ တွေ့ရပါတယ်။





One mini 2 ရဲ့မျက်နှာပြင်ဟာ 4.5-inch အရွယ်အစားရှိပြီး 720 x 1280 pixels နဲ့ 326ppi ထောက်ပံ့မှုရှိတဲ့အတွက် တော်တော်ကောင်းတဲ့ ရုပ်ထွက်အရည်အသွေးမျိုးကို ရရှိစေမှာဖြစ်သလို Corning Gorilla Glass 3 နဲ့ပါ ဖုံးအုပ်ကာကွယ်ပေးထားပါသေးတယ်။

### 4 Verdict

Sony ဟာပုံမှန်မဟုတ်တဲ့ Xperia Z1 Compact ကို ဈေးကွက်ထဲ ချပြခဲ့ရာမှာ တခြားသော mini ထုတ်ကုန်တွေရဲ့ လမ်းကြောင်းကို မလိုက်ဘဲ အဆင့်မြင့် mini အဖြစ်သာ ထုတ်ပေးခဲ့ပါတယ်။ ပင်မကင်မရာပိုင်းကလည်း သာလွန်ကောင်းမွန်ပြီး ရေစိမ်ခံနိုင်စွမ်းလည်းရှိတဲ့ စမတ်ဖုန်းစာရင်းထဲမှာ ပါဝင်နေဦးမှာဖြစ်ပါတယ်။

XPERIA
Sony Smartphone

htc
quietly brilliant

HTC One mini 2 ကတော့ ပုံမှန် mini ထုတ်ကုန်လမ်းကြောင်းအတိုင်း အရင် mini ထက်ကောင်းအောင် ဖန်တီးလုပ်ဆောင်ပေးထားပါတယ်။ ရုပ်ထွက်အရည်အသွေးပိုင်း ကောင်းမွန်လာမှု၊ ကိုယ်ထည်ရဲ့ ဆွဲဆောင်မှုကောင်းတဲ့ဒီဇိုင်းနဲ့ ထူးခြား 5MP front camera တို့က ဈေးကွက်ဝင်တိုးနိုင်မယ့် ရောင်းကွက်တွေလို့ ဆိုနိုင်ပါတယ်။

# Buying Guide

Laptop Collection | Mobile Collection | Electronic Collection | Related Collection

OUR SELECTED MARKET COLLECTIONS




## Ubiquity Unifi AP Outdoor +

170,000/-

Ubiquity ရဲ့ အသစ်ထပ်မံထွက်ရှိတဲ့ Unifi Series Outdoor + ပဲဖြစ်ပါတယ်။ Power Full Management Software ပါဝင်ပြီး လူများစွာတစ်ပြိုင်နက်တည်းအသုံးပြုရန် လိုအပ်သော Stadium များ Carparking ကျယ်ကျယ်များ၊ ကွင်းပြင်တွင် ကျင်းပကြသောပွဲများအတွက် အထူးပြုလုပ်ထားသော Outdoor & Indoor Use Series ပဲဖြစ်ပါတယ်။ 300Mbps ဖြင့် Data အသွယ်အပို့လုပ်ပေးနိုင်ပြီး တစ်ပြိုင်နက်တည်း လူပေါင်းရာချီချိတ်ဆက်၍ အင်တာနက်အသုံးပြုနိုင်ပါတယ်။ Set up Management Software မှာလည်း သင်ပြပေးရန်မလိုဘဲ သာမန်အတွေ့အကြုံရှိရုံဖြင့် bandwidth များ၊ Class များကိုသတ်မှတ်၍ user များအား ထည့်သွင်းထားနိုင်ပါတယ်။5 dpi antenna နှစ်တိုင် Omini နှင့် POE တစ်ခု၊ Wall Bracket တစ်ခုပါဝင်ပြီး အင်တာနက်ကို လူများစွာအသုံးပြုလိုသောနေရာများတွင် တပ်ဆင်သင့်သော Device လေးပဲဖြစ်ပါတယ်။

Matrix II | 01 - 378843, 391808

## Elecom Laptop PC Carrying Bag (Inner Bag) Model No : BM - IBO 15 BK , BM - 1BO 17 BK

13,800/- (10~11.1 inch wide)
15,600/- (15.4~16.4 inch wide)



ဂျပန်အရည်အသွေး၊ ဂျပန်ဒီဇိုင်းဖြင့် ထုတ်လုပ်ထားပြီး ဂျပန်နိုင်ငံ၏ ဈေးကွက်ဝေစုအများဆုံးရရှိထားသော ELECOM အမှတ်တံဆိပ် Inner Bag လေးဖြစ်ပါတယ်။ ပေါ့ပါးသောစတိုင်ဖြင့် အလွယ်တကူဆွဲသွားနိုင်ပြီး မိမိ Laptop / Tablet အပြင် Accessories ပစ္စည်းများကိုလည်း ထည့်သွင်းသယ်ဆောင်နိုင်စေမှာဖြစ်ပါတယ်။ ချုပ်ရိုးချုပ်သားသေသပ်လှပပြီး အကြမ်းခံမည့်အိတ်ကလေးဖြစ်ပါတယ်။ အိတ်အတွင်းသားကိုလည်း နူးညံ့စွာပြုလုပ်ထားတဲ့အတွက်လည်း မိမိ Laptop / Tablet ကို အစင်းရာ၊ အခြစ်ရာထင်ခြင်းများ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ (10~11.1 inch wide) နှင့် (15.4~16.4 inch wide) အတွက် အိတ်များရှိမှာဖြစ်ပါတယ်။

Cyber Plus | 01 - 221792, 01 - 227593, 09 - 73056483(Yangon)
09 - 91016645 (Mandalay)

## The best we've tested Mobiles, Electronics gear, Gadgets, Computer & more



## Acer Aspire V5 - 473

490,000/-

ပါးလွှာမှုကို ဦးစားပေးထားပြီး အသုံးပြုရင်း music နားထောင်ချင်သူများအတွက်ပါ Speaker ဦးစားပေး model တစ်ခုဖြစ်တဲ့ Acer V5-473 Laptop အမျိုးအစားပဲဖြစ်ပါတယ်။ ကျောင်းသုံးရန်နှင့် ရုံးသုံးရန်အတွက် အထူးသင့်တော်ပြီး 3rd generation CPU ဖြစ်တဲ့ Core i3 M-4010 တပ်ဆင်ထားပြီး 1.7 GHz ရရှိမှာဖြစ်ပါတယ်။ Ram 4GB တပ်ဆင်ထားပြီး data storage အတွက် 500GB HDD ရရှိမှာဖြစ်ပါတယ်။ Graphic အနေနဲ့ intel HD graphic 4400 ရရှိမှာပါ။ အလူမီနီယံဖြင့် ပြုလုပ်ထားတာကြောင့် ပေါ့ပါးပါးလွှာပြီး ခရီးသွားလာရင်ကိုင်ဆောင်အသုံးပြုသူများအတွက်ကတော့ အဆင်ပြေနိုင်ဆုံးဖြစ်မှာပါ။ သူ့ရဲ့ ထူးခြားမှုကတော့ Home theater system ဖြစ်တဲ့ 4 speaker ပဲဖြစ်ပါတယ်။ အသံထွက်အထူးကောင်းမွန်တာကြောင့် music နားထောင်ရတာကို ကြိုက်နှစ်သက်သူများအတွက် အကြိုက်တွေ့စေမှာပါ။

SCS computer | 01 - 290384, 09 - 73000101



## CCTV Camera Motor Drive 600TVL

55,000/-

Remote ဖြင့် ဘေးဘယ်ညာ 360° လှည့်၍ရပြီး အပေါ်အောက်ပါပြန်လှည့်ကြည့်နိုင်ကာ ညအမှောင်ထဲတွင်ပါ မြင်နိုင်သော CCTV Camera Model သစ်တစ်မျိုးဖြစ်ပါတယ်။ ကြည်လင်မှု 600 TV Line ရုပ်ထွက်ရှိသဖြင့် ကာလာတောက်ပကာ ရုပ်ထွက်ကြည်လင်ပြတ်သားပြီး Camera အား ယခုအသေတပ်ဆင်ပြီး ကြည့်နေသူများအတွက် Remote ဖြင့် လှည့်ပတ်ကြည့်ရှုလိုလျှင် ဤ camera အား အစားထိုး၍တပ်နိုင်ပြီး မည်သည့် DVR, မည်သည့် Camera နှင့်မဆိုတွဲဖက်၍ တပ်ဆင်နိုင်ပါတယ်။

Matrix II | 01-378843, 391808



## Elecom Touch Pen Model No : 12016/17/18

6,600/-

ဂျပန်အရည်အသွေး၊ ဂျပန်ဒီဇိုင်းဖြင့် ထုတ်လုပ်ထားပြီး ဂျပန် နိုင်ငံ၏ ဈေးကွက်ဝေစုအများဆုံးရရှိထားသော ELECOM အမှတ်တံဆိပ် Touch Pen လေးဖြစ်ပါတယ်။ Touch Pen လေးကို Pen အနေဖြင့်သာမက သေးငယ်တဲ့အတွက် ဖုန်းများတွင်အလှဆင်ကီးချိန်းအနေဖြင့်လည်း အသုံးပြုနိုင်ပါတယ်။ Tablet / Smartphone တွင် လက်ဖြင့်ရွှေ့စရာမလိုတော့ဘဲ Touch Pen လေးဖြင့်ရွှေ့မယ်ဆိုရင်အစင်းရာထင်ခြင်းမှကင်းဝေးစေမှာဖြစ်ပါတယ်။ Touch Pen အောက်ခြေမှာ နူးညံ့ပျော့ပျောင်းတဲ့ Silicon လေးပါဝင်မှာဖြစ်တဲ့အတွက် မိမိရဲ့ ဖုန်း Screen ကို အစင်းရာထင်ခြင်းမှလည်းကာကွယ်ပေးနိုင်မှာဖြစ်ပြီး မည်သည့်စမတ်ဖုန်းအမျိုးအစားမဆို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အရောင်အနေဖြင့် အနက်ရောင်၊ ငွေရောင်နှင့် အနီရောင်ရှိမှာဖြစ်ပါတယ်။

Cyber Plus | 01 - 221792, 01 - 227593 (Yangon)

## SANEI 10" tablet 3G SIM

165,000/-



ရှားရှားပါးပါး Sanei Model ထဲမှ Screen ကြီးကြီး 10" လက်မဖြင့် 3G internet ရရှိကာ Phone ပြောခြင်းနှင့် Internet အသုံးပြုခြင်းတို့ကို အသုံးပြုနိုင်သော ရှားပါး Series ပဲဖြစ်ပါတယ်။ WCDMA နှင့် GSM Sim Card ထည့်သွင်းအသုံးပြုနိုင်ပြီး Touch အလွန်သွက်လက်ကာ Android Version 4.2.2 QuadCore CPU, Storage 16GB, RAM 1GB ဖြင့် Hardware, Software ပိုင်းအလွန်မြင့်မားလှပါတယ်။ Camera ရှေ့နောက် 5 Mpx ပါဝင်ပါတယ်။

Matrix II | 01-378843, 391808

## Canon XA25 (Camcorder)




Canon XA25 Professional HD Camcorder ဟာ ဗီဒီယိုရိုက်ကူးရေးပညာရှင်တွေအတွက် သီးသန့်ထုတ်လုပ်ပေးထားတဲ့ အဆင့်မြင့်ဗီဒီယိုကင်မရာပဲဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးတွေမှာ အသုံးပြုနိုင်ပြီး အရည်အသွေးမြင့် features တွေ များစွာထောက်ပံ့ပေးထားပါတယ်။ ထည့်သွင်းပေးထားတဲ့ Native 1920 x 1080, 1/2.84-inch CMOS Sensor နဲ့ Canon DIGIC DV4 Image Processor တို့ရဲ့ တွဲဖက်ညီတဲ့လုပ်ဆောင်မှုတွေကြောင့် အလင်းရောင်အားနည်းတဲ့နေရာတွေမှာတောင် Full HD ဗီဒီယိုတွေကို 59.94p အထိ frame rate အမျိုးမျိုးနဲ့ရိုက်ကူးနိုင်ပါတယ်။ အဝေးမြင်ကွင်းတွေရိုက်ကူးဖို့ 20 x HD Zoom Lens ကိုတပ်ဆင်ပေးထားပြီး စနစ်က ဓာတ်ပုံဝေဝါးမှုတွေကို အကောင်းဆုံးလျှော့ချပေးနိုင်ပါတယ်။ 3.5-inch OLED Touch Panel View Screen ဖြစ်ပြီး ကြည်လင်ပြတ်သားတဲ့ပုံရိပ်တွေကိုပေးစွမ်းနိုင်တဲ့အပြင် ရှုထောင့်အမျိုးမျိုးကနေ ရိုက်ကူးနိုင်အောင် Display ကို ၄၅ ဒီဂရီလှည့်လည်နိုင်ပါသေးတယ်။ ပတ်ဝန်းကျင်အနေအထားနဲ့ကိုက်ညီတဲ့ settings တွေကိုရွေးချယ်နိုင်တဲ့ Manual Camera Control စနစ်ပါရှိပါတယ်။ SD/SDXC/SDHC cards slots ၂ ခုပါရှိပြီး တစ်ပြိုင်နက်တည်း နှစ်သက်ရာ cards ၂ ခုလုံးနဲ့ ရိုက်ကူးနိုင်ပါတယ်။ Built-in WiFi စနစ်ပါရှိပြီး Canon WM-V1 Wireless Bluetooth Microphone နဲ့ချိတ်ဆက်ပြီး ၁၆၄ ပေ အဝေးကအသံတွေကိုတောင် အကြည်လင်ဆုံးဖမ်းယူနိုင်ပါတယ်။ တန်ဖိုးကတော့ ၂,၄၉၉ ဒေါ်လာဖြစ်ပါတယ်။

## Nikon 1 J4




Nikon ရဲ့အရည်အသွေးမြင့် mirrorless ဒီဂျစ်တယ်ကင်မရာဖြစ်ပါတယ်။ CX-format ဖြစ်တဲ့ 18.4MP CMOS Sensor နဲ့ EXPEED 4A image processor တို့ကိုသုံးထားပြီး အရည်အသွေးအကောင်းဆုံးရုပ်သေပုံတွေနဲ့ ဗီဒီယိုတွေကိုရရှိနိုင်ပါတယ်။ ညဘက်လိုမှောင်တဲ့အခါတွေမှာ ISO ကို 12800 ထိတင်ရိုက်နိုင်ပါမယ်။ လုပ်ဆောင်ချက်မြန်ဆန်ပြီး တစ်စက္ကန့်ကို 20fps နှုန်းနဲ့ဆက်တိုက်ရိုက်နိုင်ပါတယ်။ ကြည်လင်ပြတ်သားပြီးအသေးစိတ်ကျတဲ့ပုံတွေရနိုင်ပါတယ်။ Display အတွက် 3.0" LCD monitor သုံးထားပြီး touch screen ပါ။ Full HD 1080p ဗီဒီယိုတွေကို 60fps နှုန်းနဲ့ရိုက်နိုင်ပြီး အသံပါဖမ်းနိုင်ပါတယ်။ Image stablilzation စနစ်က ကင်မရာမငြိမ်မှုကိုလျှော့ချပေးပြီး ပုံရိပ်ဝေဝါးမှုကိုကာကွယ်ပေးပါတယ်။ ကင်မရာဈေးနှုန်းက ၄၄၉ ․ ၉၅ ဒေါ်လာဖြစ်ပါတယ်။

## Sony Cybershot DSC-RX100 III




Sony Cybershot DSC-RX 100 III က စွယ်စုံသုံးနိုင်တဲ့ အိတ်ဆောင် point-and-shoot ကင်မရာပါ။ 20.1MP 1-inch Exmor R BSI CMOS Sensor နဲ့ BIONZ X Image Processor ကိုထည့်သွင်းထားတာကြောင့် အရည်အသွေးမြင့်မားတဲ့ဓာတ်ပုံတွေနဲ့ Full HD ဗီဒီယိုတွေကိုရိုက်ကူးနိုင်ပါတယ်။ Zeiss Vario-Sonnar T* f/1.8 Lens ကိုတပ်ပေးထားပြီး Optical Image Stabilization စနစ်ကိုပံ့ပိုးပေးထားပါတယ်။ 3.0-inch 1229k-Dot Multi-Angle Xtra Fine LCD က အပေါ်ဘက်ကို ၁၈၀ ဒီဂရီနဲ့ အောက်ဘက်ကို ၄၅ ဒီဂရီခန့် တိမ်းစောင်းနိုင်ပါတယ်။ အလင်းရောင်အားကောင်းတဲ့နေရာတွေမှာသုံးနိုင်တဲ့ Built-in ND filter ပါရှိပြီး Built-in NFC စနစ်နဲ့ Built-in WiFi စနစ်ပါရှိတာကြောင့် social network တွေမှတစ်ဆင့် share လုပ်နိုင်ပါတယ်။ တန်ဖိုးက ၇၉၈ ဒေါ်လာဖြစ်ပါတယ်။

**CAMERA REVIEW...**

# Canon EOS 5D Mark III




Canon ရဲ့နောက်ထပ် EOS အမျိုးအစားအရည်အသွေးမြင့်ကင်မရာကတော့ EOS 5D Mark III ပဲဖြစ်ပါတယ်။ သုံးထားတဲ့ function တွေနဲ့ အဆင့်မြင့် feature တွေကြောင့် ရုပ်သေပုံတွေကိုရော၊ HD ဗီဒီယိုတွေကိုပါ ထူးခြားစွာဖမ်းယူနိုင်ပါလိမ့်မယ်။ ဒီကင်မရာဟာ ရှေ့က EOS ကင်မရာတွေထက် function တွေ ပိုမိုစုံလင်ပြီး ကင်မရာလုပ်ဆောင်ချက်ကိုအကောင်းဆုံးပေးစွမ်းထားပါတယ်။ ကင်မရာကိုယ်ထည်က EOS 7D နဲ့အသွင်တူပြီး ရုပ်ရှင်ရိုက်ကူးသူတွေနဲ့ ဓာတ်ပုံရိုက်ကူးသူတွေပါ အထူးကြိုက်နှစ်သက်ကြမယ့် အရည်အသွေးမြင့် DSLR ကင်မရာတစ်လုံးပဲဖြစ်ပါတယ်။ 22.3MP full frame CMOS Sensor နဲ့DIGIC 5+ image processor တို့ကိုပေါင်းစပ်သုံးထားပြီး ရုပ်သေပုံတွေနဲ့ HD ဗီဒီယိုတွေကို သူမတူတဲ့ပုံအရည်အသွေးမျိုးနဲ့ရိုက်ယူနိုင်မှာပါ။ ပုံတွေကကြည်လင်ပြတ်သားမှုရှိပြီး အသေးစိတ်ကျတဲ့ လှပတဲ့ပုံတွေကိုရနိုင်မှာပါ။ 14-bit A/D conversion ရဲ့ပံ့ပိုးမှုကြောင့်လည်း noise ဖြစ်မှုကိုအများကြီးလျှော့ချပေးပြီး ကင်မရာလုပ်ဆောင်ချက်အထူးမြန်ဆန်ပါတယ်။ ပုံဝေဝါးမှုမရှိအောင်လည်း အကောင်းဆုံးကာကွယ်ပေးနိုင်တဲ့ function ပါဝင်ပါတယ်။ ၃ ․ ၂ လက်မအရွယ်ရှိပြီး ကြည်လင်ပြတ်သားတဲ့ Clear View II LCD မျက်နှာပြင်ကိုသုံးထားပြီး resolution မြင့်မားမှုရှိပါတယ်။ ဒါ့အပြင် 3:2 aspect ratio ဖြစ်လို့ ဓာတ်ပုံတွေပြန်ကြည့်ရာမှာ screen အပြည့်ပြပေးနိုင်ပါတယ်။ LCD screen အမျိုးအစားက အလင်းပြန်မှုကိုကာကွယ်ပေးနိုင်တဲ့ anti-reflection LCD ဖြစ်သလို ပုံရိပ်တွေကို မျက်နှာပြင်အပြည့်ပြပေးနိုင်လို့ ဗီဒီယိုတွေကို display ကြည့်တဲ့အချိန်မှာ ပိုမိုအားသာမှုရှိပါတယ်။ AF point စနစ်ကတော့ လုံးဝအသစ်ပါပဲ။ 41 cross-type AF point နဲ့ 3 dual diagonal AF point အပါအဝင် 61-point high density reticular AF တို့က ထင်ရှားပြတ်သားပြီး အသေးစိတ်ကျတဲ့ပုံအရည်အသွေးကိုအားဖြည့်ပေးပါတယ်။ ISO ကို 100 ကနေ 25600 ထိတင်ရိုက်နိုင်ပြီး 50 ကနေ 102400 ထိ ထပ်တိုးသုံးနိုင်တဲ့အတွက် အလင်းရောင်အားနည်းတဲ့နေရာတွေမှာ ရိုက်တဲ့အခါ ပုံကြည်လင်ပြတ်သားမှုမရှိမှာစိုးရိမ်စရာမလိုပါဘူး။ သုံးစွဲသူစိတ်ကြိုက်ဖြစ်တဲ့ ISO ပမာဏကို ချိန်ညှိနိုင်သလို auto လည်းထားသုံးနိုင်ပါတယ်။ Single lens reflex ကင်မရာဖြစ်လို့ lens တစ်ခုတည်းနဲ့ viewfinder အဖြစ်ရော၊ မြင်ကွင်းကြည့်ရှုဖို့အတွက်ပါ အသုံးပြုနိုင်ပါတယ်။ Intelligent viewfinder က မြင်ကွင်းကို ရာနှုန်းပြည့်ပေးနိုင်ပြီး ရိုက်ကွက်တွေကို တိကျရှင်းလင်းစွာပြပေးနိုင်ပါတယ်။ ဓာတ်ပုံရိုက်တဲ့အချိန်မှာ အသံငြိမ်သက်မှုရှိပြီး တုန်ခါမှုလည်းနည်းပါးပါတယ်။ ပုံတွေကို တစ်စက္ကန့် 6fps နှုန်းနဲ့ဆက်တိုက်ရိုက်နိုင်ပြီး ပုံတွေကို Raw ၊ JPEG format တွေနဲ့ သိမ်းဆည်းနိုင်ပါလိမ့်မယ်။ အားကစားပွဲလိုမျိုး လှုပ်ရှားမှုတွေကိုဖမ်းယူရာမှာ တကယ် အသုံးဝင်တာတွေ့ရမှာပါ။ HDR စနစ်ပါပြီး ကင်မရာထဲမှာပင် HDR ပုံတွေဖန်တီးနိုင်ပါတယ်။ iFCL metering စနစ်၊ Multipal Exposure mode တို့သုံးနိုင်ပြီး ကင်မရာကိုအလိုအလျောက်သန့်စင်ပေးတဲ့ self-cleaning sensor ပါပါတယ်။ Ethernet port လည်းပါပါတယ်။ 1080/30p full HD နဲ့ 720/60p format တွေကိုဖမ်းယူနိုင်ပြီး အသံပါပူးတွဲဖမ်းနိုင်ပါတယ်။ ဗီဒီယိုတွေကို မိနစ် ၃၀ စာထိရိုက်နိုင်ပြီး timecode setting တွေသုံးနိုင်ပါတယ်။ CF နဲ့ SD (SDXC, SDHC) card တွေအသုံးပြုနိုင်ပြီး ကင်မရာနဲ့ printer ကို တိုက်ရိုက်ချိတ်ဆက်ကာပုံတွေထုတ်နိုင်မှာပါ။ WFT-E7A wireless transmitter နဲ့ GP-E2 GPS Receiver တွေနဲ့တွဲဖက်သုံးနိုင်ပြီး ဒီ adapter တွေကတဆင့် ကြိုးမဲ့စနစ်နဲ့ GPS function တွေရမှာပါ။ Canon EF IS USM AF lens က ရုပ်ပုံကြည်လင်ပြတ်သားမှုအဆင့်မြင့်မားပြီး အရောင်အသွေးဖောက်ပြန်မှုမရှိပါဘူး။ ကင်မရာကိုယ်ထည်ကိုမဂ္ဂနီဆီယံနဲ့ပြုလုပ်ထားပြီး တာရှည်အသုံးခံပါတယ်။ ဖုန်ဒဏ်နဲ့ရာသီဥတုဒဏ်ခံနိုင်ပြီး ဘယ်လိုရာသီမျိုးမှာမဆို စိတ်ချလက်ချအသုံးပြုနိုင်ပါလိမ့်မယ်။ ဈေးနှုန်းနဲ့လိုက်ဖက်တဲ့ ကင်မရာအရည်အသွေးကိုပေးစွမ်းနိုင်ပြီး တန်ဖိုးကတော့ ၃,၉၉၉ ဒေါ်လာဖြစ်ပါတယ်။

# The Future is WEARABLE

SPECIAL ▶ REPORT




စမတ်နာရီတွေ ခေတ်စားလာတာ မကြာသေးပါဘူး။ နည်းပညာအသစ်တစ်ခုရဲ့ ထုံးစံအတိုင်း စစချင်းမှာ အခက်အခဲတွေရှိခဲ့တာလည်း အားလုံးမြင်ကြရပါတယ်။ စမတ်နာရီတွေဆီ ထုတ်လုပ်သူအတော်များများ ဦးတည်ခဲ့ကြပေမယ့် ပြဿနာတစ်ခုက အားလုံးအတွက် အဆင်ပြေမယ့် OS မရှိတာပါပဲ။ ပစ္စည်းတစ်ခု ဘယ်လောက်ပဲကောင်းကောင်း သူ့ကိုထိန်းချုပ်မောင်းနှင်ပေးမယ့် Software ကောင်းကောင်းမရှိရင် အလကားဖြစ်သွားတာပါပဲ။ Android OS ကလည်း ဖုန်းအတွက်ဖြစ်လို့ နာရီထဲထည့်သုံးရတာ သိပ်အဆင်မသင့်ပါဘူး။ ကိုယ်ပိုင် OS တွေနဲ့ ထုတ်လုပ်ကြတဲ့ အခါမှာလည်း ရလဒ်အမျိုးမျိုးဖြစ်ခဲ့ပြီး စုစုစည်းစည်းမရှိခဲ့ကြပါဘူး။ ဒါပေမဲ့ Google က ဝတ်ဆင်နိုင်တဲ့ စမတ်ပစ္စည်းဈေးကွက်ကို လက်လွှတ်ခံဖို့စိတ်ကူးမရှိဘဲ Android Wear ကို ထုတ်ပြခဲ့ပါတယ်။ စမတ်နာရီတွေအတွက် အဓိကရည်ရွယ်ထားဖို့ ထုတ်လုပ်သူအားလုံးဟာ OS ကိုပူစရာမလိုတော့ဘဲ ပစ္စည်းပေါ်မှာပဲ အာရုံစိုက်လာကြပါလိမ့်မယ်။ Android ဖုန်းတွေနဲ့တစ်ခေတ် ထူထောင်ခဲ့တဲ့ Google ဟာ Android Wear နဲ့ စမတ်နာရီတွေပေါ်မှာ ဆက်လက်ကြီးစိုးနိုင်ဦးမလား ဆိုတာကတော့ စိတ်ဝင်တစား စောင့်ကြည့်ကြရဦးမှာပါပဲ။

## Android Wear

Google ဟာ Android Wear ကို ကြော်ငြာခဲ့ပြီး ဝတ်ဆင်နိုင်တဲ့ပစ္စည်းတွေအတွက် အထူးပြုထားတဲ့ Android OS ဖြစ်ပါတယ်။ ဒါဟာ Android ကို စမတ်နာရီတွေမှာ ပိုမြင်ရလာဖို့ရှိပြီး အနာဂတ်မှာလည်း ဝတ်ဆင်နိုင်တဲ့ပစ္စည်းတွေမှာ android OS ကို တွေ့ရဖို့ရှိပါတယ်။ ဝတ်ဆင်နိုင်တဲ့ စမတ်ပစ္စည်းတွေ များပြားလာခြင်းနဲ့အတူ ဈေးကွက်ထဲမှာ စမတ်နာရီတွေလည်း ပိုများပြားလာခဲ့ပါတယ်။ Samsung က သူ့ရဲ့ Gear အသစ် ၃ မျိုးကို ထပ်ထုတ်လုပ်ခဲ့ပြီး Gear 2, Gear 2 Neo နဲ့ Gear Fit တို့ဖြစ်ပါတယ်။ Pebble ကတော့ Pebble Steel နဲ့ ဆက်လက်အောင်မြင်နေပါတယ်။ Kickstarter campaign ကနေ စခဲ့တဲ့ Pebble ဟာ ပစ္စည်း 400,000 ကျော် ရောင်းချခဲ့ရပါတယ်။ ကုမ္ပဏီအများစုက ဝတ်ဆင်နိုင်တဲ့နည်းပညာပစ္စည်းတွေကို စမ်းသပ်နေကြပြီဖြစ်လို့ Google က အဲ့ဒီအပြောင်းအလဲရဲ့ အဓိကအဖြစ် ပါဝင်ချင်တာ သေချာပါတယ်။

Android Wear တွေဟာ အစောပိုင်း ဖွံ့ဖြိုးတိုးတက်မှုကာလမှာသာ ရှိသေးပေမယ့် Google ရဲ့ ဝန်ဆောင်မှုတွေနဲ့ ချိတ်ဆက်ထားပြီး အဓိကကတော့ Google Now ပါပဲ။ Google Now ဟာ တဖြည်းဖြည်း ပိုအဆင့်မြင့်လာနေပြီး သင်နဲ့သက်ဆိုင်မယ့်အချက်အလက်တွေကို ဖုန်းဆီ အမြဲပေးပို့နေပါတယ်။ စမတ်နာရီတွေရဲ့ အဓိကစိန်ခေါ်မှုက သတင်းအချက်အလက် ရယူဖို့ဖြစ်ပြီး Google က ဒါကိုအသံနဲ့ အမိန့်ပေးနိုင်တဲ့ စနစ်သုံးပြီးဖြေရှင်းဖို့စဉ်းစားထားပုံရပါတယ်။ Android wear တွေကိုမိတ်ဆက်တဲ့ ဗီဒီယိုမှာလည်း အသံနဲ့ပဲ အမိန့်ပေးခိုင်းစေပုံကို ပြထားတာမို့ ဒါဟာအဓိကနည်းလမ်းဖြစ်ပုံရပြီး Screen ကို Touch နဲ့ ထိတွေ့သုံးစွဲတဲ့စနစ်ကလည်း ပါဝင်ဦးမှာပါပဲ။ ဈေးကွက်ရဲ့တုံ့ပြန်မှုကိုတော့ စောင့်ကြည့်ရဦးမှာဖြစ်ပေမယ့် Google ဟာ Google Glass ကြောင့် ဒီကိစ္စမျိုးကို အတွေ့အကြုံရှိခဲ့ပြီးပါပြီ။ အဓိကကြုံရမယ့် စိန်ခေါ်မှုကတော့ လူတွေသူတို့ရဲ့ နာရီကို စကားပြောပြီး ခိုင်းချင်ရဲ့လားဆိုတာပါပဲ။ Google ဟာ လူတွေရဲ့နေထိုင်ပုံကို ဒီနည်းနဲ့ ပြောင်းလဲဖို့ ကြိုးစားနေတာမို့ စိန်ခေါ်မှုဟာ ကြီးမားတာသေချာပါတယ်။

Google ရဲ့အဆိုအရ Android wear တွေဟာ သုံးစွဲသူရဲ့လုပ်ဆောင်ချက်ကို စောင့်ဆိုင်းမနေဘဲ ပတ်ဝန်းကျင်အခြေအနေကို သိနိုင်စွမ်းတဲ့ စမတ်ပစ္စည်းတွေ ဖြစ်လာမယ်လို့ဆိုပါတယ်။ ထိရောက်တဲ့ app တွေကို သုံးစွဲနိုင်ရမှာဖြစ်ပြီး အလုပ်သိပ်မရှုပ်ဘဲ အကောင်းဆုံး အသုံးပြုနိုင်ရပါမယ်။ ဖုန်းတွေနဲ့မတူဘဲ စမတ်နာရီတွေကို သိပ်ဂရုမပြုဘဲသုံးနိုင်ရပါမယ်။ Android Wear ဟာ အထူးရိုးရှင်းတဲ့စနစ်ကို အခြေခံထားပြီး လုံးဝလိုအပ်မှသာ သုံးစွဲသူအနေနဲ့ အမိန့်ပေးဖို့လိုမှာဖြစ်ပါတယ်။ ခလုပ်အများစုဟာလည်း ထိတွေ့တာ၊ ပွတ်ဆွဲတာမျိုးပဲဖြစ်ပြီး အသေးစိတ်ထိတွေ့မှုကို အတိအကျ မလိုအပ်ပါဘူး။ သင့်ရဲ့တစ်ကိုယ်ရေ လိုအပ်ချက်တွေကိုလည်း သိနေမှာဖြစ်ပြီး မလိုအပ်ဘဲ အနှောင့်အယှက်ပေးမှာလည်း မဟုတ်ပါဘူး။ Android Wear ကို စစ်ဆေးကြည့်ရတာဟာ နာရီကြည့်သလိုပဲ အခက်အခဲ မရှိနိုင်ပါဘူး။ နည်းပညာပစ္စည်းတွေဟာ လူ့ပတ်ဝန်းကျင်မှာသုံးရင် တစ်ခါတစ်ရံပြဿနာရှိတတ်ပြီး Google က ဒါကို လုံးဝရှောင်ရှားဖို့ ရည်ရွယ်ထားပါတယ်။


Android Wear will launch with two design choices: round or square

## Inside the UI

Android Wear ရဲ့ UI မှာ အဓိကအကြောင်းအရာအမျိုးမျိုးရှိပြီး အကြံပေးတာနဲ့ တောင်းဆိုတာတို့ဖြစ်ပါတယ်။ အကြံပေးတဲ့ (Suggest Mode) မှာ Google Now လိုပဲ ကတ်လေးတွေတွေ့ရမှာဖြစ်ပြီး အချက်အလက်တစ်ခုချင်းစီကို ဖော်ပြပေးပါတယ်။ အပေါ်အောက်ဆွဲသွားပြီး ကတ်တစ်ခုချင်းစီကို ကြည့်နိုင်ပါတယ်။ ကတ်တစ်ကတ်ရဲ့အရွယ်ဟာ နာရီမျက်နှာပြင်တစ်ခုစာရှိတာမို့ ကြည့်ရတာ အဆင်ပြေပါလိမ့်မယ်။ ဘယ်ဘက်ကိုဆွဲသွား ရင်အပို List ကို ထပ်တွေ့ရမှာဖြစ်ပြီး notification နဲ့ သက်ဆိုင်ရာ app တွေကို ဖွင့်ပေးနိုင်ပါတယ်။ ကတ်တွေဟာ အချက်အလက်တစ်ခုကိုပဲ ပြပေးပေမယ့် item ကိုတော့ တစ်ခုမကပြပေးနိုင်တာကြောင့် G-mail ကိုကိစ္စတွေမှာ အသုံးကျပါတယ်။

တောင်းဆိုတဲ့ (Demand) ကတော့ သုံးစွဲသူက လုပ်ဆောင်ရမှာဖြစ်ပြီး အဓိကကတ်ရဲ့ 'g' icon ဒါမှမဟုတ် 'OK Google' လို့ ပြောပြီး အသံနဲ့စတင်နိုင်ပါတယ်။ App ဖန်တီးသူတွေအနေနဲ့ နှစ်သက်ရာ အမိန့်ပေးစာသားတွေကို ထည့်သွင်းနိုင်ပါလိမ့်မယ်။ Android ရဲ့ထုံးစံအတိုင်းပဲ အသံနဲ့အမိန့်ပေးပုံတစ်ခုကို app နှစ်ခုက တူညီနေရင်တော့ သုံးစွဲသူကပဲ ဘာကိုသုံးမယ်ဆိုတာ ရွေးပေးရပါမယ်။ Google Glass မှာ မြင်ကြရသလိုပဲ voice recognition ဟာ တစ်ရှိန်ထိုးတိုးတက်လာနေပေမယ့် အသံတိုင်းအတွက်တော့ အလုပ်မဖြစ်သေးပါဘူး။ ဒါကြောင့် Android wear မှာလည်း ကြိုသတ်မှတ်ထားတဲ့ စကားလုံးအတိုင်း အမိန့်ပေးနိုင်ရင်အကောင်းဆုံးပါပဲ။ ဒါဆိုရင် စနစ်အနေနဲ့ အသံတစ်ခုလုံးကို မတွက်ချက်ရတော့ပဲရှိတဲ့ စာရင်းထဲက ဘာလဲဆိုတာကိုပဲ ရွေးချယ်ရတာမို့ ပိုအဆင်ပြေနိုင်ပါတယ်။

## Design




Android Wear တွေ နောက်ထပ်ရှုန်းကန်ရတဲ့ တစ်နေရာက ဒီဇိုင်းပါ။ စမတ်နာရီတွေဟာ လူတိုင်းလိုချင်တဲ့ လက်ဝတ်ရတနာပုံစံ ဖြစ်မလာနိုင်ပါဘူး။ ပထမဆုံး စတင်ကြော်ငြာခဲ့တဲ့ Android Wear ၂ ခုကတော့ LG G Watch နဲ့ Motorola Moto 360 တို့ဖြစ်ပြီး ဒီဇိုင်းအရ ကွဲပြားခြားနားပါတယ်။ G Watch ဟာ လေးထောင့်ဆန်တဲ့ မျက်နှာပြင်ကို သုံးထားပြီး လက်ရှိကာလစမတ်နာရီတွေနဲ့ ဆင်ပါတယ်။ Moto 360 ကတော့ မျက်နှာပြင်အဝိုင်းဖြစ်တာမို့ ထူးခြားပြီး ပုံမှန်နာရီတစ်ခုနဲ့ ဆင်တူပါတယ်။ G Watch ဟာ 280 x 280 pixels resolution ရှိပြီး Moto 360 ကတော့ 320 x 320 pixels resolution ရှိပါတယ်။ ဒီနာရီတွေမှာ အာရုံခံစနစ်အမျိုးမျိုးပါ ပါဝင်မှာဖြစ်ပြီး Google Play ဝန်ဆောင်မှုကနေ တစ်ဆင့် သင်လုပ်သမျှကိုခြေရာခံနိုင်ပါတယ်။ စိတ်ဝင်စားစရာ နောက်တစ်ချက်က ဒီအချိန်ထိ သိရသမျှအချက်တွေထဲမှာ ကင်မရာမပါဝင်သေးတာပါပဲ။ အစောပိုင်း Android wear တွေဟာ လက်ရှိကာလမှာ လေးထောင့်နဲ့အဝိုင်း ကွဲပြားတာပဲရှိပေမယ့် နောက်ပိုင်းမှာတော့ ဒီ့ထက်တိုးတက်လာဖို့ရှိပါတယ်။

Android wear တွေနဲ့ပတ်သက်ပြီး နောက်တစ်ချက် မသိရသေးတာက နာရီကို ဘယ်လိုပြပေးမယ်ဆိုတာပါပဲ။ Screen ကို အမြဲဖွင့်ထားရင် ဘက်ထရီစားမှာဖြစ်ပြီး ဒါဟာ screen ကိုသုံးတဲ့ နည်းပညာနဲ့လည်း သက်ဆိုင်ပါလိမ့်မယ်။ Qualcomm Toq မှာသုံးတဲ့ Mirasol display ဆိုရင် နာရီကို တောက်လျှောက်ဖွင့်ထားဖို့ ဖြစ်နိုင်ပြီး LCD ဒါမှမဟုတ် OLED ကို သုံးခဲ့ရင်တော့ ပိတ်ထားရမှာဖြစ်ပြီး လှုပ်ရှားမှုနဲ့မှ ပြန်ပွင့်အောင် စီမံရပါလိမ့်မယ်။ Google Glass နဲ့မတူတာက Android wear တွေဟာ ခပ်တုံးတုံးနည်းပညာပစ္စည်းပုံစံ ပေါက်နေတာပါပဲ။ Android ဖုန်းနဲ့မချိတ်ဆက်ထားရင် ဘာဆိုဘာမှ မလုပ်နိုင်သလောက်ပါပဲ။ ချိတ်ဆက်မှုကိုတော့ Bluetooth Smart က ထိန်းချုပ်ပြီး ဘက်ထရီသက်တမ်း ကြာရှည်စေပါတယ်။ iOS ကို ထောက်ပံ့ပေးနိုင်တယ်လို့လည်း ခုထိပြောမထားသေးပါဘူး။

LG နဲ့ Motorola က Android wear ကို စပြခဲ့တာမှန်ပေမယ့် ဒီနှစ်ထဲမှာ စမတ်နာရီထုတ်မယ့် ကုမ္ပဏီတွေ တန်းစီရှိနေပြီး Samsung, HTC, Asus တို့ ပါဝင်ပါတယ်။ Samsung ဟာ Android OS ကို မသုံးဘဲ Gear 2, Gear 2 Neo နဲ့ Gear Fit တို့မှာ Tizen ကိုသုံးခဲ့တာမို့ Android wear ကို သုံး၊ မသုံးဆိုတာကလည်း စိတ်ဝင်စားစရာပါပဲ။ HTC ကတော့ ဒီဇိုင်းအရ Android Wear မှာ ဦးဆောင်နိုင်ဖို့ ကြိုးစားဦးမယ့်ပုံရှိပြီး အကောင်းဆုံးစမတ်နာရီကို မြင်ရဖို့ရှိပါတယ်။ Sony ကတော့ လက်ရှိမှာ သူ့ကိုယ်ပိုင် OS နဲ့ ဆက်သွားဦးမယ်လို့ ဆိုပေမယ့် Android Wear သာ အောင်မြင်ခဲ့ရင် သူ့ရဲ့စမတ်နာရီ ရောင်းအားထိခိုက်နိုင်တာမို့ လမ်းကြောင်း ပြောင်းချင်ပြောင်းလာနိုင်ပါတယ်။

## Is This The Future ?

Android Wear ဟာ ဝတ်ဆင်နိုင်တဲ့ စမတ်ပစ္စည်းဈေးကွက်ကို အလျင်အမြန်ပြောင်းလဲနိုင်စွမ်းရှိနိုင်သလား။ တခြားနည်းပညာနဲ့မဆိုင်တဲ့ နာရီအမှတ်တံဆိပ်တွေပါ ပါဝင်လာနိုင်ပါသလား။ Fossil ကတော့ Android Wear သုံးတဲ့ စမတ်နာရီထုတ်လုပ်ဖို့ရှိပါတယ်။ ဒါပေမဲ့ ဒီလောက်နဲ့တော့ တိုးတက်ပြောင်းလဲလာပြီလို့ မဆိုနိုင်ပါဘူး။ Developer တွေအနေနဲ့လည်း apps တွေထုတ်လုပ်ဖို့အတွက် အချိန်ယူရဦးမှာဖြစ်ပါတယ်။ Android Wear ရဲ့အားသာချက်က notification စနစ်နဲ့ ချိတ်ဆက်ပြီး ကောင်းကောင်းအလုပ်လုပ်နိုင်တာပဲဖြစ်ပါတယ်။ Developers တွေကပါ app တွေ အလျင်အမြန်ဖန်တီးခဲ့ရင် ဒီ့ထက်ပိုကောင်းတဲ့ စမတ်နာရီအတွေ့အကြုံကို ရပါလိမ့်မယ်။ ဈေးကွက်ထဲမှာ စမတ်နာရီတွေရှိပြီးသားမို့ Android Wear ကို ထုတ်လုပ်ရတာ ခက်ခဲဖို့မရှိပါဘူး။ Google ကလည်း အရေးပါတဲ့ Software ကို သူ့အတွေ့အကြုံနဲ့ ကောင်းကောင်းထောက်ပံ့ပေးနိုင်ပါတယ်။ ဒါပေမဲ့ Android Wear အောင်မြင်ဖို့အတွက်က Third-party developers တွေအပေါ်မှာလည်း မူတည်နေပြီး စိတ်ဝင်စားစရာ apps တွေ လိုအပ်နေပါတယ်။ Android Wear ဟာ စမတ်နာရီတွေအတွက် ရည်ရွယ်ပေမယ့် Google Glass လို တခြားဝတ်ဆင်နိုင်တဲ့ ပစ္စည်းတွေမှာလည်း သုံးနိုင်တာမမေ့သင့်ပါဘူး။ Android Wear ဟာ အနာဂတ်အတွက် ပထမဆုံးခြေလှမ်းတစ်ရပ်ပဲ ဖြစ်ပါလိမ့်မယ်။




# REAL-WORLD USES FOR 3D PRINTING

3D ပရင်တာတွေ ခေတ်စားလာတာသိပ်မကြာသေးပါဘူး။ ဒီနည်းပညာပေါ်ခဲ့တာကြာပြီဆိုပေမယ့် လူတိုင်းသုံးနိုင်တဲ့ အဆင့်ကို လက်ရှိကာလကျမှ ရောက်လာတယ်လို့ ဆိုနိုင်ပါတယ်။ ဒါတောင် အိမ်သုံး 3D ပရင်တာတွေဟာ ခေတ်အစပဲရှိသေးပြီး အနာဂတ်မှာ ဒီ့ထက်ပိုဈေးကျလာဖို့ ရှိနေပါသေးတယ်။ နည်းပညာအသစ်မဟုတ်ပေမယ့် ခုမှလူသုံးများလာတာမို့ 3D ပရင်တာဆိုတာ ဘာမှန်းမသိသူတွေ ကြားဖူးပေမယ့်နားမလည်သူတွေရှိနေဆဲပါ။ 3D ပရင်တာဟာ စိတ်ကူးယဉ်နိုင်သမျှ ပစ္စည်းဆန်းတွေကို ပုံဖော်ပေးနိုင်တာကြောင့် အနာဂတ်မှာ ဒီ့ထက်ပိုတွင်တွင်ကျယ်ကျယ် နေရာယူလာပါလိမ့်မယ်။ ဒါကြောင့် 3D ပရင်တာနဲ့ ပတ်သက်သမျှ အကြောင်းအရာအားလုံးကို အခြေခံကစလို့ အသေးစိတ်တင်ဆက်ပေးဖို့ စိတ်ကူးမိခဲ့ပါတယ်။

## PROTOTYPING



ဘယ်ပစ္စည်းကိုမဆို အများအပြားမထုတ်လုပ်ခင် တစ်ခုနှစ်ခု စမ်းသပ်ထုတ်လုပ်ရတာ ထုံးစံပါပဲ။ စမ်းသပ်ထုတ်လုပ်တာမရှိရင် လက်တွေ့အသုံးဝင်မှုနဲ့ ချို့ယွင်းချက်တွေကိုသိဖို့ မလွယ်ပါဘူး။ ပြဿနာက ပစ္စည်းတစ်ခုပဲ အစမ်းထုတ်ရတာဟာ ကုန်ကျစရိတ်ကြီးမားပြီး အချိန်ကုန်ပါတယ်။ ဒါပေမဲ့ 3D ပရင်တာတွေက ဒီပြဿနာကို ဖြေရှင်းပေးနိုင်ပြီး ကုန်ကျစရိတ် သက်သာရုံမက ပိုလည်းမြန်ဆန်စေပါတယ်။ ဒါကို လက်တွေ့ပြရရင် ကားထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ တွင်တွင်ကျယ်ကျယ် တွေ့နိုင်ပါတယ်။ နမူနာပစ္စည်းကို မြန်မြန်ထုတ်လုပ်နေနိုင်တာဟာ ဒီလုပ်ငန်းတွေအတွက် တန်ဖိုးမဖြတ်နိုင်ပါဘူး။ နာမည်ကြီး ကားထုတ်လုပ်သူတွေဖြစ်တဲ့ Lamborghini, Ford, Jaguar Land Rover, Hyuandi နဲ့ BMW တို့ဟာ 3D ပရင်တာကိုသုံးပြီး ကားအသစ်ရဲ့အစိတ်အပိုင်းတွေကို စမ်းသပ်ထုတ်လုပ်ပါတယ်။ 3D ပရင်တာကို လူတွေပေါပေါများများ သုံးနိုင်လာတာ မကြာသေးပေမယ့် ကုန်ထုတ်လုပ်ငန်းကြီးတွေမှာသုံးလာတာ နှစ်နဲ့ချီကြာခဲ့ပါပြီ။

ဥပမာ– မီချီဂန်မှာရှိတဲ့ Ford ရဲ့ Bacch Daly Technical Centre ဟာ ကြီးမားတဲ့လုပ်ငန်းသုံး 3D ပရင်တာကြီးတွေသုံးပြီး brake rotors နဲ့ cylinder heads တွေကို တခြားနည်းလမ်းထက် ပိုလျင်လျင်မြန်မြန် ထုတ်လုပ်ပေးနေပါတယ်။ ကားအပိုပစ္စည်းတွေကို အိမ်မှာထုတ်လုပ်နိုင်ခဲ့ရင်လည်း ကိုယ်တိုင်ပြင်ဆင်နိုင်မှာမို့ မြန်ဆန်ပြီးစရိတ်သက်သာဖို့ရှိနေပါတယ်။ ကားအပိုပစ္စည်းတွေကို အိမ်မှာထုတ်လုပ်နိုင်ခဲ့ရင်လည်း ကိုယ်တိုင်ပြင်ဆင်နိုင်မှာမို့ မြန်ဆန်ပြီး စရိတ်သက်သာဖို့ရှိနေပါတယ်။ Ford က မကြာမီမှာ 3D ပရင်တာတွေဟာ ဒီ့ထက်တွင်ကျယ်လာပြီး ကားဝယ်သူတွေ ကိုယ်တိုင်အပိုပစ္စည်းတွေကို အိမ်မှာထုတ်လုပ်နိုင်ဖို့ မဝေးဘူးလို့ ယုံကြည်ထားပါတယ်။ 3D ပရင်တာတွေဟာ အလွှာတွေထပ်ပြီးလိုတဲ့ပစ္စည်းရအောင် ဖန်တီးတာမို့ စဉ်းစားစရာ နည်းလမ်းအသစ်တွေလည်း ရလာနိုင်ပါတယ်။ ဒီဇိုင်နာဖြစ်သူ Nir Siegel က ကားတစ်စီးလုံးရဲ့ နမူနာကို 3D ပရင်တာနဲ့ပဲ တည်ဆောက်ပြခဲ့ဖူးပါတယ်။ Siegel ရဲ့ thesis project တစ်ခုဖြစ်ပြီး အနာဂတ်မှ ခပ်စောစောမြင်ရဖို့မရှိပေမယ့် စိတ်ဝင်စားစရာကောင်းတဲ့ အကြံဉာဏ်တစ်ခုပါပဲ။

Urbee ဆိုတဲ့ ကားလေးကတော့ ဘီးသုံးဘီးပါတဲ့ ကားငယ်လေးဖြစ်ပြီး 3D ပရင်တာကထုတ်ထားတဲ့ အစိတ်အပိုင်း 40လောက်နဲ့ ဖန်တီးထားပါတယ်။ Kor Ecologic ကုမ္ပဏီကစမ်းသပ်တာဖြစ်ပြီး အစိတ်အပိုင်းနည်းတဲ့အတွက် ပိုပေါ့ပါးပြီး ခိုင်မာလာပါတယ်။ ပေါ့ပါးလေလေ ဆီစားသက်သာလေလည်းဖြစ်ပါတယ်။ Urbee ကို စမ်းသပ်မှုအကြိမ်ကြိမ်လုပ်ခဲ့ပြီး အခုအချိန်မှာ ဒုတိယမြောက်ပြင်ဆင်မှု ပြုလုပ်နေပါတယ်။ 3D ပရင်တာကြောင့် အချိန်ကုန်သက်သာခဲ့ပေမယ့် ကားတစ်စီးစာ ပရင်တာကထုတ်လုပ်ဖို့ နာရီ 2500 ကြာမြင့်ပါတယ်။ တပ်ဆင်ချိန်နဲ့ဆိုရင် ၁၅ ပတ်နီးပါးရှိပါတယ်။

3D ပရင်တာနဲ့ စမ်းသပ်ပစ္စည်းတွေထုတ်လုပ်ရတာ မြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာတာသိခဲ့ပြီးပါပြီ၊ သူ့ရဲ့အားနည်းချက်ကတော့ အများအပြားထုတ်လုပ်ဖို့ခက်ခဲတာပါပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် 3D ပရင်တာတွေဟာ စမ်းသပ်ပစ္စည်းထုတ်လုပ်ရာမှာ မြန်ဆန်တဲ့အတွက် ကုမ္ပဏီတွေအကြိုက်တွေ့ကြတာအမှန်ပါပဲ၊ ဒါကြောင့် နောက်ဆယ်စုနှစ်အတွင်းမှာ 3D ပရင်တာတွေဟာ ဒီ့ထက်ဖွံ့ဖြိုးလာဖို့ရှိပြီး ကုန်ထုတ်လုပ်ငန်းအတွက်လည်း ပိုအသုံးဝင်လာပါလိမ့်မယ်။






## MEDICINE

3D ပရင်တာတွေဟာ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ သာမက ဆေးကုသမှုမှာပါ ပါဝင်နိုင်မှာဖြစ်ပါတယ်။ 3D ပရင်တာတွေဟာ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအတုတွေကို ဖန်တီးပေးနိုင်ပြီး လက်ရှိမှာတင် ခြေလက်အတုတွေ ထုတ်လုပ်နိုင်ပါတယ်။ အနာဂတ်မှာ ဒီ့ထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ရလဒ်ကို ရလာနိုင်ပါတယ်။ Organovo ဟာ bioprinting ကုမ္ပဏီဖြစ်ပြီး ဆန်ဒီရေဂိုမှာ အခြေစိုက်ပါတယ်။ ခန္ဓာကိုယ်ထဲမှာအတိုင်း အလုပ်လုပ်နိုင်တဲ့ သက်ရှိတစ်သျှူးကို ပရင်တာနဲ့ ထုတ်လုပ်ခဲ့ပါတယ်။ အောင်အောင်မြင်မြင် ဖန်တီးနိုင်ခဲ့တဲ့ တစ်သျှူးတွေကတော့ အသည်း၊ ကြွက်သားနဲ့သွေးကြောနံရံတွေဖြစ်ပြီး နောက်ပိုင်းမှာ လူနာတွေကို အစားထိုးပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။

### Printing Drugs

နောက်ထပ်သုတေသန တစ်ခုကတော့ 3D ပရင်တာနဲ့ လိုအပ်တဲ့ဆေးကို ထုတ်လုပ်နိုင်ဖို့ပါပဲ။ အနာဂတ် 3D ပရင်တာတွေဟာ လိုအပ်တဲ့မော်လီကျူးလေးတွေ ပေါင်းစပ်ပြီး လိုအပ်တဲ့ဆေးကို အချိန်မရွေးထုတ်လုပ်ပေးနိုင်မယ်လို့ ယူဆကြပါတယ်။ ဆေးဆိုင်တွေအတွက်လည်း အများကြီးရိုးရှင်းသွားမှာဖြစ်ပြီး ဆေးတွေအများကြီး သိုလှောင်ထားစရာ မလိုတော့ပါဘူး။ ဆေးရုံတွေနဲ့ ဝေးလံတဲ့ဒေသတွေအတွက်လည်း အထူးပဲ အသုံးဝင်ပါလိမ့်မယ်။ လူနာတွေရဲ့ မျိုးရိုးဗီဇပေါ်မူတည်ပြီး လိုက်ဖက်ညီတဲ့ဆေးကိုတောင် ထုတ်လုပ်နိုင်လာဖို့ရှိတယ်လို့ လည်း ယူဆထားကြပါတယ်။ အခုအချိန်မှာတော့ စိတ်ကူးယဉ်ဆန်ပေမယ့် တစ်ချိန်မှာ ဒါတွေဟာလက်တွေ့ ဖြစ်လာပါလိမ့်မယ်။



### Bring Some 3D Printing to Home

ကြီးကြီးမားမား ပရောဂျက်ကြီးတွေ ခဏဖယ်ထားပြီး 3D ပရင်တာ နဲ့ လက်ရှိကာလ အိမ်မှာဘာလုပ်နိုင်မလဲ ကြည့်ရအောင်ပါ။ လက်ရှိမှာ အိမ်သုံး 3D ပရင်တာကို သုံးပြီး ဆောက်လုပ်ရေးလုပ်ငန်းအတွက်သုံးဖို့ စီမံနေတဲ့ကိစ္စတွေအများကြီးရှိပါတယ်။ အနည်းဆုံးတော့ အဝတ်ချိတ်တဲ့ ချိတ်တွေ၊ ခန်းဆီးချိတ်တဲ့ချိတ်တွေကို ပရင်တာနဲ့ ထုတ်လုပ်နိုင်တာ သေချာပါတယ်။ အိမ်သုံးပစ္စည်းအများအပြားကိုလည်း Thingiverse နဲ့ Shapeways လို Websites တွေမှာ တွေ့နိုင် အလွယ်တကူရယူနိုင်ပါတယ်။ ဒ့ါအပြင် 3D ပရင်တာနဲ့ သိပ်မခက်ခဲတဲ ပရိဘောဂတွေ ထုတ်လုပ်နိုင်တာလည်း သေချာပါတယ်၊ 3D ပရင်တာတွေဟာ အနာဂတ်မှာ ဒီ့ထက် ပိုတွင်ကျယ်လာဖို့ သေချာနေပါတယ်။



# HOUSES AND HOMES

3D ပရင်တာရဲ့ စွမ်းရည်ကို ထိထိရောက်ရောက်သုံးနိုင်မယ့် နောက်တစ်နေရာက တည်ဆောက်မှုလုပ်ငန်းတွေပါ။ ဗိသုကာပညာရှင်တွေဟာ ဒီဇိုင်းကို စဉ်းစားရာမှာ CAD software ဟာ မပါမဖြစ်ပါဝင်ပါတယ်။ တစ်ခါတလေ ဒီဇိုင်းကို နမူနာပုံစံငယ်လေးတွေ ထုတ်ပြရတတ်တာမို့ ဗိသုကာ ဒီဇိုင်းပညာရှင်တွေအတွက် 3D ပရင်တာလိုအပ်တာ ဘာမှမထူးဆန်းပါဘူး။ ဒါပေမဲ့ 3D ပရင်တာကို နမူနာပုံစံအတွက်ပဲ သုံးမယ်ဆိုရင် သိပ်လျှော့တွက်ရာ ရောက်ပါလိမ့်မယ်။ 3D ပရင်တာကို တည်ဆောက်ရေးလုပ်ငန်းအတွက် သုံးနိုင်တာတွေအများကြီးရှိပါတယ်။

## New Kinds of Buildings




Universal Architecture က Janjaap Ruijssenaars ဟာ 3D ပရင်တာအကြီးစားတွေသုံးပြီး ထူးခြားတဲ့အဆောက်အဦတွေ ဖန်တီးဖို့ ကြိုးစားနေပါတယ်။ D-Shape 3D ပရင်တာကို ၂၀၁၀ မှာ တီထွင်ခဲ့ပြီး ကမ္ဘာ့အကြီးဆုံး 3D ပရင်တာတစ်ခုဖြစ်နိုင်ပါတယ်။ သဲနဲ့ အခြားပစ္စည်းတွေ ရောသုံးပြီး ရောမကျောက်ရုပ်ကြီးတွေ ဖန်တီးနိုင်ခဲ့ပါတယ်။ D-Shape ပရင်တာကို သုံးပြီး သန္တာကျောက်တန်းအတု ဖန်တီးဖို့လည်း ကြိုးစားနေပါတယ်။ ဒါ့အပြင် အိမ်တွေလည်း ဆောက်လုပ်နိုင်မှာဖြစ်ပြီး သဘာဝမြေပြင်နဲ့ ဆင်တူတဲ့အိမ်ပုံစံတွေကို ဆောက်လုပ်ဖို့ရှိပါတယ်။ Landscape House လို ကြီးမားတဲ့ဒီဇိုင်းကို 3D ပရင်တာနဲ့ ဆောက်မယ်ဆိုရင် 3D ပရင်တာ အလွန်ကြီးဖို့ လိုပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ အစိတ်အပိုင်းလေးတွေကို ဆက်စပ်ယူရမှာပါ။ အခြားနည်းလမ်းကို စဉ်းစားနေကြပေမယ့် Landscape House တကယ်ဖြစ်လာခဲ့ရင် အစိတ်အပိုင်းတွေကိုပဲ ဆက်စပ်ဆောက်လုပ်ရဖို့ များပါတယ်။ D-Shape ပရင်တာကို အနာဂတ်ကာလမှာ လကမ္ဘာပေါ်မှာ နေထိုင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းမှာ သုံးနိုင်ဖို့ထိ ရည်ရွယ်ထားကြပါတယ်။

## Brick By Brick



Building Bytes ဟာ Amshedam အခြေစိုက်တဲ့ ဗိသုကာပညာရှင် ဘရိုင်ယန်ပီတာရဲ့ ပရောဂျက်ဖြစ်ပြီး အနာဂတ်အိမ်တွေကိုဆောက်ဖို့ အုတ်ခဲကို 3D ပရင်တာနဲ့ ထုတ်လုပ်ဖို့ ကြံစည်ထားပါတယ်။ ပုံမှန်အိမ်သုံး 3D ပရင်တာကိုပဲ Extruder head ပြောင်းတပ်ပြီး ceramic အုတ်ခဲကို ထုတ်လုပ်ခဲ့ပါတယ်။ မြေကြီးအရောပစ္စည်းတစ်မျိုးကို သုံးခဲ့ပြီး ပုံစံခွက်ပြုလုပ်ရာမှာ သုံးတတ်ပါတယ်။ အုတ်ခဲတစ်ခဲရဖို့ 3D ပရင်တာအနေနဲ့ ၁၅ မိနစ် ကြာခဲ့ပါတယ်။ အုတ်ခဲဒီဇိုင်းအမျိုးမျိုးကိုလည်း စမ်းသပ်ခဲ့ပြီး ဒီအုတ်ခဲတွေနဲ့ ဆောက်လုပ်တဲ့အခါမှာ ခိုင်မာမှုရှိတာကို တွေ့ရပါတယ်။ ကုန်ကျစရိတ်နဲ့ အချိန်ရေတွက်ရင် Building Bytes ဟာ ပုံမှန်ထုတ်လုပ်မှုထက် သိပ်ပြီးသာတာမဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ရဲ့အားသာချက်က လုပ်ငန်းခွင်မှာတင် ထုတ်လုပ်နိုင်တာပါ။ အုတ်ခဲတွေ တန်နဲ့ချီပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်ဆီ ပို့စရာမလိုဘဲ ceramic mixture အိတ် တွေနဲ့ 3D ပရင်တာတွေရှိရုံနဲ့ လိုအပ်သမျှ ထုတ်ယူနိုင်ပါလိမ့်မယ်။ နောက်ထပ် အားသာချက်က လိုချင်တဲ့အုတ်ခဲပုံကိုရနိုင်ဖို့ ပိုဆန်းသစ်တဲ့အဆောက်အဦ ဒီဇိုင်းတွေ ဆောက်လုပ်နိုင်မှာပါပဲ။ Building Bytes ရဲ့ပရောဂျက် နောက်တစ်ဆင့်ကတော့ တခြားပစ္စည်းတွေနဲ့ စမ်းသပ်ဖို့ပဲ ဖြစ်ပါတယ်။ ကွန်ကရစ်ကို သုံးနိုင်ဖို့ရှိပြီး ရာသီဥတုနဲ့ ပိုကိုက်ညီမယ့်အုတ်တွေ ထုတ်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။

## The First 3D Printed House

နောက်ထပ်ပရောဂျက်တစ်ခုကလည်း အမ်စတာဒမ်မှာပဲ အခြေခံပြီး DUS Architects က ကမ္ဘာ့ပထမဆုံး 3D ပရင်တာနဲ့ ထုတ်လုပ်တဲ့အိမ်ကို ဆောက်ဖို့ကြိုးစားနေပါတယ်။ အုတ်ခဲလောက်နဲ့တင် မကျေနပ်ဘဲ ရောမ 3D ပရင်တာကြီးကို အမ်စတာဒမ် တူးမြောင်းဘေးမှာထားပြီး အိမ်တစ်လုံး ဆောက်ဖို့လုပ်နေပါတယ်။ KamerMaker လို့ခေါ်တဲ့ ဒီ 3D ပရင်တာဟာ အလွန်ကြီးမားပေမယ့် စားပွဲတွင် Ultimaker Printer နဲ့ အတူတူပါပဲ။ ပလတ်စတစ်နဲ့ သစ်သားစအရောကိုသုံးပြီး နံရံ မျက်နှာကြက်၊ တံခါးစတာတွေ ဖန်တီးခဲ့ပါတယ်။ အပိုင်းအစတွေကို ခိုင်မြဲဖို့အတွက် သံမဏိကြိုးတွေနဲ့ ဆိုင်းခဲ့ပါတယ်။ နောက်ပိုင်းမှာ အိမ်တစ်ခုလုံးတင် မကဘဲ အလှဆင်ပစ္စည်းတွေနဲ့ ပရိဘောဂတွေကိုပါ 3D ပရင်တာနဲ့ ထုတ်လုပ်ဖို့ရည်ရွယ်ထားပါတယ်။ ဒီပရောဂျက်ဟာ ၂၀၁၂ မှာ စတင်ခဲ့ပြီး တဖြည်းဖြည်းနဲ့ ပစ္စည်းအသစ်တွေကိုသုံးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ နောက်ပိုင်းမှာ စွန့်ပစ်ပလတ်စတစ်တွေကိုပါ သုံးနိုင်ဖို့ရည်ရွယ်ထားပါတယ်။ လက်ရှိမှာတော့ ကုန်ကျစရိတ်များပြီး နှေးနှေးကွေးကွေးနဲ့ ရှေ့ဆက်နေပေမယ့် ပြီးစီးအောင်လုပ်ပြနိုင်ခဲ့ရင်တော့ အနာဂတ်ဆောက်လုပ်ရေးလုပ်ငန်းမှာ အပြောင်းအလဲတစ်ခု ဖြစ်လာနိုင်ပါတယ်။




# FOOD

## 3D Printing For Dinner

ဘာစီလိုနာအခြေစိုက်တဲ့ Natural Machines ဟာ 3D Food ပရင်တာကို ထုတ်လုပ်ဖို့စီစဉ်နေပါတယ်။ အစမ်းထုတ်လုပ်ထားတဲ့ Foodini ဟာ 3D ပရင်တာဖြစ်ပြီး အိမ်ကမီးဖိုခန်းမှာသုံးနိုင်ဖို့ ရည်ရွယ်ပါတယ်။ Foodini ပရင်တာဟာ လုပ်ရတာအချိန်ကုန်တဲ့အစားအသောက်တွေကို လှလှပပ ထုတ်လုပ်ပေးနိုင်ပါလိမ့်မယ်။ လက်တွေ့ကျတဲ့ အတွေးအခေါ်ဖြစ်ပြီး Foodini ဟာ ကျန်းမာစွာစားသောက်နိုင်ရေးကိုလည်း အားပေးနိုင်မယ်လို့ Natural Machines ကဆိုပါတယ်။ အခြားသူတွေထုတ်လုပ်ထားတာတွေကို ဝယ်စားမယ့်အစား ခရက်ကာ၊ ဘီစကွတ် စတာတွေကို ကိုယ်တိုင်ထုတ်လုပ်နိုင်မှာမို့ ပါဝင်တဲ့ပစ္စည်းတွေကို ကိုယ်တိုင်သိနိုင်ပါတယ်။ အတွေ့အကြုံမရှိဘဲနဲ့လည်း အစားအသောက်ကောင်းကောင်း ဖန်တီးနိုင်လာပါလိမ့်မယ်။ ဒီ့ထက်ပိုအားသာတာက Foodini ဟာ ရှုပ်ထွေးတဲ့ပုံတွေကို ဖန်တီးပေးနိုင်တာမို့ နေ့စဉ်စားသောက်မယ့် အစားအသောက်ကို ကောင်းမွန်လှပစေပါတယ်။ Foodini ဟာ FDM 3D ပရင်တာနဲ့တူညီပြီး ပရင်တာအများစုနဲ့ မတူတာက ကွဲပြားတဲ့အခြေခံပစ္စည်း ၆ မျိုးထိ သုံးနိုင်တာပါပဲ။ ဒါကြောင့် သုံးစွဲသူဟာ နှစ်သက်ရာပစ္စည်း ၆ မျိုးနဲ့ အစားအသောက်ကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

## More Concept Printers



Digital Chocolatier incoporates ဟာလည်း သကြားလုံးနဲ့ ချောကလက်အမျိုးမျိုး ထုတ်လုပ်ပေးနိုင်မယ့် 3D ပရင်တာတွေကို စမ်းသပ်နေပါတယ်။ အအေးခံတဲ့အခန်းပါဝင်တာမို့ ချောကလက်တို့ ချက်ချင်း အအေးခံပြီး စားသုံးနိုင်ပါတယ်။ ဒါ့အပြင် အစားအသောက်တွေကို ပြင်ဆင်ပေးနိုင်တဲ့ ပရင်တာကိုလည်း စမ်းသပ်နေပါတယ်။ ဒါတွေဟာ တကယ်ဖြစ်လာခဲ့ရင် စားဖိုမှူးတွေရဲ့ အခန်းကဏ္ဍဟာတစ်မျိုး ဖြစ်သွားနိုင်ပါတယ်။

## 3D Printed Sweets

လက်ရှိမှာတင် 3D ပရင်တာနဲ့ အစားအသောက်ထုတ်လုပ်နိုင်တဲ့ နည်းလမ်းတွေရှိနေပါပြီ။ Choc Edge ကုမ္ပဏီဟာ 3D ပရင်တာနဲ့ ချောကလက်ရုပ်တုတွေထုတ်လုပ်ပေးပြီး Online ကနေမှာယူနိုင်ပါတယ်။ 3D ပရင်တာမှာ ချောကလက်ဟာ သုံးစွဲရကောင်းမွန်ပြီး ABS, PLA စတာတွေနဲ့ ဆင်တူပါတယ်။ ပုံမှန်အခန်းတွင်း အပူချိန်မှာအခဲဖြစ်ပေမယ့် အလွယ်တကူအရည်ပျော်စေနိုင်ပါတယ်။ ABS, PLA စတာတွေလောက် တိတိကျကျ ဒီဇိုင်းဖော်လို့မရပေမယ့် ချောကလက်က စားလို့ရတာသေချာပါတယ်။ Choc Edge ရဲ့ Website ကနေ 3D ပရင်တာကို ဝယ်ယူနိုင်ပြီး 2888 ပေါင်ကျသင့်ပါလိမ့်မယ်။

နောက်ထပ်ဝယ်ယူနိုင်တဲ့ 3D ပရင်တာတစ်ခုက 3D-Printed Sugar ပါ။ Sugar Lab က Liz နဲ့ Kyle တို့ တည်ထောင်ထားတာဖြစ်ပြီး သကြားကို ပုံသဏ္ဍာန်အမျိုးမျိုး ဖန်တီးနိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ လှပတဲ့သကြားရုပ်တွေကို စားလို့ သိပ်မကောင်းသေးပါဘူး။ Sugar Lab က အနံ့နဲ့ အရသာတွေ ဖြည့်စွက်ဖို့ ကြိုးစားနေပါတယ်။ အစားအစာမျိုးစုံကို ထုတ်လုပ်ပေးနိုင်မယ့် 3D ပရင်တာတွေကို စမ်းသပ်နေကြပြီး မကြာခင်မှာ ဒီ့ထက် ပိုများများ မြင်လာရဖို့ ရှိပါတယ်။ NASA ကတောင်မှ 3D ပီဇာပရင်တာကို ထုတ်လုပ်ထားပြီး အာကာသထဲမှာ ပီဇာလုပ်ပေးနိုင်ပါလိမ့်မယ်။



# SPORTS



အားကစားလောကမှာ အားသာချက်ဘာပဲရှိရှိ ဒါဟာ အရှုံးနဲ့ အနိုင်ကို ကွဲပြားစေပါတယ်။ ဒါကြောင့် အားကစားပစ္စည်းအမျိုးမျိုးကို အပြိုင်အဆိုင် ထုတ်လုပ်ရောင်းချနေကြတာပါ။ ထုတ်လုပ်သူတွေဟာ သူတို့ရဲ့ အားကစားပစ္စည်းတွေဟာ ပိုပေါ့ပါးကြောင်း ပိုကောင်းကြောင်းကို ပြချင်ကြပါတယ်။ ပစ္စည်းတွေကို အမြန်ထုတ်လုပ်ပြီး သုံးစွဲသူနဲ့ ကိုက်ညီအောင် ထုတ်လုပ်နိုင်ဖို့အတွက် အားကစားပစ္စည်း ထုတ်လုပ်သူတွေဟာ 3D ပရင်တာကို စိတ်ဝင်စားလာကြပါတယ်။



## Better Shoes

အပြေး အားကစားသမားတိုင်းက ဖိနပ် အရေးကြီးတယ်ဆိုတာ သိသလို ဘောလုံးလို အားကစားမျိုးမှာလည်း ဖိနပ်ဟာ အရေးကြီးပါတယ်။ Nike ရဲ့ Vapor Laser Talon ဖိနပ်ဟာ 3D ပရင်တာကို သုံးထားပြီး ဖိနပ်ရဲ့ပုံစံကို အိုလံပစ်အပြေးသမား မိုက်ကယ်ဂျွန်ဆန်ရဲ့ပြေးပုံကို နမူနာယူပြီး ဖန်တီးခဲ့ပါတယ်။

| Model | Price |
|---|---|
| TOUCH T01 BLK (4 GB) | USD 5.7 |
| TOUCH T03 Silver (4GB) | USD 6.00 |
| TOUCH 830 (8 GB) | USD 6.3 |
| TOUCH T03 Horse(4GB) | USD 6.00 |
| ULTIMA U03 (4 GB) | USD 5.60 |
| HELIOS 101 (4 GB) | USD 5.60 |
| ULTIMA U03 Black(4GB) | USD 5.60 |
| ULTIMA II-I Series (4GB) | USD 5.60 |
| SP HELIOUS 101 (4GB) | USD 5.7 |
| Firma F80 Horse (8GB) | USD 8.10 |

## ViewSonic

Royal Ayeyarwaddy

Ph:384850

| LED Monitor | |
|---|---|
| VA1911wa LED 18.5" | 97,000 |
| VA2037a-LED 20" | 108,000 |
| VA2212a-LED 22" | 147,000 |
| VX2270Smh-LED 22" | 168,000 |
| TD2220-LED 22" | 309,000 |
| VSD220-22" | 710,000 |
| VX2370Smh-LED 23" | 206,000 |
| VX2770Smh-LED 24" | 353,000 |
| **LED HD TV** | |
| VT3210 LED HDTV/PC | 245,000 |
| **Projector** | |
| PJD5126 DLP/2700 Lumens | 411,000 |
| PJD5132 DLP/3000 Lumens | 421,000 |
| PJD5134 DLP/3000 Lumens | 451,000 |
| PJD5234L DLP/3000Lumens | 539,000 |
| PJD6243DLP/3200Lumens | 559,000 |
| PJD6553wDLP/3500Lumens | 794,000 |
| PJD7583wi Short Throw | 1,268,000 |
| Pro 8500 DLP (with HDMI) | 1,729,000 |

## ADATA

Micro

Ph: 294503

| USB Flash Drive | |
|---|---|
| UV120 (8GB) | USD 6.60 |
| UV120 (16GB) | USD 10.00 |
| C103 USB3.0 (8GB) | USD 8.20 |
| C103 USB3.0 (16GB) | USD 11.30 |
| UD320 (16GB) | USD 17.10 |
| UD320 (32GB) | USD 28.30 |
| **Memory Card** | |
| Micro SD Card (4GB) | 4,500 |
| Micro SD Card (8GB) | 4,700 |
| 10 UHS1 (16GB) | USD 11.00 |
| 4 without Adapter(8GB) | 4,600 |

## e-STUDIO TOSHIBA

Lucky Bird

Ph : 248167

Multifunciton Copier

| Model | Price |
|---|---|
| E-STUDIO 202S | USD 850 |
| E-STUDIO 223 | USD 1,599 |
| E-STUDIO 18 | USD 1,120 |
| E-STUDIO 255 | USD 2,600 |

## EPSON

Client Focus

Ph : 531043, 531044, 512927

| Single Function Printer (SFP) | |
|---|---|
| Epson C11CC60401 (L110) | 114,000 |
| Epson C11CC27401 (L300) | 147,000 |
| Epson C11CB57401 (L800) | 270,000 |
| **Multi Function Printer (MFP)** | |
| Epson C11CC03401 (ME301) | 114,000 |
| Epson C11CC59401 (L210) | 158,000 |
| Epson C11CC26401 (L350) | 176,000 |
| Epson L355 | 227,000 |
| Epson L550 | 280,000 |
| Epson C11CA96411 (WF-7511) | 534,000 |

## msi

Royal Smart

Ph:240110

| Motherboards (Haswell, 4th Gen Intel® Processor For LGA 1150) ATX | |
|---|---|
| Z87-GD65 (Gaming) | 241,000 |
| Z87-G45 (Gaming) | 197,000 |
| H87-G43 (Gaming) | 133,000 |
| H87M-G43 | 102,000 |
| H87M-E35 | 92,000 |
| B85M-E45 | 88,000 |
| H81M-E33 V2 | 67,000 |
| H81M-E34 | 66,000 |
| H81M-P33 | 61,000 |
| **Motherboard (Ivy Bridge, Sandy Bridge Processor for LGA 1155) ATX** | |
| Z77A-GD65 (G3) | 207,000 |
| Z61M-P31/W8 (G3) | 56,000 |
| **Notebook** | |
| GT 70 2PC (Gaming) | 1,785,000 |
| GS 70 2PC (Gaming) | 1,495,000 |
| GS 70 2OD (Gaming) | 1,389,000 |
| GE 60 2OE (Gaming) | 1,138,000 |
| GP60 2OD (Gaming) | 1,003,000 |
| GE40 2OC (Gaming) | 964,000 |
| CX61 2PC-i7 (Classic) | 771,000 |
| CX61 2OC-i5 (Classic) | 626,000 |
| CX61 2OC-i3 (Classic) | 558,000 |
| S12 3M (Classic) | 298,000 |
| CR42 2M (Classic) | 365,000 |
| CR61 3M (Classic) | 346,000 |
| **AMD Graphics Cards (2 Years Warranty)** | |
| R9270X Gaming 2G BF4 | 212,000 |
| R7260X 2GD5 OC | 155,000 |
| R7750 1GD5/OC | 109,000 |
| R5450-MD 1G D3H/LP | 37,000 |
| **Nvidia Graphic Cards (2 Year Warranty)** | |
| Nvidia Geforce GTX 760TF 2GD5/OC | 279,000 |
| N660 TF 2GD5/OC | 217,000 |
| Nvidia Geforce GTX 750-1GD5/OC | 145,000 |
| N630GT-MD 4GD3 | 88,000 |
| N610GT-MD 2GD3/LP | 56,000 |
| N440GT-MD 512D5 | 63,000 |

## MacGreen

Micro

Ph: 294503

| UPS with Green Function | |
|---|---|
| 650VA UPS | 30,000 |
| 1200VA UPS | 61,000 |
| **UPS with Inverter (EPS)** | |
| 1000KVA EPS | 94,000 |
| 2000KVA EPS | 120,000 |

## DELL

KMD

Ph :245180,385177

| Notebook | |
|---|---|
| Dell Inspiron 5437(Oak14M-1405-120) | USD 629 |
| Dell Inspiron 5737(Oak14M-1405-122) | USD 689 |
| Dell Inspiron 3521(Oak15V-1403-212) | USD 679 |
| Dell Inspiron 3421(Oak14V-1401-207) | USD 429 |
| Dell XPS 12 (MUR1401-026) | USD 1,609 |

## ASUS

Golden Power

Ph: 210943

| MotherBoard (1155 Socket) | |
|---|---|
| H61M-A/USB3 | USD 63 |
| H61M-E | USD 59 |
| **MotherBoard (1150 Socket)** | |
| Maximus VI Extreme | USD 490 |
| Z87-DELUXE | USD 335 |
| SABERTOOTH Z87 | USD 305 |
| MAXIMUS VI HERO | USD 281 |
| Z87M-PRO | USD 239 |
| Z87M-PLUS | USD 132 |
| H87M-E | USD 100 |
| B85-Plus | USD 110 |
| H81M-D | USD 68 |
| B85M-G | USD 92 |
| **NoteBook (2 Years Warranty)** | |
| G750JX-CV159H | USD 2,149 |
| TAICHI21-CW012H | USD 1,429 |
| K450LN-WX037D | USD 769 |
| K450LD-WX094D | USD 669 |
| X451MA-VX027D | USD 319 |
| X452LD-VX066D | USD 639 |
| **VGA Card** | |
| MATRIX-R9280X-3GD5 | USD 455 |
| R9280X-DC2-3GD5 | USD 370 |
| R9270X-DC2T-4GD5 | USD 305 |
| R7250-1GD5 | USD 113 |
| R7240-2GD3-L | USD 89 |
| EAH6450sil/DI/1G/D3(LP) | USD 49 |
| **ODD DRIVE** | |
| ASUS SBW-06D2X-U | USD 102 |
| ASUS BW-16D1HT | USD 105 |
| ASUS SDRW-08D3S-U | USD 41 |
| ASUS DRW-24D3ST | USD 21.50 |
| **Monitor (3-Year Warranty)** | |
| ASUS VG278H 27" LED | USD 500 |
| ASUS MX279HR 27"LED | USD 360 |
| ASUS PA238Q 23"LED | USD 287 |
| ASUS MX239HR 23"LED | USD 282 |
| ASUS VG278HE 27"LED | USD 425 |

## RICOH

Client Focus

Ph : 523532,09-73042811

| Laser Printer (A4, Mono) | |
|---|---|
| Model | Price |
| Aficio SP 3400N | 175,120 |
| **Laser MFP (A4, Mono)** | |
| Model | Price |
| Aficio SP3400SF | 409,200 |
| **Laser SFP (A4, Color)** | |
| Model | Price |
| Ricoh SP C231 N | 466,400 |
| **Laser MFP (A4, Color)** | |
| Model | Price |
| Ricoh SP C242 SF | 717,200 |
| **Color Multifunctional Copier(A3)** | |
| Model | Price |
| Ricoh MPC 2030 | 2,948,000 |
| **Ricoh Multifunctional Copier (A3,Mono)** | |
| Model | Price |
| MP 1800Le | 1,276,000 |

၂၈.၅.၂၀၁၄ အထိ ဈေးနှုန်းများဖြစ်ပြီး
အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာနိုင်ငံ၏ No-1 အကျော်ကြားဆုံးတံဆိပ်

သွားတိုက်ဆေး

MMRD ဈေးစစ်တမ်းအရ
Myanmar Marketing Research & Development

✆ : 09 5152737

# Education Guide

FOR BRIGHTER FUTURE OF YOUR EDUCATION

University Scholarship + Student Life Education News Guide Line (Table)

## CTC ၏ ကျောင်းဝင်ခွင့်ဆိုင်ရာများနှင့် Scholarship များဆိုင်ရာ ဆွေးနွေးပွဲ ပြုလုပ်မည်



London ရှိ Cambridge Tutors College မှ တာဝန်ရှိသူ Mr.Ian Grout သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ(၇ရက်)၊ ညနေ (၄)နာရီမှ (၆)နာရီတွင် ကျောင်းဝင်ခွင့်ဆိုင်ရာများ၊ CTC မှပေးအပ်သည့် Scholarship ဆိုင်ရာများ အသေးစိတ်ဆွေးနွေးပွဲကို Parkroyal Hotel, Padamyar Room(3) တွင်ပြုလုပ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Cambridge Tutors College တွင် GCE A-level ကို Accounting, Art & Design, Biology, Business Studies, Chemistry, Computing, Economics, English, English Literature, Further Mathematics, Geography, Physics, Spanish, Statistics စသည့်ဘာသာရပ်များကို လေ့လာသင်ယူ၍ ရနိုင်မည်ဖြစ်သည်။ GCE A-level ကိုအချိန်ကာလ (၂)နှစ်တာ သင်ယူရမည်ဖြစ်ပြီး ထိုကာလအတွက် ကျောင်းဖွင့်ချိန်မှာ နှစ်စဉ်စက်တင်ဘာလတွင်ဖြစ်သည်။ နိုင်ငံတကာမှ ကျောင်းသူ၊ ကျောင်းသားများအတွက် အဆင်ပြေနိုင်စေရန် ကျောင်းဝင်ခွင့်ကို စက်တင်ဘာလတွင်သာမက (GCE A-level Fast Track) ကို ဇန်နဝါရီလတွင် ဖွင့်လှစ်ပေးထားသည်။ GCE A-level Fast Track Program သည် အချိန်ကာလ (၁၈)လကြာ သင်ယူရမည်ဖြစ်သည်။

Cambridge Tutors College ၌ GCE A-level ကိုသင်ကြားပေးရာတွင် စာသင်ခန်းတစ်ခန်းလျှင် အများဆုံးကျောင်းသူ၊ ကျောင်းသား (၉)ယောက်သာထားရှိပြီး သင်ကြားပေးခြင်း၊ ဘာသာရပ်တိုင်းကို တစ်ပတ်လျှင်တစ်ကြိမ် weekly test များ ပြုလုပ်ပေးခြင်း၊ ကျောင်းသူ၊ ကျောင်းသားတိုင်းအတွက် Personal Tutor များထားရှိပေးထားကြောင်း သိရသည်။

CTC မှအောင်မြင်သွားသော မြန်မာကျောင်းသားများထဲမှ (၆)ဦးသည် အင်္ဂလန်နိုင်ငံ၏ တက္ကသိုလ်ဝင်စာမေးပွဲဖြစ်သော GCE A-level စာမေးပွဲတွင် အင်္ဂလန်နိုင်ငံတစ်နိုင်ငံလုံး၏ အမှတ်အများဆုံး (၁၀)ဦးထဲတွင်ပါဝင်ခဲ့သည်။ အသေးစိတ်သိရှိလိုပါက Regent Consultancy Services Co.,Ltd, အမှတ် (R-2) အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ(၂)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၃၀၅၆၄၊ ၀၉-၅၀၁၉၈၇၀၊ ၀၉-၇၃၂၀၅၃၃၃ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **စန္ဒာ**

**T**he variety of Educational information for this week



### စင်ကာပူ Kaplan တက္ကသိုလ်တွင် Sales and Retail Management ဘာသာရပ်အသစ်ဖွင့်လှစ်

စင်ကာပူနိုင်ငံရှိ Kaplan Higher Education Academy တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီပလိုမာဘာသာရပ်အသစ်တစ်ခုဖြစ်သော Sales and Retail Management (အရောင်းနှင့်စီမံခန့်ခွဲမှု)ဘာသာရပ်အသစ်ကို ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း Myanmar Search International (MSI) နိုင်ငံခြားပညာရေးဝန်ဆောင်မှုမှ သိရှိရသည်။ ဘာသာရပ်အသစ်ဖြစ်သော Global Diploma in Commerce (Sales and Retail Management) ဘာသာရပ်ကို (၈)လကြာသင်ကြားရမှာဖြစ်ပြီး အသေးစိတ်သိရှိလိုပါက Myanmar Search International (MSI) နိုင်ငံခြားပညာရေးဝန်ဆောင်မှုရုံးခန်း၊ အမှတ်(၂၃၄)ရွှေဘုံသာ(အလယ်လမ်း) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁-၃၈၉၉၁၅၊ ၀၁-၂၅၀၉၂၉ သို့ဆက်သွယ်စုံစမ်းနိုင်သည်။ **စန္ဒာ**

### အမေရိကန်တက္ကသိုလ်များဆိုင်ရာ ပညာရေးဆွေးနွေးပွဲပြုလုပ်မည်

အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားလိုသော မြန်မာကျောင်းသူ၊ ကျောင်းသားများအတွက် ပညာရေးဆွေးနွေးပွဲကြီးကို ၂၀၁၄ ခုနှစ်၊ ဇွန်လ(၉)နေ့ (၃နာရီ)တွင် Regent Consultancy Services Co.,Ltd တွင် ပြုလုပ်ကျင်းပမည်ဖြစ်သည်။ ဆွေးနွေးရာတွင် University of New Hampshire, Western Kentucky University, University of Massachusetts Lowell, University of Massachusetts Boston, University of Massachusetts Dartmouth အစရှိသည့်တက္ကသိုလ်များနှင့် ပတ်သက်၍ ကျောင်းဝင်ခွင့်သတ်မှတ်ချက်များ၊ Scholarship ဆိုင်ရာများ၊ ကျောင်းပြီး၍ အလုပ်အကိုင်ရရှိနိုင်မှု အခွင့်အလမ်းများကို အထက်ပါတက္ကသိုလ်များ၏ တာဝန်ခံ Mr. Danial Hamzah မှ လာရောက်၍ (One to One Counselling) ဆွေးနွေးပေးမည်ဖြစ်ကြောင်း သိရသည်။

အထက်ပါတက္ကသိုလ်များတွင် Accounting, Advertising, Biology, Business, Business Informatics, Medical Technology, Organizational Leadership, Public Health, Public Relations, Sport Management အစရှိသည့် ဘာသာရပ်ပေါင်းများစွာကို သင်ယူနိုင်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Regent Consultancy Services Co.,Ltd, အမှတ်(R-2)၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ(၂)လမ်း၊ ကမာရွတ်မြို့နယ်။ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၃၀၅၆၄၊ ၀၉-၅၀၁၉၈၇၀၊ ၀၉-၇၃၂၀၅၃၃၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စန္ဒာ**



### University of Massachusetts (Boston, Lowell, Dartmouth) သို့ တိုက်ရိုက်တက်ရောက်နိုင်မည့် Navitas ၏ တစ်ဦးချင်းဆွေးနွေးပွဲ

အမေရိကန်ထိပ်တန်းတက္ကသိုလ်ကြီးဖြစ်သော University of Massachusetts (Lowell, Boston, Dartmouth) တို့ကို တက်ရောက်လိုသူများအတွက် Navitas ပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Yuliya Borrowski ကိုယ်တိုင် AT&S လသာရုံးခွဲတွင် ဇွန်လ(၂)ရက်နေ့၌ နေ့လည် ၁နာရီမှ ၃နာရီခွဲအထိ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက AT&S လသာရုံးခွဲ၊ အမှတ်(၁၄၀)၊ ပထမထပ်၊ စဉ့်အိုးတန်းလမ်း(အထက်)၊ လသာမြို့နယ်။ ဖုန်း ၀၁-၂၅၃၃၃၂၊ ၀၉-၅၀၆၂၁၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **စန္ဒာ**

### UK Diploma သင်တန်းများကို ဇွန်လဆန်းတွင်ဖွင့်လှစ်သင်ကြားမည်

River Samon Institute of Management (RSIM) သင်တန်းကျောင်းမှ နိုင်ငံတကာအသိအမှတ်ပြု UK Diploma ဘွဲ့များကို ဇွန်လဆန်းတွင် Section (၂)ခုခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဇွန်လဆန်းတွင် ဖွင့်လှစ်သင်ကြားပေးမည့် Diploma ဘာသာရပ်များနှင့် Certificate Course များမှာ – Diploma in Marketing Management, Diploma in Human Resource Management, Diploma in Supply Chain Management, Diploma in Hospitality Management, Certificate in Business Communication (English), Certificate in Human Resource Management, Certificate in Marketing Management, Certificate in Business Law ဘာသာရပ်တို့ဖြစ်သည်။

RSIM သည် UK နိုင်ငံ၏ ထိပ်တန်းပညာရေးအဖွဲ့အစည်းတစ်ခုဖြစ်သော PEARSON UK မှ တိုက်ရိုက်ပေးအပ်သော UK Diploma ဘွဲ့များကို သင်ကြားပေးသော ကျောင်းတစ်ကျောင်းဖြစ်သည်။ လူဦးရေကန့်သတ်ထားပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉ ၄၂၀၇၂၅၅၆၆၊ ၀၉ ၇၃၀၉၄၀၆၀ သို့ဆက်သွယ်စုံစမ်းနိုင်သည်။

**စန္ဒာ**

# SIAM University









## Overview

SIAM တက္ကသိုလ်သည် ထိုင်းနိုင်ငံ၏ရှေးဦးအကျဆုံး၊ အကြီးဆုံးနှင့် အခမ်းနားဆုံး ပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်ပြီး ဘန်ကောက်မြို့တော်၏ အနောက်တောင်ဘက်တွင် တည်ရှိကာ အဆောက်အအုံ (၂၀) ရှိသော ပထမတန်းပညာသင် ကြားမှုနှင့် Facilities အကောင်းဆုံး ပံ့ပိုးပေးထားသည့် ကျောင်းတစ်ခု ဖြစ်ပါသည်။

SIAM တက္ကသိုလ်သည် ထိုင်းနိုင်ငံ၏ပဋ္ဌမမြောက် အကြီးဆုံးပုဂ္ဂလိက တက္ကသိုလ်တစ်ခုဖြစ်သည့် ကမ္ဘာပေါ်ရှိကျောင်းသားများနှင့် သုတေသနပြုစုသူများ၏ ထောက်ခံမှုရရှိထားပြီးဖြစ်ပါသည်။ ထို့ပြင် International (နိုင်ငံတကာကျောင်းသားများ၏) အနှစ်ခြိုက်ဆုံး၊ အကျော်ကြားဆုံး နေရာတစ်ခုလည်း ဖြစ်ပါသည်။

SIAM တက္ကသိုလ်ကို ၁၉၆၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကျောင်းသားကျောင်းသူပေါင်း (၁၅,၀၀၀) ရှိကာ နိုင်ငံပေါင်း (၁၀) နိုင်ငံကျော်က လာရောက်သင်ယူနေကြသည်။ SIAM တက္ကသိုလ်သည် ခေတ်နှင့်အညီ Facilities များ ဖြည့်ဆည်းပေးထားပြီး တည်နေရာသည် မြို့၏ အလယ်တည့်တည့်တွင် တည်ရှိသည်။ အားကစားလေ့ကျင့်ခန်းမ၊ စတိုင်းဆိုင်၊ စားသောက်ဆိုင်၊ ဘဏ်နှင့် စာတိုက်များကို တက္ကသိုလ်အတွင်းတွင် ပြည့်စုံစွာစီစဉ်ပေးထားပါသည်။ တက္ကသိုလ်၏ ပင်မအဆောက်အဦသည် မီတာ (၁၀၀) ရှည်လျားသည်။

### Bachelor of Business Administration (စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းများ)

- Hotel and Tourism Management
- International Business Management - Finance and Banking

### Hotel and Tourism Management (HTM)

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုပညာကို သင်ယူပြီးမြောက်သူများအနေဖြင့် Hospitality လုပ်ငန်းများဖြစ်သည့် ဟိုတယ်လုပ်ငန်းအပါအဝင် ဧည့်ဝန်ဆောင်မှု လုပ်ငန်းအမျိုးမျိုးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (Tourism) အပြင် ခရီးစဉ်အမျိုးမျိုးဝန်ဆောင်မှုလုပ်ငန်း (Transporation Industries) များ၌ ဝင်ရောက်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများစွာ ရရှိလာမည့်အပြင် ဘွဲ့ရရှိပြီးသူများအနေဖြင့် ဖော်ပြပါ နယ်ပယ်အသီးသီးတွင် Middle Management Position အဆင့်ဖြင့် အလုပ်ခွင်ဝင်ရောက်နိုင်မည်ဖြစ်သည်။

### International Business Management (IBM)

နိုင်ငံတကာစီမံခန့်ခွဲအုပ်ချုပ်မှုပညာကို သင်ယူသူများသည် နိုင်ငံတကာအဆင့် ကူးသန်းရောင်းဝယ်မှုနှင့် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းခွင်ဝင်နိုင်သည်အထိ သင်ယူရမည်ဖြစ်သည်။ လိုအပ်သော ကျွမ်းကျင်မှုနှင့် ဗဟုသုတများကို ဖြည့်ဆည်းပေးပြီး အသေးစားနှင့်အလတ်စားလုပ်ငန်းများ၊ အကြီးစားနှင့် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ (MNC) များတွင် လုပ်ငန်းခွင်ဝင်နိုင်အောင် သင်ကြားပေးမှာဖြစ်သည်။

**The Curriculum - General Education Course** - 27 Credits, **Languages** - 12 Credits, **Business Administration** - 45 Credits, **International Business** - 45 Credits, **Free Elective Course** - 6 Credits, **Total** - 138 Credits.

| သင်တန်းနှစ် | သင်တန်းနေရာ | သင်တန်းကြေး |
|---|---|---|
| ပထမနှစ် | MCC (Training Institute) | ကျပ်သိန်း ၂၀ (စာမေးပွဲကြေးအပါအဝင်) |
| ဒုတိယနှစ် | MCC (Training Institute) | ကျပ်သိန်း ၂၀ (စာမေးပွဲကြေးအပါအဝင်) |
| တတိယနှစ် | SIAM University (Bangkok) | USD 2000 (ခန့်မှန်း) |
| စတုတ္ထနှစ် | SIAM University (Bangkok) | USD 2000 (ခန့်မှန်း) |

Website : www.siam.edu/

**MCC Training Institute (Yangon Campus)**
သိမ်ကြီးဈေး (စီ) ရုံ၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-245762, 246634, 395512

# Birmingham City University









## Overview

Birmingham City University ကို UK နိုင်ငံ၊ England ရှိ Birmingham မြို့တွင်လွန်ခဲ့သော နှစ်ပေါင်း (၁၆၀) ခန့်တွင် တည်ထောင်ခဲ့ပါသည်။ ထို့ပြင် Birmingham မြို့သည် UK နိုင်ငံတွင် ဒုတိယအကြီးဆုံး မြို့တစ်မြို့လည်းဖြစ်ပါသည်။ Birmingham City University သည် UK နိုင်ငံရှိ တက္ကသိုလ်များတွင် အကျော်ကြားဆုံးသော တက္ကသိုလ်တစ်ခုဖြစ်သည့်အပြင် နိုင်ငံပေါင်း (၈၀) ကျော်မှ ကျောင်းသူ၊ ကျောင်းသားပေါင်း (၂၅,၀၀၀ ယောက်) ခန့် ပညာသင်ယူလျက်ရှိရာ ဘွဲ့ကြိုဘာသာရပ်များကို သင်ယူနေသော ကျောင်းသူ၊ ကျောင်းသားပေါင်း (၂၀,၀၀၀ ယောက်) ကျော်နှင့် ဘွဲ့လွန်ဘာသာရပ်များကို ဆည်းပူးနေသော ကျောင်းသူ၊ ကျောင်းသားပေါင်း (၄၀၀၀ ယောက်) ကျော်ရှိပါသည်။

Birmingham City University သည် Time Higher Education မှ ချီးမြှင့်သည့် 1st for Outstanding Support for Student Award ကို ၂၀၁၀ ခုနှစ်တွင် ရရှိခဲ့ပြီး 1st for Outstanding International Strategy Award ကို ၂၀၁၁ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ထို့ပြင် Faculty of Health's Skills and Simulation Department သည် Higher Education Academy Learning and Teaching Team Award ကို ရရှိထားသောဌာနတစ်ခုပင်ဖြစ်သည်။

ဤကဲ့သို့သော တက္ကသိုလ်တွင် MBA International Program ကို မြန်မာနိုင်ငံမှ ဘွဲ့ရကျောင်းသူ၊ကျောင်းသားများ work experience မလိုဘဲ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Birmingham City University တွင် MBA International Program သာမက Multimedia Technology, Music Technology, Architectural Technology, Building Surveying, Construction Management, Real Estate Management, Automotive Engineering, Mechanical Engineering, Electrical Engineering, Project Management, Telecommunications and Networks, Business Information Technology, Fashion Design, Interior Design, Product Design, Accountancy, Business, Marketing, English and Media, Media and Communication, Law စသည့် ဘာသာရပ်ပေါင်းများစွာနှင့် အခြားဘာသာရပ်ပေါင်းများစွာကို ဘွဲ့ကြို၊ ဘွဲ့လွန်ပညာရပ်များသင်ယူ၍ ရနိုင်ပါသည်။ **www.bcu.ac.uk/international** တွင် ဝင်ရောက်၍လည်း လေ့လာနိုင်ပါသည်။

Birmingham City University တွင် မြန်မာနိုင်ငံမှ NCC, ABE, HND စသည့် Diploma ရရှိပြီးသူများ တက္ကသိုလ်၏နောက်ဆုံးနှစ်သို့ တက်ရောက်နိုင်သည့် ဘာသာရပ်ပေါင်းများစွာရှိကြောင်းလည်း သိရှိရပါသည်။

ဝင်ခွင့်သတ်မှတ်ချက်မှာ မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင် (သို့မဟုတ်) iGCSE အောင်မြင်ပြီးသူ (သို့မဟုတ်) American High School Diploma ရရှိထားသူများ Undergraduate Degree များကို Foundation မှတဆင့် တက်ရောက်နိုင်မည်ဖြစ်၍ ဘွဲ့ရရှိပြီးသူများ Master Degree များကို Pre-Master မှတစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။

BA (Hons) သို့မဟုတ် BSc (Hons) ဖြင့် အောင်မြင်ထားသူများသည် Pre-Master တက်ရောက်ရန်မလိုဘဲ Master Degree သို့ တိုက်ရိုက်တက်ရောက်နိုင်မည်ဖြစ်ပြီး ကျောင်းဝင်ခွင့်အတွက် အင်္ဂလိပ်စာ အရည်အချင်းစစ် IELTS လိုအပ်ချက်မှာ မိမိတက်ရောက်မည့် အတန်းအလိုက် ကွဲပြားခြားနားမှုရှိမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ Birmingham City University သို့ ကျောင်းလျှောက်ခြင်းနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုသူများ၊ ပညာရေးအတွက် ဆွေးနွေးလိုသူများ Birmingham City University ၏ မြန်မာနိုင်ငံကိုယ်စားလှယ်ဖြစ်သော Regent Consultancy Services Co., Ltd. သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Website : www.bcu.ac.uk/international

**Regent Consultancy Services Co., Ltd.**
ခြံအမှတ် (R-2)၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ (၂) လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-530564, 09-5019870

# Cambridge Education Group မှ (50% မှ 100%) scholarship ပေးအပ်မည်



၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် Cambridge Education Group ၏ Foundation Program တက်ရောက်ကြမည့် ကျောင်းသူ၊ ကျောင်းသားများကို ပညာသင်ဆု ၅၀ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းထိ ခြောက်ဆုချီးမြှင့်ပေးသွားမည်ဖြစ်သည်။ Foundation Program များသည် ဇန်နဝါရီနှင့် စက်တင်ဘာလများတွင် ဖွင့်လှစ်လျက်ရှိကာ မြန်မာနိုင်ငံမှတက္ကသိုလ်ဝင်တန်းအောင် (သို့) iGCSE အောင်မြင်ထားသူ (သို့) American High School Diploma အောင်မြင်ထားသူများ လျှောက်ထားနိုင်သည်။ ထို့ပြင်မြန်မာတက္ကသိုလ်၏ ပထမနှစ်အောင်မြင်ပြီးသူများ၊ ယူကေနိုင်ငံ၏ ပထမနှစ်နှင့်ညီမျှသည့် International Diploma Program များ တက်ရောက်နိုင်သည်။ ဘွဲ့ရကျောင်းသူ၊ ကျောင်းသားများလည်း Master's Foundation မှ တစ်ဆင့်တက်ရောက်နိုင်သည်။ Master's foundation အတွက် ကျောင်းဖွင့်ချိန်များမှာ ဇန်နဝါရီ၊ ဧပြီ၊ ဇွန်နှင့် အောက်တိုဘာလများဖြစ်သည့် ကျောင်းဝင်ခွင့်အတွက် အင်္ဂလိပ်စာအရည်အချင်းစစ် IELTS ရမှတ်များသည် မိမိတတ်ရောက်လိုသည့်အတန်း၊ တက္ကသိုလ်၊ အချိန်ကာလပေါ်မူတည်၍ ကွဲပြားခြားနားမှုရှိရမည်ဖြစ်သည်။

Cambridge Education Group ၏ Foundation Program များတွင် Business, Economics, Finance, Management, Engineering, Computing, Sciences, Law, Humanities, Social Sciences, Life Sciences, Medicine, Art, Design, Media and Film အစရှိသည့်ဘာသာရပ်များ သင်ကြားနိုင်သည်။ Cambridge Education Group သည် ယူကေနိုင်ငံရှိ Coventy University, London South Bank University, University of Sunderland, Royal Veterinary College, University of London စသောတက္ကသိုလ်များတွင် အဆင့်မြင့်ပညာရပ်ဆည်းပူးလိုသူများအတွက် Undergraduate foundation, International Diploma Program, Master's Foundation စသော program များဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ Cambridge Education Group ၏ ပညာသင်ဆုများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Regent Consultancy Services Co., Ltd. အမှတ် (R-2)၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ(၂)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01-530564, 09 5019870, 09 73205333 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

## ဂျပန်နိုင်ငံတွင်ကျင်းပမည့် UNESCO ESD Youth Conference ကို မြန်မာလူငယ်များတက်ရောက်နိုင်

UNESCO ESD Youth Conference ကို ၂၀၁၄ နိုဝင်ဘာလ(၇)ရက်နေ့တွင် ဂျပန်နိုင်ငံ Okayama ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ Conference တွင် Education for Sustainable Development (ESD) စဉ်ဆက်မပြတ် တိုးတက်မှုအတွက် ပညာရေးဟူသော အကြောင်းအရာများကို တက်တက်ကြွကြွဆွေးနွေးနိုင်မည့် အသက် ၁၈နှစ်မှ ၃၅နှစ်ရှိသော ကမ္ဘာတစ်ဝန်း မှ လူငယ်ခေါင်းဆောင်အယောက် ၅၀ကို ဖိတ်ခေါ်သွားမည်ဖြစ်သည်။ အဆိုပါညှိနှိုင်းဆွေးနွေးပွဲတွင် လူငယ်အချင်းချင်း အမြင်နှင့်အတွေ့အကြုံများ ဖလှယ်နိုင်မည့်အခွင့်အရေးများ ရရှိမည်ဖြစ်သည်။ လျှောက်လွှာနောက်ဆုံးပိတ်ရက်မှာ ၂၀၁၄ ဇွန်လ ၁ရက်နေ့ဖြစ်သည်။ လျှောက် လွှာနှင့် ပတ်သက်၍သိသင့်သောအချက်အလက်များနှင့်လျှောက်လွှာကို http://www.unesco.org/new/en/youthconference တွင် ဝင်ရောက်လေ့လာ download ရယူနိုင်သည်။

အဆိုပါ Conference တက်ရောက်ရန်အတွက် ESD ပညာရေးနယ်ပယ်တွင် သွက်လက်တက်ကြွစွာ ပါဝင်ဆွေးနွေးနိုင်ရန် အတွေ့အကြုံရှိပြီးသူဖြစ်ရမည်။ အင်္ဂလိပ်အရည်အသွေးကောင်းမွန်ရမည်ဖြစ်ပြီး ၂၀၁၄ ဇွန်လ၁ရက်နေ့တွင် အသက် ၁၈နှစ်မှ ၃၅နှစ်အတွင်းရှိသူဖြစ်ရမည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၆ရက်နေ့မှ၁၃ ရက်နေ့ထိ ဂျပန်နိုင်ငံတွင် ကျင်းပမည့်လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကဏ္ဍများတွင်လည်းအချိန်ပြည့် တက်ရောက်နိုင်ရမည်။ အနည်းဆုံးနိုဝင်ဘာလ ၁၂ ရက်နေ့ထိ ပါဝင်တက်ရောက်နိုင်ရမည်။ Youth Conference အတွက် ၂၀၁၄ခုနှစ်စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် Online အကြိုအဖြစ် ဆွေးနွေးညှိနှိုင်းမှုများကိုလည်း ပါဝင်ဆောင်ရွက်ထားရန်လိုအပ်သည်။

**ရွေးချယ်မှုဆိုင်ရာ စံအရည်အသွေးများ**

UNESCO ESD Youth Conference (UNESCO; Ministry of Education, Culture, Sports, Science and Technology of Japan, The Goi Peace Foundation) အဖွဲ့အစည်းများက သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများကိုရွေးချယ်သွားမည်ဖြစ်သည်။ အသက် ၁၈နှစ်မှ ၃၅နှစ်အတွင်းရှိသူဖြစ်ရမည်ဖြစ်ပြီး ESD ပညာရေးကဏ္ဍများတွင် ကျွမ်းကျင်ပိုင်နိုင်မှု၊ ပါဝင်ဆောင်ရွက်မှုရှိရမည်။ ညှိနှိုင်းဆွေးနွေးပွဲတွင် ပါဝင်အကြံပြုလိုစိတ်ထက်သန်သူဖြစ်ရမည်ဖြစ်သည်။အကျိုးပြုညှိနှိုင်းဆွေးနွေးပွဲတစ်ခုဖြစ်လာရန်အတွက် နောက်ဆက်တွဲလုပ်ငန်းစဉ်များကြိုတင်ပြင်ဆင်မှုဆောင်ရွက်ချက်များပါဝင်လုပ်ဆောင်နိုင်သူဖြစ်ရမည်။ ညှိနှိုင်းဆွေးနွေးပွဲမှရရှိသောအကျိုးရလဒ်များကို အခြားအရပ်ဒေသများ၌သိရှိအောင်လည်း စွမ်းဆောင်နိုင်သူဖြစ်ရမည့်အပြင် ၂၀၁၄အပြီးတွင် ESD ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်နိုင်ရမည်။ ပထဝီဝင်အနေအထား၊ အမျိုးသား/အမျိုးသမီးခွဲခြားမှု၊အသက်အရွယ်အပိုင်းအခြားနှင့် ကဏ္ဍကွဲပြားခြားနားမှုများကိုလည်း စဉ်းစားဆုံးဖြတ်ပေးသွားမည်ဖြစ်သည်။ ရွေးချယ်ခံရသူများကို ၂၀၁၄ ဩဂုတ်လ ၁၅ရက်နေ့နောက်ဆုံးထားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ရွေးချယ်ခံရသူများသည် ဂျပန်နိုင်ငံတွင်ကျင်းပမည့် UNESCO ESD Youth Conference တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ဂျပန်နိုင်ငံသို့ သွားရောက်ရာတွင် မိမိနှင့်အနီးဆုံးလေဆိပ်ကြားမှ အသွားအပြန် လေယာဉ်လက်မှတ်အပြင် ဂျပန်နိုင်ငံ၌နေထိုင်နေစဉ်အတွင်း နေထိုင်စရိတ်၊ စားသောက်စရိတ်၊ သွားလာစရိတ်များ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ အဆိုပါ သွားရောက်ခွင့်ရရှိသူများသည် မိမိနေအိမ်မှ လေဆိပ်သို့ သွားသောပြည်တွင်းကုန်ကျစရိတ်၊ Visa လျှောက်ထားစရိတ်၊ ခရီးသွားအာမခံချက်နှင့် ဂျပန်နိုင်ငံ၌ နေထိုင်နေစဉ်အတွင်း အသေးစားကုန်ကျစရိတ်များကို ကိုယ်တိုင်ကုန်ကျခံရမည်ဖြစ်သည်။

# Webster တက္ကသိုလ်မှ ပညာသင်ဆုရရှိသော မောင်လင်းဝေဖြိုးနှင့် အင်တာဗျူး

**မေး – Webster တက္ကသိုလ်မှာ ပညာသင်ဆုရဖို့ ဘယ်လိုလျှောက်ရပါသလဲ။ ပညာသင်ဆုအတွက် ဘယ်လိုသတ်မှတ်ထားပြီး အဲသည်ကျောင်းကပေးအပ်တဲ့ ပညာသင်ဆုဘယ်နှစ်မျိုးရှိပါသလဲ။**

ဖြေ – Webster တက္ကသိုလ်မှာ ပညာသင်ဆုလျှောက်ထားမယ်ဆိုရင် မြန်မာနိုင်ငံမှ ၁၀ တန်းအောင် ကျောင်းသားများသည် (၁) ဘာသာလျှင် ပျမ်းမျှအားဖြင့် ၆၀ နှင့်အထက်ရှိရပါမည်။ စုစုပေါင်းရမှတ်မှာ ၃၆၀ နှင့်အထက်ရှိရပါမယ်။ IGCSE ကျောင်းသားများအနေနှင့် ၆ (သို့မဟုတ်) ၇ ဘာသာတွင် Grade A မှ C ထိရှိထားရပါမည်။ IELTS သတ်မှတ်ချက်မှာ ဘွဲ့ဒီဂရီတန်းများအတွက် overall band (6) ရှိရပြီးဘွဲ့လွန်တန်းများအတွက် Overall Band 6.5 ရှိရမည်ဖြစ်ပါသည်။ ပညာသင်ဆုပေါင်းကတော့ (၆) မျိုးရှိပါတယ်။ ကျွန်တော်တို့ မြန်မာကျောင်းသားတွေအတွက်ကတော့ 50% Scholarship နှင့် 30% Asian Bursary ဆိုပြီး (၂)မျိုးရှိတယ်။30% Asian Bursary ဆိုတာက မြန်မာနိုင်ငံမှ Passport ကိုင်ဆောင်ထားသော ကျောင်းသားများအတွက် အထူးအခွင့်အရေးဖြစ်တယ်လို့ MSI ကနေသိရပါတယ်။

**မေး – မောင်လင်းဝေဖြိုး က IGCSE အမှတ်တစ်ခုတည်းနဲ့ ပညာသင်ဆုရသွားတာလား၊ အခြားဘာပညာအရည်အချင်းတွေရှိပါသေးသလဲ။ တကယ်လို့သည်တစ်ခုတည်းဆိုရင် ပညာသင်ဆုလျှောက်လို့အဆင်ပြေလား၊ Grade A* တွေချည်းရဖို့လိုအပ်ပါသလား။**

ဖြေ – ဟုတ်ကဲ့။ IGCSE အမှတ်နဲ့ IELTS နဲ့ပါ။ IELTS ကတော့ Over Band (6) ရထားပါတယ်။ IGCSE အပြင် အခြား Activities တွေမှာပါဝင်ထားတဲ့ အထောက်အထားတွေရှိနေရင်တော့ ပိုကောင်းပါတယ်။ IGCSE က Grade A* ချည်းရရင် ပိုကောင်းတာပေါ့နော်။ ဒါပေမဲ့ A to C ထိဆိုရင် အဆင်ပြေပါတယ်။ (c) အဆင့်လောက်ဆိုရင်လည်းရပါတယ်။ 50% ပညာသင်ဆုလျှောက်မယ်ဆိုရင်တော့ကိုယ့်ရဲ့အမှတ်က သူများနဲ့ယှဉ်ရင် အကောင်းတကာ့အကောင်းဆုံးဖြစ်ဖို့ လိုအပ်ပါတယ်။




**မေး – Webster တက္ကသိုလ်မှာ ပညာသင်ဆုရခဲ့ဖူးတဲ့ မြန်မာကျောင်းသားကျောင်းသူဘယ်နှစ်ဦးရှိပါသလဲ၊ မောင်လင်းဝေဖြိုးက ဘယ်နှစ်ယောက်မြောက်ပါတာလဲ။**

ဖြေ – ကျွန်တော်တို့ အုပ်စုက MSI ကတစ်ဆင့် ၂၀၁၃ ဒီဇင်ဘာလထဲက လျှောက်ခဲ့တာ၊ ၂၀၁၄ ဩဂုတ်ကျောင်းဖွင့်ချိန်မှာ မြန်မာနိုင်ငံမှ ကျောင်းသားထဲမှာ ကျွန်တော်က ပထမဦးဆုံး 50% ပညာသင်ဆုရခဲ့တဲ့ကျောင်းသားပါ။ ကျွန်တော်အပြင် IISY ကျောင်းသားနောက်ထပ်တစ်ဦးလည်း ရရှိခဲ့တယ်လို့သိရပါတယ်။

**မေး – မောင်လင်းဝေဖြိုးက ဒီပညာသင်ဆုရဖို့အတွက် အင်တာဗျူးဖြေရသေးလား။**

ဖြေ – ဟုတ်ကဲ့ဗျ။ ကျွန်တော်ကိုယ်တိုင် Webster တက္ကသိုလ်က ဒေါ်နော်ဝေဝေလင်းသွေးနဲ့ MSI ရုံးခန်းမှာတွေ့ပြီး မေးသမျှမေးခွန်းတွေကို ဖြေဆိုခဲ့ပါတယ်။ မေးတာတွေက တစ်ဦးနှင့်တစ်ဦးတူချင်မှတူမယ်။ မေးခွန်းတွေကတော့ ကျွန်တော်ရဲ့ Profile ပါပဲ။ အနာဂတ်ရည်ရွယ်ချက်တွေ၊ မိဘရဲ့လုပ်ငန်းအခြေအနေ၊ ပရဟိတလုပ်ငန်းလုပ်ဆောင်မှုရှိ/မရှိနဲ့ Webster ဘွဲ့ကို အနာဂတ်အတွက် ဘယ်လိုအသုံးပြုမယ်ဆိုတာတွေကို မေးမြန်းခဲ့ပါတယ်။

**မေး – ရရှိတဲ့ပညာသင်ဆုကို ဘယ်လိုပုံစံနဲ့ပေးအပ်မလဲ၊ ဘယ်လိုစည်းကမ်းတွေ သတ်မှတ်ထားပါသလဲ။**

ဖြေ – အခု ကျွန်တော်ရရှိတဲ့ပညာသင်ဆု ၅၀% ပေးမှာပါ။ တစ်ခုရှိတာက Main Campus ဖြစ်တဲ့ USA ကိုပြောင်းသွားရင်တော့ Scholarship မရတော့ပါဘူး။ ထိုင်းနိုင်ငံမှာကျောင်းပြီးသည်အထိ တက်ရောက်မယ်ဆိုရင် ဘွဲ့ရတဲ့အထိ အဲဒီခံစားခွင့်ကိုရပါတယ်။ ပညာသင်ဆုနဲ့ပတ်သက်ပြီး စည်းကမ်းချက်တွေကတော့ ကျောင်းသားတစ်ယောက်လုပ်သင့်တဲ့အလုပ်ဖြစ်တဲ့ စာကိုပုံမှန်ကြိုးစားရပါမယ်။ စာကြိုးစားတဲ့ကျောင်းသားတွေဆိုရင် Scholarship က အမြဲကြိုဆိုနေမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ကျွန်တော်က မြန်မာငွေသိန်း (၂၀၀) ကျော်လောက်ကို သက်သက်သာသာနဲ့ တက်ရောက်ခွင့်ရပါတယ်။ ပညာသင်ဆုအပြည့်ရရှိဖူးတဲ့ မြန်မာကျောင်းသားတွေကတော့ အခုလက်ရှိမရှိသေးဘူး။ MSI မှတစ်ဆင့်သွားတဲ့ ကျောင်းသူတွေထဲက အပြည့်နီးပါးရသွားတဲ့သူတွေရှိတယ်လို့သိရတယ်။ Foundation အဖွဲ့အစည်းတစ်ခုကနေပေးတဲ့ ပညာသင်ဆုနဲ့ Webster University ပေးတဲ့ ပညာသင်ဆုနဲ့ပေါင်းတော့ အပြည့်နီးပါးဖြစ်သွားတယ်လို့MSI က သိရပါတယ်။ နေထိုင်စားသောက်စရိတ်ကတော့ ကိုယ်ဘာသာကိုယ် အကုန်ကျခံရတယ်။ ထိုင်းမှာတစ်လကို သုံးသိန်းလောက်ရှိရင် နေထိုင်စားသောက်စရိတ်ကလုံလောက်ပါတယ်။

Vol . 3, Issue . 36

# Kaplan တက္ကသိုလ်တွင် (Paralegal) ဥပဒေလက်ထောက်ဘာသာရပ်အသစ် ထပ်မံဖွင့်လှစ်

စင်ကာပူနိုင်ငံရှိKaplan Higher Education Academy တက္ကသိုလ်တွင် ဥပဒေလက်ထောက်ဘာသာရပ်အသစ်(Paralegal) Program ဒီပလိုမာဒီဂရီတန်းကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့တို့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း Myanmar Search International (MSI) နိုင်ငံခြားပညာရေးဝန်ဆောင်မှုမှ သိရှိရသည်။

ဘာသာရပ်အသစ်ဖြစ်သော Global Diploma in Paralegal Studies (ဥပဒေလက်ထောက်ဘာသာရပ်) အသစ်ကို သင်တန်းကာလ (၈ လ) ကြာသင်ကြားရမည်ဖြစ်ပြီး Kaplan တက္ကသိုလ်၏ သင်ကြားပုံနည်းစနစ်မှာ " Modular System " ဖြစ်ပြီး Semester (4) ခုရှိရာ Semester တစ်ခုလျှင် နှစ်ဘာသာသင်ရမည်ဖြစ်သည်။ ပထမ Semester တွင် Accounting For Managers, Introduction To Management၊ ဒုတိယ Semester တွင် Introduction To Paralegal Studies, Legal Research & Writing၊ တတိယနှင့် စတုတ္ထ Semester တို့တွင် Commercial Law, Land Law & Conveyance, Wills & Estates, Family Law တို့ကို သင်ကြားရမည်ဖြစ်သည်။

အင်္ဂလိပ်စာဝင်ခွင့်သတ်မှတ်ချက်မှာ IELTS (5.5)၊ TOFEL (525) ရှိရမည်။ ၎င်းရမှတ်များမရှိပါက Kaplan တက္ကသိုလ်မှ အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲ (EPT) ကို MSI ရုံးခန်းတွင် ဖြေဆိုနိုင်ပါသည်။ လျှောက်ထားနိုင်သောပညာရေးဆိုင်ရာ ဝင်ခွင့်သတ်မှတ်ချက်မှာ မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသားများ၊ GCE " A " Level၊ ပညာသင်နှစ် (၁၂) နှစ်ရှိထားသော ကျောင်းသား၊ကျောင်းသူများလျှောက်ထားနိုင်ပြီး ကျောင်းလခမှာ စင်ကာပူဒေါ်လာ ($ 9,900)၊ မြန်မာကျပ်ငွေ (၇၅) သိန်းဝန်းကျင်ဖြင့် တက်ရောက်နိုင်သည်။

အသေးစိတ် သိရှိလိုပါက Myanmar Search International (MSI) နိုင်ငံခြားပညာရေးဝန်ဆောင်မှုရုံးခန်း၊ အမှတ် (၂၃၄) ဒုတိယထပ် (ညာ) ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့-ဖုန်း ၀၁-၃၈၉၉၁၅၊ ၀၁-၂၅၀၉၂၉ သို့ဆက်သွယ်စုံစမ်းနိုင်သည်။ *စန္ဒာ*

## မြန်မာနိုင်ငံရှိ ထူးချွန်ကျောင်းသားများကို အာဆီယံပညာသင်ဆုဖိတ်ခေါ်

၂၀၁၅ ပညာသင်နှစ်အတွက် အာဆီယံပညာသင်ဆုများကို စင်ကာပူနိုင်ငံက မြန်မာနိုင်ငံရှိထူးချွန်ကျောင်းသား၊ ကျောင်းသူများအတွက် ကမ်းလှမ်းထားပြီး ရွေးချယ်ခံရသူများသည် စင်ကာပူနိုင်ငံရှိ ကျောင်းများတွင် Secondary Three မှ Pre-University Two Level အဆင့် အထိလေးနှစ်တာပညာသင်ဆု ရရှိမည်ဖြစ်ကြောင်းသိရသည်။

အာဆီယံ ပညာသင်ဆု လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ မြန်မာနိုင်ငံတွင် နေထိုင်သူဖြစ်ရမှာဖြစ်ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်းမွေးဖွားသူဖြစ်ရမည်။ တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ International School များမှအဋ္ဌမတန်း(Grade 9) (သို့မဟုတ်) Grade-9 နှင့် ညီမျှသည့် အတန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အင်္ဂလိပ်စာ၊ သင်္ချာနှင့် သိပ္ပံထူးချွန်သူများဖြစ်ရမည်။

ရေးဖြေစာမေးပွဲအောင်စာရင်းအား ဇွန်လ ၂ ရက်တွင် ဖြေဆိုသည့်နေရာများ၌ ထုတ်ပြန်သွားမှာဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၁၅၁၊ ၄၃၀၁၆၁၊ ၀၉-၃၁၁၁၉၉၁၅ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိထားကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

*စန္ဒာ*

## Book Review

### ကွန်ပျူတာအလွယ်ပြု ပြင်ထိန်းသိမ်းနည်း

ပြုစုသူ – ဉာဏ်ကြွယ်




ကွန်ပျူတာအလွယ်ပြုပြင် ထိန်းသိမ်းနည်းစာအုပ်တွင် ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ အသိပညာလုံးဝမလို အပ်သောကြောင့် အခြေခံအဆင့် ကျောင်းသူကျောင်းသားများပင်လျှင် သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ကွန်ပျူတာကို လေ့လာမှုအားနည်းတဲ့လူတွေ၊ ကွန်ပျူတာနှင့်ပတ်သက်ပြီး အမြဲတစေလုပ်ကိုင်နေရတဲ့လူတွေ၊ ကွန်ပျူတာပြုပြင်သည့်လုပ်ငန်းများနှင့် လက်လှမ်းမမီတဲ့လူတွေ အတွက်တော့ တစ်ကယ့်ကိုအသုံးဝင်မယ့် စာအုပ်တစ်အုပ်ဖြစ်ပါတယ်။

ကွန်ပျူတာအသုံးပြုသူတိုင်းအတွက် Desktop (သို့)Laptop Computer များတွင် Windows (Operation System) နှင့် Software (Application)များ ပျက်စီးခြင်းကို မိမိကိုယ်တိုင်လွယ်ကူလျင်မြန်စွာပြုပြင်နိုင်သောစနစ်ကို လူတိုင်းအသုံးပြုနိုင်စေရန် ရည်ရွယ်ထားပါတယ်။

Discovery Recovery System ကို ကိုယ်တိုင်သုံးစွဲရင်းဖြင့်ရရှိခဲ့သော အားသာချက်များအသုံးဝင်ပုံများကို ပိုမိုသိရှိလာရပြီးနောက် အများပြည်သူများအားလုံး သုံးစွဲနိုင်ပါက မြန်မာနိုင်ငံ၏ ICT အသုံးပြုနိုင်မှု ပိုမိုတိုးတက်လာနိုင်ရန် နိုင်ငံဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုစေနိုင်ရန် ရည်ရွယ်ပြီး ဖြန့်ဝေရပါကြောင်း စာရေးသူမှ အဆိုပါစာအုပ်တွင် အမှာစကားရေးသားထားပါတယ်။

ကျွမ်းကျင်ပညာရှင်မလို၊ မိမိကိုယ်တိုင်ကွန်ပျူတာကို ပြန်လည်ပြင်ဆင်နိုင်မည်ဖြစ်သော ကွန်ပျူတာအလွယ်ပြုပြင်ထိန်းသိမ်းနည်းစာအုပ်ကို မျက်ပွင့်စာပေ ဖုန်း ၀၉၇၃၀၀၂၉၆၅ မှ တစ်အုပ် ၁၅၀၀၀ ကျပ်ဖြင့် ဖြန့်ချိထားပါတယ်။

## မိုဘိုင်းဖုန်းအသုံးပြုသူများ၏လက်ထဲတွင် U-900 အဆင့်ရှိ ဟန်းဆက်များလက်ဝယ်တွင်ရှိ၊ မရှိသိလိုသောကြောင့် Survey ကောက်ခြင်းဖြစ်

Ooredoo Myanmar မှ ပြည်တွင်းရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်များ၌ Survey ကောက်ခြင်းမှာ မိုဘိုင်းဖုန်းအသုံးပြုသူများ၏လက်ထဲတွင် U-900 အဆင့်ရှိ ဟန်းဆက်များ လက်ဝယ်တွင်ရှိ၊ မရှိသိလိုသောကြောင့်ဖြစ်ကြောင်း သိရသည်။ Ooredoo Myanmar မှ တာဝန်ရှိသူတစ်ဦးက ''ပြည်သူတွေလက်ထဲမှာ အဲ့ဒီ U-900 အဆင့်ရှိဖုန်းတွေရှိ၊ မရှိသိချင်လို့ Survey ကောက်တာပါ။ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဝန်ဆောင်မှုစပေးတဲ့အခါမှာ (3G) ဝန်ဆောင်မှုကို ပေးသွားမှာဖြစ်ပါတယ်။ အဲ့ဒီ (3G) Network မှာ U-900 အဆင့်ရှိတဲ့ ဟန်းဆက်တွေကို အသုံးပြုရင် လွယ်ကူအဆင်ပြေပါလိမ့်မယ်။ တကယ်လို့ မိမိအသုံးပြုတဲ့ ဟန်းဆက်က U-900 အဆင့်မရှိခဲ့ရင်တော့ ကျွန်တော်တို့ရဲ့ Sim Card ကို အသုံးပြုတဲ့ User တွေ လိုင်းဆွဲအားမကောင်းတာတို့၊ Internet Connection အသုံးပြုရတာ အဆင်မပြေတာတို့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်''ဟုပြောကြားခဲ့သည်။ ဆက်လက်၍''ကျွန်တော်တို့က Survey ကောက်တာကို အချို့က Pre Registeration လုပ်တယ်လို့လည်း နားလည်မှုတွေလွဲနေပါတယ်။ Ooredoo Sim Card တွေကို ငွေကျပ် (1500) နဲ့ ရောင်းချပေးသွားမှာပါ''ဟု ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

ထို့အပြင် Ooredoo ၏ Sim Card များကို ဖြန့်ချိရောင်းချပေးမည့် ပြည်တွင်းရှိ Dealer ဆိုင်များကို ရွှေ၊ ငွေ၊ ကြေးဟူ၍အဆင့် (၃)ဆင့်သတ်မှတ်ထားလျက်ရှိကြောင်းသိရသည်။ လသာ၊ ဆူးလေ၊ ဗညားဒလနှင့် လှည်းတန်းစသည့်နေရာများရှိ ဆိုင်များကိုရွှေအဆင့်၊ရန်ကုန်၊မန္တလေး၊ နေပြည်တော်ရှိ မိုဘိုင်းဆိုင်အချို့ကို ငွေအဆင့်နှင့် ကြေးအဆင့်ဟူ၍ သတ်မှတ်ထားသည်။ Ooredoo မှ မိုဘိုင်းSim Card ဖြန့်ချိရောင်းချခြင်းအတွက် ပြည်တွင်းရှိမိုဘိုင်းဖုန်းအရောင်းဆိုင်(1000) ခန့်နှင့် ဆွေးနွေးလျက်ရှိကြောင်းသိရသည်။ *M.Z*

**QUICK** COMPUTER TRAINING CENTER ဖုံး-၃၇၁၉၉၈/၀၉-၇၃၀၀၇၃၉၃
အခန်း(၆၀၁)ဗလ္လာ၊ဂျိုးဖြူကွန်ဒို၊အောင်ဆန်းကွင်းအထူးတန်းရှေ့
**AutoCAD** Intermediate Course **Advanced Course**
(Civil & Mechanical Engineering Drawing 2D/3D)
**Revit** Architecture
D.T.P COURSE
iOffice(Microsoft 2007Course)
Graphic Design Course
Advanced Excel & Excel in Business Application

| သင်တန်းကျောင်း | စဉ် | သင်တန်းအမျိုးအစား | ဖွင့်ရက် | အချိန် | သင်တန်းကြေး |
|---|---|---|---|---|---|
| **MMK Engineering Training Centre** Center (I) –တိုက်(၄)၊ အခန်း(၁)၊မြေညီထပ် လှိုင်သီရိအိမ်ယာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Center (II) – အမှတ်(၃၀ဘီ)၊ ၃လွှာ၊ (A)ခန်း၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Tel: 01-2304235, 09 43194765, 09 5028741 | 1. | Auto CAD (General) | Daily | 2 months | 60,000 Ks |
| | 2. | M&E Services Intermediate | Daily | 3 months | 130,000 Ks |
| | 3. | Revit MEP(M&E)/Architecture/ Structure | Daily | 1 month | 70,000 Ks |
| | 4. | M&E Services Advance | Daily | 2 months | 100,000 Ks |
| | 5. | Microstation | Daily | 2 months | 60,000 Ks |
| | 6. | 3ds Max | Daily | 2 months | 70,000 Ks |
| | 7. | Solid Works | Daily | 2 months | 70,000 Ks |
| | 8. | Air-Con(Installation, Servicing & Repair) | Daily | 2 months | 50,000 Ks |
| | 9. | Pipe Fitter | Daily | 2 months | 100,000 Ks |
| | 10. | Auto CAD (Archi, Civil Structure) | Daily | 2 months | 50,000 Ks |
| | 11. | Estimate/Quantity Surveyor & Quality Control (Civil) | Daily | 1½ months | 65,000 Ks |
| **VALUESTAR Computer & Language Centre** တိုက်(၁၅)၊ ဒုတိယထပ်၊ ဦးထွန်းလင်းခြံလမ်းထိပ် T-zar ဖက်ရှင်ဆိုင်အပေါ်ထပ်၊ လှည်းတန်း မှတ်တိုင်အနီး၊ ကမာရွတ်။ Tel: 01-516038, 01-526534 | 1. | Computer Basic | Daily | 2 months | 26,000 Ks |
| | | | | 1 month | 32,000 Ks |
| | 2. | Desktop Publishing D.T.P | Daily | 2 months | 26,000 Ks |
| | | | | 1 month | 32,000 Ks |
| | 3. | Advanced Excel | Daily | 2 months | 24,000 Ks |
| | | | | 1 month | 30,000 Ks |
| | 4. | Graphic Design | Daily | 2 months | 34,000 Ks |
| | | | | 1 month | 40,000 Ks |
| | 5. | Professional Graphic Designer | Daily | 2 months | 80,000 Ks |
| | 6. | Adobe Flash | Daily | 2 months | 30,000 Ks |
| | 7. | Video Editing | Daily | 2 months | 80,000 Ks |
| | 8. | Web Designer | Daily | 2 month | 80,000 Ks |
| | 9. | Web Application Developer | Daily | 2 months | 80,000 Ks |
| | 10. | Programming Course | Daily | 2 months | 80,000 Ks |
| | 11. | Pratical A+ (Hardware) | Daily | 2 months | 40,000 Ks |
| | 12. | Auto CAD | Daily | 2 months | 50,000 Ks |
| | | | | 1 month | 55,000 Ks |
| | 13. | Estimate | Daily | 2 months | 45,000 Ks |
| | 14. | ETABS & Safe | Daily | 2 months | 45,000 Ks |
| | 15. | English Proficiency Class | Daily | 2 months | 30,000 Ks |
| | 16. | Auto CAD (Civil) | Daily | 2½ months | 70,000 Ks |
| | 17. | ECS Level 1 | Daily | 2 months | 50,000 Ks |
| | 18. | ECS Level 2 | Daily | 2 months | 80,000 Ks |
| | 19. | ECS Level 3 | Daily | 2 months | 80,000 Ks |
| | 20. | ECS Level 4 | Daily | 2 months | 80,000 Ks |

# ဂျာနယ်ဖတ်ရင်း စာသင်မယ် (၁)

## Southwest Airline





ဆောင်းပါးရှင် – ကိုညီညီ (တောင်ကြီး)

အွန်လိုင်းကောလိပ်သင်ခန်းစာလို့ ဆိုလိုက်ရင် တော်ရုံတန်ရုံတွန့်သွားကြပြီး အရမ်းကို ကြီးကျယ်ခမ်းနားတဲ့ စာသင်စနစ်လို့ ထင်မိကြမှာပါ။ အမှန်က အင်္ဂလိပ်လို ဖတ်ရ သင်ရ ဖြေရတာမို့လို့ တကယ်တမ်းမလုပ်ကြည့်ဘဲနဲ့ ကြောက်နေကြတာဖြစ်ပါတယ်။ စာရေးသူဟာ ကလေးပညာရေးအတွက် အမေရိကားကို ခေတ္တရောက်နေတာဖြစ်ပြီး ဒီနှစ်မှာ အွန်လိုင်းသင်ကြားခြင်းကနေ ဈေးကွက်ကွင်းဆင်းခြင်း – Marketing ဘာသာရပ်ကို သင်ယူနေပါတယ်။ မြန်မာပြည်သူစာဖတ်သူများနဲ့ ဒီလိုစာသင်ယူမှုများဟာ ထင်သလောက် မခက်ဘူးဆိုတာပြောပြရင်း စာရေးသူနဲ့ စာမေးပွဲ အတူတူ ဖြေကြရအောင်လားဗျာ။





စာသင်သားနဲ့ဆရာတွေကို ချိတ်ဆက်ပေးထားတဲ့ အင်တာနက်အခြေခံဒေသဆိုင်ရာ ခရိုင်ကောလိပ်ပေါင်းစုံ ဝက်ဘ်ဆိုက်မှာခုံနံပါတ်နဲ့ ဆင်တူတဲ့ Username နဲ့ဝင်ပြီး ညွှန်ကြားချက်တွေကို ဖတ်ရပါတယ်။ အပတ်စဉ်လေ့ကျင့်ခန်း – Quiz ဖြေရပြီး စနေနေ့ည ၁၁း၅၉ နာရီ နောက်ဆုံးထား အပြီးတင်ရပါတယ်။ ၃ ပတ်နဲ့ ၁ လ တန်သည် စာမေးပွဲဖြေရပြီး အခုတက်နေတဲ့ ၅ လကြာ စာသင်ချိန် – Fall Semester နောက်ဆုံးပတ်ကျမှ စာမေးပွဲကြီးဖြေရမှာပါ။ စာမျက်နှာ ၅၂၀ ကျော်ပါတဲ့ ဖတ်စာအုပ်ဟာ ၄ ပေါင်လေးပြီး ၂၂ ဒေါ်လာခွဲပေးရပါတယ်။ ကောလိပ်ကစာအုပ်တိုက်မှာ ရောင်းဈေးဒေါ်လာ ၇၀ ဖြစ်နေပြီး Amazon အွန်လိုင်းမှာဝယ်တာ အသစ်ကဒေါ်လာ ၄၀ ဆိုတော့ သူများသုံးပြီးသားအဟောင်းဘဲ ဝယ်လိုက်ပါတယ်။ တစ်ပတ်ကို ပျမ်းမျှ ၂၄ မျက်နှာစာဖတ်ရပြီး ဝေါဟာရအသစ်တွေ၊ ဖြစ်ပျက်ခဲ့ပြီးသားဥပမာတွေနဲ့ မေးခွန်းတွေ ပါဝင်ပါတယ်။ ကဲ–ဒီတစ်ပတ်ဖြေရမယ့်ပုစ္ဆာကို စာရေးသူနဲ့အတူ လိုက်ဖတ်ကြအောင်။

### ခေါင်းစဉ် ။ ။ Southwest Airlines : Positively Outrageous Leadership

တက္ကဆက်ပြည်နယ်အခြေစိုက် Southwest Airlines ဟာ ပထမဆုံး ဒဲလက်စ်မြို့ကို စဆွဲလိုက်တဲ့ ၁၉၇၁ ခုနှစ်မှာ အချိန်တိုအတွင်း ကျဆုံးပြီး ဒေဝါလီခံရလိမ့်မယ်လို့ စီးပွားရေးကျွမ်းကျင်သူတွေ ဟောဟိန်းထုတ်ခဲ့ကြပါတယ်။ အထင်နဲ့အမြင်တွေလွဲခဲ့ကြပြီး အဲဒီအချိန်က စားသုံးသူတွေလိုအပ်ချက်ကို ဖြည့်ပေးနိုင်ခဲ့တဲ့ သက်သာတဲ့လေယာဉ်စီးခနှုန်းထား၊ အခေါက်ရေစိတ်စိတ်ပျံသန်းခြင်းနဲ့ အလုပ်ခွင်နဲ့ကိုက်ညီတဲ့ ကျွမ်းကျင်ဝန်ထမ်းတွေစတဲ့ အကြံဉာဏ်စိတ်ကူးအသစ်တွေကြောင့် အခြားလေကြောင်းလိုင်းတွေနဲ့ ယှဉ်ပြိုင်ရပ်တည်နိုင်ပြီး အခုဆိုရင် ကမ္ဘာမှာ အမြတ်အများဆုံးလေကြောင်းလိုင်းတစ်ခု ဖြစ်လာပါတော့တယ်။

သမားရိုးကျပျံသန်းခရီးစဉ်များကို ဆန့်ကျင်ပြီး ကြံ့ခိုင်စိတ်ချရတဲ့ ၇၃၇ လေယာဉ်ကိုသာသုံးပြီး မြို့ကြီး ၄၅ မြို့ကို ခပ်စိတ်စိတ်ခေါက်တိုဆွဲပေးတဲ့ တိုက်ကွက်နဲ့စတင်ခဲ့ပါတယ်။ ခရီးသည်တွေကို ထိုင်ခုံပေးမရွေးဘဲလွတ်တဲ့နေရာထိုင်စနစ်ကို စတင်ကျင့်သုံးပြီး အစားအသောက်ကို လေးလေးပင်ပင် မဟုတ်တဲ့ သရေစာ – Snack Pack ကိုသာ ကျွေးမွေးခဲ့တယ်။ အပေါ်ယံပကာသနကို အထူးမပြုဘဲ ခရီးသည်များလိုရာခရီးကို ပျော်ရွှင်စွာရောက်စေဖို့ ဂရုစိုက်ခဲ့တဲ့အတွက် တည်ထောင်သူဟာ့ဘ်ကယ်လီဟာကို ခပ်ကြမ်းကြမ်းလမ်းသစ်ဖောက်တဲ့ စီအီးအိုလို့တောင် သမုတ်ခဲ့ကြပါတယ်။ တစ်ခါတစ်ရံ အဲဗစ်ပရက်စလေလို ဝတ်ဆင်တတ်ပြီး အယောက် ၂၀၀၀၀ ရှိတဲ့ဝန်ထမ်းတွေက သူ့နာမည်ကို သူဌေး၊ ဘော့စ်၊ မစ္စတာတပ်ခေါ်တာ မကြိုက်တဲ့ ဟာ့ဘတ်လို မေတ္တာတရားကြီးမားတဲ့ သူဌေးမျိုးကို နောက်ထပ်ရှာမတွေ့နိုင်ဘူးလို့ ကုမ္ပဏီဒုတိယအမှုဆောင် အရာရှိချုပ်က ပြောပြပါတယ်။ "ဝန်ထမ်းအားလုံးအလုပ်လာရင် ပျော်ရွှင်စေရမယ်" ဆိုတဲ့ ဆောင်ပုဒ်ကို စံပြုထားတဲ့ အလုပ်ရှင်ဖြစ်ပါတယ်။

"ငါတို့ပိုင်ပိုင်နိုင်နိုင် ပျော်ရွှင်စွာနေ့တိုင်း အလုပ်လုပ်နေတာကို စီးနင်းသူ ဖောက်သည်ခရီးသည်တွေသိစေရမယ်" လို့ အမြဲပြောတဲ့ ဟာ့ဘ်ရဲ့ ခေါင်းဆောင်မှုပညာကို "အရူးလုပ်တဲ့ခေါင်းဆောင်မှုပညာ" လို့ သူ့ကိုယ်သူ အမြဲဂုဏ်ယူပြောဆိုတတ်သူပါ၊ ချစ်ခြင်းမေတ္တာစေတနာနဲ့ အလုပ်ခွင်ဖြစ်စေရမယ်။ အကြောက်တရားနဲ့ အလုပ်ခွင်မဖြစ်စေရဘူးလို့လည်း ဆိုပါသေးတယ်။ ဝန်ထမ်းတွေဟာ ခရီးသည်တွေကို ပိုမိုစိတ်ကျေနပ်မှုပေးနိုင်မယ့်အခြေအနေမျိုးမှာ မနက်အလုပ်ကမှာလိုက်တဲ့ ညွှန်ကြားချက်ကို ဆန့်ကျင်ပြီးလုပ်နိုင်တယ်။ ဆန်းသစ်တီထွင်ပြီး ဝန်ဆောင်မှုပေးနိုင်တယ်။ တန်ဖိုးရှိတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးခွင့်ရှိတယ်လို့ သင်တန်းပေးဒါရိုက်တာ ရီတာဘောလီက ရှင်းပြပါတယ်။

အလုပ်စသွင်းတဲ့နေ့ကစ ကျွမ်းကျင်သင်တန်းမှာကတည်းက "ငါတို့လေကြောင်းလိုင်းကို ထိပ်တန်းနံပါတ်တစ်မှာ ရောက်နေစေမယ့် ဘယ်လိုလုပ်ဆောင်ချက်ကိုမဆို လုပ်နိုင်တယ်" လို့ သင်ပေးလိုက်တာပါ။ Southwest Airlines ရဲ့ ပြည်သူ့တက္ကသိုလ်ကို တည်ထောင်လိုက်ပြီး အနာဂတ်အုပ်ချုပ်ရေးမှူးများ၊ မန်နေဂျာများနဲ့ ခေါင်းဆောင်များကို တစ်ဆက်တည်းသင်တန်းပေးပါတော့တယ်။ ဒီသင်တန်းကနေ အချင်းချင်း ချက်ကျလက်ကျဆက်ဆံရေး၊ ယုံကြည်မှုထိန်းသိမ်းရေး၊ အပြန်အလှန် လေးစားရေးစတဲ့ ကွင်းဆက်တွေကို ချိတ်ဆက်ပေးလိုက်ပါတယ်။ ခိုင်မာသောစိတ်ဓာတ်၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ တာဝန်သိမှုစည်းကမ်းတွေကို တစ်စုတစ်စည်းတည်း အသုံးချနိုင်ခဲ့လို့ Southwest Airline ကို အမေရိကားမှာ အလုပ်လုပ်ဖို့အကောင်းဆုံးကုမ္ပဏီ ၁၀ ခုထဲဝင်အောင် လုပ်နိုင်ခဲ့တာပါလို့ ဟာ့ဘ်က ထပ်လောင်းရှင်းပြပါတယ်။

နှစ်တိုင်း အတော်ဆုံးဌာနနာမည်ကို လေယာဉ်ကိုယ်ထည်ပေါ်မှာ တက်တူး – Tattoo ထိုးပေးလေ့ရှိပြီး အတော်ဆုံးဝန်ထမ်းကို "နှလုံးသားရဲ့ ရဲစွမ်းသူရဲကောင်း" ဆု ချီးမြှင့်ပြီး ဝန်ထမ်းတွေကို ကောင်းကောင်းထားပါတယ်။ လေကြောင်းလိုင်းရဲ့ စတော့ရှယ်ယာတွေကို ခွဲဝေပေးတဲ့ ပထမဆုံးအမေရိကန်လေကြောင်းလိုင်းဖြစ်ပြီး ဒီကနေ့မှာတော့ ကုမ္ပဏီရဲ့ ၁၀ ရာခိုင်နှုန်းသောရှယ်ယာတွေကို ပိုင်ဆိုင်သူတွေကတော့ Southwest Airlines ရဲ့ ဝန်ထမ်းတွေပဲဖြစ်ပါတယ်။

ရုံးချုပ်မှာကပ်ထားတဲ့ " Southwest Airlines ဝန်ထမ်းများဟာ အခုလိုအောင်မြင်တဲ့လေကြောင်းလိုင်းကို တည်ထောင်သူများဖြစ်တယ်။ ငါတို့ဝန်ထမ်းများဟာ ပုံပြင်ဆန်ဆန်အတွေးခေါ်များကို အသွင်ပြောင်းနိုင်ခဲ့တယ်။ အဲဒီဒေါက်တိုင်များက ငါတို့ရဲ့ အတွင်းစိတ်၊ လုပ်ချင်ကိုင်ချင်တဲ့စိတ်ဓာတ်၊ အကန့်အသတ်မရှိတဲ့စွမ်းဆောင်ရည်၊ အလွန်ထက်သန်သောစိတ်ဆန္ဒတို့နဲ့ ကြီးမားဆန်းကြယ်သော အနာဂတ်ရည်မှန်းချက်များသွားဖို့ ကျားကန်ပေးထားကြတယ်။ ရောမလေကြောင်းလိုင်းကြီးကို ချစ်ချင်ကြည်နူးဖွယ်ကောင်းသော မိသားစုများက ခရီးသွားခြင်းဖြင့် အားဖြည့်ပေးလို့အတိုင်း မသိကျေးဇူးတင် ဂုဏ်ပြုပါတယ်" ဆိုတဲ့ ဆောင်ပုဒ်စုလေးဟာတော့ မြင်သူတကာ ကူးမှတ်ယူရလောက်အောင် စံပြုဖြစ်နေပါတယ်။

ဖတ်ရတဲ့ အဖြစ်မှန်ပုစ္ဆာကတော့ ဒီလောက်ပါပဲ။ အောက်မှာ မေးခွန်း ၃ ခုရှိပါတယ်။

- Southwest Airlines ရဲ့ အတွေးအခေါ်တွေကို ပြန်လည်တည်ဆောက်ရမယ့် သင့်ကိုယ်ပိုင်အတွေးအခေါ်များကို ရှင်းပြပါ။
- Southwest Airlines အတွင်းမှာ အဘယ်ကဲ့သို့အဆက်အစပ် နည်းဗျူဟာများဟာ လူအများကို ထင်သာမြင်သာရှိစေပါသလဲ ရေးပြပါ။
- ရာသီဥတုကိုအခြေပြုပြီး ရာသီစဉ်နဲ့လုပ်စားရတဲ့ အလုပ်ကို လုပ်ငန်းသစ်အဖြစ် ဟာ့ဘ်က ဘယ်လိုအသွင်ပြောင်း တည်ဆောက်ခဲ့ပါသလဲ ရှင်းပြပါ။

စာဖတ်သူတို့ မူရင်းစာပိုဒ်ကို နားလည်အောင်ဖတ်တတ်ရင် ဖြေနိုင်ပါပြီ၊ အဖြေတွေက စာပိုဒ်အတွင်းမှာ တစ်စိတ်တစ်ပိုင်းပါပြီးတော့ ဦးနှောက်ကစဉ်းစားပြီး ထပ်ဖြည့်ရုံပါ။ အွန်လိုင်းကဖြေရတာမို့လို့ မသိတာကို Google မှာရှာလို့ရပါတယ်။ ကိုယ့်ထက်သိနိုင်သူကို မေးနိုင်ပါတယ်။ မြန်မာပြည်က ၁၀ တန်းမှာ အင်္ဂလိပ်စာ အမှတ် ၆၀ ရထားသူ မည်သူမဆို ဖတ်နိုင်တဲ့ စာမျိုးပါ၊ ဘာကိုမှ အလွတ်ကျက်ဖို့မလိုပါဘူး။ ကူးရေးထားဖို့မလိုပါဘူး။ ကိုယ်တက်တဲ့ Semester ပြီးရင် ဒီဖတ်စာအုပ်ကိုမလိုတော့ပါဘူး။ ကိုယ့်ဘဝအတွက် အသုံးလိုမယ်ထင်ရင်တော့ သိမ်းထားသင့်ပါတယ်။ လိုချင်တဲ့အတွေးအခေါ်ကို ဦးနှောက်ထဲရိုက်သွင်းလိုက်တာထက်စာရင် စဉ်းစားဉာဏ်ကို အလုပ်လုပ်ခိုင်းလိုက်တာက အမေရိကန်ပညာရေးရဲ့ လျှို့ဝှက်ချက်ပါ၊ လုပ်ရင်မခက်ပါ၊ လုပ်ဖို့ပဲလိုပါတယ်၊ အားပေးပါတယ်၊ မြန်မာပြည်သူများ ပညာဆက်သင်ပါခင်ဗျား။





*(နောက်အပတ်တွေမှာ ထပ်ပြီးတော့ စာမေးပွဲအတူတူဖြေရအောင်)*

Vol . 3, Issue . 36

## Short News



### ကမ္ဘာ့အပါးဆုံးစမတ်ဖုန်း X2 Soul ကို Allview က ပြသ

ရိုးမေးနီးယားအခြေစိုက် မိုဘိုင်းထုတ်လုပ်သူ Allview က ယခုအခါတွင် ကမ္ဘာ့အပါးလွှာဆုံးစမတ်ဖုန်းဖြစ်သည့် X2 Soul ကိုမိတ်ဆက်ပေးလိုက်ပြီဖြစ်ပြီး ဖုန်း၏အထူမှာ 5.5mm သာရှိမည်ဖြစ်သည်။ hardware ပိုင်းများအတွက် 5-inch အရွယ်အစားရှိ Super AMOLED Full HD display(with 441ppi), 1.7 GHz octa-core MediaTek processor, 2GB RAM, 16GB built-in storage, Sony၏ IMX135 sensor သုံး13MP rear camera နှင့် 2300 mAh battery တို့အသုံးပြုထားကာ ဒေါ်လာ ၄၅၀ ဝန်းကျင်ကျသင့်မည်ဖြစ်ပြီး Allview ဝက်ဘ်ဆိုက်တွင်မှာယူနိုင်မည်ဖြစ်သည်။

### HTC M8 Ace စမတ်ဖုန်းသစ်ပုံများထွက်ပေါ်လာခဲ့

HTC One M8 အဆင့်မြင့် စမတ်ဖုန်းကို ပုံစံတစ်မျိုးပြောင်းကာထုတ်လုပ်ပေးမည့် HTC M8 Ace မှာ တရုတ်နိုင်ငံတွင်စစ်ဆေးမှုအချက်အလက်များထွက်ပေါ်လာခဲ့သည်။ ကိုယ်ထည်ပိုင်းကို ပလတ်စတစ်ဖြင့်တည်ဆောက်ထားပြီး 4.7-inch အရွယ်အစားသာရှိမည်ဖြစ်သော်လည်း ကျန်သည့် hardware ပိုင်းများတွင် M8 နှင့်တူညီစေမည်ဖြစ်ကာလာမည့်ဇွန်လ ၃ ရက်တွင် တရုတ်၌ ဒေါ်လာ ၄၈၀ ခန့်ဖြင့် ဝယ်ယူနိုင်ဖွယ်ရှိသည်။

### Samsung Galaxy S5 Active ကို Twitter ပေါ်တွေ့မြင်ခဲ့ရ

Samsung က မိတ်ဆက်မပြသရသေးသည့် Galaxy S5 Active စမတ်ဖုန်းသစ်မှာ ယခုအခါတွင် Twitter ဝက်ဘ်ဆိုက်ပေါ်တွင်ထွက်ပေါ်လာခဲ့ပြီး ယခင်ထွက်ပေါ်ထားသည့်အချက်များအရ Snapdragon 801 SoC, 2GB RAM နှင့် 16MP camera တို့ကို အသုံးပြုထားကြောင်း သိရှိရသည်။

### ဒီဇိုင်းပြင်ထားသော FonePad 7 ကို Asus က စတင်ဖြန့်ချိ

ဖိလစ်ပိုင်ရှိ Asus က အဆင့်မြင့်ထားသည့် FonePad 7 tablet ကို မိတ်ဆက်ဖြန့်ချိပေးလိုက်ပြီး ယခင်model ထက် ပိုမိုပေါ့ပါး ပါးလွှာစေမည်ဖြစ်သော်လည်း ရုပ်ထွက်တွင် WXGA မှ WSVGA နှင့် internal storage တွင် 8GB မှ 4GB သို့လျော့ကျသွားမည်ဖြစ်သည်။



# 3G tablet ကိုပါ Google ကထုတ်ပေးမည်



Google က Project Tango အစီအစဉ်ကို ပြီးခဲ့သည့်ဖေဖော်ဝါရီလကတည်းက တရားဝင်ကြေညာထားခဲ့ခြင်းဖြစ်ပြီး sensor များထည့်သွင်းထားသည့် စမတ်ဖုန်းအပေါ်တွင် အဓိကအခြေခံထားခြင်းဖြစ်ကာ အဆိုပါဖုန်းရှိ sensor များက ဘေးပတ်ဝန်းကျင်ရှုမြင်ကွင်းကို 3D ပုံစံဖြင့် ဖော်ပြပေးခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါစီမံကိန်း၏နောက်ဆက်တွဲအဖြစ်စမတ်ဖုန်းအပြင် 3D tablet ကိုပါထုတ်လုပ်ပေးရန်ရှိနေကြောင်း Wall Stree Journal ၏ ဖော်ပြသည့်သတင်းအချက်အလက်များအရသိရှိရသည်။ အဆိုပါ tablet အလုံးပေါင်း ၄၀၀၀ ခန့်ကို လာမည့်လတွင် ထုတ်လုပ်ပေးသွားမည်ဖြစ်ပြီး rear camera ၂ လုံးနှင့် အဆင့်မြင့်ပုံရိပ်လုပ်ဆောင်မှု software တို့ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အဆိုပါ tablet ကို လာမည့်ဇွန်လတွင်ကျင်းပမည့် Google I/O developer conference တွင်ပါ ပြသသွားမည်ဖြစ်ကြောင်းသိရှိရသည်။

ယခုနည်းပညာမှာ ပတ်ဝန်းကျင်၏အတိုင်းအတာအနေအထားကို infrared sensor များအသုံးပြုကာ ပုံရိပ်ဖမ်းယူခြင်းဖြစ်ပြီး ယခုကဲ့သို့ 3D ပုံရိပ်များကို device ငယ်များသုံးကာဖန်တီးယူမှုမှာ ဆန်းသစ်သည့်နည်းပညာတစ်ရပ်ဟု မဆိုနိုင်ဘဲ Google အဓိကလုပ်ဆောင်ချင်သည့်ရည်ရွယ်ချက်မှာမူ ၎င်းတို့၏ပုံရိပ်ဖော်ပြသည့် mapping လုပ်ဆောင်မှုကိုထောက်ပံ့ပေးနိုင်မည့် hardware ဆိုင်ရာများကို ထိန်းချုပ်လုပ်သွားနိုင်ရန်ပင်ဖြစ်သည်။ ယခု device များကိုသုံးကာ အဆောက်အအုံအတွင်းပိုင်းရှိ 3D မြေပုံအညွှန်းကို မြန်ဆန်စွာဖန်တီးရယူနိုင်စေမည်ဖြစ်သည်။ Google မှာ ယခု 3D tablet များကို တရားဝင်မိတ်ဆက်ဖြန့်ချိမှု မပြုလုပ်ခင်မှာပင် နည်းပညာပိုင်းကိုလက်တွေ့စမ်းသပ်နိုင်စေရန် အတွက် သီးသန့်ရွေးချယ်ထားသော developer များနှင့်အင်ဂျင်နီယာများကိုပေးအပ်သွားဦးမည်ဖြစ်ကြောင်း အဆိုပါသတင်းဌာနကဆက်လက်ရေးသားဖော်ပြထားသည်။

# Samsung Galaxy Note 4 ကို စက်တင်ဘာ ၃ ရက်၌ မိတ်ဆက်လာနိုင်

Samsung က ထုတ်လုပ်ထားသည့် လက်ရှိ Galaxy Note 3 phablet နေရာကိုဆက်ခံမည့်မျိုးဆက်သစ် Galaxy Note 4 မှာ လာမည့်လ အနည်းငယ်အတွင်း ထွက်ပေါ်လာမည်ဟု Samsung အတွင်းပိုင်းသတင်းများအရသိရှိရသည်။

အဆိုပါ phablet ထုတ်ကုန်သစ်မှာ လက်ရှိ Galaxy S5 စမတ်ဖုန်းတွင်ပါဝင်သည့်အလားတူ spec များနှင့်အတူ 3GB RAM, quad-core Snapdragon 805 processor တို့ကိုပါသုံးစွဲနိုင်ပြီး လက်ရှိ S Pen stylus ၏လုပ်ဆောင်ပံ့ပိုးပေးနိုင်မှုအနေအထားများကိုပါ ပိုမိုမြှင့်တင်ပေးထားမည်ဟုဖြစ်သလို S5 ကဲ့သို့ပင် heart-rate sensor နှင့် fingerprint sensor တို့ကိုထည့်သွင်းထုတ်လုပ်လာနိုင်ဖွယ်ရှိနေသည်။

Android Geeks ၏သတင်းရင်းမြစ်တစ်ခုက Samsung ဟာ အဆိုပါ Galaxy Note 4 ကို စက်တင်ဘာလ ၃ ရက်နေ့တွင် မိတ်ဆက်ပေးရန်သတ်မှတ်ထားပြီးဩဂုတ်လတွင် သတင်းမီဒီယာများကိုဖိတ်စာများပေးပို့သွားမည်ဖြစ်ကြောင်းဖော်ပြထားသည်။ စက်တင်ဘာ ၃ ရက်မှာ ပြီးခဲ့သည့်နှစ်က Note 3 ကိုမိတ်ဆက်စဉ်က ရက်စွဲထက် တစ်ရက်စောစေမည်ဖြစ်ပြီးသလို ဩဂုတ်လကုန်ပိုင်းတွင် ပြုလုပ်ဖွယ်ရှိသည့် Apple ၏ iPhone 6 မိတ်ဆက်ပွဲနှင့်ပါ မရှေးမနှောင်းတိုက်ဆိုင်စေမည်ဖြစ်သည်။ Note 4 နှင့်ပတ်သက်သည့်စိတ်ဝင်စားစရာအကောင်းဆုံးအချက်မှာအရွယ်အစားပင်ဖြစ်ပြီး ပုံမှန်အတိုင်း 0.2-inch တိုးလာသည့်အတိုင်း 5.9-inch ဖြင့် ထုတ်မည်မဟုတ်ဘဲ Note 3 အတိုင်း 5.7-inch အရွယ်အစားကိုသာဆက်လက်အသုံးပြုရန်ရှိနေသည့်အပြင် 2K ရုပ်ထွက်အရည်အသွေးရှိမျက်နှာပြင်ကိုပါသုံးနိုင်သည်ဟု Android Geeks ကပင် ဖော်ပြပေးထားသည်။

# Nokia X ထုတ်ကုန်များ၏နောက်ဆက်တွဲအဖြစ် Nokia X2 ၏ Specs များထွက်ပေါ်လာ

Nokia က ပြီးခဲ့သည့်ဖေဖော်ဝါရီလတွင် စပိန်နိုင်ငံ ဘာစီလိုနာ၌ကျင်းပခဲ့သည့် Mobile World Congress 2014 ပွဲတွင် X, X+ နှင့် XL ဆိုသည့် ပထမဆုံး Android စမတ်ဖုန်းများကိုမိတ်ဆက်ပေးခဲ့ခြင်းဖြစ်သော်လည်း ယခုအခါတွင် အဆိုပါဖုန်းများထဲမှ Nokia X ၏ မျိုးဆက်သစ်ဖြစ်သော Nokia X2 ၏ specs များမှာ အင်တာနက်တွင် ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

Nokia X2 မှာ သိပ်မကြာသေးခင်အချိန်ကမှ AnTuTu benchmark စစ်ဆေးမှုကိုခံယူခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် အဆိုပါဖုန်း၏အရေးကြီးသော spec များထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် မူရင်း Nokia X ကိုအဆင့်တိုးမြှင့်ပေးလိုက်ခြင်းဖြစ်သော်လည်း အဆင့်မြင့်စမတ်ဖုန်းတစ်လုံးအဖြစ် သတ်မှတ်နိုင်ဦးမည်မဟုတ်ပေ။ Nokia X2 မှာ 480x800 resolution ထောက်ပံ့ထားသည့် 4.3-inch အရွယ်အစားသာဖြစ်ပြီး 5MP rear camera, 0.3MP front camera, 1.2GHz dual-core Quadcomm Snapdragon 200 processor, 1GB RAM, 4GB built-in storage တို့ပါဝင်မည်ဖြစ်သည်။ ယခုနမူနာအမျိုးအစားမှာ Android 4.3 Jelly Bean ကို run ပေးထားသော်လည်း Nokia ၏ X line စမတ်ဖုန်းများမှာ Google ၏ မိုဘိုင်းစနစ်ကိုအပြည့်အဝသုံးထားခြင်းမဟုတ်သည့်အတွက် တခြားသောဝန်ဆောင်မှုများ ပါဝင်နိုင်မည်မဟုတ်ပေ။ model အမည်မှာ RM-1013 ဖြစ်ပြီး ယခင်မျက်နှာပြင် 4-inch မှအနည်းငယ်ကြီးလာသလို 3MP rear camera မှ 5MP မြင့်လာသည့်အချက်၊ CPU တွင် 200-MHz တို့ တိုးထားသည့်အချက်နှင့် RAM ၂ ဆဖြစ်လာသည့်အချက်တို့သာ အဓိကမြင့်လာခြင်းဖြစ်သည်။

# Samsung က VR နှင့် သီးသန့်စမတ်နာရီကိုထုတ်လုပ်ရန်ရှိနေ

Samsung သည် တဖြည်းဖြည်းကြီးထွားလာသော virtual reality (VR) ထုတ်ကုန်ဈေးကွက်ကို ဝင်ရောက်လာမည်ဟု သတင်းများထွက်ပေါ်လာပြီး ၎င်းတို့အနာဂတ်စမတ်ဖုန်း၊ tablet များနှင့် တွဲဖက်အသုံးပြုနိုင်စေမည့် VR headset တစ်ခုကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

Engadget က အတိအကျ မဖော်ပြထားသည့် ရင်းမြစ်တစ်ခုကိုးကားကာရေးသားခဲ့ခြင်းဖြစ်ပြီး hardware အသေးစိတ် အချက်အလက်များကိုမူ အလေးပေးပြောဆိုသွားခြင်းမရှိဘဲ အဆိုပါထုတ်ကုန်၏မျက်နှာပြင်မှာ OLED screen အမျိုးအစားဖြစ်ပြီး လက်ရှိ developer version ဖြစ်သော Oculus Rift headset ကဲ့သို့ပင်ကောင်းမွန်စေမည်ဖြစ်သည့်အချက်ကိုသာ ဖော်ပြပေးသွားသည်။ အဆိုပါသတင်းဖော်ပြချက်အရ Samsung ဟာ ခေါင်းဆောင် headset ၏နမူနာ prototype များကိုပါ developer တချို့ထံပေးအပ်ထားပြီးဖြစ်ကြောင်း သိရှိရပြီး နောက်ဆုံးထုတ်ကုန်အမျိုးအစားမှာ အနာဂတ် Samsung မိုဘိုင်း device များနှင့်တွဲဖက်အသုံးပြုနိုင်စေမည်ဖြစ်သည်။ ထို့အပြင် Samsung မှာ အဆိုပါ VR headset ကို Oculus Rift နှင့် PlayStation 4 headset တို့မတိုင်ခင်မှာပင် လူထုပရိသတ်ထံပြသရောင်းချသွားရန်ပါအလိုရှိနေပြီး ဈေးနှုန်းမှာလည်း ပြိုင်ဘက်ထုတ်ကုန်များထက်သက်သာစေမည်ဟု အဆိုပါသတင်းက ဆက်လက်ဖော်ပြထားသည်။ မည်သည့်အချိန်တွင် မိတ်ဆက်ပေးမည်ကိုမူ အတိအကျဖော်ပြထားခြင်းမရှိပေ။

Model No : 321B551

- HD (1366 x 768)
- MCI 100 Hz
- Triple XD Engine
- USB Playback
- Digital Tuner (DVB - T2)

Phone : 09-73240123
(Multi Generation Electronic )



Ks 280,000

### 5. Sony 40" Full HD Smart LED TV
Model No : KDL - 40W600

- X - Reality Pro Picture Engine
- Built in Wi - Fi
- Sony Clear Audio Technology
- Sony Motionflow XR 240
- Digital Tuner (DVD - T2)

Phone : 09-73240123
(Multi Generation Electronic )



Ks 650,000

### 6. Sony 3D Bluray Home Theatre
Model No : BDV - E6100

- Full HD 3D Triluminos Colour
- 5.1 channel 4 tall Speakers
- NFC Bluetooth & Wi - Fi
- Bravia Internet Video Connectivity
- Total Output : 1000W

Phone : 09-73240123
(Multi Generation Electronic )



Ks 500,000

Ks 137,000



### 6. Epson All in One Color Printer
Model No : L210

- Print / Copy/ Scan
- Epson's Genuine Ink Bottle (4Color)
- Black 4000 Pages / Bottle
- Suitable For Home & Office Use

Phone : 09-73240123
(Multi Generation Electronic )

Ks 107,000



### 8. Canon Black & White Laser Printer
Model No : MF3010

- All in one (Print / Copy / Scan)
- 18 Pages Per Minute (18 PPM)
- Resolution 600 Dots Per inch
- High Speed USB 2.0 Interface

Phone : 09-73240123
(Multi Generation Electronic )

Ks 371,000




### 10. Toshiba 32" LED TV
Model No : 32L3450VT

- 110 ~ 240V, 50 / 60 Hz
- Dimension (W x H x D) : 736 x 504 x 180
- Weight : 6.5 kg
- Aspect Ratio : 16 : 9
- Resolution : 1366 x 768

Phone : 01252990, 252991
(Samsung A A Electronic)

Ks 32,000



### 12. Philips Iron
Model No : GC2710/02

- Humidification - Got Steam boost - 90g/ min, water tank - 300ml
- Spray, Vertical steam
- Swivel Cord
- Power Consumption : 2000W

Phone : 01253501, 256504 (E - mart)

Ks 371,700



### 14. Bosch Kichen Machine - Mixer
Model No : MUM54230

- Content bowl / Can : 3.9L, 1.24 L
- Weight : 4.7 kg
- Beat, Mix, Cut, Crush ice, Fruit Presses
- Power : 900
- Parts are dishwasher safe
- Storage accessories

Phone : 01253501, 256504 (E - mart)

Ks 117,000



### 7. Epson Color Printer
Model No : L110

- 4 Color Printer
- Black / Magenta / Yellow / Cyan
- Black 4000 Pages / Bottle
- Suitable For Home & Office Use

Phone : 09-73240123
(Multi Generation Electronic )

Ks 1,044,500



### 9. Toshiba 50" LED TV
Model No : 50L4300VE

- Full HD (1920 x 1080p)
- Dynamic Contrast Ratio : 12,000:1
- Power Supply : 110 ~ 240 V, 50 / 60 Hz
- Weight : 10 kg (w/Stand)
- Dimensions : 1136 x 743 x 230 mm (w/Stand)

Phone : 01252990, 252991
(Samsung A A Electronic)

Ks 300,000



### 11. Sharp Freezer
Model No : FRV - 300

- Capacity : 300 L
- Direct Cooling System, Key lock
- Manual defrosting, No Frost Freezer
- Watt : 135 W
- Weight : 48 kg

Phone : 01252990, 252991
(Samsung A A Electronic)

Ks 73,000



### 13. Kangaroo Rice Cooker
Model No : KG - 137

- Stew meat, brown rice, steaming, soup, porridge, Ninh ribs, soup, overcast....
- Cook - Ham - Steamed
- Guts pot bottom honeycomb
- Voltage : 220V / 50 Hz
- Power : 1000 W

Phone : 01253501, 256504 (E - mart)

Ks 265,000



### 15. Panasonic Air Purifier
Model No : F.PXF35A

- Appropriate area : 26m2
- Noise : 44dB
- Power : 220V Ac - 50 Hz
- Dimensions : 520 x 300 x 189 mm
- Weight : 5 kg

Phone : 01253501, 256504 (E - mart)

# Enjoy with Special Promotion

Period - (21-31), May, 2014

DELL
The power to do more



Colour code

## Inspiron 3437
## OAK14V1501_1519

- Intel® Celeron 2955U (2M Cache , 1.4 GHz)
- 2GB DDR3 1600Mhz
- 500GB 5400RPM SATA HDD
- 14.0"
- DVD+/-RW
- Intel® HD Integrated Graphics

*1 Year parts & service Warranty*

HOT PRICE
$354

Normal Price
~~$369~~

---

Cash Back
14,100Ks



Colour code

### Inspiron 3437
OAK14V1501_2106

$559

- 4th Gen Intel® Core™ i3-4010U (3M Cache, 1.7 GHz,)
- 4GB DDR3L 1600Mhz
- 500GB 5400RPM SATA HDD
- 14.0"
- DVD+/-RW
- Nvidia GeForce GT720M 2GB DDR3

*1 Year parts & service Warranty*

FREE * * *
Flash Drive
8GB



Colour code

### Inspiron 3437
OAK14V_1501_2108w

$669

- 4th Gen Intel® Core™ i5-4200U 1.6GHz (3M Cache, up to 2.6 GHz,)
- 4GB DDR3L 1600Mhz
- 500GB 5400RPM SATA HDD
- 14.0" | DVD+/-RW
- Windows 8
- Nvidia GeForce GT720M 1GB DDR3

*1 Year parts & service Warranty*

Cash Back
18,800Ks



Colour code

### Inspiron 5437
OAK14M_1501_2104

$669

- 4th Gen Intel® Core™ i5-4200U 1.6GHz (3M Cache, up to 2.6 GHz,)
- 4GB DDR3L 1600Mhz
- 500GB 5400RPM SATA HDD
- 14.0"
- DVD+/-RW
- Nvidia GeForce GT740M 2GB DDR3

*1 Year parts & service Warranty*

Cash Back
9,400Ks



Colour code

### Inspiron 5437
HSW14M1501-2102

$829

- 4th Gen Intel® Core™ i7-4500U 1.8GHz (4M Cache, up to 3.0 GHz,)
- 8GB DDR3L 1600Mhz
- 1TB 5400RPM SATA HDD
- 14.0"
- DVD+/-RW
- Nvidia GeForce GT750M 2GB DDR5

*1 Year parts & service Warranty*

**ဝယ်ယူရရှိနိုင်သော အရောင်းဆိုင်ကြီးများ**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| Technoland 09-73024327 | UNIQUE 01-391789 | Citicom 01-376564 | ICE 01-216484 | KSW 01-398037 | Life Mark 01-391691 | INNWA 01-385183 | EASTERN 01-398224 | KING POWER 01-398008 | My Com 02-69309 |
| IDEA LINK 01-376212 | CTM 01-224502 | RIT 01-376067 | Evo STORE 09-5193414 | MAT 09-2015503 | LINN 067-22884 | ME 02-74322 | Thein Min 01-552566 | KING EMPIRE 01-398129 | |

Authorised Consumer Distributor by : **Golden Power Technology** - *Your Reliable Supplier*

**YANGON Head Office & Show Room**
No.15, Baho Street (The Corner of Pan Hlaing & Baho), Sanchaung Township, Yangon. Tel : (01) 2304848, 2304849, 2304850, 2304851, 2304852
sales@gpt-mm.com, support@gpt-mm.com| www.gpt-mm.com
Open Daily : Mon - Sat: 9am - 6pm, Sun: 10am - 5pm

**MANDALAY Show Room & Service**
B-2, 78th Road, Between 27th-28th Street, Chan Aye Thar Zan Tsp., Mandalay, Myanmar. Tel : 09-910-43-803, 0940-260-20-20, 0973-214926
Open Daily : Mon - Sat: 9am - 6pm, Sun: 10am - 5pm

Golden Power TECHNOLOGY

## Wainford A79 7" Tablet

Wainford
223804

Wainford ကုမ္ပဏီမှ အသစ်ထွက်ရှိလာသော Model A79 Tablet ဖြစ်ပါတယ်။ 7" အရွယ်ရှိတာကြောင့် ဖုန်းတစ်လုံးကဲ့သို့အသုံးပြုနိုင်သော Tablet တစ်ခုဖြစ်ပါတယ်။ Android Version 4.1.2 Jelly Bean ကို အသုံးပြုထားပြီး CPU အနေနဲ့ Quad Core 1.2 GHz ကိုအသုံးပြုထားသောကြောင့် Game အမြင့်များကိုလည်း လျင်မြန်သွက်လက်ကောင်းမွန်စွာ ကစားနိုင်မှာဖြစ်ပါတယ်။ Internal Memory 4 GB ပါဝင်ပြီးထပ်မံထည့်သွင်းအသုံးပြုချင်သူများအနေနဲ့ 32GB ထိ ထပ်မံထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ 3G Network ကို အသုံးပြုထားသောကြောင့် အင်တာနက်လိုင်းသုံးရာတွင် လျင်မြန်စွာအသုံးပြုနိုင်သော Tablet တစ်ခုဖြစ်ပါတယ်။ Dual Camera ပါရှိပြီး Back Camera 8MP ပါရှိသောကြောင့် ရုပ်ထွက်အထူးကောင်းမွန်ပါသည်။ IPS မှန်သားကိုအသုံးပြုထားသောကြောင့် ရုပ်ထွက်ကြည်လင်ပြတ်သားပြီး Touch အထိအတွေ့မှာလည်း ပေါ့ပါးသွက်လက်သော အထိအတွေ့ကိုခံစားရမှာဖြစ်ပါတယ်။ ထို့ကြောင့် လူကြီးလူငယ်မရွေး အကြိုက်တွေ့စေသော Tablet ဖြစ်ပါသည်။




## Zestpro Ultra D72

SCS Computer
01-290384, 09-73000101

Zestpro brand မှ အသစ်ထပ်မံထုတ်လုပ်တဲ့ 3rd generation Ultra D72 Tablet ထွက်ရှိလာပါတယ်။ ယခင် SIM Card အသုံးပြုနိုင်တဲ့ Tablet များနှင့်မတူတော့ဘဲ CPU မြင့်မားခြင်း version မြင့်မားခြင်းတို့ကြောင့် အသုံးပြုသူများ အကြိုက်တွေ့မှာသေချာပါတယ်။ ရွေးချယ်ဝယ်ယူနိုင်တဲ့ Colour ရောင်သွေးစုံလင်ခြင်း ပါးလွှာပေါ့ပါးခြင်းတို့ဖြင့် အားသာချက်များရှိပါတယ်။ Dual core CPU A23 ကိုတပ်ဆင်ထားပြီး 1.3 GHz ရရှိမှာဖြစ်ပါတယ်။ Ram 1 GB (optical) ကို အသုံးပြုထားပြီး internal Data storage 8GB ထိ အသုံးပြုနိုင်မှာပါ။ Android Version 4.2.2 (jelly bean) ဖြစ်တာကြောင့် game အနိမ့်အမြင့်များ android သုံး application များကို ထည့်သွင်းအသုံးပြုနိုင်ပြီး အခြားသောစိတ်ဝင်စားဖွယ် system setting များပါဝင်ပါတယ်။ ရှေ့နောက် camera ပါဝင်ပြီး 3.0 mpx အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် resolution 1024 x 800 ဖြစ်တာကြောင့် HD movies များ ကြည့်ရှုချင်သူများအတွက် အထူးသင့်တော်ပါတယ်။ mp3, mp4 များနားထောင်နိုင်ပြီး ခရီးသွားလာရင်းဖြစ်စေ၊ portable နားဆင်နိုင်ရန်အတွက်ဖြစ်စေ အသုံးပြုနိုင်မှာပါ။ GSM Sim Card ထည့်သွင်းအသုံးပြုနိုင်တာကြောင့် ဖုန်းပြောရန်အတွက်နှင့် internet အသုံးပြုနိုင်ပါသေးတယ်။ wifi ရရှိနိုင်တဲ့ မည်သည့်နေရာမဆို wifi internet ကိုလည်း အသုံးပြုနိုင်ပါတယ်။ colour အနေနဲ့ အဖြူ၊ အနက်၊ အပြာနု၊ အနီ၊ ပန်းရောင်တို့ဖြင့်ရရှိနိုင်ပြီး လူကြီးကော ကလေးငယ်များပါ အကြိုက်တွေ့စေမယ့် zestpro ultra D72 tablet လေးဖြစ်ပါတယ်။




## USB to HDMI Display Link Converter

F@X
389357, 09 91039206

USB port မှတစ်ဆင့် အရည်အသွေးမြင့် HDMI resolution ကို ပြောင်းလဲရရှိစေနိုင်ဖို့ကိုပေါင်းကူးမယ့် Converter လေးပဲဖြစ်ပါတယ်။ အဓိကအားဖြင့် Display link လုပ်ရခက်တဲ့ MAC တွေအတွက်ကတော့ အရမ်းကိုအသုံးတည့်စေနိုင်တဲ့ Gadgat လေးဖြစ်မှာပါ။ ဒါ့အပြင် USB port သို့မဟုတ် VGA port သာပါဝင်တဲ့ Laptop, desktop, စတာတွေကိုလည်း HDMI output အဖြစ်ရရှိစေပြီး HDMI input လက်ခံအသုံးပြုနိုင်တဲ့ပစ္စည်း Player များနဲ့ တွဲဖက်အသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ ရုပ်ထွက်အားဖြင့် ကျသွားခြင်းမရှိဘဲ HDMI resolution 1080 p အပြည့်အဝကို တွေ့မြင်ခံစားနိုင်မှာဖြစ်လို့ သုံးစွဲသူများအကြိုက်တွေ့စေမှာပဲဖြစ်ပါတယ်။ Windows / Mac နှစ်မျိုးလုံးအတွက် drive လည်းတွဲရက်ပါရှိပေးထားလို့ အလွယ်တကူပဲ ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ မိမိချိတ်ဆက်အသုံးပြုချင်တဲ့ Device နှစ်ခုရဲ့ ports မတူညီတဲ့ ပြဿနာများကိုလည်း ဒီ converter က အလွယ်တကူဖြေရှင်းပေးနိုင်မှာပဲဖြစ်ပါတယ်။ အိမ်တွင်းမိသားစု အပန်းဖြေတဲ့အချိန်မျိုးမှာ ရုပ်သံအပြည့်အဝခံစားဖို့ပဲဖြစ်ဖြစ် လုပ်ငန်းပိုင်းတွေမှာ အသုံးပြုဖို့ပဲဖြစ်ဖြစ် အသုံးဝင်စေနိုင်မယ့် new gadget လေးပဲဖြစ်ပါတယ်။




## BOSE Model 101 Speaker

F@X
389357, 09 91039206

အသံပိုင်းဆိုင်ရာနဲ့ပတ်သက်လို့ အသံထွက်ကို အပြည့်အဝနားဆင်ခံစားစေနိုင်ဖို့အတွက် အရည်သွေးမြင့်မားတဲ့ speaker ကိုမှ လိုအပ်တဲ့သူတွေအတွက် BOSE Speaker လေးပဲဖြစ်ပါတယ်။ တေးသီချင်းနားဆင်ရာမှာဖြစ်စေ၊ ရုပ်ရှင်ဇာတ်လမ်းတွေကြည့်ရှုရာမှာဖြစ်စေ ကြည်လင်ပြတ်သားစကားလုံးပီသသော သဘာဝအသံနေထားစစ်စစ်ကို ရရှိစေမှာဖြစ်ပါတယ်။ အသံကြိမ်နှုန်းတုန့်ပြန်နိုင်စွမ်းက 60 GHz က 17 KHz ထိရှိပြီး အမြင့်ဆုံး အသံအားမှာ 60 watt ဖြစ်ပါတယ်။ sensitivity 89 dB နဲ့ လျှပ်စစ်ကြောင်း ဟန့်တားနိုင်မှု 4 ohms ရှိတာမို့ စပီကာထုတ်လုပ်ထားတဲ့ အသံများက လေးနက်ပြတ်သားမှန်ကန်မှုရှိနိုင်ပြီး အခန်းကျယ်ကြီးတွေ တစ်ခန်းလုံးကိုပျံ့နှံ့သွားအောင် စွမ်းဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ မိမိတစ်ဦးတည်းထဲအတွက်ဖြစ်စေ၊ မိသားစုအားလုံးအတွက်ဖြစ်စေ ရုံးခန်း၊ Showroom လိုနေရာမျိုးတွေ အတွက်လည်း နေရာစားသက်သာ ကာထားရှိနိုင်မဲ့ Design မျိုးလေးပဲ ဖြစ်ပါတယ်။ သုံးစွဲသူများအတွက် သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ ကမ္ဘာကျော်ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ BOSE က ထုတ်လိုက်တဲ့ Model-101 Speaker လေးက သင့်အတွက် ပျော်အရွှင်မှုတစ်စုံတစ်ရာကို ဖန်တီးပေးနိုင်မယ့် speaker ကောင်းလေးတစ်လုံးဖြစ်မှာကတော့ အသေချာပါပဲ။




## Fukuda 453DP Level (4V-1H)5 Lines Meter

F@X
389357, 09 91039206

ဆောက်လုပ်ရေးသမားတွေနဲ့ Decoration သမားတွေအတွက်တော့ အချိန်ကုန်သက်သာစွာ အလွယ်တကူ တိုင်းတာအသုံးပြုနိုင်မယ့် laser level meter လေးပဲဖြစ်ပါတယ်။ Class II Read Laser နဲ့ဖြစ်ပြီး laser လိုင်းကို horizontal နဲ့ vertical နှစ်မျိုးလုံးနှင့် ပြသပေးမှာဖြစ်ပါတယ်။ vertical laser 4 line ဖြစ်တဲ့အတွက် လုပ်ငန်းပိုင်းဆိုင်ရာတွေမှာ အဆင်ပြေစွာနဲ့ အသုံးဝင်စေနိုင်မှာဖြစ်ပါတယ်။ laser line horizontal နဲ့ vertical ဆုံမှတ်ကိုလည်း laser point ဖြင့် ထင်လင်းပြတ်သားစွာမြင်တွေ့ရမှာဖြစ်ပါတယ်။ လိုအပ်သလို 360° လှည့်ကာလည်းသုံးနိုင်ပါတယ်။ ရေချိန်မညီပါက အသံနဲ့ Alert ပေးနစ်ဖြင့် အချက်ပြသပေးမှာဖြစ်လို့တိကျစွာနဲ့ စိတ်ချလက်ချ အသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ laser wavelength အားဖြင့် 635 nm ကို အသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ laser line ကို ပိုမိုမြင်သာပြီး မျက်လုံးထိခိုက်မှုကို ကာကွယ်ပေးနိုင်မယ့် အနီရောင်မျက်မှန်ကိုလည်း ထည့်သွင်းပေးထားပါတယ်။ Size အရွယ်အစားမှာ compact ဖြစ်ပြီး weight အားဖြင့် 1.2 kg သာရှိတာမို့ အလွယ်တကူသယ်ဆောင်သွားနိုင်ကာ carry box ကိုလည်း စီမံပေးထားလို့ အသုံးတည့်စေနိုင်မှာပဲဖြစ်ပါတယ်။




## HP Pavilion 14-n265TX (i3)

Royal Smart Trading Co.,Ltd.
379564

မြန်မာပြည်၏တရားဝင်ဖြန့်ချိခွင့်ရရှိထားသော Royal Smart Trading Co., Ltd. မှ အသစ်ထပ်မံတင်သွင်းလိုက်သော HP Pavilion series အသစ်လေးဖြင့် မိတ်ဆက်ပေးပါရစေ။ Intel ရဲ့နောက်ဆုံးပေါ် 4th Generation (Haswell Processor) အသုံးပြုထားတဲ့ HP pavilion 14-n265TX (i3) model အသစ်လေးပါ။ ယခုအမျိုးအစားလေးဟာဆိုရင် Ultra Processor သုံးထားတဲ့အတွက် ပေါ့ပါးလှပသေသပ်ပြီးကျစ်လျစ်တဲ့ Design မျိုးလေးပါ။ Performance မြင့်မားတဲ့ Core (i3) 4010U (1.7 GHz, 3MB) ကို အသုံးပြုထားပြီး Graphic အနေဖြင့် ATI Radeon 8600 M 2 GB နဲ့ Memory 4GB DDR3L (1600 MHz) ပါဝင်တဲ့အတွက်ကြောင့် Design ပိုင်းဆိုင်ရာနှင့် Games တော်တော်များများကို စိတ်ကြိုက်ကစားနိုင်မှာဖြစ်ပါသည်။ အလေးချိန်ဟာဆိုရင်လည်း (2.3 kg) လောက်သာရှိပြီး အခွေကူး၊ အခွေဖတ်နိုင်တဲ့ Super Multi DVD Burner လည်းပါရှိပါသည်။

Storage အားဖြင့်လည်း 500 GB ပါဝင်သည်။ အသံပိုင်းဆိုင်ရာအနေဖြင့်လည်း ကြည်လင်ပြတ်သားသည့် ရုပ်ထွက်နဲ့အသံကို ထောက်ပံ့ပေးနိုင်မည့် HDMI Port, Data ကူးယူမှုကို ပုံမှန်ထက်ဆယ်ဆမြန်ဆန်စေမည့် USB 3.0 နှင့် Bluetooth 4.0 တို့လည်းပါဝင်ပါသည်။

ပေါ့ပါးလှပပြီးသေသပ်သည့် Design နှင့် Performance ကောင်းကောင်းသုံးချင်သူများအတွက် Royal Smart Trading Co., Ltd. မှ တင်သွင်းဖြန့်ချိလိုက်သော HP pavilion 14-n265TX (i3) ကို HP ၏ Reseller ဆိုင်ကြီးများတွင် Global Warranty အာမခံသက်တမ်း (၁) နှစ်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




## SKY Pix Handy Scan

SCS Computer
01-290384, 09-73000101

အလွယ်တကူသယ်ဆောင်ယူသွားနိုင်ပြီး ရောက်ရာနေရာတွင် အလွယ်တကူပွတ်ဆွဲလိုက်ရုံဖြင့် Scan ဖတ်၊ Copy ကူးယူသိမ်းဆည်းထားနိုင်သော Device လေးပဲဖြစ်ပါတယ်။ Memory ပမာဏ 2GB အသုံးပြုပါက Scan အချက်ရေ 2000 ကျော်ထည့်သွင်းသိမ်းဆည်းထားနိုင်ပြီး 32GB အထိ support ပြုလုပ်နိုင်ပါတယ်။ A4, letter, legal size စာရွက်များသာမက စာအုပ်ကြီးများတွင်ပါရှိသော Data များကိုပါ အလွယ်တကူဖိပွတ်ဆွဲလိုက်ရုံဖြင့် Scan ဖတ်သိမ်းဆည်းထားနိုင်သဖြင့် အလွန်အဆင်ပြေသော Device လေးပဲဖြစ်ပါတယ်။ AA size ဓာတ်ခဲနှစ်လုံးထည့်ရန်လိုအပ်ပြီး Color Scan နှင့် black & white scan mode ဟူ၍ရွေးချယ် scan ပြုလုပ်နိုင်ပါတယ်။

Resolution အနိမ့်ဖြင့်ကူးပါက Scan အချက်ရေ 3000 ကျော်ခန့် အထိဖတ်ယူသိမ်းဆည်းနိုင်ပါတယ်။



# AUDIO REVIEWS

## Yamaha MG 24/14fx

Yamaha MG 24/14FX ဟာ channel ၂၄ ခုရတဲ့ mixer ဖြစ်ပါတယ်။ အသံအားဖြည့်မှုနဲ့ ချိတ်ဆက်မှုပိုင်းတွေအတွက် စွမ်းအားကောင်းတဲ့ capacity ကိုသုံးထားပါတယ်။ အသံမိုက်၊ Instrument mic, စတီရီယိုကီးဘုတ်၊ ဒရမ်မိုက်စတာတွေအားလုံးကို လျင်မြန်စွာတပ်ဆင်နိုင်ပြီး လိုင်း ၂၄ ခုနဲ့အတူ အားလုံးကိုထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ SPX digital effect ၂ခုပါပြီး ဒီစနစ်၂ခုနဲ့ပင် လိုအပ်တဲ့အသံကိုရနိုင်ပါမယ်။ Effect ၁ ခုမှာ reverb, delay, pitch, change, chorus, phasing, vocal doubling, distortion စတဲ့ SPX digital effect တွေ ၁၆ မျိုးပါ,ပါတယ်။ Effect တွေနဲ့ လိုက်ဖက်မှုရှိအောင် ချိန်ညှိနိုင်တဲ့ Parameter control တွေလည်းပါပြီး ခက်ခဲရှုပ်ထွေးတဲ့ mix တွေကို လွယ်ကူစွာဖန်တီးနိုင်ဖို့အတွက် အရံ bus တွေအများကြီးရှိပါတယ်။ လိုင်း ၂၄ ခုထဲမှာ ၁၆ ခုက mono မိုက်ခရိုဖုန်း line input တွေဖြစ်ပြီး စတီရီယို line input က ၄ ခုဖြစ်ပါတယ်။ လိုင်းတွေအားလုံးကစံထားလောက်တဲ့ အရည်အသွေးရှိပြီး အသံဆူညံမှုမရှိပါဘူး။ ကြည်လင်ပြတ်သားပြီး ပိုမိုကောင်းမွန်တဲ့ mixing သီချင်းတွေကို နားဆင်ခံစားနိုင်မှာဖြစ်ပါတယ်။ ဒီ MG 24/14 FX မှာ mix bus စုစုပေါင်း ၁၄ ခုရှိပြီး ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ အသံလမ်းကြောင်းကိုရရှိနိုင်ပါတယ်။ Band equalizer ၃ ခုပါပြီး အားလုံးက mix လုပ်တဲ့အခါမှာ ပိုမိုညက်ညောမှုနဲ့ မြန်ဆန်တဲ့တုံ့ပြန်မှုကိုပေးစွမ်းနိုင်လို့ ကြည်လင်ပြတ်သားပြီး ပိုပြီးအသံနိုင်မာတဲ့ mix တွေကိုဖန်တီးယူနိုင်မှာပါ။ Mono မိုက်ခရိုဖုန်း input လိုင်းတွေအားလုံးမှာ high-pass filter ပါဝင်လို့ မလိုအပ်တဲ့ ကြိမ်နှုန်းနိမ့်သံဆူညံမှုကိုလျှော့ချပေးမှာပါ။ အဖွဲ့လိုက်အလုပ်လုပ်တဲ့အချိန်မှာ တစ်ယောက်နဲ့တစ်ယောက်ဆက်သွယ်ရတာအဆင်ပြေဖို့အတွက် talkback စနစ်ပါပါတယ်။ တကယ့်ကိုအဆင့်မြင့်လုပ်ဆောင်ချက်တွေကိုရရှိနိုင်မယ့် mixer တစ်ခုပါပဲ။

Unique Audio | Ph : 01-391267




## Pioneer VSX-523-K

Pioneer က ထုတ်လုပ်လိုက်တဲ့ VSX-523-K ဟာ အဆင့်မြင့် 5.1 Channel AV receiver တစ်ခုဖြစ်ပြီး အသံစွမ်းအားရော ရုပ်ထွက်ပါ ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်စွမ်းရှိပါတယ်။ ပုံစံလေးက ရိုးရိုးရှင်းရှင်းလေးနဲ့ စွမ်းဆောင်ရည်တွေကတော့ အံ့မခန်းလောက်အောင် မြန်ဆန်တိကျလှပါတယ်။ Apple devices တွေနဲ့ချိတ်ဆက်အသုံးပြုနိုင်ပြီး HDMI inputs ၄ ခုနဲ့ output ၁ ခုပါရှိပါတယ်။ ဒါ့အပြင် အရှေ့ဘက်မှာ USB memory input တစ်ခုကိုထည့်သွင်းပေးထားတာကြောင့် MP3၊ WMA နဲ့ AAC ဖိုင်တွေကိုလည်း လက်ခံအသုံးပြုပေးနိုင်ပါတယ်။ Channel တစ်ခုစီကနေ အသံစွမ်းအား 80 Watts ကိုထုတ်လွှတ်ပေးနိုင်ပါတယ်။ စွမ်းအင်စားသုံးမှုကို အကောင်းဆုံးထိန်းသိမ်းပေးနိုင်တဲ့ Eco mode ပါရှိပြီး ခန့်မှန်းခြေစွမ်းအင်စားသုံးမှုက 415 Watts နဲ့ Standby Mode မှာ 0.1 Watts သာရှိပါတယ်။ Sleep Timer စနစ်ကိုထောက်ပံ့ပေးထားပြီး settings တွေကိုအဝေးကနေ remote နဲ့ထိန်းချုပ်နိုင်ပါတယ်။ သီချင်းတွေကို တစ်ယောက်တည်းအေးအေးဆေးဆေးနားဆင်နိုင်အောင် Headphone output လည်းပါရှိပါတယ်။ အရွယ်အစားက 17.13-inch x 6.61-inch x 13.07-inch ဖြစ်ပြီး အလေးချိန်က ၁၈.၂၅ ပေါင် ရှိပါတယ်။




Unique Audio | Ph : 01-391267

## Behringer CE500

Behringer CE500 ဟာ စားသောက်ဆိုင်တွေ၊ ဈေးဝယ်စင်တာတွေနဲ့ ပြပွဲခန်းမကျယ်ကြီးတွေထဲမှာ အသုံးပြုလို့အသင့်တော်ဆုံးအရည်အသွေးမြင့်စပီကာကောင်းတစ်ခုဖြစ်ပါတယ်။ စီးပွားဖြစ်အသုံးပြုနိုင်တဲ့စပီကာဖြစ်သလို အိမ်မှာပဲသီချင်းတွေကို အကောင်းဆုံးအသံထုတ်စွမ်းအားရှိတဲ့စပီကာတွေနဲ့မှ နားဆင်ချင်တဲ့သူတွေလည်းအသုံးပြုနိုင်ပါတယ်။ အသံစွမ်းအား 80 Watts ကိုထုတ်လွှတ်ပေးနိုင်ပြီး ကြည်လင်ပြတ်သားလှတဲ့အသံတွေကို bass သံကောင်းကောင်းနဲ့ခံစားနားဆင်နိုင်မှာပါ။ ဘယ်သီချင်းအမျိုးအစားပဲဖြစ်စေ နားထောင်လို့ကောင်းပြီး ရည်ရွယ်ချက်အမျိုးအမျိုးအတွက်လည်း အဆင်ပြေပြေသုံးနိုင်ပါတယ်။ အလေးချိန်ပေါ့ပါးတဲ့ cellulose cone နဲ့စွမ်းအားပြည့်ဝတဲ့ 5 1/2-inch အရွယ်အစားရှိ woofer ကို ထည့်သွင်းပေးထားပြီး 1/2-inch Tweeter ကိုတပ်ဆင်ပေးထားတာကြောင့် အသံတွေကအလွန်ကျယ်လောင်မှုရှိပြီး ဘယ်လောက်အသံကျယ်ကျယ်မူလအသံကိုဝေဝါးသွားခြင်းမရှိစေနိုင်ပါဘူး။ နေရာစားသက်သာအောင် နံရံမှာချိတ်ဆွဲအသုံးပြုနိုင်ပါတယ်။ အထူးဖန်တီးထားတဲ့တည်ဆောက်ပုံဒီဇိုင်းကောင်းမွန်ပြီး အဆင့်မြင့်ပစ္စည်းတွေကိုထည့်သွင်းအသုံးပြုထားတဲ့အတွက် အကြမ်းခံပြီး ကြာရှည်အသုံးပြုနိုင်မှာပါ။ အရွယ်အစားက 318 mm x 195 mm x 197 mm ဖြစ်ပြီး အလေးချိန်က 7 Kg ရှိပါတယ်။




Sound Tech | Ph : 09-5003827

## Yamaha EMX212S

Yamaha ကနေပေါ့ပါးပြီးတာရှည်အသုံးခံတဲ့ mixer အဖြစ် Yamaha EMX212S ကိုထုတ်လုပ်ထားပါတယ်။ ဒီ EMX212S ဟာ channel ၁၂ ခုရတဲ့ mixer တစ်ခုဖြစ်ပြီး 200-watt အားရှိတဲ့အသံချဲ့စက် ၂ ခု၊ Yamaha SPX effect ၁၆ မျိုးနဲ့ graphics EQ တွေ၊ input option တွေ အများကြီးပါ,ပါတယ်။ Power mode ခလုတ်နဲ့အတူ power channel ၂ ခု သုံးနိုင်ပြီး စတီရီယိုအသံချဲ့စက်အဖြစ် အသုံးပြုနိုင်ပါတယ်။ Channel တစ်ခုကို အဓိကစပီကာတွေအတွက်နဲ့ တစ်ခုကို monitor တွေအတွက်သုံးနိုင်ပါတယ်။ Reverb, echo, chorus, flanger, phaser အပါအဝင် SPX effect ၁၆ ခုပါပြီး တေးဂီတပွဲတွေမှာနှစ်သက်သလို mixing လုပ်နိုင်မှာပါ။ Graphics EQ တွေကို အဓိက power channel အတွက်ရော၊ monitor power channel အတွက်ရောပံ့ပိုးထားပြီး အသုံးပြုမယ့်အခန်းနဲ့ပစ္စည်းပေါ်မူတည်ပြီး အသံကိုထိရောက်စွာထိန်းချုပ်နိုင်မှာပါ။ စုစုပေါင်း input channel ၁၂ ခု ပါလို့ မျိုးစုံအသုံးပြုနိုင်ပါတယ်။ Mic input တွေအဖြစ်သုံးမယ်ဆိုရင်တော့ မိုက် channel ၈ ခုထိ သုံးနိုင်ပါတယ်။ စတီရီယို input ကိုသုံးပြီး အသံဖမ်းထားတဲ့နောက်ခံသီချင်းကိုဖွင့်ချင်တယ်ဆိုရင် စတီရီယို output တွေပါတဲ့ ကီးဘုတ် player တစ်ခုပါပါတယ်။ စတီရီယို line source တွေကိုထိန်းချုပ်ဖို့အတွက် စတီရီယို input ၄ စုံလုံးကိုသုံးနိုင်သလို မိုက် (သို့မဟုတ်) line input အတွက် channel ၄ ခုအသုံးပြုနိုင်လို့ လိုအပ်ချက်တွေနဲ့ တကယ့်ကိုလိုက်လျောညီထွေရှိတဲ့ mixer ပါပဲ။ စပီကာတွေအားလုံးနဲ့လိုက်ဖက်အောင်ပြုလုပ်ထားပြီး တေးသီချင်းတွေကို ကြည်လင်ပြတ်သားပြီး တည်ငြိမ်စွာထုတ်ပေးနိုင်မှာပါ။ Input channel တစ်ခုစီမှာ Feedback Channel Locator စနစ်ပါပြီး ဘယ်လိုင်းက feedback ရှိနေတယ်ဆိုတာကို ညွှန်ပြပေးနိုင်တဲ့အတွက် EQ ကိုလိုအပ်သလိုချိန်ညှိနိုင်မှာပါ။ Standby ခလုတ်ပါပြီး လိုင်း ၁ ကနေ ၈ အထိကို ပိတ်ထားနိုင်ပါတယ်။ ၂၂ ပေါင်သာလေးတဲ့အတွက် သယ်ယူရွှေ့ပြောင်းရလွယ်ပါတယ်။




Audio World | Ph : 09-254133631

## Audio Source AMP -100

အိမ်သုံး၊ လုပ်ငန်းသုံး audio စနစ်တွေအတွက် အရည်အသွေးမြင့်အသံချဲ့စက်တွေထုတ်လုပ်ပေးနေတဲ့ Audio Source ရဲ့နောက်ထပ်အရည်အသွေးမြင့် AMP series ဖြစ်တဲ့ AMP-100 ကိုမိတ်ဆက်လိုက်ပါတယ်။ အသံအရည်အသွေးကောင်းမွန်မှု၊ ယုံကြည်စိတ်ချရမှုတို့ကို အဓိကထားတဲ့ Audio Source ရဲ့ထုံးစံအတိုင်း အခုတစ်ခါလည်း ထူးခြားတဲ့အသံစွမ်းအားကောင်းမွန်မှုကိုပေးစွမ်းနိုင်တဲ့ အသံချဲ့စက်ဖြစ်ပါတယ်။ တပ်ဆင်သုံးစွဲရတာလွယ်ကူမှုရှိဖို့ အတွက်ထူးခြားတဲ့ feature တွေအများကြီးသုံးထားပါတယ်။ Dolby 6.1 နဲ့ 7.1 စနစ်တွေအတွက် နောက်ဘက်မှာထားသုံးနိုင်ပါတယ်။ Channel နှစ်ခုရပြီး channel တစ်ခုစီကို အသံအား 50-watt ရှိပါတယ်။ လျှပ်စစ်ခုခံအားယူနစ်ကတော့ 8 ohms ပါ။ အသံချဲ့အားကောင်းတဲ့အပြင် အသံကြည်လင်ပြတ်သားပြီး အသံဟန်ချက်ညီမျှပါတယ်။ အသံကြိမ်နှုန်းတုံ့ပြန်မှုမှာ 20Hz ကနေ 20kHz အတွင်းရှိပါတယ်။ စတီရီယိုအမျိုးအစား class A/B အသံချဲ့စက်ဖြစ်ပြီး သီချင်းနားဆင်သူတွေအတွက်ရော၊ ဗွီဒီယိုကြည့်ရှုတဲ့သူတွေအတွက်ပါ တည်ငြိမ်တဲ့အသံပါဝါကိုပေးစွမ်းနိုင်ပါတယ်။ အသံချဲ့စက်ကိုယ်ထည်အရှေ့ဘယ်ခြမ်းမှာ အဓိကပါဝါခလုတ်ပါပြီး "A" နဲ့ "B" စပီကာရွေးချယ်တဲ့ခလုတ် ၂ ခု ပါ , ပါတယ်။ ညာဘက်ခြမ်းမှာတော့အသံခလုတ်နဲ့ "Balance" ခလုတ်တို့ရှိမှာပါ။ ကိုယ်ထည်နောက်ခြမ်းမှာစတီရီယို input နှစ်စုံ၊ "A"၊"B" စပီကာတွေအတွက် 5-way binding post တွေနဲ့ "Auto On" ခလုတ်တစ်ခု၊ "Bridged selector" တစ်ခုတို့ ရှိပါတယ်။ အသံချဲ့အားကောင်းကောင်း လိုအပ်တဲ့ အော်ဒီယိုစနစ်တွေအတွက် အသုံးပြုသင့်ပြီး ဈေးနှုန်းကလည်း သင့်တင့်တယ်လို့ဆိုနိုင်ပါတယ်။




Audio World | Ph : 09-254133631

## Bose Acoustimass 5 Series III

Bose Acoustimass 5 Series III ဟာ နောက်ဆုံးပေါ်နည်းပညာသစ်တွေကို အသုံးပြုပြီး Bose ရဲ့အတော်ဆုံးအင်ဂျင်နီယာတွေ ဖန်တီးပေးထားတဲ့ အဆင့်မြင့်စပီကာအစုံလိုက်ပဲဖြစ်ပါတယ်။ စပီကာတွေကို သေးငယ်ပါးလွှာအောင် တည်ဆောက်ပေးထားပြီး အသံထွက်ကောင်းမွန်အောင် အဓိကထားပြုလုပ်ပေးထားပါတယ်။ စွမ်းအားပြည့် subwoofer ၁ လုံးနဲ့ အရံစပီကာ ၂ လုံးပါဝင်ပြီး လုပ်ဆောင်ချက်တွေကို အတွဲညီညီစွမ်းဆောင်ပေးနိုင်တာကြောင့် သံစဉ်တွေက အလွန်စည်းချက်ညီတဲ့အပြင် နေရာအနှံ့ကိုပျံ့လွင့်နိုင်စွမ်းရှိပါတယ်။ စပီကာတစ်ခုချင်းစီကနေ တိကျတဲ့အသံတွေကို ကြည်လင်ပြတ်သားစွာပေးစွမ်းနိုင်ပြီး နှစ်သက်ရာသီချင်းတွေကို အဆင်အပြေဆုံး နားဆင်နိုင်ပါတယ်။ သဘာဝကျတဲ့သီချင်းသံတွေကို တိုက်ရိုက်နားဆင်ခံစားနိုင်စေဖို့အတွက် Direct/Reflecting speaker နည်းပညာက အထောက်အပံ့ပေးထားပါတယ်။ Subwoofer ရဲ့အရွယ်အစားက 14-inch x 19-inch x 7 1/2-inch ဖြစ်ပြီး အရံစပီကာ ၂ ခုရဲ့အရွယ်အစားက 6 1/4-nch x 3-inch x 4-inch ဖြစ်ပါတယ်။




Sound Tech | Ph : 09-5003827

## အသစ်ထွက်ရှိလာသည့် ဂိမ်းစီဒီများ




**Tropico 5**

Tropico 5 သည် အသစ်ထွက် Simulation Game အမျိုးအစား ဖြစ်သည်။




**Dread Out**

Dread Out သည် အသစ်ထွက် Survival Horror Game ဖြစ်သည်။




**Transistor**

Transistor သည် အသစ်ထွက် RPG Game အမျိုးအစားဖြစ်သည်။




**Dynasty Warriors 8**

Dynasty Warriors 8 - Xtreme Legends သည်အရောင်းသွက် Action Game ဖြစ်သည်။

**MY DATA GAME & SOFTWARE CD/ DVD**

ဖုန်း – ၀၉-၅၁၉၆၇၂၄၊ ၀၉-၅၀၄၆၀၈၅၊ ၀၉-၇၃၁၀၅၀၁၀ မှ အချက်အလက်များကူညီပံ့ပိုးပါသည်။

## Drakengard 3 နှင့် အတူ PS3 Super Slim အတွက်ဂိမ်းသစ်များဝင်ရောက်




ဈေးကွက်အတွင်း အသစ်ဝင်ရောက်ထားသော PS3 Super Slim ဂိမ်းစက်များအတွက် ISO ဖြင့် ကစားနိုင်မည့် ဂိမ်းခွေသစ်များဖြစ်သော Drakengard 3 နှင့် ဂိမ်းသစ်များ ဝင်ရောက်လာကြောင်း သိရှိရပါတယ်။ Drakengard 3 ဟာ Square Enix မှ ဖြန့်ချိသော Action RPG ဂိမ်းသစ်ဖြစ်ပြီး လူသားဇာတ်ကောင် Zero နှင့် သူမ၏ နဂါး Mikhail တို့ကိုပါ ကိုင်တွယ်နိုင်မှာ ဖြစ်ပါတယ်။ 4 Players Action ဂိမ်းသစ် Ninja Turtles-Out of the Shadows နှင့် Fantasy Action RPG ဂိမ်းသစ် Bound by Flame တို့ကိုလည်း PS3 Super Slim ဂိမ်းစက်များအတွက်ဝင်ရောက်လာပါတယ်။ GAME HIVE ဖုန်းနံပါတ် ၀၉-၄၃၁၁၈၅၅၀ နှင့် ၀၉-၄၅၀၀၄၁၅၀၀သို့ ဆက်သွယ် ဝယ်ယူနိုင်ပါတယ်။

## Bioshock Infinite ဂိမ်း၏ DLC အားလုံးပါဝင်သည့် Complete Edition ထွက်ရှိ




2013 ၏ လူကြိုက်အများဆုံး First Person Shooter ဂိမ်းတစ်ခုဖြစ်သော Bioshock Infinite ၏ DLC missions များအားလုံးနှင့်အတူ ဇာတ်လမ်းအသစ်များပါဝင်သော Complete Edition PC Version ထွက်ရှိလာပါတယ်။ Bioshock Infinite တွင် ကစားသူဟာ လက်နက်မျိုးစုံကိုင်တွယ်ရမှာဖြစ်သလို သဘာဝလွန်စွမ်းရည်များကို အသုံးပြုနိုင်မှာဖြစ်ပြီး Clash in Clouds အမည်ရ Combat Arena mode နှင့်အတူ Burial At Sea အမည်ရ ဇာတ်လမ်းသစ်၏ Episode 1 နှင့် 2 တို့လည်း ပါဝင်ထားကြောင်းသိရှိရပါတယ်။ BI- Complete Edition နှင့် PC ဂိမ်းသစ်များကို ၃၉လမ်း(အောက်)ရှိ GAME HIVE ဖုန်းနံပါတ် ၀၉-၄၃၁၁၈၅၅၀ နှင့် ၀၉-၄၅၀၀၄၁၅၀၀ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။




## Dusty Revenge

စာရေးသူ – *GT (Excellent)*

ဂိမ်းလောကမှာ သမ္မာရင့်ဝါရင့်ဂိမ်မာတွေ အမြဲတမ်းအစပြုလက်သွေးခဲ့ကြတဲ့ နာမည်ကျော် Wolfenstein စီးရီးရဲ့ (၁၉၉၂) ခုနှစ်ကနေ ယခုအချိန်အထိ (၉) ခွေမြောက်တင်ဆက်မှု The New Order ဟာ သိပ်မကြာခင် ကာလအတွင်းမှာ ပရိသတ်ရှေ့မှောက်ကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ ဒီဂိမ်းလေးကို မူလကတော့ (၂၀၁၃) ခုနှစ်ရဲ့ နောက်ဆုံး (၄) လပတ်တွင်းမှာ ထုတ်လုပ်ဖို့ရည်ရွယ်ထားပေမယ့် ဈေးကွက်ကစားလိုမှုနဲ့ အခြားအကြောင်းကြောင်းတွေကြောင့် (၂၀၁၄) ထိရွှေ့ထားခဲ့ပြီး ယခုမေလ နောက်ဆုံးပတ်၊ ဒါမှမဟုတ် ဇွန်လအတွင်းမှာ အပြီးသတ်ထွက်ရှိလာမယ်လို့သိရပါတယ်။ The New Order ကို ဖန်တီးပေးထားတဲ့ Developer(s) ကတော့ MachineGames ဖြစ်ပြီး Publisher(s) အဖြစ် Bethesda ကနေ တာဝန်ယူဖြန့်ချိမှာပါ။

ဒီဂိမ်းလေးကို နောက်ခံပြုဖန်တီးထားတာကတော့ ဒုတိယကမ္ဘာစစ် အပြီး နှစ် (၂၀) ကာလ (၁၉၆၀) ခုနှစ်ဝန်းကျင်ကို အခြေပြုထားပြီး သမိုင်းသစ်ပုံစံနဲ့ စစ်နိုင်တဲ့အကြမ်းဖက် နာဇီလက်သစ်တွေရဲ့ အထူးလေ့ကျင့်ထားတဲ့တပ်ဖွဲ့ဝင်တွေ၊ အဆင့်မြင့်ယာဉ်တွေ၊ လက်နက်တွေ၊ စက်ရုပ် ကွန်မန်ဒိုတွေ၊ စူပါပါဝါခြေလျင်တပ်ဖွဲ့တွေနဲ့ ရင်ဆိုင်ရမယ့်ပုံစံမျိုး တင်ဆက်ပေးထားတာ တွေ့ရပါမယ်။ ဝင်ရောက်ကစားရမှာကတော့ ထုံးစံအတိုင်း Wolfenstein စီးရီးရဲ့ပင်တိုင် Main Character ဖြစ်တဲ့ ပိုလန်သား B.J. Blazkowicz နေရာကနေပါ။ ဒီဂိမ်းမှာတော့ B.J. Blazkowicz ရဲ့ အသွင်အပြင်ကို (၁၉၆၀) ခုနှစ်ကာလကို ယူထားတာဖြစ်တဲ့အတွက် အသက် (၅၀) ဝန်းကျင်နဲ့လိုက်ဖက်အောင် ယခင်ကပုံစံတွေထက် အနည်းငယ် ရင့်ကျက်စွာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ B.J. Blazkowicz နဲ့အတူ အားဖြည့်ပါဝင် ပေးထားသူတွေကတော့ သူနာပြုဆရာမလေး Anya Oliwa အပြင် Caroline Becker, Probst Wyatt III, Probst Wyatt III, Fergus Reid အစရှိတဲ့ အခြားပါတနာတွေပါ။ ထူးခြားတာကတော့ ဒီဂိမ်းမှာ အဓိကသုတ်သင်နှိမ်နင်းရမယ့် ရန်သူဟာ အရင်လိုယောကျ်ားရင့်မာကြီးမဟုတ်ဘဲ အလွန်ခက်ထန်မာကျောတဲ့ နာဇီစစ်ခေါင်းဆောင် Frau Engel ဆိုတဲ့ မိန်းမပျိုကို ထည့်သွင်းပေးထားတာပဲဖြစ်ပါတယ်။ ဒါ့အပြင် Side Mission တွေအဖြစ် နာဇီသိပ္ပံပညာရှင် ဂျင်နရယ် Wilhelm " Deathshead " Strasse နဲ့ Frau Engel ရဲ့ အချစ်တော် Bubi တို့ကိုလည်း ရင်ဆိုင်ရမှာပါ။

ဒီဂိမ်းမှာဆန်းသစ်မှုအနေနဲ့ကတော့ လက်နက်ကြီး၊ လက်နက်ငယ်တွေကို အဆင့်မြှင့်တင်ပေးထားတဲ့အပြင် ချိန်ကိုက်ဗုံးတွေ၊ တိုက်ခိုက်ရေးယာဉ်တွေကိုလည်း စုံလင်အောင်ထည့်သွင်းပေးထားမှာဖြစ်ပါတယ်။ Health Point တွေအနေနဲ့လည်း Restore ပြန်လုပ်ဖို့အတွက် (၁၀၀) ကျော်ထိ တိုးပေးထားပြီး Protection Bonus တွေအတွက်လည်း Pickup Points တွေနဲ့ Cover လုပ်ပေးထားတယ်လို့ဆိုပါတယ်။ Wolfenstein : The New Order ရဲ့ ကန့်သတ်ချက်အနေနဲ့ Single-player ပဲ ကစားနိုင်မှာ ဖြစ်တဲ့အတွက် Multiplayer မပါမဖြစ်ဆိုတဲ့ ဒီကနေ့ဂိမ်းဈေးကွက်မှာ ပေါက်ဂိမ်းဖြစ်ဖို့အတွက် တော်တော်လေးကို ထိုးဖောက်ရမယ့်အနေအထားပါ။ ဒါပေမဲ့လည်း အစဉ်အလာရှိတဲ့ ဂိမ်းစီးရီးဖြစ်ပြီး PC သမားတွေအပြင် PlayStation 3, PlayStation 4, Xbox 360 နဲ့ Xbox One သမားတွေအတွက်ပါ Platform စုံဖြန့်ချိမှာဖြစ်တဲ့အတွက် ပရိသတ်အားပေးမှုကိုတော့ ရရှိဦးမှာဖြစ်ပါတယ်။ ဒါ့ကြောင့် Wolfenstein ရဲ့ အမာခံဂိမ်မာတွေကြိုတင်နားစွင့်ပြီး လက်မလွှတ်နိုင်ကြစေဖို့ သတင်းကောင်းလေးပေးလိုက်ရပါတယ်။

## NewPlace မှာ နာမည်ကြီး WATCH DOGS ဂိမ်း PLATFORM အစုံမှာ ထွက်ရှိလာ


















NewPlace မှာ Game ပရိသတ်စောင့်စားခဲ့ရသော နာမည်ကြီး Watch Dogs ရဲ့ Wolfenstein : The New Order တို့ Game စက် အခု XBOX ONE, PS4, X360, PS3 ... တို့မှာ ထွက်ရှိလာပါတယ်။ ဝယ်ယူအားပေးယုံဖြင့် System Update များကိုလည်း အကောင်းဆုံး၊ အမြန်ဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးပါတယ်။ Version အမြင့်ဆုံး Game စက်များ PS4, XBOX ONE, PS3, XBOX 360 SLIM . . . (HDD Size အမျိုးမျိုး၊ LIMITED ပုံစံအမျိုးမျိုး) တို့ကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ပါတယ်။

**မိမိအစီအစဉ်ဖြင့် ဝယ်ယူပြီးသော Original ဂိမ်းစက်များ၊ ဈေးကွက်အတွင်း ဝယ်ယူပြီးသော်လည်း ခွေစုံမကစားနိုင်သောကြောင့် အဆင်မပြေဖြစ်နေသော Game စက်များအားလုံးကို NewPlace Game IT Group မှ တာဝန်ယူဖြေရှင်းပေးနေပါတယ်။**

**NewPlace မှာ တစ်ကြိမ် Modify ပြုလုပ်ပြီးသော Game စက်များအားလုံးကိုလည်း နောက်ပိုင်းထွက်ရှိလာမယ့် Version မြင့် ဇာတ်လမ်းကောင်းများကိုလည်း သက်ဆိုင်ရာ ဂိမ်းဇာတ်လမ်းများ ဝယ်ယူအားပေးယုံဖြင့် System Update Free ပြုလုပ်ပေးနေပါတယ်။**

**(ရန်ကုန်)** New Place Game Sale & Service အမှတ်-၂၀၅ (မြေညီ)၊ ၃၇ လမ်း (အပေါ်)၊ ဖုန်း-၀၉-၇၃၀၄၈၀၅၉၊ ၀၁-၃၇၆၅၁၄

www.facebook.com/groups/games. unleashed

**(မန္တလေး)** ကိုမြင့်ဆွေ+ မဖြူဖြူ Game Centre အမှတ်-၂၁၅၊ ၃၁ လမ်း၊ ၈၂ x ၈၃ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း-၀၂-၇၃၂၈၇၊ ၀၉-၅၁၀၀၇၃၈




# Freedom Wars

စာရေးသူ – *RP2 Gamer*

အခုဂိမ်းရဲ့ Developer ကတော့ ဆိုနီရဲ့လက်အောက်ခံ ဂိမ်းရေးဆွဲသူတွေဖြစ်ကြတဲ့ SCE Japan Studio ကသူတွေပဲဖြစ်တယ်။ သူတို့ ဆိုနီအတွက်ပဲ အလုပ်လုပ်တယ်။ အထူးသဖြင့် ဂျပန်ပြည်တွင်းဖြစ် ဂိမ်းတွေအတွက် အလုပ်တွေလုပ်ပေးတာဖြစ်ပါတယ်။ Publisher ဖြစ်တဲ့ Sony Computer Entertainment ကတော့ သူတို့တွေအတွက် သီးသန့်ရေးဆွဲပေးထားတဲ့ဂိမ်းတွေကို အကောင်းဆုံးဖြစ်လာစေဖို့အတွက် ဘယ်လိုမျိုးနည်းလမ်းကောင်းတွေကို ဖန်တီးလာမလဲဆိုတာ တစ်ချက်ကြည့်ရမှာဖြစ်တယ်။ SCE Japan Studio က ဆိုနီအတွက် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြစ်တဲ့ PlayStation Vita ကို အထူးပြုထုတ်လုပ်ရေးဆွဲပေးသူတွေဖြစ်တယ်။ အခုတော့ အားလုံးအချောသပ်လိုက်ပါပြီ။ ထွက်ရက်ကိုပါလာမယ့် June 26 ရက် 2014 နေ့မှာ ထုတ်လုပ်ဖို့ အသင့်ဖြစ်နေပါပြီ။ ဒါကတော့ ဂျပန်အတွက် သီးသန့်ဖြစ်ပါတယ်။ Playstation Vita ဂိမ်းအမျိုးအစားဖြစ်နေတာကြောင့် ဂိမ်းကောင်းတွေကို မျှော်လင့်နေကြတဲ့ Playstation Vita ကို သဘောကျတဲ့လူတွေအဖို့တော့ ပျော်စရာဖြစ်နေပြန်ပါတယ်။

ဂိမ်းကစားရမယ့် အနေအထားကတော့ Battle action game အမျိုးအစားပဲဖြစ်ပါတယ်။ ပြီးတော့ online နဲ့ offline multiplayer တွေကိုပါ Co-operative နဲ့ Competitive ဆော့ကစားနိုင်မှာဖြစ်တယ်။ ဆော့ကစားနိုင်မယ့် အရေအတွက်ကတော့ တစ်ယောက်တည်းကနေပြီးတော့ ရှစ်ယောက်အထိ ရနိုင်မှာဖြစ်ပါတယ်လို့သိထားရပါတယ်။ ကစားရမယ့်အနေအထားကတော့ တည်ငြိမ်မှုအတွက် နေရာလုရမှာ ဖြစ်နေတယ်။ တိုက်ပွဲတွေကို မကောင်းဆိုးဝါးတွေ၊ အခြားမျိုးနွယ်မတူတဲ့ သူတွေနဲ့အပြိုင်စစ်ခင်းရမယ့် ဂိမ်းမျိုးဖြစ်နေတယ်။

ဇာတ်လမ်းကတော့ 102013 ခုနှစ်မှာ အခြေတည်တယ်။ အတော်လေးကိုဝေးတဲ့ခုနှစ်တစ်ခုကို အခြေတည်ပြီးတော့ ဇာတ်လမ်းကို တည်ဆောက်ထားတာဖြစ်တယ်။ မြေကြီးအပေါ်ယံပေါ်မှာ လူတွေမနေနိုင်တဲ့ အချိန်ဖြစ်တယ်။ ပျက်စီးခြင်းတွေကြောင့် မျက်နှာပြင်အထက်မှာ လူတွေ နေနိုင်မှုမရှိတဲ့ ကာလတစ်ခုဖြစ်နေတယ်။ ဒီတော့ မြေအောက်မှာ လူသားနေထိုင်ကြတဲ့အချိန်မျိုးမှာ ဒီဇာတ်ကို တည်တယ်ပေါ့ဗျာ။ သူတို့ကို Panopticon လို့ခေါ်ကြတယ်။ တစ်ချိန်မှာလူသားတွေက မြေမျက်နှာပြင်အထက်ကို ပြန်လည်နေထိုင်နိုင်မယ်လို့ ယုံကြည်တာကြောင့် လိုအပ်ချက်တွေကို ဖွေရှာနေကြတယ်။ အဲ့ဒီမှာ ဇာတ်လမ်းက စတော့တာပါပဲ။ တစ်ဖက်မှာ အဖျက်အမှောင့်တွေကို လုပ်မယ့် giant monster တွေဖြစ်တဲ့ Abductors တွေ ကရှိနေတယ်။ ဒီတော့ ခံယူချက်တူတဲ့လူတွေနဲ့ ခံယူချက်မတူညီကွဲပြားတဲ့လူများကတစ်ဖက်ဖြစ်နေတာကြောင့် မကောင်းဆိုးဝါးတွေကို တိုက်ထုတ်နေရတာတောင် လူလူချင်းသတ်ဖြတ်ပွဲတွေကြားထဲမှာလွတ်မြောက်ပြီး လိုရာရောက်ဖို့ကိုလုပ်ရမယ့် ဂိမ်းဖြစ်တယ်လို့ ပြောထားချင်နေတယ်။

ဒီဂိမ်းထဲမှာတော့ အစပိုင်းမှာတုန်းက ဂိမ်းထုတ်လုပ်သူတွေနဲ့ ဂိမ်းရေးဆွဲသူတွေက ဂိမ်မာတွေအတွက် story, free volunteer, four player ad-hoc co-operative play အပြင် City -State War mode တွေကိုထည့်ထားပေးတယ်ဆိုပြီးတော့ပြောထားခဲ့တယ်။ ဒါပေမယ့် လက်တွေ့မှာ ပြင်ဆင်မှုတွေကို သေချာလေး လုပ်ပြီးတော့မှ online play, new colunteer mission တွေရယ်၊ support အတွက် eight player အထိ ဖြစ်လာတာတွေရယ်အပြင် player versus player mode တွေပါ ထပ်မံတိုးလာတာကြောင့် ဂိမ်မာတွေ သဘောတွေ့ခဲ့ပြန်တယ်။ နောက်ဆုံးသတင်းတွေအရတော့ အထက်မှာပြောခဲ့သလိုမျိုး War game mode အထူးပြုတဲ့ဂိမ်းအနေနဲ့ တွေ့မြင်ရမှာဖြစ်နေတာကြောင့် အားလုံးက Playstation vita အတွက် ဘယ်လောက်တောင်များ ကောင်းနေဦးမှာလဲဆိုပြီး စိတ်ဝင်တစားနဲ့ စောင့်နေရတဲ့အထိဖြစ်လာပါတော့တယ်။ Game Genre ကိုတော့ Action role playing game အဖြစ်နဲ့ပဲ တွေ့ရ မှာဖြစ်တယ်ဆိုတာ ထပ်မံပြီးတော့ ပြောထားချင်ပါတယ်။ Anime အသွင်နဲ့ ARPG ဖြစ်နေတာကြောင့် ဒီလိုပုံစံကို သဘောကျတဲ့ ဂိမ်မာ တွေအတွက်ရော စစ်ပွဲကို တိုက်ခိုက်ရတာတွေ၊ နယ်မြေပြန်လုတာတွေကို သဘောကျတဲ့ ဂိမ်မာတွေအတွက် အတော်လေးစိတ်နဲ့တစ်ထပ်တည်းကျနိုင်မယ်ဆိုတာကို ပြောထားချင်တယ်။




## WATCH DOGS

Ubisoft မှ အသစ်ထုတ်လိုက်သော Watch Dogs လို့ခေါ်သော Action and Adventure Game တစ်မျိုးဖြစ်ပါသည်။ တခြား Game တွေနဲ့မတူတာကတော့ Game Character က Hacker တစ်ယောက်ဖြစ်ပြီး Phone တစ်လုံးနဲ့ Hacking လုပ်ပြီး Mission တွေကို ကျော်လွှားရမှာ ဖြစ်ပါတယ်။ Smartphone တစ်လုံးနဲ့ စက်ရုံတွေထဲမှာ လမ်းတွေပေါ်မှာ Hacking လုပ်ရမှာဖြစ်ပါတယ်။ ပိုကောင်းတာတစ်ခုက Simulation မျိုးတွေ ပါဝင်တာပါပဲ။ The Central Operating System (CTOS) လို့ခေါ်တဲ့ System ပိုင်းကိုလည်း ထူးခြားစွာ တွေ့မြင်ရမှာဖြစ်ပါတယ်။

**Ph : 09 402509002**

it BANK
*Software & Games CD/DVD*

အမှတ် (27-A1) အင်းစိန်လမ်းမပေါ်၊ ဦးထွန်းလင်းခြံလမ်း နှင့် ဇေယျာ သီရိလမ်းကြား BAND BAND အနီးတွင် ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။

## အသစ်ထွက်ရှိလာသည့် ဂိမ်းစီဒီများ




**Hegemony Rome : The Rise of Caesar**

ဘီစီ (၁) ရာစုအစောပိုင်း ရောမဘုရင်ဆီဇာအဖြစ်နဲ့ နောက်ပါတပ်တော်တွေ သယံဇာတတွေကိုင်တွယ်ပြီး လူမှုရေး၊ စီးပွားရေး၊ စစ်ရေး၊ သံတမန်ရေး၊ ဘက်စုံကဏ္ဍတွေ တိုးတက်အောင်စီမံခန့်ခွဲရမယ့် ဂိမ်းကောင်းပါ။




**Dynasty Warriors 8 Xtreme Legends**

Hack and slash, Action ဂိမ်းအမျိုးအစား၊ နာမည်ကျော် Dynasty Warriors စီးရီးရဲ့ နောက်ဆုံးထွက်ခွေပါ။ Character အသစ် (၈၂) မျိုးထပ်မံ ပေါင်းထည့်ပေးထားတဲ့အပြင် Game Mode အသစ်၊ Weapon Elements Slots အသစ်တွေများစွာ ပါဝင်လာမှာဖြစ်ပါတယ်။




**Coma Mtuary**

ကားအက်ဆီးဒင့်ကြောင့် အသက်ရှင်ကျန်ရစ်သော်လည်း မှတ်ဉာဏ်ပျောက်ကိုးမားဝေဒနာသည်ဖြစ်သွားတဲ့ ပီတာရဲ့ လျှို့ဝှက်စိတ်ကူးကမ္ဘာသစ်ထဲမှာဝင်ရောက်ဆော့ကစားရမယ့် စိတ်ဝင်စားဖွယ်ဂိမ်းကောင်းတစ်ခုပါ။




**Supreme Ruler 1936**

ဒုတိယကမ္ဘာစစ်ကာလ မိမိနှစ်သက်ရာ နိုင်ငံတစ်နိုင်ငံကို ရွေးချယ်ကိုင်တွယ်နိုင်ပြီး စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးတွေ မြှင့်တင်ဖို့ ကြိုးစားရမယ့်ဂိမ်းပါ။ Multiplayer (၁၈) ဦးထိ ဆော့ကစားနိုင်မှာဖြစ်ပါတယ်။




**The Walking Dead Season 2 Episode 3**

နာမည်ကျော် Walking Dead စီးရီးရဲ့ နောက်ဆက်တွဲ ဖန်တီးမှုပါ။ ဆဗားနားပြည်နယ်မှာ ပျောက်ဆုံးသွားတဲ့ မိဘတွေပြန်ရှာတွေ့ဖို့အတွက် မိန်းမပျိုလေး Clemenine ရဲ့ စွန့်စားခန်းတွေ ဆက်လက်ဆင်နွှဲရမှာပါ။

## အသစ်ထွက်ရှိလာသည့် ဆော့ဖ်ဝဲစီဒီများ




**itunes 11.2 For Windows 32 x 64 and For mac**

PC သမားရော Mac OSX သမားတွေအတွက်ပါ နှစ်မျိုးအသုံးချနိုင်တဲ့ မီဒီယာကဏ္ဍမှာအားအထားရဆုံး itunes နောက်ဆုံးထွက် ဗားရှင်းဖြစ်ပါတယ်။




**JetBrains WebStorm 8.0 Build 135.547 (Win/MacOSX/Linux)**

Javascript ကိုအသုံးချပြီး Website တွေ၊ Application တွေ ဖန်တီးလိုသူများ အတွက် အကောင်းဆုံး ပံ့ပိုးပေးနိုင်တဲ့ ဆော့ဖ်ဝဲလ်ဖြစ်ပါတယ်။




**DxO ViewPoint 2.1.5 Build 27 x 64 Multilingual**

landscape, architectural နှင့် urban photos များကိုကြိုသမြေတိုင်းပုံစံဖြင့်မိမိစိတ်ကြိုက်ပုံစံပြုပြင်ပြောင်းလဲနိုင်တဲ့ဆော့ဖ်ဝဲပါ။ Photoshop, Lightroom တို့နှင့်ပါ Plugin အဖြစ်တွဲဖက်သုံးနိုင်ပါတယ်။




**Winamp Pro 5.666 + All Skins, Plugins and Visualizations**

နောက်ဆုံးထွက်ဗားရှင်းဖြစ်ပြီး Function တွေ၊ Skin တွေ ပိုမိုစုံလင်လာကာ MP3, OGG, AAC, WAV, MOD, XM, S3M, IT, MIDI အစရှိတဲ့ Format များကို Support ပြုလုပ်ပေးနိုင်မှာပါ။




**Paragon Hard Disk Manager 14 Premium v10.1.21.471 With Boot Media Builder**

PC သမားတိုင်း လက်ကိုင်ထားရမယ့် အရေးအကြီးဆုံး Hard Disk Manager ဖြစ်ပါတယ်။ Backup, recovery နှင့် partitioning solutions စွယ်စုံ အသုံးချနိုင်မှာပါ။

*Excellent Softwares & Games ဖုန်း – ၀၉-၇၃၂၁၃၂၉၃(ရန်ကုန်) နှင့် ၀၉-၉၁၀၃၈၉၅၂(မန္တလေး) မှ အချက်အလက်များ ကူညီပံ့ပိုးပါသည်။*

# APPS OF THE WEEK




## 1. Tiny Planet FX Pro



သင့်ရဲ့ဓာတ်ပုံထဲမှာ ဂြိုဟ်ကမ္ဘာငယ်လေးတစ်ခုကိုဖန်တီးပေးနိုင်မယ့်အဆင့်မြင့် app တစ်ခုဖြစ်ပြီး ဒီ app ထဲမှာ စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ effect တွေကိုတွေ့မြင်အသုံးပြုရမှာဖြစ်ပါတယ်။ ဒီ app က သင့်ရဲ့ android ဖုန်းပေါ်က နေ့စဉ်ရိုက်ကူးထားတဲ့ဓာတ်ပုံတွေကိုစိတ်လှုပ်ရှားစရာ၊ စိတ်ဝင်စားစရာကောင်းပြီးဆန်းသစ်လှပတဲ့ပုံတွေအဖြစ် ဘယ်လိုမျိုးမြန်ဆန်စွာနဲ့ပြောင်းလဲပေးနိုင်တယ်ဆိုတာကို မယုံကြည်နိုင်လောက်အောင် သက်သေပြနိုင်ပါလိမ့်မယ်။ Desktop app တွေမှာတွေ့ရလေ့ရှိတဲ့ feature တွေကိုထည့်သွင်းပေးထားပြီး ဖန်တီးမှုပေါင်းမြောက်များစွာကိုပြုလုပ်နိုင်မှာပါ။ ဘယ်လို Android device တွေမှာမဆို ဒီ app ကို လွတ်လပ်စွာသုံးစွဲနိုင်ပြီး ဓာတ်ပုံတွေထဲမှာ ဂြိုဟ်ကမ္ဘာငယ်လေးတွေကိုဖန်တီးနိုင်မှာဖြစ်ပါတယ်။ ဘယ်လိုပုံမျိုးကိုမဆို စက္ကန့်ပိုင်းလေးအတွင်းမှာပင် ဆန်းကြယ်တဲ့ဂြိုဟ်ငယ်ပုံတစ်ခုဖြစ်သွားအောင် ပြောင်းလဲပေးနိုင်မှာဖြစ်ပါတယ်။ ထူးခြားပြီး စိတ်ဝင်စားဖွယ်ကောင်းတဲ့ပုံတွေအဖြစ် ပြောင်းလဲဖန်တီးပေးပြီး တစ်ခြားသူတွေဆီကိုလည်း ပြန်လည်မျှဝေနိုင်မှာဖြစ်ပါတယ်။ ဒီ app က သင့်ကို ထူးခြားတဲ့ ဓာတ်ပုံပညာရှင်တစ်ယောက်အဖြစ်ပြောင်းလဲပေးနိုင်မှာပါ။ ဓာတ်ပုံတွေအတွက် resolution အပြည့်အဝထောက်ပံ့ပေးထားပြီး desktop app တွေထက်သုံးစွဲရ ပိုမိုလွယ်ကူအဆင်ပြေသလို feature တွေလည်း ပိုမိုများပြားစွာထည့်သွင်းပေးထားပါတယ်။ ချိန်ညှိနိုင်တဲ့ သတ်မှတ်ချက်ဘောင် ၄ ခုပါရှိပြီး သေးငယ်တဲ့ဂြိုဟ်ကမ္ဘာ effect တွေကို ရှိပြီးသားဓာတ်ပုံတွေမှာထည့်သွင်းနိုင်သလို ထပ်မံရိုက်ကူးတဲ့ဓာတ်ပုံတွေမှာပါ စိတ်ကြိုက်ထည့်သွင်းနိုင်မှာပါ။ မြင်ကွင်းကျယ်ရှုခင်းပုံတွေမှာ ကမ္ဘာငယ်လေးတွေဖန်တီးရတာပိုမိုကောင်းမွန်ပြီး တစ်ခြားသောဓာတ်ပုံတွေကိုလည်း အသုံးပြုနိုင်ပါတယ်။ အသုံးပြုရတာမြန်ဆန်ပြီး ထိန်းချုပ်ရလွယ်ကူတဲ့ app တစ်ခုပါ။ ဂြိုဟ်ကမ္ဘာငယ်လေးဖန်တီးလိုက်တဲ့ပုံတွေကို ဖုန်း SD card မှာသိမ်းဆည်းဖို့အတွက် save feature ပါပါတယ်။ ထူးခြားစွာဖန်တီးထားတဲ့ပုံတွေကိုသူငယ်ချင်းတွေဆီကိုလည်း မျှဝေနိုင်ပြီး အီးမေးလ်နဲ့ Facebook တို့ကတစ်ဆင့် မျှဝေနိုင်ပါတယ်။ Crop feature ပါတဲ့အတွက် ပုံရဲ့မိမိလိုချင်တဲ့အပိုင်းကို ဖြတ်ယူနိုင်ဦးမှာပါ။ Fisheye Effect လို filter လည်းအသုံးပြုနိုင်မှာဖြစ်ပြီးတကယ့်ကိုကမ္ဘာငယ်လေးကိုဖန်တီးပေးနိုင်မယ့် effect တွေကိုစိတ်ကြိုက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီ app နဲ့အတူ သင့်ရဲ့ကိုယ်ပိုင်ဂြိုဟ်ကမ္ဘာငယ်လေးတွေကိုဖန်တီးပြီး Android 2.1.8 နဲ့အထက်တွေမှာအသုံးပြုနိုင်မှာဖြစ်ပါတယ်။

## 2. Internet Speed Meter Lite




| Date | Mobile | Wifi | Total |
|---|---|---|---|
| Today | 0 MB | 20 MB | 20 MB |
| Jun 4, 2013 | 98 MB | 155 MB | 253 MB |
| Jun 3, 2013 | 189 MB | 10 MB | 199 MB |
| Jun 2, 2013 | 161 MB | 205 MB | 366 MB |
| Jun 1, 2013 | 155 MB | 189 MB | 344 MB |
| May 31, 2013 | 58 MB | 156 MB | 214 MB |
| May 30, 2013 | 119 MB | 8 MB | 127 MB |



Internet Speed Meter Lite ဟာ သင့်ရဲ့ဖုန်းထဲက အင်တာနက်အမြန်နှုန်းနဲ့အသုံးပြုမှုကို စောင့်ကြည့်ပေးမယ့်ကိရိယာဖြစ်ပါတယ်။ အင်တာနက်အသုံးပြုနေတဲ့အချိန်မှာ လက်ရှိသုံးစွဲနေတဲ့အမြန်နှုန်းကို status bar မှာပြပေးပြီး data ဘယ်လောက်ကိုအသုံးပြုနေတယ်ဆိုတာကိုပြပေးမှာဖြစ်ပါတယ်။ ဒီ app နဲ့အတူ သင့်ဖုန်းရဲ့ အင်တာနက် connection ကို စောင့်ကြည့်နိုင်မှာပါ။ အင်တာနက်အမြန်နှုန်းကို အချိန်နဲ့တပြေးညီပြပေးနိုင်ပြီး နေ့စဉ် data သုံးစွဲမှုကို ဖော်ပြပေးပါတယ်။ Mobile network အမြန်နှုန်းနဲ့ WiFi network အမြန်နှုန်းကို သီးခြားစီခွဲခြားပြသပေးမှာဖြစ်ပြီး နောက်ဆုံးအသုံးပြုခဲ့တဲ့ရက်ပေါင်း ၃၀ အတွက် သုံးစွဲတဲ့ data တွေကိုစောင့်ကြည့်ပေးပါတယ်။ ဘက်ထရီစားသက်သာတဲ့ app တစ်ခုဖြစ်လို့ ဖုန်းဘက်ထရီစားများမှာ မစိုးရိမ်ရပါဘူး။ နောက်ဆုံးသုံးစွဲခဲ့တဲ့အင်တာနက်သုံးစွဲမှုကိုစောင့်ကြည့်ပေးမယ့် ဇယားကွက်ပါရှိပါတယ်။ အင်တာနက်ဖွင့်လိုက်တော့မှ Notification က ပေါ်လာမှာဖြစ်ပြီး အဓိကဦးစားပေးပြသစေချင်တဲ့ notification ကိုရွေးချယ်နိုင်ပါတယ်။ Notification ကို hide လုပ်ထားနိုင်ပြီး User Interface အရောင်ကိုလည်း ရွေးချယ်နိုင်ပါတယ်။ ဒီ app ကိုတော့ Android 2.3.3 နဲ့အထက်မှာအသုံးပြုနိုင်ပါတယ်။

## 3. TurboScan






ဒီ TurboScan app ဟာ သင့်ရဲ့ဖုန်းကို scanner တစ်ခုအဖြစ်ပြောင်းလဲပေးနိုင်ပါတယ်။ ဒီ app ကိုအသုံးပြုပြီး စာရွက်စာတမ်းတွေ၊ ပြေစာတွေ၊ မှတ်စုတွေနဲ့ အခြားစာတွေကို အချိန်တိုအတွင်းမှာ လျှင်မြန်စွာ scan ဖတ်ပေးနိုင်ပါတယ်။ စာမျက်နှာတစ်ရွက်ကို ၄ စက္ကန့်သာအချိန်ယူရပြီး scan ဖတ်ပြီးသားစာရွက်တွေကိုသိမ်းဆည်းထားနိုင်သလို PDF ဖိုင်တွေ၊ JPEG ဖိုင်တွေအဖြစ် email နဲ့လည်း ပေးပို့နိုင်ပါတယ်။ ဒ့ါအပြင် tap တစ်ချက်တည်းနဲ့ Evernote တို့လို online storage sites တွေမှာ Screen ပေါ်မှာ tap တစ်ချက်တည်းနဲ့ upload လုပ်နိုင်ပြီး Airprint ကနေလည်း တိုက်ရိုက် print ထုတ်နိုင်ပါတယ်။ စာမျက်နှာတွေကို ပြန်ဖျက်တာတွေ၊ ပြန်စီတာတွေနဲ့ အသစ်ပေါင်းထည့်တာတွေကိုလည်းပြုလုပ်နိုင်ပြီး Clipborad ထဲမှာ ကူးယူသိမ်းဆည်းတာတွေအပြင် အလင်းအမှောင်တွေ၊ ဘယ်ညာအပေါ်အောက် လှည့်လည်တာတွေနဲ့ အရောင်ချိန်ညှိတာတွေကို လိုသလိုပြုလုပ်နိုင်ပါတယ်။ Scanning mode တွေကိုထည့်သွင်းပေးထားပြီး Surescan mode မှာ ကင်မရာနဲ့ ကိုယ် scan ဖတ်မယ့်စာရွက်ကို ဓာတ်ပုံ ၃ ပုံရိုက်ဖို့လိုအပ်ပါတယ်။ TurboScan app ကိုအသုံးပြုဖို့အတွက် iOS 4.3 နဲ့အထက်လိုအပ်ပါတယ်။

## 4. InstaCollage Pro






ဓာတ်ပုံတစ်ပုံတည်းကို အရွယ်အစားမျိုးစုံရှိတဲ့ ဓာတ်ပုံလေးတွေကိုပေါင်းထည့်ပြီး ဆန်းသစ်တဲ့ဓာတ်ပုံလှလှလေးတွေကို ဖန်တီးပေးနိုင်မယ့် ဓာတ်ပုံအလှဖန်တီးရေး app ဖြစ်ပါတယ်။ ဆန်းသစ်တဲ့ layout ပုံစံအမျိုးအစား ၃၀ ကိုထောက်ပံ့ပေးထားပြီး လိုသလိုချိန်ညှိနိုင်တဲ့ ပုံမှန် layout ပုံစံ ၅၄ မျိုးလည်းပါရှိပါတယ်။ ဓာတ်ပုံအနေအထားနဲ့ လိုက်ဖက်ရာကိုရွေးချယ်ပြီး လှပသေသပ်တဲ့ဓာတ်ပုံဘောင်လေးတွေကိုတပ်ဆင်နိုင်ဖို့အတွက် ဘောင်ပုံစံ ၄၃ မျိုးကိုထည့်သွင်းပေးထားတဲ့အပြင်ဘောင်ရဲ့အရောင်တွေကိုလည်း ချိန်ညှိနိုင်ပါတယ်။ ဓာတ်ပုံတစ်ပုံချင်းစီမှာထည့်သုံးနိုင်တဲ့ photo effects အမျိုးအစား ၁၈ မျိုးလည်း ပံ့ပိုးပေးထားပါသေးတယ်။ ဓာတ်ပုံထဲမှာ စာလုံးပုံစံအမျိုးမျိုးနဲ့စာတွေကိုရေးထည့်နိုင်ပြီး အရွယ်အစားတွေ၊ အရောင်တွေ ရွေးချယ်ပြောင်းလဲပေးနိုင်ပါတယ်။ စတစ်ကာလှလှလေးတွေကို ဖြည့်စွက်ပြီး Built-in Pro Photo Editor မှတစ်ဆင့် ဓာတ်ပုံတွေကို ပြန်လည်ပြင်ဆင်နိုင်ပါတယ်။ ထည့်သွင်းထားတဲ့ဓာတ်ပုံတွေ၊ စာတွေနဲ့ စတစ်ကာတွေကိုပြန်လည်ဖယ်ရှားဖို့အတွက် device ကိုလှုပ်ရမ်းပေးလိုက်ရုံပါပဲ။ ဒီ app ကိုအသုံးပြုဖို့အတွက် သင့်ရဲ့ device မှာ iOS 6.0 နဲ့အထက်ရှိရပါမယ်။

## 5. Best Ringtones Free 2014






Android ဖုန်းတွေအတွက် နောက်ဆုံးပေါ် ringtone တွေကို အသုံးပြုချင်တဲ့သူတွေအတွက် အကောင်းဆုံး ringtone app ဖြစ်ပါတယ်။ ဒီ Best Ringtones Free 2014 မှာ အကောင်းဆုံးနဲ့ ပေါ်ပြူလာအဖြစ်ဆုံးတေးသံတွေနဲ့ တေးသွားတွေအများကြီးထည့်ပေးထားပါတယ်။ ပေါ်ပြူလာဖြစ်တဲ့ တေးသွားပေါင်း ၄၀ ကျော်ကိုရှာဖွေရယူနိုင်ပြီး အားလုံးကို အကောင်းဆုံး ringtone သံတွေအဖြစ် အသုံးပြုနိုင်ပါတယ်။ တေးသွားတွေအားလုံးကကောင်းတဲ့အတွက် အားလုံးသင့်ရဲ့အကြိုက်တွေပဲဖြစ်မှာသေချာပါတယ်။ တေးသံအမျိုးအစားစုံလင်ပြီး ဖုန်းခေါ်သံဝင်လာတဲ့အချိန်ခဏလေးမှာပဲဖြစ်ဖြစ် တေးသံကောင်းကောင်းကို ခံစားနားဆင်နိုင်မှာပါ။ အရည်အသွေးမြင့် အသံဖန်တီးမှုမျိုးစုံကိုရွေးချယ်နိုင်ပြီး မိုးရွာသံလိုတေးသွားတွေ၊ ဂန္တဝင်တေးသွားတွေနဲ့ သာယာကြည်နူးဖွယ်ဂစ်တာသံတွေကိုလည်းထည့်ပေးထားပါတယ်။ ပါတီတွေမှာဖွင့်လေ့ရှိတဲ့ mixing သံစဉ်တွေကိုလည်း အသုံးပြုနိုင်ပါလိမ့်မယ်။ ဒ့ါအပြင် ရယ်စရာ ringtone တွေနဲ့ စကားသံတွေလည်းအများကြီးပါရှိပါသေးတယ်။ အဲဒီအသံတွေကိုနားဆင်ပြီး ပျော်ရွှင်ရယ်မောမှုဖြစ်စေမှာပါ။ Ringtone သံတွေအားလုံးက MP3 တွေပဲဖြစ်ပါတယ်။ Android 2.3.3 နဲ့အထက်မှာအသုံးပြုနိုင်ပါတယ်။

## 6. Advanced Download Manager






သင်ဟာ အင်တာနက်ကနေ ဗီဒီယိုတွေနဲ့သီချင်းတွေကို download အမြဲဆွဲတတ်တဲ့သူတစ်ယောက်ဆိုရင်တော့ ဒီ Advanced Download Manager app က မရှိမဖြစ်လိုအပ်ပါတယ်။ တစ်ပြိုင်နက်တည်းနဲ့ ဖိုင် ၃ ခုကို download ဆွဲပေးနိုင်ပြီး ဆွဲနှုန်းဟာ အလွန်မြန်ဆန်မှန်ကန်မှုလည်းရှိပါတယ်။ Browser နဲ့ Clipboard ထဲက လင့်တွေကိုကြားဖြတ်ဆွဲယူနိုင်ပြီး notification panel ထဲမှာ download ဆွဲနေတဲ့အနေအထားကိုဖော်ပြပေးထားနိုင်တဲ့အပြင် ပြီးဆုံးသွားရင်လည်း အသံနဲ့ရောတုန်ခါမှုနဲ့ပါအချက်ပေးနိုင်ပါတယ်။ SD card ထဲမှာ download lists တွေနဲ့ settings တွေကို back up လုပ်ထားနိုင်ပြီး connection ကျသွားခဲ့ရင်လည်း ပြန်တက်လာတဲ့အချိန်မှာဆက်လက်ဆွဲယူနိုင်ပါတယ်။ ဆွဲထားတဲ့ဖိုင်တွေကို ကွဲပြားခြားနားတဲ့ folders တွေထဲမှာ မတူညီတဲ့ဖိုင်အမျိုးအစားတွေနဲ့စနစ်တကျသိမ်းဆည်းထားနိုင်ပါတယ်။ ဇယားကွက်ထဲမှာကိုယ် download ဆွဲမယ့်ဖိုင်တွေကို ကြိုတင်မှတ်သားထားနိုင်ပါတယ်။ Download လုပ်နေတဲ့ဖိုင်ကို အကြာကြီးဖိထားလိုက်ရင် context menu ကို ပြသပေးမှာဖြစ်ပါတယ်။ လုပ်ဆောင်ရတာလွယ်ကူပြီးအသုံးပြုရတာအဆင်ပြေမှုလည်းရှိပါတယ်။ သုံးချင်တယ်ဆိုရင်တော့ သင့်ရဲ့ device မှာ Android 2.1 နဲ့အထက်ရှိရမှာဖြစ်ပါတယ်။


GRAND ROYAL
Special Reserve
Premium Drinking Water
အောင်မြင်မှုဆိုတာ . . .
. . . အရာရာကို ကိုယ့်စိတ်တိုင်းကျလုပ်ဆောင်နိုင်ခြင်းပါ။
IBTC
ENJOY SUCCESS WITH Special Reserve




# TTE Co.,Ltd. မှတင်သွင်းဖြန့်ချိတဲ့ Panasonic အမှတ်တံဆိပ် KX-NS 300 New Product မိတ်ဆက်ပွဲအခမ်းအနားShangri-la Hotelမှာ ကျင်းပပြုလုပ်

Panasonic (Japan) ရဲ့ တရားဝင်ကိုယ်စားလှယ်အဖြစ် ၂၀၀၂ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံအတွင်းရှိ ဟိုတယ်များ၊ အစိုးရရုံးများ၊ သံရုံးများ၊ စက်ရုံများသာမက Shopping Centre များအတွက်ပါ မရှိမဖြစ်လိုအပ်ပြီး အထောက်အကူပြုတဲ့ အီလက်ထရောနစ်ဆိုင်ရာ ပစ္စည်းအမြောက်အမြားကို ဖြန့်ဖြူးပေးတဲ့ ကုမ္ပဏီကြီးတစ်ခုဖြစ် TTE Co., Ltd. မှ ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲအခမ်းအနားကို (၂၈.၅.၂၀၁၄) ရက်နေ့တွင် အမှတ် 223, Sule Pagoda Road, Yangon ရှိ Sule Shangri-La Hotel (Trader Hotel) ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရှိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံအတွင်းရှိ သုံးစွဲသူများထံမှ ယုံကြည်မှုအပြည့်အဝရရှိနေပြီဖြစ်တဲ့ Panasonic အမှတ်တံဆိပ်ကုန်ပစ္စည်းတစ်ခုဖြစ်သည့်အလျောက် လူကြီးမင်းတို့ရဲ့ လုပ်ငန်းစဉ်တွေကို ပိုမိုချောမွေ့လွယ်ကူစေမယ့် ဆက်သွယ်ရေးဆိုင်ရာ PABX Systemသစ်(၁)ခုကိုမိတ်ဆက်ပြသပေးခဲ့ကြောင်းသိရသည်။ ၎င်း System အသစ်၏ထူးခြားချက်အနေဖြင့် "မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်လာမယ့် အနာဂတ်နဲ့ကိုက်ညီမှုရှိသည့် နည်းပညာစွမ်းဆောင်ရည်များ ထည့်သွင်းထားမှာဖြစ်ပြီး ပုံမှန်တယ်လီဖုန်းစနစ်အဖြစ်သာမကဘဲ Voice Mail၊ Call Center နှင့် VOIP features များကိုပါ စနစ်တစ်ခုထဲမှာ ပေါင်းစည်းပြီး အသုံးပြုနိုင်အောင် ပြုလုပ်ထားပါတယ်။ မိမိတို့ရဲ့ Android နဲ့ idevice တွေကို လိုင်းခွဲဖုန်းအဖြစ်ပါ အသုံးပြုနိုင်မှာ ဖြစ်တဲ့အတွက် ကိုယ်ရောက်နေတဲ့ ပြည်တွင်း၊ ပြည်ပနေရာများမှနေပြီး ရုံးတွင်းဆက်သွယ်ရေးစနစ်ကို ဝင်ရောက်အသုံးပြုနိုင်မှာဖြစ်ပါတယ်"ဟု TTE Co., Ltd. မှတာဝန်ရှိသူတစ်ဦးက ပြောကြားချက်အရ သိရှိရသည်။




ထို့နောက် ဦးမျိုးမင်းအောင် TTE Co., မှ NS-300 မိတ်ဆက်ပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပေးခဲ့ပြီး Panasonic စင်ကာပူမှManaging Director Ms Sharon မှ "ကျွန်မတို့ Panasonic အနေနဲ့ ၂၀၁၅ မှာ ရည်မှန်းချက်(၂) ခုထားရှိထားပါတယ်။ ပထမတစ်ခုအနေနဲ့ Dealers အရောင်းဆိုင်ကြီးများ (၆၀) အထက်ရရှိဖို့နဲ့ User များအတွက် အထူးအခွင့်အရေးများပေးစွမ်းနိုင်ဖို့အတွက်ဆိုပြီး ဖြစ်တယ်။ နောက်ထပ် ရည်မှန်းချက်တစ်ခုကတော့ ၂၀၁၆ မှာ Panasonic ဈေးကွက် 65% ရရှိဖို့အတွက်ဖြစ်ပြီး၊ ဂျပန်နဲ့စင်ကာပူမှာရှိတဲ့ Panasonic ရုံးချုပ်က အထူးအားပေးထောက်ပံ့သွားမှာဖြစ်တယ်" ဟု ပြောကြားခဲ့သည်။ ဆက်လက်၍ Panasonic မှ Product Manager Mr. Spring မှာနေပြီး Panasonic ဈေးကွက်ဗျူဟာနှင့် ပတ်သက်သည့် နောက်ဆုံးပေါ်သတင်းအချက်အလက်များကို မျှဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

*တင်မျိုးသွင်*




Hisense
life reimagined
Hisense the world leading electronic brand is now available in Myanmar with a wide range of Products from Smart TVs refrigerators, air conditioners, freezers and many other home appliances.
facebook
3 years Warranty
No. 1 Selling Brand in China
High Quality High Style High Standard
Sein Wut Hmon Co., Ltd.
Yangon : 01 - 227 930, 212 134 Mandalay : 02 - 9100 1130, 02 - 69657 Fax : 02-394 46
Pyay : 053 - 258 19 Pathein : 042 - 256 72 Mawlamyine : 09 - 8720 818, 057 - 278 58
Lashio : 082 - 238 79 New Outlet : No.26, Than Lwin St, Bahan TSP, Yangon. Tel : 09 44853 4898, 01-524557
အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။


LINN IT Solution Co.,Ltd
IT & Mobile Shop
အမှတ်(၁၁/၇)၊ ဗိုလ်ချုပ်လမ်း၊ ပျဉ်းမနားမြို့။ ဖုန်း၊ ၀၆၇ - ၂၂၈၈၄၊ ၂၃၈၈၄၊ ၀၉ - ၄၃၀၁၅၈၈၄၊
အမှတ်(၁၁၇)၊ သပြေကုန်း၊ နေပြည်တော်။ ဖုန်း၊ ၀၆၇ - ၄၁၄၈၈၄၊ ၄၁၄၈၈၅၊ ၀၉ - ၄၃၀၁၅၈၈၅
lenovo NOTEBOOK အထူးဈေးရောင်းပွဲကြီး (May 22 to June 15)
$10, $15, $20, $30 Discount
+
Original Mouse Worth $10
+
အထူးလက်ဆောင် ၁၀မျိုး
SPECIAL SALES!
AFFORDABLE VERSATILITY IN A SLIM 14" LAPTOP.
IDEAPAD G400S
• Intel® Core™ i3 3110M (2.4GHz/ 1600MHz/)
• 4GB DDR3, 500GB HDD
• 14'' WXGA LED Display
• Nvidia GT720M 2GB DDR3
• DVD Super Multi Integrated,
• Veriface
• 6-in-1 Card reader
• 6 Cell Battery
Multimedia Extravaganza
Fast Data Transfer
Battery-Saving Technology
HDMI Output
1 YEAR WARRANTY
$499
IDEAPAD S410p
ရုံးသုံး/အိမ်သုံး/ လုပ်ငန်းသုံးများအတွက် ဈေးနှုန်း အထူးသက်သာသော Notebook
• Intel® Core™ i3-4010U Processor
• 4GB DDR3 • 500GB HDD 5400RPM
• 14" HD LED Display
• Camera HD 720P • DVD SuperMulti
• Nvidia Geforce GT720M 2GB DDR3
• Dolby® Advanced Audio
2 YEARS WARRANTY
$589
$549
IDEAPAD G400s
AFFORDABLE VERSATILITY IN A SLIM 14" LAPTOP.
• Intel® Pentium B2020M (2.4GHz)
• 2GB DDR3 • 500GB HDD
• 14'' WXGA LED Display • DVD-RW
• Veriface • One Key Rescue System
• 5-in-1 Card reader • 4 Cell Battery
2 YEARS WARRANTY
$419
$399

# Galaxy 11 is ready to defend the planet from the alien threat with the help of latest Galaxy devices!




Galaxy ဆိုတဲ့အသုံးအနှုန်းကို မိုဘိုင်းထုတ်ကုန်တွေကြားမှာ အားလုံးသိမြင်ဖူးကြမှာဖြစ်ပါတယ်။ တောင်ကိုရီးယားရဲ့နာမည်ကြီးကမ္ဘာ့အဆင့်ရှိကုမ္ပဏီတစ်ခုဖြစ်တဲ့ Samsung ရဲ့အထင်ကရထုတ်ကုန်တွေမှာသုံးတဲ့ အမည်တစ်ခုပါပဲ။ အခုနောက်ဆုံးထွက်လာတဲ့အရာတစ်ခုက Galaxy 11 ဆိုတဲ့အမည်တစ်ခုပဲဖြစ်ပါတယ်။ Galaxy ဆိုတဲ့အမည်ကို ထောက်ကြည့်လိုက်တာနဲ့ Samsung ရဲ့နောက်ထပ်ထုတ်ကုန်သစ်တစ်ခုလားလို့ မေးစရာဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ ဒီ Galaxy 11 ကတော့ ထုတ်ကုန်တစ်ခုမဟုတ်ပါဘူး။ Samsung ရဲ့နည်းဗျူဟာကျနလှတဲ့ ကြော်ငြာလှုပ်ရှားမှုတစ်ခုအကြောင်းပဲဖြစ်ပါတယ်။ Samsung ဟာ နှစ်စဉ်နှစ်တိုင်းသူတို့ရဲ့ကြော်ငြာအသုံးစရိတ်အတွက် ဒေါ်လာ ၁ ဘီလီယံကျော်အထိ အသုံးချတယ်ဆိုတဲ့ စာရင်းဇယားတွေရှိနေလို့ ကြော်ငြာခြင်းနဲ့ ပတ်သက်လာရင် ဘယ်တော့မှပေါ့ပေါ့တန်တန်သဘောမထားဘူးဆိုတာ သူတို့ရဲ့အသုံးစရိတ်က သက်သေပြနေပါတယ်။ ဒီလောက်ငွေကြေးပမာဏအထိ ကြော်ငြာဖို့အတွက် သုံးသင့်သလားဆိုတဲ့မေးခွန်းအပေါ်မှာ Samsung အနေနဲ့ ချက်ချင်းပေးနိုင်တဲ့အဖြေကောင်းကောင်းရှိနေပါတယ်။ ဒါက သူတို့ဟာ သူတို့ရဲ့ထုတ်ကုန်တန်ဖိုးကို အလေးထားတဲ့အတွက် အများသိအောင်ကြော်ငြာလှုပ်ရှားမှုတွေလုပ်တဲ့အခါမှာလည်း ဆွဲဆောင်မှုအရှိဆုံးဖြစ်အောင် လုပ်ချင်တဲ့အချက်ကြောင့်ပါပဲ။

Galaxy 11 ဆိုတဲ့ကြော်ငြာလှုပ်ရှားမှုဟာ ၂၀၁၃ မကုန်ခင်ကတည်းက စတင်ခဲ့တာဖြစ်ပြီး အဓိက,ကတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့သူတွေအားလုံး ချစ်မြတ်နိုးကြတဲ့ဘောလုံးအားကစားကို အခြေပြုရိုက်ကူးတင်ဆက်ပုံဖော်ထားတာဖြစ်ပါတယ်။ ကြော်ငြာသီးသန့်ချည်းပဲမဟုတ်ဘဲ ပါဝင်တဲ့သူတွေအားလုံးအနေနဲ့ အမြဲအမှတ်တရဖြစ်စေမယ့် မိုဘိုင်းဂိမ်းကိုပါ မိတ်ဆက်ထည့်သွင်းပေးထားတာဖြစ်ပါတယ်။ အထူးသဖြင့်တော့ Samsung ရဲ့ Galaxy ထုတ်ကုန်တွေအားလုံးကို အဓိကအလေးပေးဈေးကွက်မြှင့်ပေးလိုက်တာဖြစ်ပြီး အဲ့ဒီထုတ်ကုန်တွေမှာ install လုပ်ထည့်သွင်းကစားစေနိုင်သလို တခြားသော ဘယ်လို Android ထုတ်ကုန်တွေမှာပဲဖြစ်ဖြစ် ရယူကစားနိုင်ဦးမှာဖြစ်ပါတယ်။

ဒီ Galaxy 11 လှုပ်ရှားမှုမှာ အဓိကပေးထားတဲ့မည်က "Winner takes Earth" ဆိုတာပဲဖြစ်ပြီး ''အောင်နိုင်သူက ကမ္ဘာကြီးကိုရယူမယ်'' ဆိုတဲ့ အဓိပ္ပာယ်မျိုးပါပဲ။ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိတဲ့ဘောလုံးသမားတွေကို သူတို့ရဲ့လှုပ်ရှားမှုအတွက် ခေါ်ယူအားဖြည့်ရိုက်ကူးထားကြတာကလည်း တစ်ကမ္ဘာလုံးကသူတွေ စိတ်ဝင်စားမှုရှိစေရေးကို အဓိကလိုချင်တဲ့အတွက်ကြောင့်ပါပဲ။ ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်းတစ်သင်းကိုဖန်တီးတည်ထောင်ပြီး Galaxy 11 ဆိုတဲ့အမည်ကိုမွေးဖွားသတ်မှတ်ပေးလိုက်ပါတယ်။ ဇာတ်လမ်းရဲ့အခြေခံက ကမ္ဘာမြေပြင်ပေါ်ကို ဘယ်ကမှန်းမသိတဲ့ဂြိုဟ်သားယာဉ်ပျံတွေကျရောက်လာခဲ့ပြီး အဲ့ဒီဂြိုဟ်သားတွေရဲ့အန္တရာယ်ကကာကွယ်ဖို့အတွက် ဘောလုံးဟာ ကမ္ဘာမြေပြင်ကို ကာကွယ်နိုင်မှာလားဆိုတဲ့ လှုပ်ရှားမှုနဲ့အတူ ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်းရဲ့နည်းပြချုပ်ဖြစ်လာမယ့် ဘက်ကင်ဘောင်ဝါကနေ အသင်းကစားသမားတွေစုစည်းခေါ်ယူခြင်းကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ ဘက်ကင်ဘောင်ဝါအရင်ဆုံးခေါ်ယူလိုက်တဲ့သူက ဘာစီလိုနာရဲ့နာမည်ကြီးကစားသမားမက်ဆီပဲဖြစ်ပြီး အသင်းခေါင်းဆောင်လက်ပတ်ကိုပေးကာ တခြားသောအသင်းဖော်တွေကို ဆက်လက်ရှာဖွေစုဆောင်းခဲ့ကြပါတယ်။ ကစားသမားတစ်ယောက်ချင်းစီရဲ့ အရည်အသွေးနဲ့လှုပ်ရှားမှုတွေကိုလည်း သေချာကျနစွာရိုက်ကူးတင်ဆက်ထားတာဖြစ်လို့ စိတ်ဝင်စားစရာအဖြစ် ကြည့်ရှုရမှာဖြစ်ပါတယ်။ ကစားသမားတွေခေါ်ယူရာမှာလည်း တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်စေဖို့အတွက် လူသားတွေခြေချနေထိုင်တဲ့ တိုက်ကြီး ၆ တိုက်က ထိတ်ထိတ်ကြဲအမည်တွေကိုပဲ တစ်ဦးပြီးတစ်ဦးရွေးချယ်ခေါ်ယူစုဆောင်းခဲ့ပါတယ်။

ဒုတိယခေါ်ယူခဲ့တဲ့တစ်ယောက်က ဘိုင်ယန်မြူးနစ်မှာကစားနေတဲ့ မာရီယိုဂေါ့ဇ်ပါ။ တတိယအဖြစ်အသင်းကိုရောက်လာတာက ချဲလ်ဆီးက အော်စကာပဲဖြစ်ပါတယ်။ လေးယောက်မြောက်ကစားသမားဖြစ်လာတာက တရုတ်ကလပ် ရှန်ဟိုင်းအိစ်အာရှမှာကစားနေတဲ့ ဝူလီဖြစ်ပြီး ၅ ယောက်မြောက်က အေစီမီလန်က အယ်လ်ရှာရာဝီ၊ ၆ ယောက်မြောက်က ပြီးခဲ့တဲ့ရာသီမှာ ချဲလ်ဆီးကနေ လီဗာပူးဆီအငှားသွားကစားနေတဲ့ ဗစ်တာမိုးဆက်စ်ပါ။ ၇ ယောက်မြောက်အဖြစ် မိုနာကိုက ဖဲလ်ကာအို၊ ၈ ယောက်မြောက်အဖြစ် ဘော်လ်တန်က လီချောင်ယောင်၊ ၉ ယောက်မြောက်အဖြစ် ရီးရဲလ်ဂိုးသမားကာဆီးလက်စ်၊ ၁၀ ယောက်မြောက်က မန်ယူရဲ့တိုက်စစ်မှူး ဝိန်းရူနီ၊ ၁၁ ယောက်မြောက်က မေဂျာလိဂ်ကလပ်လော့စ်အိန်ဂျလိစ်ဂလက်ဆီမှာကစားနေတဲ့ ဒိုနိုဗန်၊ ၁၂ ယောက်က ရုရှားကလပ်ဇင်းနစ်ရဲ့တိုက်စစ်မှူး ကာဇာကော့ဗ်ဆိုပြီး ခေါ်ယူစုဆောင်းခဲ့ရာမှာ နောက်ဆုံးတစ်ယောက်အဖြစ်ခေါ်ယူခံရသူက ရီးရဲလ်က စီရော်နယ်ဒိုပဲဖြစ်ပါတယ်။ အားလုံးခေါ်လိုက်တဲ့ကစားသမားက ၁၃ ယောက်ပါ။ နည်းပြချုပ်အဖြစ်တာဝန်ယူမှာက ဂျာမနီလူမျိုးဖြစ်တဲ့ ဘက်ကင်ဘောင်ဝါပဲဖြစ်ပါတယ်။ ဒီစုဖွဲ့ထားတဲ့အသင်းနဲ့အတူ ကမ္ဘာမြေပေါ်ကိုကျူးကျော်လာတဲ့ဂြိုဟ်သားတွေရဲ့အန္တရာယ်ကို တွန်းလှန်သွားကြမှာပဲဖြစ်ပါတယ်။ ဇာတ်လမ်းလှုံ့ဆော်မှုကြော်ငြာဟာ တော်တော်လေးကိုဆွဲဆောင်မှုရှိလှပြီး အဆင့်မြင့်ရုပ်ရှင်ဇာတ်ကားကြီးတစ်ခုကို ကြည့်နေရသလိုမျိုး ခံစားရစေပါတယ်။

ဒီလိုလူစုဆောင်းမှုတွေလုပ်ပြီးသွားတဲ့အခါမှာ နောက်တစ်ဆင့်ထပ်ပြီး အသင်းသားတွေဟာ သက်ဆိုင်ရာအထူးလေ့ကျင့်ခန်းတွေကို နည်းပြချုပ်ဘက်ကင်ဘောင်ဝါရဲ့စီမံမှုအောက်ကနေပြီး အဆင့်ဆင့်လုပ်ဆောင်ကြရပါတယ်။ ဒီလိုမလုပ်ဆောင်ခင်မှာ Galaxy 11 အသင်းသားတွေဟာ အထူးပြုလုပ်ဖန်တီးထားတဲ့ဝတ်စုံတွေဝတ်ဆင်ရသလို လေ့ကျင့်မှုအတွက် လိုအပ်တဲ့အသုံးအဆောင် gadget တွေကိုပါတစ်ပါတည်းတပ်ဆင်ကြရပါတယ်။ ဒီလို gadget တွေအတွက် Galaxy S5, Gear 2 နဲ့ Gear Fit တို့လိုအပ်တဲ့ လေ့ကျင့်မှုအပေါ်လိုက်ပြီး ဝတ်ဆင်ကြရပါတယ်။ နှလုံးခုန်နှုန်းတိုင်းတာခြင်း၊ ရေစိမ်ခံနိုင်ခြင်း၊ မြန်ဆန်တဲ့ autofocus ချိန်ယူခြင်းစတဲ့ feature တွေနဲ့အတူ အမျိုးမျိုးသောကြံ့ခိုင်မှုဆိုင်ရာပစ္စည်းတွေကို အသင်းသားတွေအားလုံးရဲ့စွမ်းဆောင်အကောင်းဆုံးရရှိစေရေးအတွက် အသုံးပြုခဲ့ကြပါတယ်။ ဒီလိုလေ့ကျင့်ခန်းလုပ်ဆောင်မှုတွေကို သက်ဆိုင်ရာ thegalaxy11 ဝက်ဘ်ဆိုက်မှာ သီးသန့်ကြည့်ရှုနိုင်ပါတယ်။

The Match: Striker Soccer Galaxy 11 ကို Galaxy S5 နဲ့ တခြားသော Android သုံးသူတွေရယူကစားနိုင်ပြီး သက်ဆိုင်ရာကစားမယ့်ပရိသတ်တွေအနေနဲ့ Galaxy 11 နေရာကနေ စိတ်လှုပ်ရှားရင်ခုန်စွာနဲ့ ကစားနိုင်စေမှာဖြစ်သလို ပြိုင်ဘက်ဂြိုဟ်သားအသင်းကိုအနိုင်ရမယ်ဆိုရင်လည်း ကစားသမားတစ်ဦးချင်းစီအတွက် အပတ်စဉ်အလိုက်ပေးအပ်မယ့် ဆုတွေကိုရယူနိုင်ဦးမှာဖြစ်ပါတယ်။ ဒီဂိမ်းကတော့ ဂိမ်းကြီးထဲမှာပါဝင်လို့ အမှတ်ပေးလိဂ်ပြိုင်ပွဲကြီးတစ်ခုကစားရသလိုပဲ တော်တော်နဲ့ပြီးမှာ မဟုတ်ပါဘူး။ သက်ဆိုင်ရာကစားသမားတွေရဲ့အထူးပါဝါတွေရအောင် သူတို့ကိုကိုယ်စားပြုတဲ့ နိုင်ငံတွေ၊ ကလပ်တွေမှာလည်း နိုင်ပွဲတွေအများကြီးရယူနိုင်ဖို့ပါလိုအပ်မှာဖြစ်လို့ ကစားသမားတွေဟာ တိုက်အလိုက် သက်ဆိုင်ရာနိုင်ငံတွေကိုကိုယ်စားပြုထားတာဖြစ်တဲ့အတွက် ၁၃ နိုင်ငံက ကလပ်တွေအထိ ဆင်းကစားမှ ကစားသမားတစ်ဦးချင်းစီရဲ့အထူးပါဝါတွေကိုရရှိပြီး နောက်ထပ်အဆင့်မြင့်လာမယ့်ဂြိုဟ်သားတွေနဲ့ ပွဲမှာယှဉ်ပြိုင်အနိုင်ရနိုင်မှာဖြစ်ပါတယ်။

အသင်းသားတွေသုံးမယ့် gadget တွေထဲမှာ Samsung ရဲ့နောက်ဆုံးထုတ် Galaxy ထုတ်ကုန်တွေအားလုံးပါဝင်မှာဖြစ်ပြီး သူတို့ရဲ့ထူးခြားတဲ့ စွမ်းရည်ရှိတဲ့ဝတ်စုံနဲ့ ဘောလုံးတွေလည်းပါဝင်ဦးမှာဖြစ်ပါတယ်။ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မယ့် ဝက်ဘ်ဆိုက်လိပ်စာက www.thegalaxy11.com ပဲဖြစ်ပါတယ်။







## The MATCH : Striker Soccer G11

ဒီဂိမ်းနဲ့ပတ်သက်တဲ့ ကစားသမားတစ်ဦးချင်းစီရဲ့ အထူးပါဝါတွေကို ဘယ်လိုပွင့်အောင် unlock လုပ်ရမလဲဆိုတာ ဖော်ပြပေးထားပါတယ်။ သူတို့ကိုကိုယ်စားပြုတဲ့နိုင်ငံအတွင်းမှာ တိုက်ပွဲလိုရည်ညွှန်းတဲ့ ဘောလုံးပွဲစဉ်တွေ အများကြီး အနိုင်ရမှသာ အဲ့ဒီအထူးပါဝါတွေဟာ ပွင့်လာကြမှာဖြစ်ပါတယ်။ ဒီပါဝါတွေကိုသုံးတာ Dota မှာ Hero တွေသုံးတဲ့ spell လိုမျိုးပဲဖြစ်ပြီး သုံးနိုင်မယ့်ကြာချိန် (duration) နဲ့ ပြန်ပြည့်အောင်စောင့်ရမယ့်အချိန် (recharge) မျိုးတွေရှိနေပါတယ်။



Messi (Barcelona)
Special Power - ULTIMATE ALIEN EVADER

ဒီပါဝါကိုရရင် မက်ဆီအနေနဲ့ ပြိုင်ဘက်ကြိုးဟ်သားတွေကိုအလွယ်တကူလိမ်ခေါက်သွားနိုင်စေသလို အလွန်အားပါတဲ့ကန်ချက်ကိုပါပြုလုပ်နိုင်စေမှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၇ စက္ကန့်**
**စောင့်ရမယ့်အချိန် - စက္ကန့် ၂၀**

Unlock ဖြစ်စေဖို့အတွက် အာဂျင်တီးနားက ပွဲတွေကို အနိုင်ကစားရပါမယ်။



Ronaldo (Real Madrid)
Special Power - WARP SPEED

ဒိုလေးရဲ့မြန်နှုန်းနဲ့ ဂိုးသွင်းပါဝါကို ပိုမြင့်သွားစေမှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၇ စက္ကန့်**
**စောင့်ရမယ့်အချိန် - စက္ကန့် ၂၀**

Unlock ဖြစ်စေဖို့အတွက် ပေါ်တူဂီက ပွဲတွေကို အနိုင်ကစားရပါမယ်။



Rooney (Man Utd)
Special Power - SUPERNOVA BREAK

ရူနီရဲ့တိုက်စစ်စွမ်းရည်ကို ဘယ်လိုမှရပ်တန့်လို့မရစေမယ့်အင်အားမျိုးနဲ့ထောက်ပံ့ပေးမှာဖြစ်ပြီး သူ့ကိုတားတဲ့ ဘယ်ပြိုင်ဘက်ပဲဖြစ်ဖြစ် အထိနာစေမှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၄ စက္ကန့်**
**စောင့်ရမယ့်အချိန် - စက္ကန့် ၂၀**

Unlock ဖြစ်စေဖို့အတွက် အင်္ဂလန်က ပွဲတွေကို အနိုင်ကစားရပါမယ်။



Casillas (Real Madrid)
Special Power - GIANT HANDS

ဒီပါဝါဟာအမြဲတမ်းပွင့်နေမှာဖြစ်ပြီး ကာဆီးလက်စ်အနေနဲ့ ဂိုးပေါက်ထဲဝင်လာတဲ့ ကန်ချက်တွေအားလုံးကို တားဆီးနိုင်စေပါတယ်။ တစ်ချိန်ကာကွယ်ပြီးသွားရင်တော့ နောက်တစ်ကြိမ်သုံးနိုင်ဖို့အတွက် ပြန်စောင့်ဖို့တော့ လိုပါလိမ့်မယ်။

**သုံးနိုင်မယ့်ချိန် - ၄ စက္ကန့်**
**စောင့်ရမယ့်အချိန် - စက္ကန့် ၂၀**

Unlock ဖြစ်စေဖို့အတွက် စပိန်က ပွဲတွေကို အနိုင်ကစားရပါမယ်။



Falcao (Monaco)
Special Power - PHOTON LASER

ဒီပါဝါကိုသုံးလိုက်တာနဲ့ဖယ်လ်ကာအိုဟာ လိုချင်တဲ့ကန်ချက်အတွက် လေဆာအမြင်အာရုံကိုသုံးနိုင်မှာဖြစ်ပြီး သူ့လမ်းကြောင်းထဲမှာရှိနေတဲ့သူမှန်သမျှဟာ လေဆာရဲ့သက်ရောက်အားကို ခံစားကြရမှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၇ စက္ကန့်**
**စောင့်ရမယ့်အချိန် - စက္ကန့် ၂၀**

Unlock ဖြစ်စေဖို့အတွက် ကိုလံဘီယာက ပွဲတွေကို အနိုင်ကစားရပါမယ်။



Gotze (Bayern Munich)
Special Power - DOUBLE HELIX

ဒီပါဝါဟာ ဂေါ့ဇီရဲ့ပြေးနှုန်းကို အလွန်လျင်မြန်သွားစေပါလိမ့်မယ်။

**သုံးနိုင်မယ့်ချိန် - ၅ စက္ကန့်**
**စောင့်ရမယ့်အချိန် - စက္ကန့် ၂၀**

Unlock ဖြစ်စေဖို့အတွက် ဂျာမနီက ပွဲတွေကို အနိုင်ကစားရပါမယ်။



El Shaarawy (AC Milan)
Special Power - GALACTIC PYRAMID

ဒီပါဝါကိုသုံးမယ်ဆိုရင် အယ်လ်ရှာရာဝီရဲ့ ဘောလုံးဖြတ်ထုတ်မှု၊ ဘောလုံးပေးပို့မှုနဲ့ ကန်ချက်တွေရဲ့တိကျမှုကို မြင့်တက်သွားစေမှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၄ စက္ကန့်**
**စောင့်ရမယ့်အချိန် - စက္ကန့် ၂၀**

Unlock ဖြစ်စေဖို့အတွက် အီတလီက ပွဲတွေကို အနိုင်ကစားရပါမယ်။



Oscar (Chelsea)
Special Power - NEUTRONIUM BALL CONTROL

သုံးလိုက်တဲ့အခါမှာ ကွင်းထဲမှာရှိတဲ့ တခြားကစားသမားတွေအားလုံးဟာ အေးခဲသွားပြီး အော်စကာအနေနဲ့ လိုချင်တဲ့နေရာကို ရောက်ရှိစေမယ့်အားသာချက်ကိုရရှိစေမှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၅ စက္ကန့်**
**စောင့်ရမယ့်အချိန် - ၂၅ စက္ကန့်**

Unlock ဖြစ်စေဖို့အတွက် ဘရာဇီးက ပွဲတွေကို အနိုင်ကစားရပါမယ်။



Lee Chung-Yong (Bolton)
Special Power - EXPLOSIVE WAVE

ဒီပါဝါသုံးရင် လီချောင်ယောင်ဟာ ကွင်းထဲမှာ ခြေစောင့်နင်းချလိုက်ပြီး ကြီးမားတဲ့အပေါက်ကြီးတစ်ခုဖြစ်သွားစေအောင် လုပ်ကာ ပြိုင်ဘက်တွေကို ခေတ္တရပ်တန့်သွားစေမယ့် ပေါက်ကွဲလှိုင်းကြီးတစ်ခု ပေါ်လာစေမှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၂ စက္ကန့်**
**စောင့်ရမယ့်အချိန် - ၁၀ စက္ကန့်**

Unlock ဖြစ်စေဖို့အတွက် တောင်ကိုရီးယားက ပွဲတွေကို အနိုင်ကစားရပါမယ်။



Donovan (LA Galaxy)
Special Power - SPEED SPRINT

ဒီပါဝါကိုသုံးရင်ဒိုနိုဗန်အနေနဲ့ကိုယ်ယောင်ပျောက်ပြီး ကွင်းရဲ့အဝေးတစ်နေရာမှာပေါ်လာစေမှာဖြစ်တဲ့အတွက် ပြိုင်ဘက်နောက်ခံလူတွေနဲ့ဝေးတဲ့နေရာကို ချက်ချင်းခုန်ထွက်သွားသလိုမျိုး အခွင့်အရေးရရှိစေမှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၀ စက္ကန့်**
**စောင့်ရမယ့်အချိန် - စက္ကန့် ၂၀**

Unlock ဖြစ်စေဖို့အတွက် အမေရိကန်က ပွဲတွေကို အနိုင်ကစားရပါမယ်။



Moses (Chelsea)
Special Power - SPATIAL PLAYING

ဒီပါဝါဟာ မိုးဆက်စ်ကို ပြိုင်ဘက်တွေရဲ့ ဖြတ်ထုတ်မှုကနေ တားဆီးပေးမယ့် အကာအကွယ် shield တစ်ခုနဲ့ ဝန်းရံပေးထားမှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၇ စက္ကန့်**
**စောင့်ရမယ့်အချိန် - စက္ကန့် ၂၀**

Unlock ဖြစ်စေဖို့အတွက် နိုင်ဂျီးရီးယားက ပွဲတွေကို အနိုင်ကစားရပါမယ်။



Kerzhakov (Zenit)
Special Power - ICE TACKLE

ဒီပါဝါဟာ ကာဇာကော့ဗ်ကို ပြိုင်ဘက်တွေရဲ့ရန်က ကာကွယ်ပေးထားမှာဖြစ်ပြီး အသုံးပြုနေစဉ်မှာ သူ့အနေနဲ့ သူသွားခဲ့တဲ့ လမ်းကြောင်းမှာ ခြေချော်လဲနိုင်မယ့်ရေခဲလမ်းတစ်ခု ကျန်ရှိစေခဲ့မှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၅ စက္ကန့်**
**စောင့်ရမယ့်အချိန် - စက္ကန့် ၂၀**

Unlock ဖြစ်စေဖို့အတွက် ရုရှားက ပွဲတွေကို အနိုင်ကစားရပါမယ်။



Wu Lei (Shanghai East Asia)
Special Power - BLENDING SHOT

ဒီပါဝါဟာ ဝူလီကို အားပြင်းတဲ့ဝိုက်ကန်ချက်မျိုးကို လုပ်ဆောင်နိုင်စေမှာဖြစ်ပါတယ်။

**သုံးနိုင်မယ့်ချိန် - ၄ စက္ကန့်**
**စောင့်ရမယ့်အချိန် - ၁၀ စက္ကန့်**

Unlock ဖြစ်စေဖို့အတွက် တရုတ်က ပွဲတွေကို အနိုင်ကစားရပါမယ်။

# Galaxy 11 Mini Games

သင့်အနေနဲ့ မက်ဆီ၊ စီရော်နယ်ဒိုနဲ့ Galaxy 11 အသင်းမှာပါဝင်တဲ့ ဘယ်သူ့နေရာကနေမဆိုဝင်ရောက်ပြီး ကြိုးဟ်သားတွေရဲ့ကျူးကျော်မှုရန်ကနေ ကမ္ဘာမြေပြင်ကိုကာကွယ်ဖို့အတွက် တိုက်ခိုက်ကစားသွားရမှာဖြစ်ပါတယ်။ ဂိမ်းအမျိုးအစားက Cannon Shooter, Soccer Wars နဲ့ Shooting Soccer ဆိုပြီး ၃ မျိုးရှိပါတယ်။ သင့်ရဲ့ Samsung Galaxy device တွေကနေ download ရယူ ဆော့ကစားနိုင်ပါတယ်။ Samsung Apps ကနေပဲဖြစ်ဖြစ်၊ Google Play store ကနေပဲဖြစ်ဖြစ် ရယူနိုင်ပါတယ်။ www.thegalaxy11.com ဆိုတဲ့ မူရင်းဝက်ဘ်ဆိုက်ကနေပြီး တိုက်ရိုက် link ကို နှိပ်တဲ့အနေအထားမျိုးနဲ့လည်းရရှိနိုင်ပါတယ်။

စာမျက်နှာအချပ်ပို (VIII) သို့ ▶



**lenovo** FOR THOSE WHO DO.™

# technoland
electronics expert

# မိုးရာသီအထူး !

## Technoland
ဆိုင် (၇) ဆိုင်တွင်ဝယ်ယူရရှိနိုင်မယ့်

## LENOVO G400S LAPTOP
AFFORDABLE VERSATILITY IN A SLIM 14"

ငွေကျပ်(၄)သိန်းကျော်ဖြင့်
သင့်လုပ်ငန်းများကို
အမြန်ဆောင်ရွက်ပေးနိုင်မယ့်
နုတ်ဘုတ်ကို ယခုပဲ အသုံးပြုကြည့်လိုက်ပါ




**$499**

intel inside CORE i3

FREE GIFT



NORTON ANTIVIRUS | LENOVO MOUSE | MOUSE PAD | LENOVO HEADPHONE | TECHNOLAND DISCOUNT COUPON | CLEANING KIT | KEYPAD PROTECTOR

ဆိုင်သစ်ဖွင့်ပွဲအနေဖြင့် အထူးအစီအစဉ်များ ရှိနေမယ့်

NOW OPEN

technoland
electronics expert

# OCEAN SHWE GON DINE
Computer, Mobile, Tablet & Accessories Sales



**36th Street**
No.162-170, 36th St (middle), Kyauktada Tsp,Yangon.
Tel : 09-73024327-8, 09-73041734-5,
Fax :95-1-373191

**Mandalay**
78th St, Between 39th and 40th, Mahar Aung Myay Tsp, Mandalay.
Tel : 09-91024812, 09-91024819

**Camera & Mobile**
No.189, Maha Bandoola Garden St, Kyauktada Tsp, Yangon.
Tel : 01-377056, 09-73176240

**U Chit Maung**
No.51, U Chit Maung Road, Bahan Tsp, Yangon. Tel : 09-73145164

**Thamine**
55F, Yangon-Insein Road, Hlaing Tsp, Yangon. Tel : 01-519796

**Inya**
No. 98, Inya Road, Kamayut Tsp, Yangon.
Tel : 09-43023804, 01-514303

**Nay Pyi Taw**
No. F10/11, 1 Floor, Ocean Super Centre (Oattarathiri), Corner of Zayahtarni Road & Mandalay St, Oattarathiri Tsp, Nay Pyi Taw.
Tel : 09-31432017, 09-31432018

**Ocean Shwe Gon Dine**
334-335, 2nd Floor, Corner of Shwe Gon Dine St & Ba Nyar Dala St, Bahan Tsp, Yangon.
Tel : 09-33366674
NEW

Website : www.technolandmyanmar.com, G-mail : technolandmyanmar@gmail.com

Find us on: facebook. Technoland




**Aspire** | E3-111

**4th Gen. Intel® Celeron® Processor N2830**
2GB DDR3, 500GB HDD, **Display 11.6" HD 1366 x 768 resolution,**
LEDbacklit TFT LCD ,SD card reader, GLAN, WLAN, Bluetooth, USB 3.0,
Webcam, 3 cells Li-ion Battery

**PRICE - 310 USD**

1 YEAR Mini-Notebook WARRANTY




Acer Tablet, Netbook, Notebook, Desktop (Acer Dealers, Resellers) ဝယ်ယူပြီး ရွှေလမင်းနဂါးတွင် Register လုပ်ထားသည့် ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင် ကျောင်းသား/သူ များမှ

**(1/2) D** ဖြင့်အောင်မြင်သူ (10) ယောက်ကို ဝယ်ယူသည့် တန်ဖိုး၏ - **5%**
**(3) D** ဖြင့်အောင်မြင်သူ (5 ) ယောက်ကို ဝယ်ယူသည့် တန်ဖိုး၏ - **10%**
**(4) D** ဖြင့်အောင်မြင်သူ (5 ) ယောက်ကို ဝယ်ယူသည့် တန်ဖိုး၏ - **15%**
**(5) D** ဖြင့်အောင်မြင်သူ (5 ) ယောက်ကို ဝယ်ယူသည့် တန်ဖိုး၏ - **20%**
**(6) D** ဖြင့်အောင်မြင်သူ (5 ) ယောက်ကို ဝယ်ယူသည့် တန်ဖိုး၏ - **30%**

စုစုပေါင်း (30) ဦးကို မဲစနစ်ဖြင့် ရွေးချယ်၍ ဂုဏ်ပြုဆုအဖြစ်ပြန်လည် ချီးမြှင့်သွားပါမည်။

# Students Challenging **Opportunities**

မြန်မာတပြည်လုံးရှိ Acer Dealer, Reseller ဆိုင်များတွင် Acer Product များ ဝယ်ယူရင်း အထူးအခွင့်အရေးများကို အရယူလိုက်ပါ...

Authorized Distributor : Shwe Lamin Nagar Co., Ltd. | Ph : 09-250177761, 01-2301797, 01-227781, 01-218041 | Email : shwelaminnagar@sln-myanmar.com










**NetGuide** တွင် ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း–၂၂၄၇၁၁၊ ၀၉–၇၃၀၃၂၇၂၆ သို့ ဆက်သွယ်နိုင်ပါသည်။




KONICA MINOLTA
Since 1951
GANDAMAR
O.A. & Business Solutions
bizhub C224e
Solutions
SECURITY
bizhub SECURE
User Authentication
Account Tracking by User and Department
Secured & PW Printing
IC Card Authentication*
Biometric Finger-Vein Authentication*
WIRELESS
Wireless Printing from iPhone, iPad, Androids
Wireless Printing from Laptops
Cloud Connections with Google Drive, Evernote, Dropbox
STORAGE
250 GB Storage
Personal User Box Storage
Cloud Storage with Google Drive, Evernote, Dropbox
PRINTING
Duplex Printing
Direct Printing from USB, Web Browser, iPhone, Laptop
Print Using HD Toner
Direct USB Printing of Word, Excel, PDF, JPEG
Print Upto 300 gsm Thinkness Paper
Banner Printing upto 1.4 Meter (55 inches)
Booklet Printing
SCANNING
Scan to USB, Computer, Email, User Box, Server, Cloud
Scan documents into PDF, Compact PDF, PPTX, TIFF,JPEG, Word*, Excel*
Duplex Automatic Scanning*
Text Recognition with OCR Function*
Scan
PPTX
DOCX
XLSX
*OPTIONAL
Your Personal Solutions Consultant
Roger Kay (Kyaw Kyaw Soe) rogerkay@gandamar-mm.com
Direct Tel: +95 9510 7558
Authorized Distributor:
GANDAMAR O.A. & Business Solutions
YANGON - No. 18-24, Kun Gyan Road, Aung San Stadium Bldg (S).Ph: 01- 383932, 383934
NAYPYITAW - No.166, Thiri Yadanar Shopping Complex. Ph : 067- 421212
MANDALAY - i plaza - Manmyanmar Plaza 2nd Floor, 84th Road, Ph : 02- 4000098, 4000099
Authorized Dealers
YGN - Technoland:73024327 UNiQUE: 391789 Idea Link:376212 Media Link: 386940 King Power:398008 King Empire :386433 I.C.E:215353 Eastern Computer:398224 Smart Computer: 389112 WAI YAN:546002 Matrix (II):250084
Chan Mon: 243133 Lin Thuzar:389395 T-LAND: 382868 123 IT:373061 Asia Tech:392954 Digitech Computer: 01-380450, 391651 City Power:241828 Citicom: 240620 City Star: 377225 Chan Myae: 382277 ABC Computer: 388165 Radiance: 385267
MTG: 09-2025718 Tycoonland: 09-73076324 Lucky Bird: 248167 MDY- T-Land:09-6807466 NTG:02-39406 Kaung San :09-444013094 Technoland:09-910 24812 Printer City: 02-23255 INNWA:02-71108 Matrix: 02-68182
iNet Computer: 02-62610 Syscon Computer: 02 71931,09 2014004 NTG Computer: 02 39406, 69343 Cloud net: 09- 444020105 NPT- အောင်မြင်သူ(သပြေကုန်းဈေး):067- 414782 Global Gateway: 067-422433 ရှမ်းညီနောင် :09-425013838
Printer Point:09-5275795 Moneywar - NG Link Computer: 09-400401948 Magway- မင်းနွယ် :063-26704 Mawlamyaing - ကွင်ထင် ကွန်ပျူတာ၊ မိတ္တူ: 057 24167 KMD: 057-26957 Loikaw - Nice Computer & Mobile: 09-41007631
J & K: 083-21302 Zin Lay Store: 083-21823 Taunggyi- ရှမ်းညီနောင် : 09-431060000 TEQ : 09-5215759 မြင့်မိုရ်: 09 5213125 Lashio- ရှမ်းညီနောင် : 09-428312173 Arrow Computer: 082-25505 KyinTon - One Computer : 09-5250481
Email: marketing@gandamar-mm.com , hq@gandamar-mm.com


LIFE TIME WARRANTY
Ansus MICRO SD
Memory Card
နယ်ကိုယ်စားလှယ် ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။
Authorized Sole Distributor
For You! Mobile Distribution
F-100,102 ၃လွှာ၊ စက်လှေကားအနီး၊ ရွှေပြည်စုံဈေး။
Tel : 09-33246363, 09-5640916, 09-5101596,Fax : +95-1-217139
E-mail: ansusmcard@gmail.com www.facebook.com/ansusmcard


1-YEAR WARRANTY
image
CREATION Sticker Cutting Plotter
SALES & SERVICE
No.(142),Seikkhanthar St.(Lower),Kyauktada Tsp, Yangon.Ph: 01-391302 , 09-73050322


ACH
ဆရာအောင်ချိုထွေး [B.Sc-Math, CCNA, CCNA Security, CCNP, CCNP Security, MCP, MCTS, MCITP(SA)(EA), MCSA(2008), IDNC, IADNC] ဦးစီးသင်ကြားသော
Computer Training Center
Hot line : 09 430 67692
Network Security Concepts, Security Policies, Cisco Configuration Professional, Firewall Technologies, ASA Firewall, Cisco IOS Zone Based Firewall, Access Control List and Cisco ACS Server, Cisco IPS/IDS, VPN Technology, SSL VPN, IPSec Site to Site VPN, Public Key Infrastructure, GRE over IPSec, Cryptography, IP Security .......
CISCO CERTIFIED CCNA SECURITY
CCNA Security (640-554)
Sat, Sun (12:00 - 2:00) PM
29th June
CCNA (200-120)
Tue, Wed, Thu, Fri (6:00 - 8:00) PM
29th May
Networking Theory Detail, Ethernet Technology, TCP/IP, OSI7 Layer, IP Addressing & Subnetting, Network Security, VPN, IPV6 Theory & Routing , VLAN, STP, RSTP, OSPF, EIGRP, HSRP, VRRP, GLBP , Gateway Loadbalancing, NAT, ACL, Inter-vlan Routing , Securing Cisco IOS, Etherchannel, Wireless Networking WAN Technology, PPP, HDLC, Frame-Relay Switching, Routing Theory,
CCNA
တိုက် (၂၂၇)၊ ပထမထပ်၊ ကျိုက္ကဆံလမ်းမပေါ်၊ ကျိုက္ကဆံလမ်းနှင့် (၁၅၁) လမ်းထောင့်၊ ကျောက်မြောင်းဈေးမှတ်တိုင်ရှေ့၊ တာမွေ ။ facebook.com/achnetworkpro


ELECOM
Japan Design & Japan Qualtity
超高速 USB3.0
強力マグネット付き！
NEW
SMARTPHONE POUCH
Memory Reader
card holder
car charger
Bluetooth Stereo Headset
( May 30 to June 1 ) ရက်နေ့အထိ ထပ်မံကျင်းပမည့် Yangon Mobile Fair 2014 ပြပွဲတွင် ELECOM Mobile အပိုပစ္စည်းများကို ( 5% to 20 % ) Discount အပြင် သတ်မှတ်ထားသော Promotion items Ear Phone တစ်ခုဝယ်ယူအားပေးသော Customer များကို (4,800) ကျပ်တန် Ear Jack တစ်ခုကို မေတ္တာလက်ဆောင် အနေဖြင့် ပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
www.facebook.com/elecom.myanmar
Hot Line : 09 730 56483


သင်နှင့် သင့်ကား လုံခြုံရေးအတွက် စက္ကန့်မလပ် စောင့်ကြည့်ပေးနေသော ...
www.3view.biz
3VIEW
CAR BLACK BOX
Best PICTURE, Best PERFORMANCE, Best QUALITY
3VIEW
GALAXY300
HD
1280X720
Smart Black box
Real HD & 2ch
EyeBeam
WE ALL WELCOME YOU TO VISIT OUR EXHIBITION!
E-commerce Business & Family Trade Fair
(Myanmar Convention Center 30.5.2014 to 1.6.2014)
ပြန်လည်ဖြန့်ဖြူးလိုသော ကိုယ်စားလှယ်ကြီးများအားဖိတ်ခေါ် ကြိုဆိုအပ်ပါသည်
No, (514-A), Waizayandar Street, 4-Quarter, South-Okkalapa Township, Yangon
Hotline : 01-8500801, 01-8500802, 01-8500803
MADE IN KOREA



SPECIAL ▸ REPORT

Appleရဲ့ Macကွန်ပျူတာလျှောက်လှမ်းလာတဲ့ခရီးဟာ အခုဆိုရင် အနှစ်၃၀တိုင်ခဲ့ပြီဖြစ်ပါတယ်။ ဆယ်စုနှစ် ၃စုတိုင်အောင်ဖြတ်သန်းလာခဲ့တဲ့ Macကွန်ပျူတာတွေရဲ့အရည်အသွေးဟာ လက်ရှိအချိန်မှာလည်း ကြာလေကောင်းလေဆိုသလိုမျိုးပဲ ထိပ်တန်းအဆင့်မှာရပ်တည်နေကြပါတယ်။ တခြားသောထုတ်ကုန်တွေနဲ့မတူတာက သူတို့ရဲ့ကိုယ်ပိုင် OS Xတွေကိုအသုံးပြုတဲ့အချက်ပါပဲ။ နောက်ဆုံးထုတ်ထားတဲ့ OS X Mavericksဆိုရင် သက်ဆိုင်ရာ hardwareတွေကိုအပြည့်အဝဆုံးပါ ထောက်ပံ့ပေးနေပြီဖြစ်ပါတယ်။ ဒီဖိုင်းပိုင်းမှာတော့ Mac Proက ထူးထူးခြားခြားအဖြစ် ထုချွန်ပုံစံပြောင်းသွားခဲ့ပါတယ်။

# Mac BUYING GUIDE

Part 2

# MacBook Pro 13-inch




non-Retina MacBook အမျိုးအစားတွေကတော့ သင့်တင့်တဲ့ hard disk အရွယ်အစားနဲ့ DVD writer တို့ပါဝင်ပြီး ဈေးနှုန်းလည်းတစ်နိုင်တစ်ပိုင်ရှိမယ့် laptop တစ်လုံးလိုချင်သူတွေအတွက် အခုချိန်ထိဝယ်ယူနိုင်ဦးမှာဖြစ်ပါတယ်။ နည်းနည်းခေတ်နောက်ကျပြီလို့ထင်စရာရှိပေမယ့် battery သက်တမ်း ၇ နာရီနဲ့ Core i5 processor တို့သုံးထားပေးတဲ့အချက်က တော်တော်လေးကောင်းပါသေးတယ်။

## Features

သူ့မှာ တစ်ပါတည်းထည့်ပေးထားတဲ့ Super Drive DVD burner ဟာ သုံးစွဲသူတော်တော်များများကို ဆွဲဆောင်နိုင်စေပြီး Air နဲ့ Retina mode တွေမှာတော့ external burner အတွက် ၆၅ ပေါင်လောက်ကုန်ကျရဖို့ရှိပါတယ်။ နောက်ပြီး Ethernet port ကလည်း အတော်လေးအသုံးဝင်စေဦးမှာပါ။ FireWire 800 ကိုထည့်ပေးထားပေမယ့် USB 3 နဲ့သုံးရတာက များပါတယ်။ အဆင့်တိုးမြှင့်ပေးနိုင်တဲ့ အချက်က Retina အမျိုးအစားတွေပေါ်မှာအသာရစေတဲ့အချက်တစ်ချက်ပါပဲ။ ဒီအမျိုးအစားက သုံးပြီးသားနဲ့ ပြန်လည်ပြုပြင်ပြီး ရောင်းတဲ့ဈေးကွက်တွေမှာလည်း တွေ့ရဖို့များပါတယ်။ ဒါကြောင့် Apple မှာမဝယ်ဘဲအဲ့ဒီဈေးကွက်တွေမှာဝယ်မယ်ဆိုရင် ဝယ်နိုင်ဖို့ရှိပါတယ်။

## Pros and cons

၉၉၉ ပေါင်ဈေးနှုန်းသာရှိတဲ့ ဒီ MacBook Pro ဟာ နောက်ထပ်ပေါင် ၁၀၀ ကျော်ပိုကျစေမယ့် ပါးလွှာပေါ့ပါးမြန်ဆန်တဲ့ 13-inch Retina အမျိုးအစားလောက်တော့ သိပ်မကောင်းပါဘူး။ အချက်အလက်သိမ်းဆည်းနိုင်တဲ့ storage က သူ့ရဲ့အဓိကအားသာချက်ပါပဲ။ ဒီ ၂ မျိုးစလုံးမှာ RAM 4GB စီရှိပြီး MacBook Pro ရဲ့ RAM ကို နောက်ပိုင်းမှာ ပြန်မြှင့်နိုင်ပါတယ်။ တန်းဝင်အဆင့် Retina အမျိုးအစားကတော့ RAM ကို ဒီအတိုင်းဆက်မမြှင့်နိုင်ဘဲသုံးရဖို့ရှိပြီး 128GB SSD ကိုလည်းထပ်မြှင့်နိုင်ဖို့မရှိပါဘူး။ MacBook ရဲ့ ကြီးမားတဲ့ hard disk ကတော့ 512GB အထိရနိုင်သလို မှာတဲ့အချိန်မှာလည်း 1TB အထိ တိုးမြှင့်နိုင်စေပါတယ်။ ဒါမှမဟုတ်ကိုယ့်ဘာသာကိုယ် နောက်မှဖွင့်ပြီး တိုးရင်းလည်းရနိုင်ပါတယ်။

သင့်အနေနဲ့ hard drive ကို 128GB SSD နဲ့ အလဲအထပ်လုပ်ချင်တယ်ဆိုရင် Apple ကနေ စတင်မှာတဲ့အချိန်မှာပဲ နောက်ထပ် ပေါင် ၁၆၀ ထပ်ဆောင်းပေးရမှာဖြစ်ပါတယ်။ ကိုယ်ဘာသာကိုယ်ပဲ သီးသန့်ဝယ်တပ်မယ်ဆိုရင်တော့ 256GB SSD ကို အဲ့ဒီထက်နည်းတဲ့နှုန်းနဲ့ ရနိုင်ဖို့လည်းရှိပါတယ်။

## ↗ Upgrading

Retina model တွေနဲ့မတူတာက 13-inch MacBook Pro ကို နောက်ထပ် RAM တို့၊ storage တို့ထပ်မံတိုးမြှင့်ဖို့အတွက် ဖွင့်နိုင်စေပါတယ်။ hard disk နဲ့ optical drive တို့ကို SSD နဲ့ hard disk ပေါင်းစပ်ဖို့အတွက် အလဲအထပ်လုပ်တာမျိုးတွေအထိ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ အတွေ့အကြုံမရှိတဲ့သူတွေအနေနဲ့တော့ ကိုယ့်ဘာသာကိုယ်မလဲသင့်ပါတယ်။ Memory အဆင့်မြှင့်တဲ့အချက်ဟာ 27-inch iMac, Mac mini နဲ့ Pro တို့ထက် နည်းနည်းပိုခက်ခဲတတ်ပါတယ်။ Apple ဟာ အမြင့်ဆုံးအဖြစ် 8GB ထောက်ပံ့မှုပေးထားပေမယ့် တခြားသောသတင်းတွေရဲ့ ဖော်ပြချက်အရတော့ 16GB အထိ တိုးနိုင်တယ်လို့သိရပါတယ်။ ဒီလိုဖြုတ်တပ်လုပ်ဆောင်ဖို့ လိုအပ်တဲ့ tool kit တွေကို memory ရောင်းချတဲ့သူတွေကပဲ ၁၂၅ ပေါင်ဝန်းကျင်နဲ့ ရောင်းချပေးတတ်ပါတယ်။ Apple ဟာ နောက်ထပ်အပို 4GB ထပ်စိုက်မယ်ဆိုရင် ပေါင် ၈၀ တောင်းခံမှာဖြစ်ပါတယ်။

## ↑ Dimensions

အလျား၊ အနံ၊ အမြင့်က 32.5 x 22.7 x 2.41cm နဲ့ အလေးချိန်က 2.06kg ရှိပါတယ်။ 13-inch MacBook Pro ဟာ 13-inch Retina အမျိုးအစားထက် ၃ ပုံ ၁ ပုံလောက် ပိုထူပြီး ပိုလေးမှာဖြစ်ပါတယ်။

## ↑ Input/output

အပေါ် bezel ဘောင်ရဲ့အလယ်မှာရှိတဲ့ FaceTime HD camera ကို ဘက်ပေါင်းစုံကိုလွှင့်ပေးနိုင်တဲ့ microphone တစ်လုံးတည်းနဲ့ တွဲဖက်ပေးထားပါတယ်။ နောက်ခံမီးလင်းတဲ့ backlit keyboard နောက်ဘက်နားမှာတော့ Apple ရဲ့ ဖန်သားနဲ့လုပ်ထားတဲ့ multi-touch trackpad ရှိမှာဖြစ်ပါတယ်။ နောက်ထပ်အပို monitor တစ်လုံးကို 2560 x 1600 နှုန်းနဲ့ တစ်ချိန်တည်းမှာပဲ MacBook ရဲ့ကိုယ်ပိုင် screen တစ်ခုအဖြစ် run ပေးနိုင်ပါတယ်။ Retina model တွေမှာလိုပဲ stereo speakers ကိုတစ်ပါတည်းထည့်သွင်းပေးထားပါတယ်။

## ↑ Connections

Mac mini လိုမျိုးပဲ MacBook Pro ရဲ့သက်တမ်းကြာရှည်မှုဟာ အားသာချက်တစ်ခုလိုဖြစ်ပြီး တခြားသော model တွေပေါ်မှာ ဆက်လက်တပ်ဆင်ပေးထားခြင်းမရှိတဲ့ FireWire 800 port ကိုဆက်ပြီးသုံးထားပါတယ်။ သူ့မှာ Gigabit Ethernet socket တစ်ခုလည်း ရှိနေပြီး Retina MacBook တွေနဲ့မတူတာက adaptor တစ်ခုလိုအပ်တဲ့အချက်ပါပဲ။ နောက်ပြီး Thunderbolt port တစ်ခုသာပါဝင်ပြီး USB 3 port ၂ ခုကတော့ ဘယ်ဘက်ခြမ်းမှာရှိလို့ သင့်အနေနဲ့ mouse တပ်သုံးချင်တဲ့အခါမျိုးမှာ နည်းနည်းတော့ ကသိကအောင့်ဖြစ်စေပါတယ်။ Bluetooth 4.0 ကိုထောက်ပံ့ပေးထားပေမယ့် wi-fi အတွက်က နောက်ပိုင်း Mac တွေမှာသုံးထားတဲ့ ပိုမြန်တဲ့ AC အမျိုးအစားမဟုတ်ဘဲ 802.11n ကိုပဲသုံးပေးထားပါတယ်။

# MacBook Air

Apple ဟာ notebook ကွန်ပျူတာအမျိုးအစားကို အလွန်ပါးလွှာတဲ့ MacBook Air အဖြစ်ပြန်လည်တီထွင်ဖန်တီးပေးခဲ့ပါတယ်။ 13-inch အမျိုးအစားနဲ့ ပိုပြီးသယ်ဆောင်ရလွယ်တဲ့ 11-inch အမျိုးအစားတို့ကိုရရှိနိုင်ပြီး laptop အတန်းအစားအားလုံးထဲမှာတော့ လိုချင်စရာအကောင်းဆုံးအဖြစ် ဒီနေ့အချိန်ထိ ရပ်တည်နေပါတယ်။ စွမ်းဆောင်မှုအပိုင်းနဲ့ Battery သက်တမ်းတို့ကို ပိုကောင်းအောင်လုပ်ထားလို့ ၁၂ နာရီအထိအသုံးခံစေပြီး တကယ့်ကိုအရည်အသွေးပြည့်ဝတဲ့ လက်တွဲဖက် laptop တစ်လုံးအဖြစ် ရှိနေမှာဖြစ်ပါတယ်။

## Features

အလွယ်တကူပေါ့ပေါ့ပါးပါးသယ်ဆောင်သွားနိုင်တဲ့အချက်ဟာ MacBook Air ရဲ့အခြေခံကျတဲ့ ရောင်းကွက်တစ်ခုပါပဲ။ အမြင်ပိုင်းကတော့ ၂၀၁၀ မှာ စတင်မိတ်ဆက်စဉ်ကတည်း အခုထိမပြောင်းလဲသေးပေမယ့် USB 3 နဲ့802.11ac wi-fi တို့လိုအဆင့်မြှင့်တင်ပေးမှုတွေကတော့ သိသာပေါ်လွင်မှုရှိစေပြီး သိပ်မကြာသေးခင်က လုပ်ပေးလိုက်တဲ့မြှင့်တင်မှုက 11-inch အမျိုးအစားအတွက် battery သက်တမ်းကို ၅ နာရီကနေ ၉ နာရီအထိ အသုံးခံနိုင်စေတဲ့အချက်ပဲဖြစ်ပါတယ်။ 13-inch အမျိုးအစားဆိုရင် ၁၂ နာရီအထိအသုံးခံမှာဖြစ်ပါတယ်။ battery ပမာဏမှာ ၉ ရာခိုင်နှုန်းတိုးမြှင့်ပေးလိုက်တဲ့အချက်ဟာ battery အပေါ်က အစိတ်အပိုင်းအနည်းငယ်လောက်ရဲ့အားသာချက်ကိုပဲ ရယူထားတာဖြစ်ပြီး အဓိကကွဲပြားသွားစေတဲ့အချက်က Intel ရဲ့ Haswell processor architecture ကြောင့်ပဲဖြစ်ပါတယ်။

စာမျက်နှာအချပ်ပို (G) သို့ ▶

## ↓ Upgrading




သင့်ရဲ့ MacBook Air ရဲ့ကနဦး specs အတိုင်းဝယ်ယူလိုက်မယ်ဆိုရင် နောက်ပိုင်းမှာ ဘာမှပြောင်းလဲနိုင်စေမှာ မဟုတ်ပါဘူး။ memory 4GB နဲ့ 128GB flash storage ပမာဏတို့က ယေဘုယျသုံးမယ့် notebook တစ်လုံးအတွက် လုံလောက်နိုင်ပါတယ်။ ဒါပေမဲ့ဒါဟာ သင့်ရဲ့တစ်ခုတည်းသော Mac ဖြစ်မယ် ဒါမှမဟုတ် ဒီထဲမှာဓာတ်ပုံတွေနဲ့ video တွေလိုမျိုး data တွေသိမ်းဆည်းထားချင်တယ်ဆိုရင်တော့ နည်းနည်းပိုကြီးတဲ့ SSD အမျိုးအစားကိုရွေးချယ်ဖို့ အလေးပေးစဉ်းစားသင့်ပါတယ်။ သင့်အနေနဲ့ စာတွေတည်းဖြတ်တာနဲ့ အင်တာနက်ကြည့်တာမျိုးထက် ပိုတဲ့အနေအထားမျိုးရယူချင်တယ် ဒါမှမဟုတ် သွားရင်းလာရင်းနဲ့တစ်ပြိုင်တည်း app တွေအများကြီးသိမ်းထားချင်တာတို့အတွက်ဆိုရင်တော့ ပေါင် ၈၀ ပိုပေးပြီး 8GB RAM ကိုပိုမိုရွေးချယ်သင့်ပါတယ်။



## ↑ Dimensions

ရှေ့ဘက်အစွန်းဖျားလေးမှာဆိုရင် MacBook Air ဟာ 3mm သာ ထူပါတယ်။ အကျယ်ဆုံးအနေအထားမှာတော့ 1.1cm ရှိစေမှာဖြစ်ပါတယ်။ 13-inch model ရဲ့အတိုင်းအတာက 32.5 x 22.7 cm ဖြစ်ပြီး 1.35kg အလေးချိန်ရှိပါတယ်။ 11-inch အမျိုးအစားကတော့ 30 x 19.2 cm နဲ့ 1.08kg အလေးချိန်ရှိမှာဖြစ်ပါတယ်။

## ↗ Input/output

FaceTime HD camera ကိုအပေါ်ဘက်က bezel ဘောင်အလယ်တည့်တည့်မှာထားပြီး dual microphone နဲ့ ဖြည့်စွက်တွဲဖက်ပေးထားပြီး ဘယ်ဘက်ဘေးမှာ အပေါက်ရာလေးအဖြစ် မြင်ရမှာဖြစ်ပါတယ်။ OS X က သင့်ရဲ့အသံကိုသာရယူစေမှာဖြစ်ပြီး နောက်ခံဆူညံသံတွေကို ဖြတ်တောက်ပေးမှာဖြစ်ပါတယ်။ stereo speakers ကိုလည်း built-in အဖြစ် တစ်ပါတည်းထည့်ပေးထားပါတယ်။ 11-inch model မှာ ဖန်သားနဲ့လုပ်ထားတဲ့ multi-touch trackpad အပြင် အရွယ်အစားအပြည့်ရှိတဲ့ backlit keyboard လည်း ပါဝင်မှာဖြစ်ပါတယ်။ နောက်ထပ်အပို monitor တစ်လုံးကို 2560 x 1660 နှုန်းနဲ့ တစ်ပြိုင်တည်းဆိုသလို Air ရဲ့ကိုယ်ပိုင် screen အဖြစ် run ပေးနိုင်ပါတယ်။

## ↑ Connections

1cm အထူဝန်းကျင်ရှိတဲ့ စက်တစ်လုံးအတွင်းမှာ socket များများအတွက် နေရာပြည့်ပြည့်ဝဝ မရှိနိုင်ပါဘူး။ ဒါပေမဲ့ Thunderbolt တစ်ခုနဲ့ USB 3 ၂ ခုကိုတော့ ထည့်ပေးထားပါတယ်။ နောက်တစ်ခါ 802.11ac wi-fi နဲ့ Bluetooth 4.0 ကိုလည်း တစ်ပါတည်းထည့်သွင်းတပ်ဆင်ပေးထားပါသေးတယ်။ တစ်ခုရှိတာက ကြိုးနဲ့ကွန်ရက်ချိတ်ဆက်တာမျိုးလိုချင်တယ်ဆိုရင်တော့ ဂရုတစိုက်ရွေးချယ်ရဖို့ရှိပါတယ်။ Apple ရဲ့ ၂၅ ပေါင်တန်တဲ့ Thunderbolt to Gigabit Ethernet adaptor က တစ်ခုတည်းရှိတဲ့ Thunderbolt port နေရာကို ယူထားမှာဖြစ်ပြီး သူ့ကိုသုံးနေစဉ်အတွင်းမှာ တခြားသောအပို monitor တစ်လုံး ဒါမှမဟုတ် Thunderbolt သုံး အရန်ပစ္စည်းတွေနဲ့ ချိတ်ဆက်နိုင်စေမှာမဟုတ်ပါဘူး။ USB version ကိုသုံးတာ ပိုပြီးအဆင်ပြေနိုင်ဖို့ရှိပေမယ့် USB 2 ဖြစ်နေတဲ့အတွက် 100Mbit/sec မြန်နှုန်းသာအမြင့်ဆုံးရမှာဖြစ်ပါတယ်။ Startech လိုမျိုး third-party ကထုတ်တဲ့ USB 3 to Gigabit Ethernet adaptor ဟာ ပိုလည်းမြန်ပြီး ဈေးလည်းနည်းနည်းသက်သာစေပါလိမ့်မယ်။



## Pros and cons

11-inch Air ဟာ အိတ်ထဲကိုအလွယ်တကူထည့်သွားနိုင်စေပြီး သင့်အနေနဲ့ Mac တစ်လုံးကိုအသုံးပြုနေရတဲ့ပုံစံကို ပြောင်းလဲသွားစေနိုင်ပါတယ်။ ဘယ်နေရာသွားသွားယူသွားနိုင်ပြီး အမြဲတမ်းဖွင့်ထားရင်လည်း battery က တော်တော်နဲ့ကုန်စေမှာမဟုတ်ပါဘူး။ ဒါပေမဲ့ မဖြစ်မနေစဉ်းစားရမှာ 16:9 screen အနေအထားကို ကန့်သတ်ထားသလိုဖြစ်နေတဲ့အချက်ပါပဲ။

1366 x 768 ရုပ်ထွက်အရည်အသွေးဟာ သီးသန့်အလုပ်တစ်ခုတည်းအတွက်ဆိုရင် လုံလောက်တဲ့ pixel ကိုရရှိစေမှာဖြစ်ပါတယ်။ OS X ဟာ multiple windows မှာ app တွေကိုစီစဉ်ခြင်းထက် full-screen mode မှာရှိတဲ့ app တွေအကြားမှာ ပုံမှန်အနေအထားလေးဖြစ်သွားအောင် ထောက်ပံ့လုပ်ဆောင်ပေးထားပါသေးတယ်။ ဒါပေမဲ့ document ၂ ခုကို ဘေးချင်းယှဉ်ပြီးနှိုင်းယှဉ်တာမျိုးတွေလုပ်ရာမှာတော့ ခက်ခဲမှုရှိနိုင်ပါတယ်။ 1440 x 900 ရုပ်ထွက်အရည်အသွေးရှိတဲ့ 13-inch အမျိုးအစားဟာ 1280x800 ရုပ်ထွက်ပဲရှိတဲ့ MacBook Pro ထက် ရုပ်ထွက်ပိုပြီးကြည်လင်ပြတ်သားစေသလို စာသားတွေတည်းဖြတ်တာနဲ့ ဖန်တီးမှုဆိုင်ရာ app တွေအတွက် သက်သက်သာသာရှိစေမှာဖြစ်ပါတယ်။

# Apple TV




ဒီသေးငယ်တဲ့ box လေးကို ဖြည့်စွက်လိုက်မယ်ဆိုရင် သင့်ရဲ့ Apple ထုတ်ကုန်တွေကို မနေ့ကထက် ပိုပြီးလွယ်လွယ်ကူကူအသုံးပြုနိုင်စေမှာဖြစ်ပါတယ်။

Apple TV ဟာ သင့်ရဲ့ Mac တွေနဲ့ iOS device တွေကို TV set နဲ့ချိတ်ဆက်ရာမှာ အဓိကကျတဲ့အရာပဲဖြစ်ပါတယ်။ သင့်ရဲ့ HDTV ဒါမှမဟုတ် ဒစ်ဂျစ်တယ် projector တို့ကို HDMI cable နဲ့ ချိတ်ဆက်ပေးမှာဖြစ်ပြီး (HDMI ကြိုးတစ်ကြိုးတော့ဝယ်ထားဖို့လိုပါလိမ့်မယ်) သင့်ရဲ့ကွန်ရက်ကိုတော့ wi-fi ဒါမှမဟုတ် Ethernet တို့ကနေတစ်ဆင့် ချိတ်ဆက်ပေးပါလိမ့်မယ်။ အဲ့ဒီအနေအထားကနေပြီး ဒီ Apple TV လေးဟာ ကွန်ရက်ပေါ်မှာရှိနေတဲ့ သင့်ရဲ့တခြားသော device တွေမှာသိမ်းထားတဲ့ content တွေကို ဝင်ရောက်နိုင်စေမှာဖြစ်ပါတယ်။

သူ့မှာကိုယ်ပိုင် internal storage မရှိတဲ့အတွက် Apple TV ဟာ သူကိုယ်တိုင်တော့ media library တစ်ခုမဟုတ်ပါဘူး။ TV show တွေကို record လုပ်ဖမ်းယူထားလို့မရသလို တခြားသော disc တစ်ခုခုကိုလည်း play လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ဒီလိုအသုံးပြုမှုထက် Apple TV ဟာ သင့်ရဲ့ တခြားသော Apple device တွေက ဒါမှမဟုတ် အင်တာနက်တို့က media တွေကိုဝင်ရောက်နိုင်စေမယ့် သင့် TV အတွက် ဝင်ပေါက်တစ်ခုပဲဖြစ်ပါတယ်။ သူ့မှာတစ်ပါတည်းပါဝင်တဲ့ option တွေဟာ Youtube နဲ့ Vimeo တို့ကိုဝင်ရောက်နိုင်စေပြီး iTunes Store က movie တွေနဲ့ TV show တွေ ငှားကြည့်တာ၊ သင့်မှာ အကောင့်ရှိထားတယ်ဆိုရင် Netflix ကနေပြီး movie တွေကိုပါ ကြည့်ရှုတာတို့ကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

ပိုပြီးအသုံးဝင်စေတဲ့အချက်က iCloud ကနေ content တွေကို stream လုပ်လွှင့်ပေးနိုင်မယ့်လုပ်ဆောင်ချက်ဖြစ်ပြီး ဒီအတွက် သင့် broadband ချိတ်ဆက်မှု ဒါမှမဟုတ် သင့်ကိုယ်ပိုင်ကွန်ရက်ပေါ်မှာရှိတဲ့ Mac PC နဲ့ iOS device တွေကနေတစ်ဆင့် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သင့်ရဲ့ music နဲ့ photo တွေဟာ iTunes Match နဲ့ Photo Stream တို့ကနေတစ်ဆင့် Apple TV ပေါ်က iCloud မှာရရှိစေပါလိမ့်မယ်။ Photo Stream ကိုဖွင့်ထားသမျှကာလပတ်လုံး သင့်ရဲ့သိပ်မကြာသေးခင်က ဓာတ်ပုံ ၁,၀၀၀ ဟာ သင့်ရဲ့ Mac နဲ့ iOS device တွေပေါ်မှာအပြင် Apple TV ပေါ်မှာပါ အလိုအလျောက်ရှိနေမှာဖြစ်ပါတယ်။

သင့်အနေနဲ့ iTunes Match ကို အခပေးစနစ်နဲ့ သုံးထားတယ်ဆိုရင် သင့်အနေနဲ့ သင့်ရဲ့ collection ထဲမှာရှိတဲ့ သီချင်းပုဒ် track တွေကို cloud access အဖြစ် ဝင်ရောက်နိုင်စေပါတယ်။ နောက်ပြီး ဒီ collection ဟာ iTunes ကထက် တခြားသော source တွေကနေ import လုပ်ပေးထားတာလည်းဖြစ်ပါတယ်။ ဒါကို Apple TV ရဲ့ Music menu ကနေပြီးလည်း ရရှိနိုင်စေမှာဖြစ်ပါတယ်။

သင့်အနေနဲ့ သင့်ရဲ့ကွန်ရက်မှာရှိတဲ့ ဘယ်လို Mac နဲ့ PC တွေပေါ်မှာမဆို သိမ်းထားတဲ့ iTunes Library ကနေပြီး music နဲ့ video တွေကို play လုပ်ပေးနိုင်ပါသေးတယ်။ iTunes > Preferences > Sharing ကို ဖွင့်ပြီး Apple TV ရဲ့ Computers menu ထဲမှာ သူတို့ကိုကြည့်နိုင်ပါတယ်။ နောက်တစ်ခါ apple.com/uk/appletv/spec မှာ ဘာတွေထောက်ပံ့ပေးထားသလဲဆိုတာကိုပါ သွားရောက်ကြည့်ရှုနိုင်ဦးမှာဖြစ်ပါတယ်။

iOS ကနေပြီး video နဲ့ audio တွေကို stream လုပ်လွှင့်ပေးရတာ ပိုလို့တောင်လွယ်ကူစေပါတယ်။ iOS 7 ထဲမှာ Control Center ကိုပြဖို့ နှိပ်ပေးလိုက်တာ ဒါမှမဟုတ် video, song တစ်ခုခုတို့ကို play လုပ်ဖွင့်ထားစဉ်မှာပဲ playback controls ကိုခေါ်ဖို့အတွက် သူ့ရဲ့မျက်နှာပြင် screen ကို တို့ထိပေးလိုက်ရပါမယ်။ သင့်အနေနဲ့ Apple TV လိုမျိုး AirPlay accessory တစ်ခုခုအဖြစ် တူညီတဲ့ wi-fi ကွန်ရက်ထဲမှာရှိနေသမျှ AirPlay အတွက် အပို icon တစ်ခုကိုတွေ့ရမှာဖြစ်ပါတယ်။ အဲ့ဒါလေးကို တို့ထိလိုက်ပြီး သင့် TV screen ပေါ်ကို signal ပေးပို့ဖို့အတွက် Apple TV ကိုရွေးပေးလိုက်ရုံပါပဲ။

သင့် iOS 7 screen ကို TV ပေါ်မှာ ဘယ်အချိန်မဆိုပြပေးနိုင်ဖို့အတွက် AirPlay ကိုသုံးဖို့ ဖြစ်နိုင်ပါသေးတယ်။ သင့်အနေနဲ့ ဒီလိုအခြေအနေမျိုးကို OS X 10.9 Mavericks run ထားတဲ့ Mac ပေါ်ကနေပြီးလည်းလုပ်ဆောင်နိုင်ပါတယ်။ သင့်အနေနဲ့ Apple TV display ကို System Preferences > Displays ကနေပြီး သင့်ရဲ့ Mac ကို အပို monitor တစ်လုံးနဲ့တိုက်ရိုက်ချိတ်ဆက်သလိုမျိုးထိန်းချုပ်နိုင်စေမှာဖြစ်ပါတယ်။

Vol . 3, Issue . 36

# Nvidia ရဲ့ နောက်ဆုံးထုတ် Tegra K1 ဟာ အဆင့်မြင့်မိုဘိုင်းထုတ်ကုန်တွေအတွက် ဖြစ်လာပြီလား ?









ဆောင်းပါးရှင် – Mr.Netizen (Ygn:)

ဒီနေ့ခေတ် မိုဘိုင်းထုတ်ကုန်တွေကို ကြည့်လိုက်ရင် display နဲ့ performance အပိုင်းကို ပိုမိုအလေးထားလာကြတာ တွေ့ရပါတယ်။ ရုပ်ထွက်ပိုင်းကို ပုံမှန် standard ဖြစ်တဲ့ full HD 1080 x 1920 resolution အပြင် သူ့ထက်ပိုကောင်းတဲ့ 2K 2560x1440 resolution အထိ အပြိုင်အဆိုင် တိုးမြှင့်အသုံးပြုလာကြပါတယ်။ performance အပိုင်းကို ကြည့်လိုက်ရင်လည်း အရင်လို dual-core အဆင့်လောက်တင် မဟုတ်ဘဲ quad-core အဆင့်မှာပဲ 2.0GHz အထက်ကို အဆင့်မြင့်စမတ်ဖုန်းတွေအတွက် ရွေးချယ်လာခဲ့ကြတာ တွေ့နေရပါတယ်။ ဒါဟာမိုဘိုင်းလောကရဲ့ မြင်သာထင်သာတဲ့ တိုးတက်မှုလက္ခဏာရပ်တွေဆိုရင်လည်း မမှားပါဘူး။ မျက်နှာပြင် display အပိုင်းတွက်က မိမိတို့စိတ်ကြိုက် အနေအထားမျိုးနဲ့ တိုးမြှင့်ကြရာမှာ သိပ်ပြီးစဉ်းစားစရာမလိုပါဘူး။ သက်ဆိုင်ရာ display ကုမ္ပဏီကနေ မှာယူအသုံးပြုလိုက်ရုံပါပဲ။ ဒါပေမဲ့ ကိုယ်သုံးမယ့် display ရဲ့ resolution အရည်အသွေးကို ဘယ်လောက်အထိ ထောက်ပံ့ပေးနိုင်မလဲဆိုတဲ့ အတွင်း hardware အစိတ်အပိုင်းဖြစ်တဲ့ CPU အသုံးပြုမှုက ပိုပြီးရှေ့တန်းရောက်စေမှာ ဖြစ်ပါတယ်။ CPU က သတ်မှတ်ထားတဲ့စံတွေနဲ့ မကိုက်ဘူးဆိုရင် display ပိုင်းကို မြှင့်လို့မရသလို ကင်မရာရဲ့ MP အရည်အသွေး၊ clock speed နဲ့ RAM တို့ရဲ့သုံးစွဲမှုနှုန်းတွေကို လိုက်မြှင့်ပေးနိုင်မှာမဟုတ်ပါဘူး။

မျက်နှာပြင်အရည်အသွေးမြှင့်မြှင့်မျိုးသုံးရင်လည်း အရင်ဆုံးကြုံတွေ့ရမယ့်ပြဿနာက battery သုံးစွဲမှုနှုန်းမြင့်မားတဲ့အချက်ပါပဲ။ ဒီအချက်ကိုဖြေရှင်းဖို့ဆိုပြီး battery ပမာဏတစ်ခုတည်းကို လိုက်မြှင့်ပေးပြန်ရင်လည်း အဆင်မပြေနိုင်ပါဘူး။ ဖုန်းရဲ့အရွယ်အစားက ဘယ်လောက်ရှိမလဲဆိုတဲ့အပေါ်မှာ battery ပမာဏမြှင့်မှုက လိုက်ပြီးအကျိုးသက်ရောက်မှု ရှိနေပြန်ပါတယ်။ အရိုးရှင်းဆုံးနဲ့ လိုရင်းကိုပဲပြောရမယ်ဆိုရင်တော့ CPU ရဲ့အရည်အသွေးနဲ့တည်ဆောက်ပုံ architecture တို့က အဓိကအခြေခံနေတယ်ဆိုတာပါပဲ။ CPU ရဲ့အခြေခံတည်ဆောက်မှုနည်းပညာမမြင့်ရင် အဆင့်မြင့်စမတ်ဖုန်းဟာလည်း တခြားသော hardware ပိုင်းတွေမှာ ဘယ်လိုပဲလျှောက်မြှင့်ထားပေမယ့် ထိရောက်တဲ့အကျိုးသက်ရောက်မှုကိုပေးနိုင်မှာ မဟုတ်ပါဘူး။ လက်ရှိမိုဘိုင်းထုတ်ကုန်တွေအတွက် CPU တွေ ထုတ်ပေးနေတဲ့ကုမ္ပဏီတော်တော်များများရှိပေမယ့် အဓိကနာမည်ကြီးတာက Qualcomm ရဲ့ Snapdragon ထုတ်ကုန်တွေဖြစ်ပါတယ်။ သူ့နောက်မှာတော့ Nvidia က ကပ်လိုက်နေပါတယ်။ Intel လည်း မိုဘိုင်းကဏ္ဍအတွက် CPU တွေထုတ်ပေးပေမယ့် ထင်သလောက် ခရီးမရောက်သေးပါဘူး။

နောက်တစ်ချက်သိထားရမှာက မိုဘိုင်းထုတ်ကုန်တွေအတွက် CPU ဟာ performance တစ်ခုအတွက်ပဲ မဟုတ်ပါဘူး။ လိုအပ်တဲ့ GPU ကိုပါတစ်ပါတည်း တွဲဖက်ထားပေးရတာဖြစ်ပါတယ်။ ဒါမှလည်း သက်ဆိုင်ရာ device ပေါ်မှာ ထွက်လာမယ့် ရုပ်ထွက်ထောက်ပံ့မှုမှာ ပိုမိုကောင်းမွန်စေမှာ ဖြစ်ပါတယ်။ ဒါက ပုံမှန် display ပေါ်မှာ မြင်ရတဲ့ရုပ်ထွက်အနေအထားမျိုးတစ်ခုတည်းမဟုတ်ဘဲ ဂိမ်းတွေကစားရာမှာ ထွက်ပေါ်လာတဲ့ ရုပ်ထွက်အရည်အသွေးမျိုးကို အဓိကအကျိုးသက်ရောက်စေတာ ဖြစ်ပါတယ်။ Graphics ထောက်ပံ့မှုမကောင်းရင် ဂိမ်းအမြင့်တွေကစားရာမှာ ရုပ်ထွက်အမြင်မကောင်းတာတွေ၊ နည်းနည်းထစ်တစ်တစ် ဖြစ်တာမျိုးတွေ ကြုံရတတ်ပါတယ်။ ဒါတွေအားလုံးကောင်းဖို့က CPU ထုတ်ကုန်အပေါ်မှာ အများကြီးတည်မှီနေတာဖြစ်ပါတယ်။

Nvidia ဟာ PC နဲ့ပတ်သက်တဲ့ GPU တွေကို အဓိကထုတ်လုပ်ပေးနေတဲ့ကုမ္ပဏီဖြစ်လို့ graphics ပိုင်းနဲ့ပတ်သက်ရင် တော်တော်လေး အားသာချက်ရှိပါတယ်။ မိုဘိုင်းထုတ်ကုန်တွေအတွက် သီးသန့်ထုတ်ပေးထားတဲ့ သူတို့ရဲ့ Tegra series CPU တွေကလည်း အတော်လေးနာမည်ကြီးပြီးသား ဖြစ်ပါတယ်။ Qualcomm ရဲ့ Snapdragon series CPU နဲ့ယှဉ်လိုက်ရင်တော့ ဒုတိယနေရာမှာပဲရောက်နေတာများပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် ထုတ်ပေးလိုက်တဲ့ Nvidia ရဲ့ Tegra K1 chipset ဟာ မိုဘိုင်းလောကအတွက် ကြီးမားတဲ့ထောက်ပံ့မှုတွေပေးနိုင်ဖို့ရှိနေပါပြီ၊ ပြီးခဲ့တဲ့ ဇန်နဝါရီလတုန်းက အမေရိကန်နိုင်ငံ၊ လာ့စ်ဗီးဂတ်စ်မြို့မှာ ကျင်းပတဲ့ CES 2014 ပွဲမှာ စတင်မိတ်ဆက်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ ဒီ Tegra K1 processor ဟာ Nvidia ရဲ့ Kepler နည်းပညာတွေပေါ်မှာ အခြေခံထားတဲ့ GPU အတိုင်းပဲ တူညီတဲ့စွမ်းဆောင်မှုနဲ့ ထိရောက်တဲ့ပါဝါသုံးစွဲမှုတို့ကို ရရှိစေပါလိမ့်မယ်။ Kepler နည်းပညာဟာ လက်ရှိကမ္ဘာ့ရဲ့ စွမ်းအားအမြင့်ဆုံး supercomputer နဲ့ PC gaming စနစ်တွေမှာ အဓိက အသုံးပြုထားတာဖြစ်လို့ အဲ့ဒီလိုစွမ်းဆောင်မှုအနေအထားမျိုးကို အခုလိုမိုဘိုင်းထုတ်ကုန်တွေမှာပါ ရရှိစေမှာဖြစ်တဲ့အတွက် Tegra K1 ရဲ့အရှိန်အဝါဟာ မိုဘိုင်းလောကမှာကြီးထွားလာဖို့ရှိနေပါတယ်။ မယုံကြည်နိုင်လောက်တဲ့ ရုပ်ထွက်အရည်အသွေးမျိုးတွေ၊ စွမ်းအားမြင့်လုပ်ဆောင်မှုမြန်နှုန်းနဲ့ တုနှိုင်းမရတဲ့ feature မျိုးတွေကို Tegra K1 processor သုံးထားတဲ့ မိုဘိုင်းထုတ်ကုန်တွေမှာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။

Tegra K1 processor ဟာ 192 CUDS cores အထိ လုပ်ဆောင်ပေးနိုင်တဲ့အမျိုးအစားဖြစ်ပြီး မိုဘိုင်းနဲ့သက်ဆိုင်တဲ့ ဂိမ်းကစားတာတွေ၊ ဓာတ်ပုံရိုက်ကူးတာတွေ၊ တခြားသော မီဒီယာအသုံးပြုမှုနဲ့ ဝက်ဘ်ဆိုက်ကြည့်ရှုတာတွေမှာ ကြီးမားတဲ့ထောက်ပံ့မှုကိုရရှိစေမှာဖြစ်ပါတယ်။ ဒါကြောင့် တစ်ခါမှမကြုံဖူးတဲ့ ရုပ်ထွက်အရည်အသွေးစွမ်းဆောင်မှုနဲ့ စွမ်းအင်ချွေတာစေမှု ကောင်းကျိုးတွေကို ရရှိစေမှာပဲဖြစ်ပါတယ်။ အရွယ်အစားက 28 nm ကို အခြေခံတည်ဆောက်ပေးထားတာဖြစ်ပြီး အဲ့ဒီတည်ဆောက်မှုမှာပါတဲ့ အမျိုးမျိုးပြောင်းလဲနိုင်တဲ့ SMP (Symmetric Multi-Processing) စနစ်ဟာ သူ့ရဲ့ four cores လုပ်ဆောင်မှုကို လိုအပ်တဲ့အခါမှာ တစ်ပြိုင်နက်တည်း ပေါင်းစပ်အလုပ်လုပ်ပေးနိုင်သလို သက်ဆိုင်ရာ workload အသုံးပြုမှုအပေါ်မူတည်ပြီးလည်း core တစ်ခုချင်းစီကို သီးသန့်အနေနဲ့ရော အလိုအလျောက်စနစ်မျိုးနဲ့ပါ အဖွင့်အပိတ် လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။

Nvidia Tegra K1 ဟာ quad-core အဖြစ် အလုပ်လုပ်ပေးနိုင်မယ့် အမျိုးအစားအပြင် dual-core အမျိုးအစားကိုပါ ထုတ်လုပ်ထားတယ်လို့ သိရပါတယ်။ quad-core ကတော့ 32-bit စနစ်ဖြစ်ပြီး အမြင့်ဆုံးအလုပ်လုပ်ပေးမယ့်နှုန်းက 2.3GHz ပဲ ဖြစ်ပါတယ်။ dual-core ကတော့ 64-bit အမျိုးအစားဖြစ်သလို 3.0GHz နှုန်းအထိ ရရှိစေမှာဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုသိထားသင့်တာက မိုဘိုင်းထုတ်ကုန်တစ်ခုကိုကြည့်ပြီး dual-core ဘယ်လောက်၊ quad-core ဘယ်လောက်ဆိုကာ အလုပ်လုပ်နှုန်းအနှေးအမြန်ကို ဆုံးဖြတ်တတ်ကြပါတယ်။ ယေဘုယျအနေနဲ့ကြည့်ရင် အဲ့ဒီလို clock speed ကြည့်ပြီး ဆုံးဖြတ်တာဟာ မှန်ကန်မှုရှိပေမယ့် လက်တွေ့အနေအထားစံတွေနဲ့ ချိန်ထိုးလိုက်ရင်တော့ မမှန်နိုင်ပါဘူး။ သက်ဆိုင်ရာမိုဘိုင်းထုတ်ကုန်ရဲ့ display ထောက်ပံ့မှုက ဘယ်လောက်၊ ကွန်ရက်က ဘယ်လိုကွန်ရက်မှာသုံးတာလဲ။ 2G, 3G, 4G လားဆိုတာ သိရပါမယ်။ တခြားသော hardware တွေကလည်း သူတို့အပေါ်မှာ ဘယ်လိုအကျိုးပြုနေကြသလဲ။ ကိုယ့်စက်ထဲမှာရော app တွေ၊ ဂိမ်းတွေ ဘယ်လောက်အထိ run ထားသလဲစတဲ့ အခြေအနေတွေပေါ်မှာ ချိန်ကိုက်တိုင်းတာကြည့်တာမျိုးတွေပါ လိုအပ်ပါတယ်။ ပုံမှန်အနေအထားမှာ quad-core ဟာ dual-core ထက် သိပ်မမြန်နိုင်ပါဘူး။ သုံးစွဲမှုအပေါ်လိုက်ပြီး dual-core 1.7GHz အမျိုးအစားက quad-core 1.2GHz အမျိုးအစားထက် ပိုပြီးမြန်နေနိုင်ပါသေးတယ်။ ဒါကြောင့် စံသတ်မှတ်ချက်တစ်ခုခုထားပြီးမှ လုပ်ဆောင်မှု ဘယ်လောက်မြန်လဲ၊ မမြန်ဘူးလဲဆိုတာကို တိုင်းတာသိရှိနိုင်မှာဖြစ်ပါတယ်။ ပိုပြီးရှင်းသွားအောင်ပြောရရင် quad-core 1.2GHz CPU အမျိုးအစား၊ display အမျိုးအစားနဲ့ RAM တို့တူညီနေရင်တောင်မှ brand ကွဲရင် သက်ဆိုင်ရာ hardware အသေးစိတ်သုံးစွဲမှုအပိုင်း ကွဲပြားနိုင်တဲ့အတွက် လုပ်ဆောင်မှုမြန်နှုန်းချင်းလည်း မတူနိုင်ပါဘူး။

Nvidia Tgera K1 processor အမျိုးအစား ၂ ခုကို AnTuTu benchmark စစ်ဆေးမှုပြုလုပ်ရာမှာ လက်ရှိဈေးကွက်ရဲ့ အဆင့်မြင့် processor အမျိုးအစားတွေဖြစ်တဲ့ Snapdragon 805, 801, 800, Nvidia Tegra 4, Samsung Exynos 5420, MTK MT6592 (2.0GHz) အစရှိတာတွေထက် အသာရနေတာကို တွေ့ခဲ့ရပါတယ်။ ဒီလိုစမ်းသပ်မှုပြုလုပ်ရာမှာ ဘယ်လိုအမျိုးအစား မိုဘိုင်းထုတ်ကုန်ကို အသုံးပြုခဲ့သလဲဆိုတဲ့ အသေးစိတ်ကိုတော့ မသိရှိခဲ့ပေမယ့် အဲ့ဒီမိုဘိုင်းထုတ်ကုန်ဟာ 1080p screen ရှိပြီး 2GB RAM နဲ့ Android 4.4.2 KitKat OS ကို run ပေးထားတယ်လို့တော့ AnTuTu ရဲ့ရလဒ်အဖြေက ပြပေးထားပါတယ်။ ဒါကအထက်ကပြောခဲ့သလိုပဲ သက်ဆိုင်ရာ hardware နဲ့ software အပိုင်းတွေကို စံသတ်မှတ်ချက်ထားပြီး စစ်ဆေးတာဖြစ်တဲ့အတွက် အမြဲတမ်း တရားသေမှန်နေမယ်လို့တော့ မယူဆနိုင်ပါဘူး။ စမ်းသပ်ချက်ရလဒ်အရ ဘယ်လိုအမျိုးအစား processor ထုတ်ကုန်တွေက ထိပ်တန်းအဆင့်ရှိတယ် ဘယ်ဟာတွေက အလယ်အလတ်အဆင့်ရှိတယ်ဆိုတာကို ချိန်ထိုးကြည့်နိုင်မှာ ဖြစ်ပါတယ်။

Tegra K1 ရဲ့ quad-core 32-bit အမျိုးအစားကို သုံးထားတဲ့မိုဘိုင်းထုတ်ကုန်ဟာ လက်ရှိမှာဈေးကွက်ထဲကို ရောက်ရှိလို့နေပြီဖြစ်ပါတယ်။ dual-core 64-bit အမျိုးအစားသုံးထားတဲ့ ထုတ်ကုန်ကတော့ ဒုတိယနှစ်ဝက်ပိုင်းလောက်ကျမှ ဈေးကွက်ထဲဝင်လာဖို့များပါတယ်။ quad-core အဆင့်ရှိ Tegra K1 ကို အဦးဆုံးသုံးထားတာက တရုတ်နိုင်ငံအခြေစိုက်တဲ့ Xiaomi ကုမ္ပဏီပဲဖြစ်ပြီး ဒီရက်ပိုင်းလေးကမှ မိတ်ဆက်လိုက်တဲ့ MiPad tablet ထုတ်ကုန်မှာသုံးထားတာဖြစ်ပါတယ်။ ထူးခြားတာက အဲ့ဒီ tablet ဟာ Apple က ထုတ်ထားတဲ့ iPad Mini 2 ကိုတောင် ယှဉ်နိုင်တဲ့အရည်အသွေးမျိုး ရှိနေတဲ့အချက်ပါပဲ။ အရွယ်အစားက Mini 2 အတိုင်း 7.9-inch ရှိပြီး retina display ထောက်ပံ့ထားတဲ့ 2048 x 1536 resolution နဲ့ 326ppi ရှိပါတယ်။ CPU ရဲ့ clock speed က quad-core 2.2GHz ရှိပြီး 2GB LPDDR3 RAM အမျိုးအစားကို သုံးစွဲထားပါတယ်။ အဲ့ဒီ LPDDR3 RAM ဟာ ပါဝါသုံးစွဲမှုတော်တော့်ကို နည်းပါတယ်။ မူရင်း CPU ဖြစ်တဲ့ Tegra K1 ကိုယ်တိုင်က ပါဝါသုံးစွဲမှုမှာ 5W ပဲရှိစေလို့ အလွန်နည်းတဲ့နှုန်းပဲဖြစ်ပြီး 2K လိုရုပ်ထွက်အရည်အသွေးရှိတဲ့ ထုတ်ကုန်မျိုးတွေအတွက်ပါ အကောင်းဆုံးထောက်ပံ့ပေးနိုင်ဖို့ ရှိပါတယ်။ MiPad ဟာ internal storage အတွက် 16/64GB ၂ မျိုးထုတ်ထားပေမယ့် microSD card ကနေတစ်ဆင့် 128GB အထိ တိုးမြှင့်နိုင်စေပါတယ်။ ကင်မရာကအတွက် 8MP rear camera နဲ့ 5MP front camera တို့ကို တပ်ဆင်ပေးထားပြီး 6700mAh battery အမျိုးအစားကို အသုံးပြုပေးထားပါတယ်။ ကိုယ်ထည်က ပလတ်စတစ်နဲ့ပြုလုပ်ထားတဲ့အတွက် 360g အလေးချိန်ရှိကာ tablet ရဲ့အထူက 8.5mm ရှိစေပါတယ်။ ဈေးနှုန်းက 16GB အတွက် ၂၄၀ ဒေါ်လာဝန်းကျင်နဲ့ 64GB အတွက် ၂၇၀ ဒေါ်လာဝန်းကျင် ကျသင့်မှာဖြစ်ပေမယ့် တရုတ်ဈေးကွက်မှာပဲ လာမယ့် ဇွန်လရောက်မှ beta test program ကနေပြီး ဝယ်ယူရမှာဖြစ်ပါတယ်။ အရောင်အသွေးပိုင်းမှာ iPhone 5C လို ရောင်စုံမျိုးထုတ်ပေးထားပါတယ်။

Nvidia ကုမ္ပဏီရဲ့ Tegra K1 ဟာ မိုဘိုင်းထုတ်ကုန်တွေအတွက် သူတို့ရဲ့နောက်ဆုံးထုတ် processor အမျိုးအစားဖြစ်ပြီး အဆင့်မြင့်နည်းပညာနဲ့ စွမ်းဆောင်ရည်မြင့် CPU core နဲ့ GPU core တို့ ထောက်ပံ့ပေးထားတဲ့အတွက် Xbox 360, PS3 တို့လို console တွေရဲ့ အလုပ်လုပ်နှုန်းနဲ့ ရုပ်ထွက်အရည်အသွေးမျိုးကိုပါ ရရှိစေမယ်လို့ Nvidia က ကြွေးကြော်ထားပါတယ်။


BEST™
High Capacity Li-ion Battery
고용량 리튬 이온 배터리
Long Lasting
ISO 9001 | ISO 14001 | Certificated
Keep It All The Time
မြန်မာနိုင်ငံတွင် ပထမဦးဆုံး အာမခံ Mobile Phone Battery Shop
Car Charger
iPhone 5S
iPhone 4S
Micro USB
Micro USB
Model : BDW 302
mAh : 8400 mAh
Model : BDW 406
mAh : 13800 mAh
Model : BDW 501
mAh : 16800 mAh
Model : BDW PLO1
mAh : 6000 mAh
mAh : 12000 mAh
Multi 2A
Multi 1A
Battery I9500 / S4
Model : BDW 205
mAh : 6000 mAh
Korean နည်းပညာဖြင့် ထုတ်လုပ်သော Best Mobile Phone Battery
Best မှ သင့်အတွက် အကောင်းဆုံးလက်ဆောင်မွန် ၆ လ အာမခံ
Mobile Phone Battery, Charger, Power Bank များကို ချိုသာသောဈေးနှုန်းဖြင့် လက်လီလက်ကား ရရှိနိုင်ပါသည်။ ယုံကြည်စွာ သုံးစွဲကြပါစို့ Best . . . .
ဝယ်ယူရရှိနိုင်သောဆိုင်များ –
1. SKY (Mobile Sale & Service) မန္တလေးမြို့။ Ph - 09-2017168, 02-66986
2. SKY (Mobile Sale & Service) ရန်ကုန်မြို့။ Ph - 01-8619219, 09-2033383, 09-448877777
3. ပွင့်ဝါစတိုး - စမ်းချောင်းမြို့နယ်။ Ph - 09-73148999, 09-5058773
4. ကိုညီ+မဆွေ Mobile Shop - လှိုင်သာယာမြို့နယ်။ Ph - 09-8639505, 09-5393505, 09-73193505
5. Jaws Electronic - အီလက်ထရွန်းနစ်အပိုပစ္စည်းရောင်းဝယ်ရေး
အမှတ်(၁၄၁)၊ ဗိုလ်ရွဲလမ်း(မောင်ခိုင်လမ်း)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Ph - 01250058, 01242208, 01 246093
SAFETY Li-ion Battery
6. Know Zone (ကိုဝဏ္ဏ) - မော်လမြိုင်မြို့။
Ph - 09-449249091, 09-49801243
7. My Mobile (စမ်းချောင်း)၊ အမှတ်-47၊ ဟသ်ာတလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph - 09-254207070, 09-254208080,09-254209090
8. B Best (Mobile Accessories Show Room)
ဝါးတန်းလမ်း(ကမ်းနားလမ်းအနီး)၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-250500500, 09-250500400
• Controller IC • Control Switches • Temperature Fuse • Web : www.facebook.com/best.galaxysky


msi
MSI recommends Windows 8.
Top Player - Top Choice
intel inside CORE i7
GAMING G SERIES
UNLEASH THE GAMING POWER
GE40 Dragon Eyes
MSI GE40 Dragon Eyes Powered by Intel® Core™ i7 Processor..
< 1 inch
< 2KG
The most slim and lightweight 14" gaming notebook
Super RAID with 2 SSD RAID0 gives you over 800MB/s storage speed!
GTX 760M discrete graphics card (with GDDR5 2GB VRAM)
Audio Boost
Audio boost design for crystal clear audio fidelity
Matrix display to expend the vision for extreme gaming experience
Authorized Distributor :
Royal Smart Trading Co., Ltd.
No.158, 36th St (Middle), Kyauktada Tsp., Yangon.
Tel : 01-240110, 09-730 20981
dragoonarmy.msi.com
search msiauthorizemyanmar
Intel, the Intel Logo, Intel Inside, Intel Care, and Care Inside are trademarks of Intel Corporation in the U.S. and/ or other countires.


SMART
Electronic Dictionary အီလက်ထရောနစ် အဘိဓာန်
BACK TO SCHOOL
PROMOTION
15 May To 30 June
PREMI 1
40% Off
V-Touch
40% Off
Pro-2
40% Off
win85
40% Off
EM 100
40% Off
e 380
40% Off
01-201283
09-8592004
09-6805270
Translator Stick
Mouse Cursor English-Myanmar Instant Translate
20% Off
EZ WRITE
Myanmar Hand Writing Pad
70,000-ks → 50,000-ks
Smart Pen
15% Off
e520
50% Off
e511
50% Off
Pro-1
50% Off
we take care of your studies
Product of :
ERA Technology Co. Ltd.
www.smartmyanmar.com
အမြို့မြို့အနယ်နယ်ရှိ Electronic ဆိုင်များ၊ Computer ဆိုင်များနှင့် Super Market များတွင် ရရှိနိုင်ပါသည်။
AKK Shopping Centre နှင့် Junction Square Shopping Centre ရှိ Show Room များတွင် ရရှိနိုင်ပါသည်။


လက်ကျန်ရက်မှာ ဖုန်းဝယ်မယ်!
Outlab Biz Group
2nd MOBILE & TABLET FAIR
မေလ (၃၀) ရက်နေ့မှ ဇွန်လ (၁) ရက်နေ့
9 am to 5 pm
တပ်မတော်ခန်းမ
LG
SAMSUNG
HUAWEI
C B BANK
SINGTECH
CONNECTING YOUR WORLD
Brand အစုံကြည့်ရှုဝယ်ယူနိုင်မယ်...
အလဲအထပ်လုပ်ချင်တာလား...
အရစ်ကျဝယ်မှာလား...
စာအုပ်ဘူဖေး အစီအစဉ်လည်းပါမယ်...
1-2-3 it
Computer, Mobile & Electronic Centre
ADATA
Love·Life·Dreams
A-K Mobile
Ko Myo San
acer
ALPHA
Technology & Communication
anitech
Ansus
ARCHOS
Entertainment your way
BL
BEST LEVEL
cherry mobile
Digital College
e21
ELECOM
HiWAY
Digital KingCom
Myanmar Book Centre
Ring Tone
Phone Corner
The corner for your satisfaction
REDLINK
COMMUNICATIONS
SMART
Electronic Dictionary
SONY
SYH
DIGITAL PRODUCT
Transcend
WAINFORD
Broatcastaing Media Partner : MRTV-4
Technology Partner : REDLINK COMMUNICATIONS
Bank Partner : C B BANK
Printed Media Partners :
MobileGuide
NetGuide
INTERNET Journal
Digital life

MacGreen®
Make Life Simple...

(၃)နှစ်အာမခံ
(၁)နှစ်ဘက်ထရီ ၊(၂)နှစ်ပစ္စည်း၊ (၃)နှစ်လက်ခ

Singapore နိုင်ငံ၏ အကောင်းဆုံး နံပါတ်(၁) Brand !



UPS
* 650VA (390W)
* 1200VA (720W)

* Over Charging ဖြစ်ခြင်းမှ ကာကွယ်ပေးခြင်း။
* မီးအား ဆောင့်တက်ခြင်းကြောင့် ဖြစ်ပေါ်လာသော Surge များကို ကာကွယ်ပေးခြင်း။
* AC Mode,Back up mode နှင့် Fault များအတွက်လွယ်ကူစွာသိရှိနိုင်ရန် အချက်ပြမီးများပါဝင်ခြင်း။
* 650VA UPS ၏နောက်တွင် Universal Port (၂)ခု ပါရှိပြီး၊ 1200VA UPS ၏နောက်တွင် Universal Port (၄)ခု ပါရှိပါသည်။

Introducing First Time
EPS
(UPS with Inverter)
* 1000VA (600W)
* 2000VA (1200W)
20Amps
Improved Battery, Charging Current.



* UPS အနေနှင့်ရော Inverter အနေနှင့်ပါအသုံးပြုနိုင်ခြင်း။
* မီးပျက်သွားသည့်အချိန်တွင် အလိုအလျောက် ပြန်လည်လုပ်ဆောင်ခြင်း။
* Battery သက်တမ်းကြာရှည်ခံစေရန်မြင့်မားသည့်နည်းပညာ အသုံးပြုထားခြင်း။
* Power မဖြင့်ဘဲ အားသွင်းနိုင်ခြင်း။

အောက်ပါဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
Yangon - ABC (ဆီဝံတန်းသာလမ်း), Asia Tech(ဆီဝံတန်းသာလမ်း), Chan Mon(ဆီဝံတန်းသာလမ်း), Chan Myay(ဆီဝံတန်းသာလမ်း), Citicom(ဆီဝံတန်းသာလမ်း), Club IT (မြေနီကုန်း), CTM (စံပြ), Digitech (ဆီဝံတန်းသာလမ်း), Essential (ဆီဝံတန်းသာလမ်း), EVO (လှိုင်ဝန်းလမ်း), Hot Fix (ငွေတောလမ်း), ICE (လှည်းတန်းလမ်း), Ko Kyaw Win (အင်းစိန်), Lin Thuzar (ဆီဝံတန်းသာလမ်း), R.I.T (ဆီဝံတန်းသာလမ်း), Star Electronic (တာမွေ), Tab Book Center (Taw Win Center), Technoland (၃၆လမ်း), Tycoonland (ဆင်ရေတွင်းလမ်း), Winter Root (ဆီဝံတန်းသာလမ်း), ဖိုးပြုံးချို (ကမ္ဘာအေးဘုရားလမ်း)၊ ဈေးသည်ကြီး Online Store (ရန်ကင်း)
Mandalay - Aung (၂၈ လမ်း), My Com (၃၂ လမ်း)
Other Division - ကြည် Electronic (မြစ်ကြီးနား), NG-Link (ရွှေဘို), NSM (ပြည်), T-Com (ကောင်း), TGI (တောင်ကြီး), ဝင်းစံအိမ် (မြန်အောင်)

ဘာအကြောင်းကြောင့်ပျက်ပျက် အသစ်တစ်ခုနှင့် ပြန်လည်လဲလှယ်ပေးမည့် အာမခံ !

Distributed By:
MICRO COMPUTER CO., LTD.
Head Office : No.143, 46th Street (Upper Block), Botahtaung Tsp., Yangon. Ph : 01 294503, 202453, 398866, 398867
Mandalay Branch : No.19, 22nd Street Between 87 & 88 Street, Mandalay. Ph : 09 250383232
E-Mail : sales@micromyanmar.com Website : www.micromyanmar.com
MICRO Since 1998
Find us on: facebook
http://www.facebook.com/micromyanmar



NK DO DO KO KO
Computer & Electronics Sales Centre

Brand New
SAMSUNG 14"
DOS
4
AMD E1



ကမ္ဘာ့ No.1 Apple နှင့်အပြိုင်ရင်ဆောင်တန်းနေသော မိမိတို့အိမ်သုံး TV နှင့် လက်ကိုင်ဖုန်းများ Brand တူပစ္စည်းများနှင့်တွဲဖက် အသုံးပြုနိုင်သည့် ဈေးနှုန်းအချိုဆုံး Samsung Laptop များ
500GB SATA HDD
1.48GHz , 2GB DDR3
329,000/-

17" LCD Monitor
45,000/-

Hp 6730-b
* Core 2 Duo 2.4GHz
* 2GB DDRII
* HDD 160GB
* 256MB VGA
* DVD Rom
* LAN, Wifi
* 15.4" TFT (Wide)
199,000/-

- နေရာယူမှုသက်သာပြီး မီးစားအလွန်သက်သာတဲ့
- All in One (Pc Attach Desktop)
ဈေးနှုန်းချိုသာဆုံးစက်
Panasonic
- Celeron D2.6GHz
- 512 MB
- 40 GB
- 64 VGA
- DVD Combo
- 15" TFT
75,000/-

Dell Desktop + 17" LCD အစုံ
- Core 2 Duo 2.5GHz
- 2 GB
- 160 GB
- 256MB VGA
- DVD R/W
- PCI-E Slot
With 17"LCD
189,000/-

ဈေးနှုန်းအချိုသာဆုံး NEC , IBM,Hp,Fujitsu Desktop
- Celeron 2.66 GHz
- 512 MB
- HDD 40 GB
- CD Rom
29,000/-

ဈေးနှုန်းအချိုသာဆုံး Hp, Dell Desktop
- Pentium 2.8 GHz
- 512 MB
- HDD 80 GB
- CD Rom
45,000/-

TOSHIBA SS1700 MY
Special Discount
* Core 2 Solo 1.06GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* LAN, Wifi
* 12.1" TFT
89,000/-

DELL D-520
* Core Duo 1.66GHz
* 1GB DDRII
* HDD 40GB
* 256MB VGA
* DVD Combo
* LAN, Wifi
* 15"TFT
129,000/-

Panasonic CF-W7
* Core 2 Duo 1.2GHz U7600
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD Rom
* LAN , Wifi
* 12.1" TFT
149,000/-

NEC VY-20A/ED-4
* Core 2 Duo 2.0GHz(T7250)
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD R/W
* LAN
* 15" TFT(Wide)
159,000/-

Hp 6710-b
* Core 2 Duo 2.2GHz
* 1GB DDRII
* HDD 120GB
* 256MB VGA
* DVD Combo
* LAN, Wifi
* 15.4"TFT (Wide)
179,000/-

Hp Compaq- 6730s
* Core 2 Duo 2.26GHz(P8400)
* 2GB DDRII
* HDD 160GB
* 796MB VGA
* DVD R/W
* LAN, Wifi
* 15.4" TFT(Wide)
199,000/-

TOSHIBA SS M-52
* Core 2 Duo 2.53GHz
* 1GB DDRII
* HDD 160GB
* 256MB VGA
* DVD R/W
* LAN, Wifi
* 13.3"Crystal (Wide)
199,000/-

Hp ProBook - 4520s
* Core i3 2.27GHz (M350)
* Mobile Intel HM57 Express
* 2GB DDRIII
* HDD 250GB
* DVD R/W
* Windows 7 Pro (Licence)
* LAN, Wifi, HDMI
* 15.6" LED(Wide)
319,000/-

* ရန်ကုန်(ကျောက်တံတား) အမှတ်(၂၄၄)၊ ဆီဝံတန်းသာလမ်း(အပေါ်)၊ ဖုန်း- ၃၈၀၆၅၄၊ ၃၈၀၁၆၇၊ ၀၉-၅၁၃၈၉၃၂၊ ၀၉-၅၁၃၇၈၄၀
* ရန်ကုန်(တောင်ဥက္ကလာ) အမှတ်(၉၆၀)၊ သံသုမာလမ်း၊ (၁၃)ရပ်ကွက် (စိမ်းကိုင်း ကားမှတ်တိုင်အနီး)၊ ဖုန်း-၀၉-၇၃၁၆၁၂၀၇၊ ၀၉-၇၃၁၁၈၃၅၀
* ရန်ကုန်(မြောက်ဥက္ကလာ) အမှတ်(၉၂၂)၊ သုခမာလမ်း၊ (၅)ရပ်ကွက်(ဖ-ကွေ့ ကားမှတ်တိုင်အနီး)၊ ဖုန်း- ၉၆၉၀၁၇၅၊ ၀၉-၃၁၈၉၉၆၆
* မန္တလေး - အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း- ၀၂-၇၁၇၆၈၊ ၀၉-၆၈၁၁၁၅၇

Vol . 3, Issue . 36

Outlab Biz Group

# 2nd MOBILE & TABLET FAIR

May 30th - June 1st | 9 am to 5 pm | Tatmadaw Hall

REDLINK COMMUNICATIONS

## Redlink

RedLink Communications Co., Ltd. မှပြပွဲကာလ မေလ (၃၀)ရက်နေ့မှဇွန်လ (၁) ရက်နေ့ထိ Broadband Internet Service Prepaid Plan ဝယ်ယူသူများအား မူလဈေးနှုန်း ၄၅၀,၀၀၀/– ကျပ်မှ အထူးလျှော့ဈေးအနေဖြင့် ၃၆၀,၀၀၀/– ကျပ်ဖြင့်သာ ရောင်းချပေးသွားမည်ဖြစ်ပြီး ထို Promotion ဖြင့် ဝယ်ယူသူများအား Internet အသုံးပြုခွင့် တစ်သိန်းနှစ်သောင်းရှစ်ထောင်ကျပ်ဖြင့် ညီမျှသော 8GB ကိုထပ်မံ၍ လက်ဆောင်ပေးအပ်သွားမည်။ ထို့ပြင် Prepaid Service ဝယ်ယူထားသော Customers များအား 8GB Package အား 80,000/- Ks ဖြင့်လည်းကောင်း၊ 16GB Package အား 160,000/- Ks တို့ဖြင့် ရောင်းချပေးသွားမည်။ ထို့ပြင် Prepaid Service ဝယ်ယူထားသော Customers များအား ကျေးဇူးတုန့်ပြန်သောအားဖြင့် 8GB Package အား 80,000/- Ks ဖြင့်လည်းကောင်း၊ 16 GB Package အား 160,000/- Ks တို့ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး Postpaid (Silver, Gold, Platinum) Plan ဝယ်ယူထားသူများအား လစဉ်ကြေး၆လစာ ကြိုတင်ပေးသွင်းခြင်းဖြင့် အပို (၁) လ ထပ်မံခံစားခွင့်ရရှိမည်။

1·2·3 it

Computer, Mobile & Electronic Centre

## 123 it

ပြပွဲ (၃) ရက်အတွင်း မိုးရာသီအထူးအစီအစဉ်အနေဖြင့် Phone နှင့် Tablet ဝယ်ယူသူတိုင်း ကံစမ်းမဲလက်မှတ်ရရှိမည်။ Tablet ဝယ်ယူသူ များအတွက် Tablet Cover, Earphone, Keychain Card Reader, Life Time Service နှင့် ဖုန်းဝယ်ယူသော Customer များအတွက် Phone Cover, Earphone, Umbrella, Free Rooting & Software Installation, Life Time Service ပေးအပ်သွားမည်။

## LG

ပြပွဲကာလအတွင်း LG မှ အသစ်ထွက်ရှိလာသော G2 Mini, L90, L 70, L40 အစရှိသောမော်ဒယ်များကို အထူးဈေးနှုန်းမိုးရာသီလက်ဆောင်များပေး၍ ပြသရောင်းချပေးသွားမည်။ ကိုရီးယားဂျတ်ကတ်၊ ကျောပိုးအိတ်၊ ထီးများကို နေ့စဉ်ကံစမ်းမဲနှိုက်ပေးသွားမည်။

SMART

Electronic Dictionary

## Smart Dictionary

Smart Dictionary မှကျောင်းဖွင့်ရာသီအတွက် Promotion အစီအစဉ်အများအပြားကို ပြုလုပ်ပေးသွားမည်ဖြစ်ပြီး မြန်မာဘာသာမှ အခြားဘာသာများသို့ ဘာသာပြန်ဆိုနိုင်သော Electronic Dictionary များကိုလည်း ခင်းကျင်းပြသပေးသွားမည်။ ပြပွဲကာလအတွင်း Smart Dictionary Model များကို (၄၀) ရာခိုင်နှုန်းမှ (၅၀) ရာခိုင်နှုန်းအထိလည်းကောင်း Smart Pen ကို (၁၅) ရာခိုင်နှုန်း၊ Smart Stick ကို (၂၀) ရာခိုင်နှုန်း လျှော့ရောင်းချပေးသွားမည်ဖြစ်သည်။

HiWAY

## Hi Way

HiWay မှပြပွဲကာလအတွင်း Customer များအတွက် Promotion အစီအစဉ်များ၊ Game များ၊ လက်ဆောင်ပေးမည့်အစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။ Hiway မှ GSM / WCDMA Handset များအပြင် CDMA Tablet များကိုပါ အထူးလျှော့ဈေးများဖြင့် ရောင်းချသွားမည်။ Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် မည်သည့်မော်ဒယ်အမျိုးအစားကို ဝယ်ဝယ်၊ ဝယ်ယူသူတိုင်းအတွက် Hiway ဦးထုပ်၊ T-Shirt ၊ ငွေဖြည့်ကဒ်များကို လက်ဆောင်ပေးသွားမည်။ ထို့အပြင် Electronics ပိုင်းအနေနဲ့ 5 in 1 မှော်မီးသီး Magic LED ပစ္စည်းသစ်ကို မိတ်ဆက်ရောင်းချပေးသွားမည်။

Phone Corner

The corner for your satisfaction

## Phone Corner

အထူးအစီအစဉ်အနေဖြင့် Sony ဟန်းဆက်ဝယ်ယူသူတိုင်းကို Cover နှင့် Screen Guard များလက်ဆောင်ပေးမည့်အပြင် ဝယ်ယူသွားသည့် Customers များထဲမှ၃ဦးကို တစ်နေ့လျှင် Sony တံဆိပ် Accessory များဖြစ်သော Power Bank, Earphone, Headphone, Memory Card, Bluetooth Speaker, Bluetooth Headset, Charging Dock အစရှိသည့်ပစ္စည်းများကို မဲဖောက်ပေးသွားမည်ဖြစ်ပါသည်။ Sony Xperia Handset များကို Sony ၏ တရားဝင်၁နှစ်အာမခံ (Hardware + Software) ပေးသည့်အပြင်ဆိုင်မှလည်း တစ်သက်တာ Software Service ကိုပေးထားပါတယ်။ Sony, LG, Samsung, HTC Brand များကို 1 Year Official Warranty ဖြင့် ရောင်းချပေးသွားမည်။ ထို့အပြင် အခြားသော အမှတ်တံဆိပ်များဖြစ်သည့် Acer, Nokia, Huawei, Coolpad, စသည့် Brand များကိုလည်းရောင်းချပေးသွားမည်ဖြစ်ပါသည်။အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ပြပွဲကာလ ၃ ရက်အတွင်း နေ့လည် ၁၂ နာရီတွင် LG Handset များကို 10% - 20% off ဖြင့် တစ်ရက်လျှင် အရေအတွက် ၅ လုံးနှုန်းဖြင့် မဲနှိုက်ရောင်းချပေးသွားမည်။

SAMSUNG A.K Mobile Ko Myo San acer

## AK

ပြပွဲကာလအတွင်း ဖုန်းအလဲအထပ်ပြုလုပ်ပေးမည့်အပြင် မော်ဒယ်မြင့် Good Second iPhone, iPad, iPod, Samsung Tablet, Samsung Phone, HTC Phone, SONY Phone, Huawei Phone များကိုလည်း ရောင်း ချပေးသွားမည်ဖြစ်သည်။

Digital Cottage | PAPER PRINTING | PVC CARD PRINTING

## Digital Cottage

အဆင့်မြင့် PVC card printing အကြောင်းနှင့်လူကြီးမင်းတို့ ကုမ္ပဏီအရောင်းမြှင့်တင်ရေးများအတွက် လိုအပ်သော Promotional Product များကို ခင်းကျင်းပြသသွားမည်။ Promotional Product များကို စက်ရုံမှ တိုက်ရိုက်မှာယူပေးပြီး စိတ်ကြိုက်ဒီဇိုင်းပုံစံအမှတ်တံဆိပ်များကိုရိုက်နှိပ်နိုင်မည်ဖြစ်သည်။ ဝန်ထမ်းကဒ်ရိုးရိုး၊ ဝန်ထမ်း Smart card၊ Stage Show Ticket များကို One Stop Solution ဖြင့်ဆောင်ရွက်ပေးသွားမည်။

Myanmar Book Centre

## Myanmar Book Centre

Myanmar Book Centre အနေဖြင့် စာအုပ်များလှူဒါန်းရန် Not For Profit လူမှုရေးပရဟိတအသင်းအနေဖြင့် Myanmar Book Aid and Preservation Foundation ကိုဖွဲ့စည်းထားပြီး ကျေးရွာစာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ၊ ဘုန်းတော်ကြီးသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်များစွာသို့ စာအုပ်များလှူဒါန်းပေးလျက်ရှိပါသည်။ စာပေချစ်သူများအကြိုက်တွေ့စေမည့် Book Buffet (စာအုပ်ဘူဖေး) အစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ရောင်းရငွေအားလုံးကို ကျေးရွာစာကြည့်တိုက်များ၊ ဘုန်းတော်ကြီးစာသင်ကျောင်းများတွင် လိုအပ်နေသော မြန်မာစာအုပ်များ ဝယ်ယူလှူဒါန်းသွားမည်ဖြစ်သည်။

MM Ring Tone

## eTrade Myanmar

eTrade Myanmar မှ Daily & Timely Information Services, eTm Biz Mobile Application Services (iOS, Android OS), Web Designing & Web Base Solution, SMS Solution, Caller Back Ring Tone Service များကိုဝန်ဆောင်မှုပေးလျက်ရှိပြီး ပြပွဲကာလအတွင်း www.mmringtone.com ကို မိတ်ဆက်ပြသသွားမည်ဖြစ်သည်။ MMRingTone ကို အသုံးပြုခြင်းအားဖြင့် လူကြီးမင်းတို့၏ဖုန်းကို မိတ်ဆွေသူငယ်များမှ ဖုန်းခေါ်လျှင် ပုံမှန်ဖုန်းခေါ်ဆိုသံ အစားသီချင်းသံစဉ်လေးများဖြင့် နားဆင်ခံစားနိုင်ရန်အတွက် အလွယ်တကူအသုံးပြုနိုင်မည့် Mobile Application ကို အခမဲ့ထည့်သွင်းပေးသွားမည်။

SAMSUNG

## Samsung by Unlimited Channel (UC)

ပြပွဲကာလအတွင်း အာမခံပြည့်ဝသော Samsung Official Handset များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဝယ်ယူသော Customer များကိုလည်း အထူးလက်ဆောင်များပေးအပ်သွားမည်။ ထို့အပြင် Samsung Handset များ၏ အသုံးဝင်ပုံနှင့် စကားပြောရုံသက်သက်ဖုန်းတစ်လုံးထက် ပိုမိုသုံးစွဲနိုင်ရပုံကို Demo များဖြင့်ခင်းကျင်းပြသပေးသွားမည်။

ဒို မြန် မာ

## ဒို့မြန်မာ (www.doemyanmar.com)

မြန်မာနိုင်ငံကို ချစ်မြတ်နိုးသည့် မြန်မာအချင်းချင်း Community တစ်ခုတည်းတွင် တွေ့ဆုံ၍ ပြည်တွင်းနှင့် နိုင်ငံတကာ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများဆုံတွေ့ကာ ချစ်ကြည်ရင်းနှီးမှုနှင့် ပျော်ရွှင်ဖွယ်ကောင်းသော မြန်မာ့လူမှုရပ်ဝန်းတစ်ခုကို ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ www.doemyanmar.com ကိုတည်ထောင်ထားခြင်းဖြစ်သည်။ပြပွဲရက်များအတွင်း www.doemyanmar.com Social Network ၏ အသုံးပြုပုံနှင့် အကျိုးရှိပုံများကိုရှင်းလင်းပြသသွားမည်ဖြစ်သည်။

## Gothere Myanmar

GIGA GATES CO.,LTD မှအသစ်ထွက်ရှိမည့် ဆော့ဖ်ဝဲအသစ်များနှင့် လက်ရှိသုံးစွဲသူအတွက်အသုံးဝင်သော Mobile App အများအပြားကို မိတ်ဆက်ပေးမည်။

## KingCom

ပြပွဲကာလအတွင်း အရည်အသွေးမြင့် KingCom နှင့် PopCom အမှတ်တံဆိပ်ဖုန်းနှင့် Tablet များကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ဖုန်းဝယ်ယူပါက အရည်အသွေးမြင့် Cover လက်ဆောင်ပေးမည်။ Tablet ဝယ်ယူပါက (၁၀) ရာခိုင်နှုန်းမှ (၁၅) ရာခိုင်နှုန်းအထိ လျှော့ချရောင်းပေးသွားမည်။

## anitech

အရည်အသွေးမြင့် anitech Brand Mobile Accessories, Computer Accessories, Extension Card များကိုအထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်။

## Mobile Banking

ပြပွဲကာလအတွင်း Master Card, Visa Card နှင့် FIFA Visa များကို လျှောက်ထားပါက မူလ Joining Fees (၈၀၀၀) ကျပ်အစား (၆၀၀၀) ကျပ်ဖြင့် ဆောင်ရွက်ပေးပါမည်။ Banking Service ကို အသုံးပြုလိုသူများအတွက် Saving Account (သို့မဟုတ်) Current Account ရှိရန်လိုအပ်ပါသည်။ ပြပွဲကာလအတွင်း ၎င်း Account ဖွင့်ပါက Initial Deposit ကောက်ခံခြင်းမရှိဘဲ Free ဖွင့်ပေးသွားမည်။

## Best Level Mobile

Mobile Service Technician ဖြစ်လိုသူများအတွက် Mobile ပြုပြင်နည်းကျွမ်းကျင်သင်တန်းများနှင့်ပတ်သက်၍ လေ့လာစုံစမ်းနိုင်မည်။ Best Level မှ ပွဲကာလအတွင်း သင်တန်းလာရောက်အပ်နှံသူများကို 40% discount လျှော့၍ လက်ခံပေးသွားမည်။

## Sony by Alpha

ပြပွဲကာလအတွင်း အာမခံပြည့်ဝသော SONY official phone များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး FIFA World Cup အမှတ်တရလက်ဆောင်များလည်းရယူနိုင်မည်။

## Elecom

Elecom mobile accessoy များကို ၅ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည့်အပြင် သတ်မှတ်ထားသော Promotion Items Ear Phone တစ်ခုဝယ်လျှင် (၄၈၀၀)ကျပ်တန် Ear Jack တစ်ခုလက်ဆောင်ပေးသွားမည်ဖြစ်သည်။

## Sing Tech

Singapore နိုင်ငံထုတ် Singtech အမှတ်တံဆိပ် Handset များကို ပြသရောင်းချပေးမည်ဖြစ်ပြီး အသစ်ထွက်ရှိလာမည့် Z 500 မော်ဒယ် 5 လက်မမျက်နှာပြင်ကျယ် GSM 2 ကဒ်သုံး Android Smart Phone အားအထူးအစီအစဉ်ဖြင့် ရောင်းချပေးမှာဖြစ်ပါတယ်။ ထို့အပြင် အခြားသော ဟန်းဆက်အမျိုးမျိုးတို့ကိုလည်း အထူးလျှော့ဈေးဖြင့် သီးသန့် ရောင်းချပေးသွားမည်။ပြခန်းသို့လာရောက်ကြသော Customer များနှင့် User များအား ကံစမ်းမဲဖောက်ပေးမည့် အစီအစဉ်များလည်းပါရှိမည်။

## SYH

ပြပွဲကာလအတွင်း Buy One Get One အစီအစဉ်ဖြင့် မည်သည့် SYH Tablet ကို ဝယ်ယူပါက 4GB Micro TF Card တစ်ခုကို လက်ဆောင်ပေးသွားပါမည်။ Get 50% discount အစီအစဉ်ဖြင့် မည်သည့် Android Smart Phone နှင့် SYH Tablet ကို ဝယ်ယူပါက SYH MP4 တစ်လုံးကို (၅၀)ရာခိုင်နှုန်းလျှော့၍ ဝယ်ယူနိုင်မည့် အခွင့်အရေးရှိမည်။

## Wainford

Wainford Company မှ Wainford Tablet မော်ဒယ်မျိုးစုံကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပြပွဲကာလ (၃) ရက်အတွင်း ဝယ်ယူသူများကို အထူးချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည့်အပြင် Cover နှင့် Power Bank များကိုလည်း လက်ဆောင်ပေးသွားမည်။

## Huawei

Huawei မှ အသစ်ဝင်ရောက်လာသော မော်ဒယ်အသစ် Huawei P7 ကို အထူးဈေးနှုန်းဖြင့် ပြသရောင်းချပေးမည်။ ပြပွဲကာလအတွင်း ဖုန်းဝယ်ယူသောမည်သည့် Customer မဆို မိုးရာသီလက်ဆောင်များကို ပေးအပ်သွားမည်။

## Ansus

micro SD ကတ်အရည်အသွေးညံ့ဖျင်းမှုကြောင့် အမှတ်တရရိုက်ထားသောဓာတ်ပုံများ၊ မှတ်တမ်းတင်ဓာတ်ပုံများ ပျက်စီးသွားပါက ပြန်လည်ရိုက်ယူရန် အလွန်ခဲယဉ်းလှသည်။ ထို့ကြောင့် အရည်အသွေးကောင်းမွန်ပြီး တစ်သက်တာ အာမခံပေးထားသော Ansus Memory Card နှင့် micro SD Card များကို ပြပွဲ (၃) ရက်အတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

## Cherry Mobile

ဖိလစ်ပိုင်နိုင်ငံနှင့် အခြားအာရှနိုင်ငံများတွင် နာမည်ကြီးသော ဖုန်းဟန်းဆက်မော်ဒယ်များကို Cherry Mobile Booth တွင် မိတ်ဆက်ပြသပေးသွားမည်။ ထို့အပြင်ပျော်ရွှင်ဖွယ်ဂိမ်းအစီ အစဉ်များ၊ နှစ်သက်ဖွယ် Discount အစီအစဉ်များဖြင့် ရောင်းချပေးသွားမည်။

## 4TV

ပြပွဲကာလအတွင်း 4TV HD လိုင်းများနှင့် အခြားဖျော်ဖြေရေးလိုင်းများပါဝင်သော 4TV HD Receiver များကို ပြသရောင်းချပေးသွားမည်ဖြစ်သည်။ 4TV HD receiver တစ်လုံးကို ကျပ် (၄၅,၀၀၀) ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အခမဲ့ကြည့်ရှုခွင့် တစ်လပါဝင်မည်ဖြစ်သည်။ ထို့အပြင် 4TV ရေဘူးနှင့် T-Shirt များကိုလည်း လက်ဆောင်အဖြစ် ထည့်သွင်းပေးသွားမည်။

## e21

ဈေးနှုန်းချိုသာသော CCTV များကိုအသုံးပြု၍ နေအိမ်၊ ရုံးခန်း၊ ဆိုင်ခန်း၊ အဆောက်အဦများ၏ လုံခြုံရေးအား Mobile Phone, Tablet နှင့် Computer များပေါ်မှ ကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုပေးမည်ဖြစ်သည်။ ပြပွဲအတွင်း မည်သို့မည်ပုံချိတ်ဆက်အလုပ်လုပ်သည်ကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

## Transcend

Transcend မှ မည်သည့်ပစ္စည်းမဆို ဝယ်ယူပါက ဗလာမပါကံစမ်းမဲအစီအစဉ်ပြုလုပ်ပေးမည်ဖြစ်ပြီး ငွေကျပ် ၅၀၀၀၊ ၂၀၀၀၊ ၁၀၀၀၊ ၅၀၀များနှင့် Transcend Notedpad, Transcend Ball Pen များကိုမေတ္တာလက်ဆောင်ပေးအပ်သွားမည်ဖြစ်သည်။ Transcend HDD ဝယ်ယူသူများကိုပျော်ရွှင်ဖွယ်မြားပစ်ဂိမ်းအစီအစဉ်ဖြင့် အမှတ်တရလက်ဆောင်များပေးအပ်သွားမည်။

## Cannon Shooter




စွမ်းအင်ကြီးမားတဲ့ ဂလက်ဆီကြယ်စင်အစုဝေးတွေကြားမှာ တိုက်ခိုက်မှုတွေလုပ်ရင်းနဲ့ ဂြိုဟ်သားရဲ့အန္တရာယ်ကို ရင်ဆိုင်သွားရမှာဖြစ်ပါတယ်။ Galaxy 11 အသင်းမှာပါတဲ့ အဖွဲ့ဝင်တွေထဲက အကြိုက်ဆုံးတစ်ယောက်ကို ရွေးပြီးကစားနိုင်မှာဖြစ်ပါတယ်။ လုပ်ဆောင်ရမှာက ဂြိုဟ်သား ၁၀ ကောင်ကိုဆက်တိုက်အဖြစ်နဲ့ ဖျက်ဆီးချေမှုန်းပစ်ရပါမယ်။ မြန်ဆန်တဲ့ကန်ချက်တွေ၊ ဖြတ်ထုတ်မှုတွေနဲ့ သင့်ရဲ့လျင်မြန်မှုကိုစမ်းသပ်ရမှာဖြစ်ပြီး လိုအပ်တာထပ်ကျော်တဲ့ ကြမ်းတမ်းမှုမျိုးအတွက် ဒိုင်က အနီကဒ်ပြသတာမျိုး ခံယူရနိုင်ပါတယ်။ Group Mode မှာထားပြီး မိတ်ဆွေသူငယ်ချင်းတွေကိုပါ စိန်ခေါ်ယှဉ်ပြိုင်နိုင်ပြီး ကစားသမား ၄ ယောက်အထိ တိုက်ရိုက်တွေ့ဆုံကစားနိုင်စေမှာဖြစ်ပါတယ်။

## Soccer Wars




ခြေအသေးအနုတ်လှုပ်ရှားမှုမှာ သင့်ရဲ့အရည်အသွေးဘယ်လောက်ကောင်းသလဲဆိုတာကို ပြသရမှာဖြစ်ပါတယ်။ အမျိုးမျိုးပွတ်ဆွဲတာ၊ တို့ထိတာတွေ ပေါင်းစပ်ပြီးတော့ ဘောလုံးကို ထိန်းသိမ်းရမှာဖြစ်ပြီး ပြီးရင် ပြိုင်ဘက်ဆီကို ဘောလုံးပစ်ထည့်လိုက်ရပါမယ်။ အဆင့်မြင့်မြင့်လှပတဲ့ပေါင်းစပ်လှုပ်ရှားမှုတွေအတွက် အမှတ်တွေရမှာဖြစ်ပြီး ပြိုင်ဘက်ဂြိုဟ်သားရဲ့တန်ပြန်တိုက်ခိုက်မှုကိုပါ ကာကွယ်သွားရမှာဖြစ်ပါတယ်။ Group Play mode ကိုသုံးပြီး သူငယ်ချင်းတွေနဲ့ တစ်ပြိုင်နက်တည်းဆိုသလိုပဲ တစ်ယောက်တစ်ယောက်ချင်းယှဉ်ကစားနိုင်ပါသေးတယ်။

## Shooting Soccer




အပေါ်မှာရှိနေတဲ့ ဂြိုဟ်သားအန္တရာယ်ကို ရင်ဆိုင်တိုက်ခိုက်ဖို့အတွက် လေထဲကနေဖြတ်ပြီး ဘောလုံးကို ခပ်မြင့်မြင့်အနေအထားမျိုးနဲ့ ပို့ပေးရပါမယ်။ အဟန့်အတားတွေကို ရှောင်ရှားဖို့နဲ့ သင့်ရဲ့ရည်ရွယ်ချက်ကိုဖြည့်ဆည်းပေးမယ့် ပါဝင်စွမ်းအင်လေးတွေကို စုဆောင်းနိုင်ဖို့အတွက် သင့်ရဲ့မိုဘိုင်း device ကို လိုအပ်တဲ့လားရာဆီရွှေ့စောင်းပြီး ကစားရမှာဖြစ်ပါတယ်။ ပြိုင်ဘက်ဂြိုဟ်သားရဲ့စွမ်းအင်ကို စုတ်ယူလျှော့ချဖို့အတွက် ဘောလုံးနဲ့ကန်ပစ်ပေးပြီး လူသားကမ္ဘာကိုပျက်စီးမယ့် အရေးကနေ ကာကွယ်ပေးရပါမယ်။ Group Mode မှာထားပြီး သူငယ်ချင်းတွေကိုပါစိန်ခေါ်ကစားနိုင်ပါတယ်။ တစ်ကြိမ်မှာ ၄ ယောက်အထိ ထိပ်တိုက်ရင်ဆိုင်ကစားနိုင်မှာဖြစ်ပါတယ်။

## Samsung Galaxy 11 Go Launcher




မိုဘိုင်း device တွေမှာသုံးနိုင်မယ့် Galaxy 11 Theme ပဲဖြစ်ပြီး အရင်ဆုံးလိုအပ်တာက Go Launcher EX ကို ကြိုတင် install လုပ်ထည့်သွင်းထားပြီးဖြစ်ရပါမယ်။ မရှိရင် အဲ့ဒီ Go Launcher EX ကို download ရယူထည့်သွင်းရပါမယ်။ Galaxy 11 Theme မှာ ထူးခြားဆန်းပြားအမြင်လှပစေမယ့် wallpaper တွေ၊ app icon တွေနဲ့ folder interface တွေပါဝင်ပါတယ်။ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားတွေရဲ့ပုံတွေကို home page မှာ စိတ်ကြိုက်တင်ထားနိုင်စေမှာဖြစ်ပါတယ်။

# LOCAL NEWS

## Safe Steps ၏ Webportal တွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်သည့် အကြောင်းအရာများကို လေ့လာကြည့်ရှုနိုင်

Safe Steps ၏ Webportal တွင်သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်သည့်အကြောင်းအရာများကို လေ့လာကြည့်ရှုနိုင်ပြီဖြစ်ကြောင်းသိရသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် အိမ်ထောင်စုများအတွက်သော်လည်းကောင်း၊ လူတစ်ဦးချင်းစီအတွက်သော်လည်းကောင်း ဘေးကင်းလုံခြုံစွာဖြင့် အန္တရာယ်ကိုကျော်လွှားနိုင်မည့်လုပ်ဆောင်ပုံများ၊ ပညာပေးဗီဒီယိုများကို www.safesteps.com ပေါ်တွင်တင်ပေးထားသည်။ website ကြည့်ရှုသူများသည် ဘေးအန္တရာယ်ကျော်လွှားရေးနည်းလမ်းများနှင့် ရုပ်စုံလက်ကမ်းစာစောင်များ၊ ပိုစတာများအစရှိသည့် အကြောင်းအရာများကို ဝင်ရောက်ကြည့်ရှုနိုင်မည့် အပြင်အချက်အလက်မှတ်တမ်းမှတ်ရာများကို လွယ်လွယ်ကူကူဖြင့် ပြန်မှတ်မိနိုင်စေရန်အတွက် Download လည်းပြုလုပ်နိုင်သည်။

တိုင်ဖုန်းမုန်တိုင်းများ၊ လျှင်များ၊ ရေကြီးမှုများနှင့် မီးလောင်မှုများအစရှိသည့် အာရှဒေသတွင်းအများဆုံးဖြစ်လေ့ဖြစ်ထရှိသော ဘေးအန္တရာယ်အခြေအနေများကို ရင်ဆိုင်ဖြေရှင်းရန် Safe Steps အစီအစဉ်တွင် ဘေးအန္တရာယ်ကျော်လွှားရေးအဆင့်ဆင့်လုပ်ဆောင်မှုများနှင့် အသက်အန္တရာယ်ကာကွယ်ရေးအရေးပေါ်အသုံးအဆောင်ပစ္စည်းကိရိယာများ၊ကြိုတင်ပြင်ဆင်မှုဆိုင်ရာနည်းလမ်းများကို ပထမဦးစားပေးဆောင်ရွက်မည်ဖြစ်သည်။ Safe Steps မှထုတ်လွှင့်မည့် ဗီဒီယိုများနှင့် Website တို့တွင် အကြံပြုထားသည့် ဘေးအန္တရာယ်ကျော်လွှားနိုင်စေရေးနည်းလမ်းများကို International Federation of Red Cross and Red Crescent Societies မှ အတည်ပြုချက်ပေးပြီးဖြစ်သည်။ အဆိုပါ Safe Steps အစီအစဉ်ကို Prodence Foundation နှင့် National Geographic Channel တို့ပူးပေါင်း၍စီစဉ်ထုတ်လွှင့်ခြင်းဖြစ်သည်။ အာရှဒေသရှိ ဘာသာစကား ၈ မျိုးကိုထုတ်လွှင့်ပြသမည့်ဗီဒီယိုများတွင် အသုံးပြုမည်ဖြစ်သည်။ TV, Website နှင့် ပညာပေးအချက်အလက်များမှတစ်ဆင့် အရေးကြီးသောအသက်အန္တရာယ်ကာကွယ်ရေးသတင်းအချက်များကို လူပေါင်းများစွာဆီသို့ ရောက်ရှိနိုင်စေရန်ရည်ရွယ်၍ Safe Steps အစီအစဉ်ကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်းသိရသည်။ *M.Z*

## Hyundai Brand New Car Showroom ၌ FIFA World Cup Promotion အစီအစဉ် ပြုလုပ်

Hyundai ကား Company သည် FIFA World Cup 2014 တွင် Official sponsor အဖြစ် ပါဝင်မည်ဖြစ်ပြီး Hyundai Motor Myanmar ၏အရောင်းပြခန်းတွင် Brand New Hyundai ကားများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ Promotion ကာလမှာ ၂၀၁၄ ခုနှစ်၊ မေလမှ ဇူလိုင်လအထိ ဖြစ်သည်။ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည့် ယာဉ်စီးရေကို ကန့်သတ်ထားပြီး ဝယ်ယူသည့် customer များကို ကမ္ဘာ့ဖလားအမှတ်တရအထူးလက်ဆောင်များပေးအပ်မည် ဖြစ်သည်။

Promotion ကာလအတွင်းဝယ်ယူရရှိနိုင်မည့် ယာဉ်အမျိုးအစားများနှင့် ဈေးနှုန်းများမှာ ELANTRA (MT) ကို ၃၃၅ သိန်း၊ ELANTRA (AT) ကို ၃၄၅ သိန်း၊ ELANTRA (LUX) ကို ၃၇၉ သိန်း၊ i-30 (AT) ကို ၃၃၉သိန်း၊ i-30(LUX) ကို ၃၇၃သိန်း၊ SANTAFE (FULL) ကို ၅၆၄ သိန်း၊ SONATA (STD) ကို ၄၂၆ သိန်း၊ AZERA (STD) ကို ၅၉၉ သိန်း၊ 2.6 Diesel Engine နှင့် Brand New Light Truck ကို ၁၆၉ သိန်းနှင့် 2.5 Diesel ၁၂ ယောက်စီး H1 ကို ၂၉၁ သိန်းဖြင့် အသီးသီး ဝယ်ယူရရှိနိုင်သည်။

Hyundai Motor Myanmar ၌ တင်သွင်းရောင်းချသော မော်တော်ယာဉ်များအားလုံးသည် ကိုရီးယားနိုင်ငံထုတ် Brand New များဖြစ်ပြီး မော်တော်ယာဉ်များအတွက် 3 years အာမခံ (သို့မဟုတ်) ကီလိုမီတာ ၁ သိန်း အာမခံပေးထားသည်။ ထို့အပြင် ကားဝယ်ယူသူများသည် ကားအတွက်ဝန်ဆောင်မှုနှင့် အပိုပစ္စည်းများကိုလည်း တစ်နေရာတည်းတွင်ပင် ဝယ်ယူနိုင်သည်။ ဆက်သွယ်ဝယ်ယူလိုပါလျှင် ဖုန်း-၆၅၃၂၇၁၊ ၆၅၃၂၇၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ *M.Z*

## မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြုစာမေးပွဲကျင်းပမည်

၂၀၁၄ ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှအသိအမှတ်ပြု Network စာမေးပွဲများကို ကျင်းပသွားမှာဖြစ်ပြီးမြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့်အသင်းခွဲများရှိရာ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် မကွေးတိုင်း တို့တွင်တစ်ပြိုင်နက်ကျင်းပစစ်ဆေးသွားမည်ဖြစ်သည်။

စာမေးပွဲအမျိုးအစားမှာ Network Associate Examination (NA) ဖြစ်ပြီး စာမေးပွဲကို ၂၀၁၄ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအထိ ကျင်းပမှာဖြစ်သည်။ စာမေးပွဲကြေးမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး ဇွန်လ ၁၈ ရက်နေ့တွင် နောက်ဆုံးစာရင်းပေးသွင်းရမှာဖြစ်သည်။ စာမေးပွဲကို Room 205, MICT Park, လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်တွင်ကျင်းပမှာဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ စာမေးပွဲများမှာ အိုင်တီပညာရှင်များအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသော ကျောင်းသားများ၊ အသင်းဝင်များအတွက် အရည်အချင်းကို အသိအမှတ်ပြုခံနိုင်ရေးအတွက်ဦးတည်စစ်ဆေးသော စာမေးပွဲဖြစ်ကြောင်း သိရသည်။ *စန္ဒာ*




# The Best Electronic Brands of Japan

ထုတ်ကုန်တစ်ခုရဲ့အရည်အသွေးကောင်းချင်းမကောင်းချင်းက အဲ့ဒီထုတ်ကုန်အစပြုမြစ်ဖျားခံတဲ့နေရာက အတိုင်းအတာတစ်ရပ်အထိ အဖြေပေးနိုင်ပါတယ်။ အနောက်နိုင်ငံတွေကထုတ်တဲ့ ကုန်ပစ္စည်းတွေကို လူအများစုအကြိုက်တွေ့ကြတဲ့အချက်ကို ဆန်းစစ်ကြည့်လိုက်ရင် အရည်အသွေးစံမီအောင်အစစ်ခံပြီးမှထုတ်ထားတဲ့အချက်ကိုတွေ့နိုင်ပါလိမ့်မယ်။ တာရှည်ခံစေသလို အရည်အသွေးကလည်း ပြည့်ဝတာကြောင့် အဲ့ဒီလိုပစ္စည်းတွေဟာ ၁၀ နှစ်ကနေအထက်ထိ ကောင်းကောင်းခံနိုင်ကြပါတယ်။ အနောက်ဥရောပရဲ့သတ်မှတ်စံမရှိရင်လည်း ထုတ်ကုန်တစ်ခုဟာ ပြည်ပပို့ကုန်အဖြစ်ရောင်းတန်းမဝင်နိုင်ပါဘူး။ ဒါပေမဲ့ အာရှဘက်ကနိုင်ငံတွေကိုကြည့်လိုက်ရင် အထူးသဖြင့် ဂျပန်နိုင်ငံမျိုးဟာ အရည်အသွေးပိုင်း ဥရောပနိုင်ငံတွေနဲ့မခြားဘဲ တချို့နေရာတွေမှာဆိုရင် ပိုကောင်းတဲ့စံမျိုးနဲ့ပါ ထုတ်လုပ်ပေးကြတဲ့အတွက် ဂျပန်ပစ္စည်းဆိုရင် ထုတ်ပိုးမှုအဖြစ်သုံးတဲ့ အိတ်ခွံကအစ အရည်အသွေးမီတာကို တွေ့ရမှာဖြစ်ပါတယ်။

ဂျပန်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ ပညာရေးပိုင်းနဲ့ နိုင်ငံထုတ်ကုန်အရည်အသွေးပိုင်းကိုစံနှုန်းမြှင့်တင်ခဲ့ကြတဲ့အတွက် လူတွေအားလုံးဟာ အသိပညာပိုမိုကြွယ်ဝလာကြသလို နည်းပညာပိုင်းတွေမှာလည်းကမ္ဘာ့အဆင့်ထက်ပိုတဲ့အခြေအနေတွေအထိလျှောက်လှမ်းလာနိုင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်းဂျပန်နိုင်ငံထွက်ကုန်ပစ္စည်းဆိုရင် အာရှဘက်ကသူတွေတင်မကပါဘူး အနောက်ဥရောပနဲ့ အမေရိကဘက်ကတောင်မှ အလေးထားမှာယူအသုံးပြုမှုတွေ ပိုမိုများပြားလာခဲ့ကြတာဖြစ်ပါတယ်။ ဂျပန်နိုင်ငံအခြေစိုက်ကုမ္ပဏီတွေထဲကမှ အီလက်ထရောနစ်ပိုင်းနဲ့ဆက်နွှယ်တဲ့ Fujitsu, Hitachi, Mitsubishi, Panasonic, Sharp, Sony နဲ့ Toshiba ကုမ္ပဏီတွေအကြောင်းကို အလေးပေးဖော်ပြလိုက်ရပါတယ်။ အီလက်ထရောနစ်လို့ဆိုပေမယ့် လုပ်ငန်းအများစုကတော့ ကွန်ပျူတာ၊ အိုင်တီနည်းပညာ၊ တခြားသောအကြီးစားလုပ်ငန်းတွေအထိပါဝင်နေကြပါတယ်။

**Fujitsu** | Hitachi | Mitsubishi | Panasonic | Sharp | Sony | Toshiba

## Profile

Fujitsu ဟာ ဂျပန်နိုင်ငံ၊ တိုကျိုမြို့မှာအခြေစိုက်တဲ့ နည်းပညာနဲ့ဝန်ဆောင်မှုကုမ္ပဏီတစ်ခုပဲဖြစ်ပြီး နှစ်စဉ်ဝင်ငွေအရ IBM ကုမ္ပဏီပြီးရင် ကမ္ဘာ့ဒုတိယအကြီးဆုံး IT ဝန်ဆောင်မှုထောက်ပံ့တဲ့ကုမ္ပဏီပဲဖြစ်ပါတယ်။ ကွန်ပျူတာထုတ်ကုန်တွေကို အဓိကအလေးပေးထုတ်လုပ်ပေမယ့်လည်း သူ့ရဲ့တခြားသောလက်ခွဲလုပ်ငန်းတွေက တစ်ကိုယ်ရည်သုံးကွန်ပျူတာ၊ ဆက်သွယ်ရေးကဏ္ဍနဲ့ အဆင့်မြင့်သေးငယ်တဲ့ အီလက်ထရောနစ်ထုတ်ကုန်တွေကိုပါ အမျိုးမျိုးထုတ်လုပ်ပေးလျက်ရှိနေကြပါတယ်။ ဝန်ထမ်းအင်အား ၁၇၂,၀၀၀ ခန့်ရှိပြီး သူ့ရဲ့ထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေကို နိုင်ငံပေါင်း ၇၀ ကျော်မှာ ရရှိနိုင်ပါတယ်။

ကုမ္ပဏီကိုစတင်တည်ထောင်တာက ၁၉၃၅ ၊ ဇွန်လ ၂၀ ရက်မှာဖြစ်လို့ IBM ပြီးရင် ဒုတိယသက်တမ်းအရှည်ဆုံး IT ကုမ္ပဏီလည်းဖြစ်ပါတယ်။ Fujitsu ဟာ ၁၉၅၄ မှာ ဂျပန်နိုင်ငံရဲ့ ပထမဆုံးကွန်ပျူတာဖြစ်တဲ့ FACOM 100 ကိုထုတ်လုပ်ပေးခဲ့ပြီး ၁၉၉၀ မှာတော့ ယူကေအခြေစိုက်ကွန်ပျူတာကုမ္ပဏီဖြစ်တဲ့ International Computers Limited (ICL) ကို ဒေါ်လာ ၁ . ၂၉ ဘီလီယံနဲ့ ဝယ်ယူခဲ့ပါတယ်။ ICL ကို ၂၀၀၂ အရောက်မှာ Fujitsu Services အဖြစ်အမည်ပြောင်းလဲပေးခဲ့ပါတယ်။ ၁၉၉၀ ၊ စက်တင်ဘာမှာ Fujitsu ဟာ အလွန်ကြီးမားတဲ့ mainframe ကွန်ပျူတာတွေကို စတင်ကြေညာမိတ်ဆက်ခဲ့ပြီး အဲ့ဒီအချိန်က ကမ္ဘာမှာအမြန်ဆုံးကွန်ပျူတာတွေအဖြစ်ပါစံချိန်တင်နိုင်ခဲ့ပါတယ်။ ၁၉၉၂ မှာတော့ ကမ္ဘာ့ပထမဆုံး 21-inch full-color plasma display ကို မိတ်ဆက်ပေးခဲ့ပြန်ပါတယ်။ ၁၉၉၃ အရောက်မှာ နောက်ထပ်လုပ်ငန်းသစ်ဖြစ်တဲ့ flash memory ထုတ်လုပ်ဖို့အတွက် AMD နဲ့ပေါင်းစပ်ခဲ့ပါတယ်။ Fujitsu ဟာ သီးသီးသန့်သန့်ကုမ္ပဏီတစ်ခုအဖြစ် လုပ်ဆောင်တာထက် တခြားသောလုပ်ငန်းစုတော်တော်များများကိုပါ ဒီကြားကာလတွေအတွင်းမှာ ဝယ်ယူပြီး လုပ်ငန်းလုပ်ဆောင်နိုင်မှုအင်အားကို တိုးချဲ့ခဲ့ကြပါတယ်။ ဒါပေမဲ့ ၂၀၀၉ မှာ သူတို့ရဲ့ HDD လုပ်ငန်းစုကို နိုင်ငံတွင်းကကုမ္ပဏီပဲဖြစ်တဲ့ Toshiba ဆီပြန်လည်ရောင်းချခဲ့တာမျိုးရှိခဲ့ပါတယ်။ လက်ရှိ Fujitsu ကုမ္ပဏီရဲ့လုပ်ငန်းတွေကိုကြည့်လိုက်ရင် server၊ storage၊ client computer device၊ ထုတ်ကုန်ဝန်ဆောင်မှုတွေ၊ အရန်တွဲဖက်ပစ္စည်းတွေဖြစ်တဲ့ printer တွေ၊ display တွေကိုပါထုတ်လုပ်ပေးလျက်ရှိနေပါတယ်။ အထူးသဖြင့် Fujitsu ရဲ့ကွန်ပျူတာထုတ်ကုန်တွေဟာ ထပ်တန်းအဆင့်အရည်အသွေးရှိကြသလို ပုံမှန်လုပ်ငန်းသုံး၊ အဆင့်မြင့်လုပ်ငန်းသုံး၊ ဂိမ်းအမျိုးမျိုးကိုစိတ်တိုင်းကျကစားနိုင်စေမယ့်အတန်းအစားအထိမျိုးစုံပါဝင်နေကြလို့ ယုံကြည်စိတ်ချစွာနဲ့ ဝယ်ယူအသုံးပြုနိုင်မှာပါ။



## Fujitsu LIFEBOOK E754

LIFEBOOK E754 အမျိုးအစား notebook ဟာ Fujitsu ရဲ့အဆင့်အမြင့်ဆုံးထုတ်ကုန်တွေဖြစ်တဲ့ LIFEBOOK E Line တွေထဲမှာပါဝင်တဲ့တစ်မျိုးပဲဖြစ်ပါတယ်။ သင့်အနေနဲ့ စတိုင်ကျနပြီး သင့်ရဲ့နေစဉ်လုပ်ငန်းဆောင်တာတွေလုပ်ဆောင်ရာမှာ အဆင့်မြင့် feature တွေပါဝင်တဲ့ notebook မျိုးသုံးချင်တယ်ဆိုရင် ဒီ LIFEBOOK E754 အမျိုးအစားဟာ မှန်ကန်တဲ့ရွေးချယ်မှုတစ်ခုဖြစ်စေပါလိမ့်မယ်။ LIFEBOOK E Line notebooke တွေဟာ အရွယ်အစားအားဖြင့် 13.3-inch ကနေ 15.6-inch အထိ အရွယ်အစား ၃ မျိုးရနိုင်မှာဖြစ်ပါတယ်။ လိုအပ်ချက်အပေါ်မူတည်ပြီးလည်း မျက်နှာပြင်အရွယ်အစားကိုရွေးချယ်ဝယ်ယူနိုင်စေပါတယ်။ ရှေ့ပိုင်းက 20mm နဲ့ နောက်ဘက်ပိုင်းက 27mm အထူကြားမှာပဲရှိသလို အလေးချိန်ကလည်း မျက်နှာပြင်အပေါ်လိုက်ပြီး 1.6g ကနေ 1.9g အထိ ရှိစေမှာဖြစ်ပါတယ်။ အခုအမျိုးအစားက မျက်နှာပြင်အရွယ်အစားအကြီးဆုံးဖြစ်လို့ 1.9g လေးပါလိမ့်မယ်။ Operating System ကို Windows 7 Professional 64-bit, Windows 8.1 64-bit နဲ့ Windows 8.1 Pro 64-bit ဆိုပြီး ရွေးချယ်နိုင်ပါတယ်။ Processor, RAM, HDD စတဲ့ hardware ပိုင်းတွေကိုလည်း စိတ်ကြိုက်အနေအထားမျိုးနဲ့ရရှိနိုင်ပါလိမ့်မယ်။

## Fujitsu Display P27T-6 IPS

Fujitsu ရဲ့ထိပ်တန်းအဆင့်ရှိတဲ့ Monitor ပဲဖြစ်ပါတယ်။ IPS Display ဖြစ်တဲ့ Plane Switching မျက်နှာပြင်နည်းပညာကိုအသုံးပြုထားလို့ ရုပ်ထွက်အရည်အသွေးကြည်လင်မှုနဲ့ အရောင်မှန်ကန်မှုအပိုင်းတွေမှာ လုံးဝတိကျမှုရှိစေမှာဖြစ်သလို ultra wide viewing angle ဖြစ်တဲ့အချက်ကလည်း တည့်တည့်မဟုတ်ဘဲ ဘေးတိုက်အနေအထားကနေကြည့်ရင်တောင် 178° အထိရရှိနိုင်မှာဖြစ်ပါတယ်။ ပါဝါချွေတာမှုအပိုင်းကလည်း တကယ်ကောင်းမွန်မှုရှိပြီး off mode အနေအထားမှာ system unit ကို DVI တို့၊ VGA cable တို့နဲ့ချိတ်ဆက်ထားရင် 0.0 watt အထိချွေတာပေးထားမှာဖြစ်ပါတယ်။ နောက်တစ်ခုက ABC လို့ခေါ်တဲ့ Auto Brightness Control Sensor စနစ်ပါတဲ့အချက်ဖြစ်ပြီး အလုပ်လုပ်နေတဲ့ ပတ်ဝန်းကျင်အနေအထားနဲ့ လိုက်ဖက်စေမယ့် အလင်းအားပမာဏကို အတိုးအလျှော့လုပ်ပေးမှာဖြစ်လို့ ပါဝါချွေတာမှုကိုထပ်ပြီး ထောက်ကူပေးစေဦးမှာဖြစ်ပါတယ်။ လိုချင်တဲ့ အနေအထားပုံစံမျိုးရရှိစေဖို့အတွက်လည်း monitor ကိုအလှည့်အစောင်းပြုလုပ်နိုင်စေမယ့် stand ပါဝင်ပြီးဖြစ်ပါတယ်။ USB ၄ ခု၊ DisplayPort၊ HDCP (via DVI-D)၊ HDMI ၂ ခုနဲ့ ပုံမှန်ရိုးရိုးအတွက် Analog တို့ပါဝင်ပါတယ်။ မျက်နှာပြင်က ဒီဘက်ခေတ်ဒီဇိုင်းသမားတွေ အကြိုက်တွေ့စေမယ့် 16:9 aspect ration စံကိုအသုံးပြုထားပြီး အမြင့်ဆုံးပါဝါဆွဲအားက 110 W သာရှိစေပါလိမ့်မယ်။



HITACHI
Inspire the Next

## Profile

Hitachi ဆိုတာက ဂျပန်လို နေထွက်ပေါ်လာခြင်းလို့ အမည်ရပြီး ယင်းကုမ္ပဏီကို ၁၉၁၀ ခုနှစ်မှာ လျှပ်စစ်အင်ဂျင်နီယာတစ်ဦးဖြစ်တဲ့ Namihei Odaira ဆိုသူက စတင်တည်ထောင်ခဲ့ပါတယ်။ ကုမ္ပဏီရဲ့ ပထမဆုံးထုတ်ကုန်ကတော့ မြင်းကောင်ရေ ၅ ကောင်အားရှိတဲ့ လျှပ်စစ်မော်တာပဲဖြစ်ပြီး Hitachi အနေနဲ့တည်ထောင်ပြီး သိပ်မကြာခင်မှာပဲ ပြည်တွင်းလျှပ်စစ်မော်တာနဲ့ အခြေခံလျှပ်စစ်စွမ်းအင်အသုံးချစက်မှု လုပ်ငန်းတွေမှာ နာမည်ရလာခဲ့ပါတယ်။ ဒါကြောင့် Hitachi America, Ltd ကို ၁၉၅၉ ခုနှစ်နဲ့ Hitachi Europe, Ltd ကို ၁၉၈၂ ခုနှစ်တို့မှာ ဆက်လက်တည်ထောင်ပြီး ဈေးကွက်ချဲ့ထွင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မတ်လမှာတော့ Hitachi အနေနဲ့ သူတို့ရဲ့ hard disk drive ထုတ်လုပ်တဲ့ လက်ခွဲကုမ္ပဏီ Hitachi Global Stroage Technologies ကိုပူးပေါင်းလက်ဝါးကြီးအုပ်လိုတဲ့သဘောနဲ့ Western Digital ထံရောင်းချခဲ့ပါတယ်။ အကျိုးရလဒ်ကတော့ Hitachi အနေနဲ့ သူတို့ရဲ့ 3.5" HDD division ကို Toshiba ကို လွှဲပြောင်းရောင်းချပေးခဲ့ရတာပဲဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ဩဂုတ်လမှာတော့ Hitachi အနေနဲ့ Mitsubishi နဲ့လည်း ပူးပေါင်းဖို့ကြိုးစားခဲ့ပြီး အောင်မြင်မှုတော့ မရရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း ၂၀၁၂ ခုနှစ်နိုဝင်ဘာလမှာတော့ Hitachi ရဲ့ကြိုးစားမှုအောင်မြင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပြီး သူတို့အနေနဲ့ အပူစွမ်းအင်အသုံးချစီးပွားရေးလုပ်ငန်းမျိုးဆက်သစ်အတွက် Mitsubishi နဲ့ ပူးပေါင်းနိုင်ခဲ့ပါတယ်။ ယနေ့အချိန်မှာတော့ Hitachi ကုမ္ပဏီလီမိတက်အနေနဲ့ Information & Telecommunication Systems၊ Social Infrastructure၊ High Function Materials & Components၊ Financial Service၊ Power System ၊ Electronic System & Equipment ၊ Automotive Systems၊ Railway & Urban System၊ Digital Media & Consumer Products၊ Construction Machinery နဲ့ Other Components & Systems ဆိုပြီး စီးပွားရေးလုပ်ငန်း ၁၁ မျိုးထိတောင် ပိုင်ဆိုင်လုပ်ကိုင်နေပြီပဲဖြစ်ပါတယ်။ ဒီလိုမျိုး စီးပွားရေးလုပ်ငန်းခွဲတွေ များစွာတိုးချဲ့လာရတဲ့အထိ အောင်မြင်ခဲ့တဲ့ Hitachi ဟာ ၂၀၁၂ ခုနှစ် Fortune Global 500 စာရင်းမှာ အဆင့် ၃၈ နေရာနဲ့ Forbes Global 2000 စာရင်းမှာတော့ အဆင့် ၁၂၉ နေရာအထိ ရရှိခဲ့ပြီး ပိုမိုလူသိများထင်ရှားလာခဲ့ပါတယ်။

## Hitachi R-C6800T (Refrigerator)



Hitachi ရဲ့ R-C6800T ရေခဲသေတ္တာကတော့ တံခါး ၆ ခုပါပြီး သိုလှောင်နိုင်မယ့်ပမာဏ စုစုပေါင်း 694.5 litre အထိရှိလို့ မိသားစုတစ်ခုလုံးအတွက် လုံးဝအဆင်ပြေစေမှာပဲဖြစ်ပါတယ်။ ရေခဲသေတ္တာရဲ့သီးခြားအကန့်ငယ်တွေကို LED တွေနဲ့ ပိုင်းခြားဖော်ပြပေးထားပြီး မှန်လိုကြည်လင်နေတဲ့ တံခါးတွေအတွက်လည်း ကုတ်ခြစ်မှုဒဏ်ခံနိုင်မယ့် Door-Scratch Resistant ကိုထည့်သွင်းပေးထားပါတယ်။ အရည်သွေးမြင့်ရေခဲသေတ္တာတစ်လုံးရဲ့ဂုဏ်ဒြပ်နဲ့အညီ အေးခဲပေးမှုကို မျှတစွာဖြန့်ဝေပေးနိုင်စေဖို့အတွက်လည်း အဆင့်မြင့် Frost Recycle Cooling စနစ်ကိုအသုံးပြုပေးထားမှာဖြစ်ပါတယ်။ ရေခဲသေတ္တာသုံးစွဲသူတွေရဲ့ အဓိကဒုက္ခလို့ဆိုရမယ့် အနံ့ဆိုးတွေနဲ့ ဘက်တီးရီးယားပိုးမွှားရန်က ကာကွယ်နိုင်ဖို့အတွက်လည်း Nano Titanium System ကိုအသုံးပြုပေးထားတာကြောင့် သုံးစွဲသူတွေအတွက် အဆင်ပြေစေမှာဖြစ်ပြီး အသားငါးနဲ့ဟင်းသီးဟင်းရွက်တို့အတွက် လိုအပ်တဲ့အပူချိန်ကိုသာ ရရှိစေနိုင်ဖို့အတွက်လည်း Photocatalyst Preservation and Optimum Temperature setting ကိုထည့်သွင်းပေးထားပါတယ်။ စွမ်းအင်သုံးစွဲမှုချွေတာစေမယ့် Energy Saving Technology ကိုအသုံးပြုထားတာကြောင့် မလိုအပ်တဲ့စွမ်းအင်သုံးစွဲမှုတွေကို နည်းနိုင်သမျှနည်းအောင် လျှော့ချပေးမှာလည်းဖြစ်ပါတယ်။



## Hitachi SF-120SV (Washing Machine)

SF-120SV အဝတ်လျှော်စက်ကတော့ Automatic Washing Machine တွေထဲမှာထူးခြားတဲ့အဝတ်လျှော်စက်တစ်လုံးပဲဖြစ်ပါတယ်။ သူ့မှာပါဝင်တဲ့ Auto Self Clean feature ကတော့ အဝတ်လျှော်စက်ဆိုတာကို လျှော်ရမယ်ဆိုတာပဲသိပြီး ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမလဲဆိုတာကို မသိသူတွေအတွက် တော်တော်လေးကိုအဆင်ပြေစေမှာဖြစ်ပါတယ်။ နေ့စဉ်အသုံးပြုမှုကနေ ကျန်ရှိခဲ့တဲ့အညစ်အကြေးနဲ့ အနည်ကျဒြပ်စင်တွေက အဝတ်လျှော်စက်ကိုတော်တော်လေးဒုက္ခပေးမှာဖြစ်ပြီး ဒါကိုသန့်စင်ပေးဖို့လိုပါတယ်။ SF-120SV မှာတော့ Auto Self Clean Setting ကိုဖွင့်ပေးထားလိုက်မယ်ဆိုရင် အဝတ်တွေလျှော်ပြီးတာနဲ့တစ်ပြိုင်နက်ပဲ ကျန်ရှိနေမယ့်အညစ်အကြေးတွေကို သန့်စင်တဲ့ရေနဲ့အတူ ဆေးကြောပေးလိုက်မှာပဲဖြစ်ပါတယ်။ ဒီလိုပဲ သူ့မှာပါဝင်တဲ့ Power Booster က စွမ်းအင်သုံးစွဲမှု၊ ဆူညံသံထွက်ပေါ်မှုနဲ့ ရေသုံးစွဲမှုပမာဏတို့ကိုလျှော့ချပေးမှာပဲဖြစ်ပါတယ်။ Hydro Changer button ပါဝင်တာကြောင့် မိမိလျှော်ဖွတ်မယ့်အဝတ်အစားရဲ့ လိုအပ်တဲ့ရေစီးဆင်းမှုပမာဏကိုလည်း အလွယ်တကူထပ်မံရွေးချယ်နိုင်စေမှာပဲဖြစ်ပါတယ်။ ထူးခြားမှုအနေနဲ့ Tangle-Free Finish function ပါဝင်မှုကြောင့် အဝတ်အစားတွေလုံးထွေးပြီး ထုတ်ရပြုရခက်တာနဲ့ တွန့်ကြေစေမှုတို့ကို အတတ်နိုင်ဆုံးလျှော့ချပေးမှာလည်းဖြစ်ပါတယ်။



## Mitsubishi MJ-E20GB-E1 20 Litre Dehumidifier

မိုးတွင်းအခါသမယကို ရောက်လာတာနဲ့ စိုထိုင်းထိုင်းနဲ့ နေလို့ပဲမကောင်းသလိုလို အနံ့ကပဲတစ်မျိုးဖြစ်နေသလိုနဲ့ ဖြစ်နေတတ်တာက သဘာဝပဲဖြစ်ပါတယ်။ ဒါတွေကို ဖြေရှင်းဖို့အတွက် Mitsubishi က လေထုတွင်းမှာရှိတဲ့ စွတ်စိုမှုပမာဏကို လျှော့ချစုပ်ယူပေးနိုင်မယ့် Dehumidifier တွေကိုထုတ်လုပ်ပေးခဲ့တာပဲဖြစ်ပါတယ်။ ဒီလိုမျိုးထုတ်လုပ်ပေးခဲ့တဲ့ Dehumidifier တွေထဲမှာမှ Mitsubishi MJ-E20BG-E1 ကတော့ ထိပ်တန်းအမျိုးအစားတွေထဲမှာတောင် နောက်ဆုံးပေါ်ပစ္စည်းပဲဖြစ်ပါတယ်။ အဆိုပါ Dehumidifier ကတော့ နေအိမ်တွေ၊ အလုပ်ရုံတွေနဲ့ ကားဂိုဒေါင်တွေက လေထုအတွင်းရေပါဝင်မှုကို တစ်နေ့ ၂၀ လီတာနှုန်းနဲ့ စုပ်ယူပေးမှာပဲဖြစ်ပါတယ်။ အသံဆူညံမှုမရှိစေဖို့အတွက် ultra quiet feature ကိုထည့်သွင်းပေးထားပြီး child lock၊ မီးပျက်ပြီးပြန်လာရင် အလိုအလျောက် ပြန်လည်စတင်လည်ပတ်စေမယ့် automatic restart နဲ့ ရေတိုင်ကီအတွင်းကရေပမာဏကို အချက်ပေးနိုင်မယ့် water tank with alarm စတဲ့ safety feature တွေပါဝင်မှာဖြစ်ပါတယ်။ ခလုတ်တစ်ခုကိုနှိပ်လိုက်ရုံနဲ့ လည်ပတ်စေမှာဖြစ်လို့ အသုံးပြုရ လွယ်ကူစေမှာလည်းဖြစ်ပါတယ်။ ဒါ့အပြင် powerful Luandry Setting ကိုပါ ထည့်သွင်းပေးထားပါတယ်။ အာမခံ ၂ နှစ် ရရှိမှာဖြစ်ပြီး ၃၆၉ . ၉၈ ပေါင် ရှိမှာဖြစ်ပါတယ်။



MITSUBISHI
ELECTRIC
Changes for the Better

## Profile

ဂျပန်လို စိန်သုံးလုံးအမှတ်တံဆိပ်လို့အမည်ရတဲ့ Mitsubishi ကုမ္ပဏီကိုတော့ ၁၈၇၀ ခုနှစ်မှာ Iwasski Yataro ဆိုသူက သင်္ဘောကုန်သွယ်မှုကုမ္ပဏီအနေနဲ့ စတင်တည်ထောင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သင်္ဘောတည်ဆောက်မှုအတွက် လိုအပ်တဲ့ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကိုနယ်ချဲ့ခဲ့ပြီး အစိုးရရဲ့သင်္ဘောတွေကိုပြန်လည်ပြုပြင်ပေးရမှုနဲ့အတူ သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းကိုပါဆက်လက်လုပ်ကိုင်ခဲ့ပါတယ်။ ဒီလိုမျိုးစွန့်စားမှုနဲ့လုပ်ကိုင်ရတဲ့ သင်္ဘောကုန်သွယ်မှုနဲ့ သင်္ဘောတည်ဆောက်မှုစတဲ့ လုပ်ငန်းတွေကိုလုပ်ကိုင်ရတာကြောင့် ဒါတွေနဲ့သက်ဆိုင်တဲ့ရေကြောင်းအာမခံလုပ်ငန်းကိုလည်း ဆက်လက်လုပ်ကိုင်ခဲ့သလိုသိပ်မကြာခင်မှာပဲ စက္ကူ၊ စတီး၊ ဖန်၊ လျှပ်စစ်နဲ့ဆက်စပ်ပစ္စည်းများ၊ လေယာဉ်တည်ဆောက်မှု၊ လောင်စာဆီနဲ့ အိမ်ခြံမြေလုပ်ငန်းစတဲ့ စီးပွားရေးလုပ်ငန်းတွေဘက်ကို ထပ်မံတိုးချဲ့မှုပြုလုပ်ခဲ့ပါတယ်။ များပြားလှတဲ့စီးပွားရေးလုပ်ငန်းတွေကို ကုမ္ပဏီတစ်ခုတည်းက အုပ်ချုပ်လုပ်ဆောင်ဖို့ မစွမ်းသာတာကြောင့် Mitsubishi အနေနဲ့ Mitsubishi BanK၊ Mitsubishi Corporation နဲ့ Mitsubishi Heavy Industries ဆိုတဲ့ အဓိက ကုမ္ပဏီကြီး ၃ ခုရဲ့လက်အောက်မှာ ထားရှိစီမံစေခဲ့တာပဲဖြစ်ပါတယ်။ ဒီ ၃ ခုထဲက Mitsubishi Bank ကို ၁၉၁၉ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှာတော့ ဂျပန်နိုင်ငံရဲ့အကြီးဆုံးဘဏ်အဖြစ် အောင်မြင်တိုးတက်လာခဲ့သလို နောက်တစ်ခုဖြစ်တဲ့ Mitsubishi Corporation ကိုလည်း ၁၉၅၀ ခုနှစ်မှာ တည်ထောင်ခဲ့ပြီး လက်ရှိမှာတော့ ဂျပန်နိုင်ငံရဲ့အကြီးဆုံးကုန်သွယ်ရေးကုမ္ပဏီကြီး ဖြစ်လာစေခဲ့ပါတယ်။ Mitsubishi Heavy Industries ရဲ့လက်အောက်မှာတော့ Mitsubishi Motor၊ Mitsubishi Atomic Industry၊ Mitsubishi Chemical၊ Mitsubishi Power System နဲ့ Nikon Corporation စတဲ့ ကုမ္ပဏီကြီး ၅ ခုရှိမှာဖြစ်ပါတယ်။ Mitsubishi ဟာ ၂၀၁၄ ခုနှစ် မေလမှာတော့ ဂျာမနီရဲ့အင်ဂျင်နီးယားရင်းနဲ့ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်တဲ့ Siemens နဲ့ထပ်မံပူးပေါင်းခဲ့ပါတယ်။



## Mitsubishi MSZ-FD Series (Air-Con)

Mitsubishi MSZ-FD Series လေအေးပေးစက်ကတော့ အမြင့်မားဆုံးစွမ်းဆောင်ရည်ရရှိအောင် ဒီဇိုင်းထုတ်ပေးထားတာပဲဖြစ်ပါတယ်။ ဆူညံမှုမရှိဘဲစွမ်းအင်ချွေတာနိုင်စေဖို့ ကုမ္ပဏီရဲ့နောက်ဆုံးပေါ်နည်းပညာတွေဖြစ်တဲ့ High Energy Efficiency နဲ့ Quiet Operation တို့ကို အသုံးပြုပေးထားပါတယ်။ ဒါ့အပြင် အဆင့်မြင့်လုပ်ဆောင်မှုတွေအဖြစ် I-see Sensor temperature control၊ Plasma Duo air filtering နဲ့ အခန်းရဲ့ပုံမှန်အမြင့်ကနေ နည်းနည်းလေးပိုမြင့်သွားစေမယ့် purification system တို့ပါဝင်ပြီး High Energy Efficiency ကဏ္ဍမှာတော့ ကုမ္ပဏီရဲ့နောက်ဆုံးပေါ်စွမ်းအင်လွှဲပြောင်းပေးမယ့် နည်းပညာကိုအသုံးပြုထားတာကြောင့် စွမ်းအင်သုံးစွဲမှုကို ၂၀ ရာခိုင်နှုန်းလောက်အထိ သက်သာစေမှာဖြစ်ပါတယ်။ ဒီလိုပဲ Quiet Operation ကဏ္ဍမှာတော့ ဆူညံသံကိုလျှော့ချပေးနိုင်ဖို့ ကြီးမားတဲ့လေမှုတ်ပန်ကာတစ်ခုကိုတပ်ဆင်ပေးထားတာကြောင့် အဲယားကွန်းရဲ့စွမ်းဆောင်ရည်ကိုမထိခိုက်စေဘဲ မော်တာရဲ့လည်ပတ်ရမှုနှုန်းကို လျှော့ချပေးနိုင်မှာပဲဖြစ်ပါတယ်။ ထူးခြားမှုအနေနဲ့ကတော့ Mold Fighter function ကိုထည့်သွင်းပေးထားတာပဲဖြစ်ပါတယ်။ ဒါကတော့ အရည်အသွေးနိမ့်တဲ့ လေအေးပေးစက်တွေက ခဏခဏဖြုတ်တပ်ပြီး ချေးကပ်တာကိုရှင်းလင်းရလွန်းလို့ စိတ်ညစ်နေတဲ့သုံးစွဲသူတွေကို အဆင်ပြေစေမယ့် function ပဲဖြစ်ပါတယ်။ သူ့မှာပါဝင်တဲ့ plasma electrode တွေက Ozone ကိုထုတ်လွှတ်ပေးမှာဖြစ်ပြီး အဆိုပါအိုဇုန်းတွေက မှိုတွေကို တိုက်ခိုက်မှာဖြစ်သလို ကြီးထွားလာမှုကိုလည်း ၂၀ ရာခိုင်နှုန်းလောက်အထိလျှော့ကျစေမှာဖြစ်ပါတယ်။ ဒီလိုမျိုးအိုဇုန်းထုတ်လွှတ်ပေးမှုမှာလည်း cooling mode နဲ့ fan mode ဆိုပြီး အဆင့် ၂ ဆင့်နဲ့ လုပ်ဆောင်မှာဖြစ်ပါတယ်။

Fujitsu | Hitachi | Mitsubishi | Panasonic | Sharp | Sony | Toshiba

## Panasonic 4K LED TV Viera

Panasonic ရဲ့ အနာဂတ် 4K LED TV အမျိုးအစားပဲဖြစ်ပြီး လက်ရှိအနေအထားမှာ ဈေးကွက်ထဲကို တောင်မရောက်သေးပါဘူး။ သိပ်မကြာခင်မှာတော့ရောက်လာဖို့ရှိနေပါတယ်။ ၂၀၁၄ မှာ Life+Screen လို့ခေါ်တဲ့ TV အတန်းအစားသစ်တွေကိုမိတ်ဆက်ပေးခဲ့ရာမှာ ပုံမှန်စမတ် TV တွေထက် ပိုကောင်းတဲ့ ဒီဇိုင်းဖန်တီးမှုကိုရယူပေးထားပါတယ်။ ဒီထုတ်ကုန်သစ်တွေဟာ အသုံးပြုရလွယ်ကူစေတဲ့ interface ကို အနာဂတ်မျိုးဆက်ရဲ့ လှပပြီးရုပ်ထွက်အရည်အသွေးမြင့်တဲ့စံနဲ့ပေါင်းစပ်ကာ တကယ့်ကိုခေတ်ဆန်ပြီး အရည်အသွေးပြည့်တဲ့ဒီဇိုင်းနဲ့ ပေါင်းဖက်ဖန်တီးထားတာဖြစ်ပါတယ်။ ဒီလို 4K TV အမျိုးအစားဟာ Voice Interaction Pro စနစ်ပါထည့်သွင်းပေးထားမှာဖြစ်လို့ အသံစနစ်နဲ့အမိန့်ပေးလုပ်ဆောင်နိုင်စေပြီး အမျိုးမျိုးသော 3D content တွေကိုပါ သက်ဝင်လှုပ်ရှားစွာနဲ့ ကြည့်ရှုနိုင်စေမှာဖြစ်ပါတယ်။




## Panasonic PT-DZ16K Projector

Panasonic ရဲ့ထိပ်တန်းအဆင့်လုပ်ငန်းသုံးအမျိုးအစား projector ပဲဖြစ်ပြီး ကြာရှည်အသုံးခံနိုင်စေမယ့် 16,000 lm အလင်းအားရှိတဲ့ မီးလုံးကိုအသုံးပြုထားကာ တကယ့်ကိုသေးငယ်တဲ့ကိုယ်ထည်အတွင်းမှာ မြောက်မြားလှစွာသော feature တွေနဲ့အတူ ထည့်သွင်းဖန်တီးပေးထားတာဖြစ်ပါတယ်။



PT-DZ16K projector ဟာ Full HD ရုပ်ထွက်အရည်အသွေးမျိုးကိုရရှိစေပြီး အလင်းအားမြင့်မားမှုနဲ့ ကြာရှည်အသုံးပြုချင်တဲ့အခြေအနေမျိုးတို့အတွက် အကောင်းဆုံးထောက်ပံ့ပေးနိုင်ဖို့ရှိနေပါတယ်။ Dynamic Iris က 10000:1 Contrast Ratio ရှိစေပြီး တပ်ဆင်အသုံးပြုရာမှာလည်း ၃၆၀ ဒီဂရီအဖြစ် လိုအပ်သလိုထားရှိတပ်ဆင်နိုင်စေမှာဖြစ်ပါတယ်။

Panasonic
ideas for life

## Profile

Panasonic ဟာ ဂျပန်နိုင်ငံရဲ့ အီလက်ထရောနစ်ကုမ္ပဏီတစ်ခုဖြစ်ပြီး နိုင်ငံတကာမှာလည်း ရုံးခန်းတွေဖွင့်ပြီး အလုပ်လုပ်ကိုင်လျက်ရှိနေပါတယ်။ ဂျပန်နိုင်ငံ၊ အိုဆာကာပြည်နယ်က ကာဒိုမာမြို့မှာ ရုံးချုပ်ကိုအခြေစိုက်ထားတာဖြစ်ပြီး ကုမ္ပဏီစတင်တည်ထောင်ခဲ့တဲ့အချိန်ကတော့ ၁၉၁၈ မှာပဲဖြစ်ပါတယ်။ Panasonic ဟာ Sony, Hitachi, Toshiba, Sharp Corporation, Nikon, Canon Inc အစရှိတဲ့ကုမ္ပဏီတွေ အပြိုင်ရပ်တည်နေတဲ့ ဂျပန်နိုင်ငံရဲ့အကြီးမားဆုံးအီလက်ထရောနစ်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေထဲကတစ်ခုပဲဖြစ်ပြီး အီလက်ထရောနစ်ထုတ်ကုန်တွေအပြင် အီလက်ထရောနစ်နဲ့မသက်ဆိုင်တဲ့ အိမ်တွင်းအလှဆင်မှုနဲ့သက်ဆိုင်တဲ့ လုပ်ငန်းတွေကိုပါလုပ်ဆောင်နေတဲ့ကုမ္ပဏီဆိုရင်လည်း မမှားပါဘူး။ Panasonic ဟာ ၂၀၁၂ ရဲ့ ဈေးကွက်ရှယ်ယာစာရင်းအရ ကမ္ဘာ့စတုတ္ထအကြီးဆုံး TV ထုတ်လုပ်သူအဖြစ် ရပ်တည်လျက်ရှိပါတယ်။

Panasonic အမည်နဲ့ပတ်သက်ပြီး ထူးခြားမှုတစ်ခုက ၁၉၃၅ ကနေ ၂၀၀၈ အောက်တိုဘာ ၁ ရက်နေ့အထိ Matsushita Electric Industrial Co., Ltd အမည်အဖြစ်နဲ့ရပ်တည်ခဲ့တဲ့အချက်ပဲဖြစ်ပြီး ၂၀၀၈ ဇန်နဝါရီ ၁၀ ရက်မှာတော့ သူတို့ရဲ့အမည်ကို Panasonic Corporation အဖြစ်ပြောင်းမယ်လို့ ကြေညာခဲ့သလို အဲဒီနှစ် အောက်တိုဘာ ၁ ရက်ကနေ တစ်ကမ္ဘာလုံးအတိုင်းအတာမှာ Panasonic ဆိုတဲ့အမည်မှတ်တံဆိပ်ကိုပဲ သုံးခဲ့တာ လက်ရှိအချိန်ထိပဲဖြစ်ပါတယ်။ Panasonic ကို ၁၉၁၈ မှာစတင်တည်ထောင်လိုက်တဲ့ဖခင်ကြီးက Konosuke Matsushita ပဲဖြစ်ပြီး အိပ်ခန်းတွေရဲ့ lamp socket တွေကိုရောင်းချသူအဖြစ်ရပ်တည်ခဲ့ပါတယ်။ ၁၉၂၇ မှာ စက်ဘီးမီးတွေကို စတင်ထုတ်လုပ်ခဲ့သလို အဲဒီထုတ်ကုန်တွေဟာ National ဆိုတဲ့အမှတ်တံဆိပ်နဲ့ ပထမဆုံးထုတ်ပေးခဲ့တဲ့ထုတ်ကုန်တွေလည်းဖြစ်ပါတယ်။ Matshshita ရဲ့ယောက်ဖဖြစ်သူ Toshio Iue ဟာ သက်ဆိုင်ရာထုတ်ကုန်ပစ္စည်းတွေကို ထပ်ဆင့်ခံကန်ထရိုက်အဖြစ်လုပ်ကိုင်မယ်ဆိုပြီး Sanyo ကုမ္ပဏီကို တည်ထောက်ခဲ့သလို အဲဒီကုမ္ပဏီဟာ နောက်ပိုင်းမှာ Panasonic ရဲ့ပြိုင်ဘက်ဖြစ်လာခဲ့ပါသေးတယ်။ ဒါပေမဲ့ ၂၀၀၉ မှာတော့ Panasonic က Sanyo ကို အပြီးအပိုင်းဝယ်ယူပစ်ခဲ့ပါတယ်။

မျက်မှောက်ခေတ်အနေအထားမှာတော့ Panasonic ဟာ ဆက်သွယ်ရေးဆိုင်ရာ တယ်လီဖုန်းထုတ်ကုန်အမျိုးမျိုး၊ Fax ပေးပို့နိုင်မယ့်စက်တွေ၊ Network camera တွေ၊ Digital AV ထုတ်ကုန်တွေဖြစ်တဲ့ TV အမျိုးမျိုး၊ Blu-ray Disc DVD player တွေ၊ ဒစ်ဂျင်တယ်ကင်မရာတွေ၊ ဒစ်ဂျစ်တယ်ဗီဒီယိုကင်မရာတွေ၊ ကားအတွင်း navigation ထုတ်ကုန်တွေကိုထုတ်လုပ်ရောင်းချလျက်ရှိပြီး ၂၀၀၆ မှာ analog TV တွေ ထုတ်လုပ်တာရပ်ကာ ဒစ်ဂျစ်တယ် TV တွေကိုပဲ အဓိကထုတ်လုပ်လျက်ရှိနေပါတယ်။

Fujitsu | Hitachi | Mitsubishi | Panasonic | Sharp | Sony | Toshiba

## Sharp 4K AQUOS TV




Sharp ကထုတ်လုပ်ထားတဲ့ LCD display အမျိုးအစား TV တွေထဲမှာ AQUOS ဟာ အကောင်းဆုံးလို့ဆိုရပါမယ်။ လက်ရှိမှာလည်း AQUOS အမျိုးအစား TV အမျိုးမျိုးကိုထုတ်လုပ်ထားသလို ဒီအထဲကမှ 4K AQUOS TV ကတော့ အံ့ဩစရာကောင်းတဲ့အနာဂတ်ရုပ်ထွက်အရည်အသွေးကို ကိုယ်စားပြုပေးထားပါတယ်။ 8.29 million pixels ထောက်ပံ့ထားတဲ့ 3840x21600 ရုပ်ထွက်မျိုးကိုရရှိစေပြီး အရွယ်အစားကြီးမားတဲ့မျက်နှာပြင်တွေမှာတောင်မှ pixel ရဲ့ဘေးဘောင်အစွန်းအနေအထားတွေကို မြင်တွေ့ရစေမှာမဟုတ်ပါဘူး။ THX 4K သတ်မှတ်ချက်ရှိတဲ့ ဒီ 4K AQUOS TV တွေဟာ အမြင့်ဆုံးရုပ်ထွက်စံ ၃ ရပ်ကို အပြည့်အဝထောက်ပံ့ထားသလို 2K to 4K upscaler နဲ့ အသံစနစ်ပိုကောင်းတဲ့ DuoBass Surround Audio System ကိုထည့်ထားပါတယ်။

## Sharp IGZO Display



Display လောကအတွက် Sharp ဟာ အဆင့်မြင့်နည်းပညာတွေပေါင်းစပ်ထားတဲ့ IGZO Display ကိုထုတ်လုပ်ပေးထားပြီဖြစ်ပါတယ်။ ဒီ Display ဟာ transparent crystalline oxide semiconductor တို့နဲ့ပေါင်းစပ်ထုတ်လုပ်ထားတာဖြစ်ပြီး Sharp ဟာလည်း အရေအတွက်အမြောက်အမြားထုတ်လုပ်နိုင်တဲ့ ကမ္ဘာ့ပထမဆုံးကုမ္ပဏီအဖြစ်ပါ မှတ်တမ်းဝင်ထားပါတယ်။ IGZO ဆိုတဲ့အမည်ဟာ indium, gallium, zinc နဲ့ oxygen တို့ပေါင်းစပ်ထုတ်လုပ်ထားတဲ့အချက်အဖြစ် ရှေ့ဆုံးစာလုံးတွေကိုယူကာ ခေါ်ဆိုထားတာပဲဖြစ်ပါတယ်။ ဒီလိုမျက်နှာပြင်နည်းပညာကိုထုတ်လုပ်ထားတဲ့ တခြားသောကုမ္ပဏီမျိုးလည်း လက်ရှိမှာ မရှိသေးပါဘူး။ IGZO Display ဟာ နည်းပညာလောကအတွက် အကြီးမားဆုံးပြောင်းလဲမှုတစ်ခုလို့ပြောနိုင်သလို ဂျပန်နိုင်ငံနဲ့ ပြည်ပနိုင်ငံတွေမှာပါ အဲဒီအတွက် ဆုတံဆိပ်တွေအများကြီးရရှိထားပါသေးတယ်။ IGZO Display ကို အရေအတွက်အမြောက်အမြားထုတ်လုပ်လာနိုင်တဲ့အချက်ကြောင့် စမတ်ဖုန်း၊ tablet နဲ့ အမျိုးမျိုးသော display တွေ အစရှိတဲ့ device တွေမှာ အကောင်းဆုံးရလဒ်အရည်အသွေးနဲ့အတူ အသုံးပြုနိုင်စေမှာဖြစ်ပါတယ်။

SHARP

## Profile

Sharp Corporation ဟာ ဂျပန်နိုင်ငံ၊ အိုဆာကာပြည်နယ်၊ အဘီနိုကုမှာ အခြေစိုက်ထားတဲ့ အီလက်ထရောနစ်ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၁ ဇွန်လအထိ စစ်တမ်းအရ တစ်ကမ္ဘာလုံးမှာ ဝန်ထမ်းဦးရေ ၅ သောင်းခွဲကျော်နဲ့ လုပ်ငန်းလည်ပတ်လုပ်ကိုင်လျက်ရှိနေပါတယ်။ ကုမ္ပဏီကိုစတင်တည်ထောင်ဖြစ်ခဲ့တာက ၁၉၁၂ စက်တင်ဘာမှာပဲဖြစ်ပြီး သူ့ရဲ့အမည်ကိုတော့ တည်ထောင်သူရဲ့ပထမဆုံးတီထွင်ဖန်တီးမှုတွေထဲကတစ်ခုဖြစ်တဲ့ Ever-Sharp mechanical pencil ထုတ်ကုန်ကနေရယူထားတာဖြစ်ပါတယ်။ ဒီထုတ်ကုန်ကို ၁၉၁၅ မှာ Tokuji Hayakawa ကဖန်တီးပေးခဲ့တာပါ။ Sharp Corporation ဟာ Samsung, LG, Sony နဲ့ Panasonic တို့ပြီးရင် ကမ္ဘာမှာ ပဥ္စမမြောက် TV အများဆုံးထုတ်လုပ်သူအဖြစ် ရပ်တည်နေပါတယ်။ ၂၀၀၀ ခုနှစ်ကနေစပြီး Sharp ဟာ LCD ထုတ်လုပ်တဲ့စက်ရုံတွေကို အကြီးအကျယ်ရင်းနှီးလုပ်ဆောင်ခဲ့ပြီး Saikai မှာရှိတဲ့စက်ရုံဟာ တစ်ကမ္ဘာလုံးနဲ့ယှဉ်ရင် ၁၀ ခုမြောက်စက်ရုံအဆင့်သာဖြစ်ပေမယ့် အဲဒီစက်ရုံဟာ လက်မ ၆၀ နဲ့အထက် LCD ထုတ်ကုန်တွေကိုထုတ်လုပ်ဖို့အတွက် အကောင်းဆုံးနေရာအဖြစ်ရှိနေပါတယ်။

၂၀၀၈ ငွေကြေးဂယက်ရိုက်ခတ်မှုဟာ Sharp ကိုပါထိခိုက်မှုရှိခဲ့ပြီး ဂျပန်နိုင်ငံရဲ့ LCD panel တွေကို ကမ္ဘာ့အတိုင်းအတာအနေနဲ့ဝယ်ယူမှုဟာ သိသိသာသာကျဆင်းခဲ့ရပါတယ်။ နောက်ပြီး ၂၀၁၁ မှာ ဒစ်ဂျစ်တယ်ရုပ်သံလွှင့်စနစ်ကို ဂျပန်မှာအပြီးသတ်ပြောင်းလဲပြီးနောက်မှာ လူတွေရဲ့ LCD TV တွေဝယ်ယူမှုဟာ အများကြီးလျော့ကျခဲ့လို့ Saikai က LCD ထုတ်လုပ်တဲ့စက်ရုံဟာလည်း လုပ်ငန်းလည်ပတ်မှုအပိုင်း အများကြီးကျဆင်းခဲ့ကာ ၂၀၁၂ ဆောင်းရာသီရောက်မှ ပုံမှန်အနေအထားပြန်ရောက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ ဟာ Sharp ရဲ့ ရာစုနှစ်သက်တမ်းပြည့်တဲ့ အချိန်ကာလဖြစ်ခဲ့ပေမယ့် သူတို့သမိုင်းတစ်လျှောက်အဆိုးရွားဆုံးစံချိန်တင်ငွေကြေးဆုံးရှုံးမှုအဖြစ် ဒေါ်လာ ၄.၇ ဘီလီယံရှိခဲ့ကြောင်း ၂၀၁၂ ဧပြီလမှာ ကြေညာသွားခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ Sharp ဟာ ပုံမှန်အတိုင်းခရီးဆက်လျှက်ရှိနေပြီး သူတို့ရဲ့ပင်မနည်းပညာနဲ့ထုတ်ကုန်တွေထဲမှာ LCD panel၊ solar panel၊ မိုဘိုင်းဖုန်း၊ ရုပ်သံဖျော်ဖြေမှုပစ္စည်းတွေ၊ video projector တွေ၊ ဘက်စုံသုံး printing device တွေ၊ microwave မီးဖိုတွေ၊ လေအေးပေးစက်တွေ၊ ငွေရေစက်တွေ၊ CMOS/ CCD sensor တွေနဲ့ flash memory တွေဆိုပြီး လျှပ်စစ်ပစ္စည်းထုတ်ကုန်အမျိုးမျိုးပါဝင်နေကြပါတယ်။

စာမျက်နှာ (၅၃) သို့


REDLINK®
COMMUNICATIONS
Broadband Internet Service
www.redlink.net.mm
Prepaid Plan Only Promotion
Prepaid Plan Only
360,000 Ks
( 8 GB Package Free )
Limited Stock
99 Subscribers Only
Prepaid Cards Promotion
8 GB Package - 80, 000 Ks
16 GB Package - 160, 000 Ks
Postpaid Customer Promotion
Silver, Gold, Platinum အတွက်
6 Month Advance bill - Get 1 Month Free
Promotion Period
23.5.14 ~ 1.6.14
*Terms & Conditions Apply
အသေးစိတ်သိရှိလိုပါက -
Sales Office & Service Center
* Pearl Condo : 09 730 31684 ~ 85
* BAK (IT Mall) : 09 431 700 15
* Junction Square : 09 431 700 16
* Chaw Twin Gone : 01 660 304, 664 282
* Junction Maw Tin : 09 431 38326
* Dagon Center (I) : 09 317 86635, 01-527292
526971,536796 Ext : 224
* 9 Mile : 09 49208224, 250722149
* United Living Mall : 09 30360845
နှင့် Sales Agent များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။
YANGON ICT FAIR 23.5.14 ~ 25.5.14
Tatmadaw Hall
30.5.14 ~ 1.6.14
2nd Mobile and Tablet Fair